၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL

http://www.7daynewsjournal.com






အတွဲ(၉)၊ အမှတ်(၃၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၂၈ ၊ ၂၀၁၀)


# ဆိုင်ကလုန်းမုန်တိုင်းဂီရိကြောင့် ၂၇ဦးသေဆုံးကာ ၁၅ဦးပျောက်ဆုံးနေ



ဓာတ်ပုံ - မြင့်မြတ်ဖြူ

ရန်ကုန်၊အောက်တိုဘာ – ၂၅။ ။အောက်တိုဘာ၂၂ရက်နှင့်၂၃ရက်တို့တွင် ရခိုင်ကမ်းရိုးတန်းသို့ဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိကြောင့် လူ၂၇ဦးသေဆုံးကာ ၁၅ဦးပျောက်ဆုံးနေကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ညနေပိုင်းတွင် ထုတ်ပြန်ကြေညာသည်။ ရခိုင်ပြည်နယ် ကျောက်ဖြူ၊ စစ်တွေ၊မြေပုံ၊မင်းပြား၊မောင်တော၊အမ်း၊ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးမှမြို့နယ်အချို့တို့အား မုန်တိုင်းဖြတ်ကျော်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

သတင်းအပြည့်အစုံ၊ စာ–(၁၂)သို့

## ငါးသိန်းတန် စီဒီအမ်အေ800 MH$_z$ ဖုန်းများ ပြည်ပနိုင်ငံ အချို့သို့ပါ သယ်ဆောင်အသုံးပြုနိုင်တော့မည်

**ယင်းဖုန်းများကိုနေပြည်တော်တွင်ပါ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ကာ အင်တာနက်ပါသုံးစွဲနိုင်တော့မည်ဖြစ်သည်**

ယုဇနကိုကို

ရန်ကုန်၊ အောက်တိုဘာ - ၂၃

ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုအတွင်းတွင်သာ ရွှေ့လျား သယ်ဆောင်အသုံးပြုနိုင်သည့် ကျပ်ငါးသိန်းတန် CDMA 800 MH$_z$ ဖုန်းများကို စီဒီအမ်အေ ဆက်သွယ်ရေးစနစ် အသုံးပြုနေသည့် အခြားသော ပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးက 7Day News သို့ပြောသည်။

ထို့အပြင် အဆိုပါ CDMA 800 MH$_z$ ဖုန်းများအား နေပြည်တော်တွင်ပါ ဆက်သွယ်သုံးစွဲနိုင်ရန် တိုးချဲ့ချထားပေးခြင်းနှင့် စီဒီအမ်အေဆက်သွယ်ရေးစနစ်အသုံးပြုသည့် ပြည်ပနိုင်ငံများကိုပါ ရွှေ့လျားသယ်ဆောင် အသုံးပြုနိုင်ခြင်းတို့အပြင် အင်တာနက် အသုံးပြုနိုင်သည့် စနစ်တို့ကို တစ်ပြိုင်တည်း ဝန်ဆောင်မှုစတင်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ယင်းဖုန်းများအား နေပြည်တော်အတွင်း အသုံးပြုသည့် အခါတွင်လည်း ဖုန်းခေါ်ဆိုခနှုန်းထားများမှာ သုံးစွဲသူလျှောက်ထားသည့် တိုင်းဒေသကြီးပြင်ပတွင် အသုံးပြုသည့် အခါမှသာ မူလသတ်မှတ်ထားသည့်နှုန်းထက် တစ်မိနစ်တစ်ဆယ်ကျပ်နှုန်းတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

စာ(၁၂)သို့







## နိုင်ငံရေးပါတီများ၏ကြော်ငြာဘုတ်များ နိုဝင်ဘာ၇ရက်ထက် ကျော်လွန်ထားရှိပါက တစ်ရက်လျှင်ဒဏ်ငွေကျပ်ငါးသောင်းရိုက်မည်

သိမ့်သိမ့်စိုး၊ သန်းဒွေး

ရန်ကုန်၊

အောက်တိုဘာ - ၂၀

ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများ၏ ကြော်ငြာဆိုင်းဘုတ်များကို နိုဝင်ဘာ ၇ ရက်ကျော်လွန်ပါက တစ်ရက်လျှင်ဒဏ်ငွေ ၅၀,၀၀၀ကျပ်တပ်ရိုက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ နိုင်ငံရေးပါတီများသို့ အကြောင်းကြားစာ ပေးဝေထားကြောင်း စုံစမ်းသိရသည်။

ပါတီဆိုင်းဘုတ်များ ကြော်ငြာလိုပါက တစ်စတုရန်းပေလျှင် ၁,၂၀၀ကျပ် နှုန်းဖြင့် ကြော်ငြာနိုင်ပြီး ဆိုင်းဘုတ်လုပ်လိုပါက စိုက်ထူမည့်နေရာ၊ အရွယ်အစား၊ ကြော်ငြာဒီဇိုင်းတို့အား စိစစ်နိုင်ရန် အနည်းဆုံး ၃ရက်ကြိုတင် တင်ပြတောင်းခံရန်နှင့် စိစစ်သတ်မှတ်ပေးသောနေရာများတွင်သာ စိုက်ထူရန် အဆိုပါစာရွက်တွင် ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံရေးပါတီကြော်ငြာများကို စီးပွားရေးကြော်ငြာများကဲ့သို့ မော်တော်ယာဉ်များ၊ မီးရထားများ စသည့် အခြားသယ်ယူပို့ဆောင်ရေးအရပ်ရပ်မှ ယာဉ်များတွင် ကြော်ငြာခြင်းကိုခွင့်မပြုကြောင်းလည်း ၎င်းစာရွက်တွင် ဖော်ပြထားသည်။

"ကျွန်တော်တို့က ကြော်ငြာဆိုင်းဘုတ်တွေ၊ ပိုက်ဆံပေးပြီး ကပ်တာမရှိဘူး။ ကပ်ထားတဲ့ဘုတ်တွေကိုလည်း နိုဝင်ဘာ ၇ရက်ညနေမှာ အပြီးဖြုတ်ပေးသွားမယ်" ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးနေမျိုးဝေက ပြောသည်။

"စီးပွားရေးဘီလ်ဘုတ်ဆို ကျပ်နှစ်သောင်းလောက်ရှိတာ။ ကျွန်တော်တို့က ၁၂၀၀ ကျပ်နဲ့ဆိုတော့ အဲဒီအချက်ကတော့ မဆိုးဘူး။ ပြီးသွားရင်တော့ ပြန်ဖြုတ်ပေးရမှာပေါ့"ဟု NDF မှဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းကပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# မလေးရှားနိုင်ငံက မြန်မာလုပ်သားများကို ဆိုက်ရောက်ဗီဇာမပေးတော့ဟုဆို

အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ-၂၀

မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန်သွားရောက်ကြမည့် လုပ်သားများအား ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာ Visa on Arrival ဖြင့်လာရောက်ခြင်းကို သက်ဆိုင်ရာကခွင့်မပြုတော့ကြောင်း ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူများကပြောသည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနတွင် အစစ်ဆေးခံရန် စောင့်ဆိုင်းနေသောခရီးသည်များ။ ဓာတ်ပုံ - လမင်းနိုင်

"အခုပဲ မလေးရှားက အေးဂျင့်ဖုန်းဆက်လာတာ။ နောက်နှစ်ရက်လောက်ဆို လာလို့မရတော့ဘူး" ဟု အောက်တိုဘာ ၁၉ ရက်ညနေ ၄နာရီခန့်တွင် ကျောက်တံတားမြို့နယ်၊ ၃၄လမ်း အခြေစိုက် ပြည်ပအလုပ်အကိုင် အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ထွက်ပေါ်လာသော သတင်းကြောင့် မလေးရှားနိုင်ငံသို့ သွားရောက်ရန် အလုပ်သမားများအတွက် ဝယ်ယူထားသည့် လေယာဉ်လက်မှတ်များအား အကျိုးဆောင်အေဂျင်စီများကရက်ရွှေ့ပြောင်းခြင်းနှင့် ခရီးစဉ်ဖျက်သိမ်းခြင်းများပြုလာကြောင်း အမ်အေအိုင် လေကြောင်းလိုင်း၏ အရောင်းကိုယ်စားလှယ်ကြီးများကပြောသည်။

"ဒီမနက် (အောက်တိုဘာ ၂၀)ပဲ ရက်ရွှေ့တဲ့ လူတွေရော၊ မှာထားပြီး မယူတော့တဲ့လူတွေရော ရှုပ်နေတာပဲ"ဟု ကျောက်တံတားမြို့နယ်ရှိ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ထို့အပြင် စရိတ်နည်းလေကြောင်းလိုင်း အဲအေးရှားဖြင့် လိုက်ပါရန် ဝယ်ယူထားသော လက်မှတ်များ ရက်ရွှေ့ခြင်းများ ပြုလုပ်လာကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

သို့သော် မလေးရှားနိုင်ငံဘက်မှနေ၍ပြည်ဝင်ခွင့် ကြိုတင်ရယူထားခြင်း မရှိသည့် လုပ်သားများအား စီးနင်းလိုက်ပါခွင့်မပြုရဟု တရားဝင်အကြောင်းကြားလာခြင်း မရှိသေးကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိရသူက ပြောသည်။

မလေးရှားနိုင်ငံအစိုးရသည် ၂၀၀၉ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ မြန်မာပြည်မှ မလေးရှားနိုင်ငံသို့ လာရောက် အလုပ်လုပ်ကိုင်မည့် လုပ်သားများအား ကြိုတင်ပြည်ဝင်ခွင့်ရယူရမည်ဟု သတ်မှတ်ခဲ့သော်လည်း အများစုမှာ ဗီဇာမယူဘဲ သွားရောက်ကြသည်။

"Calling ခေါ်စာမှာ Visa on Arrival ဆိုက်ရောက် ပြည်ဝင်ခွင့်ပြုသည်ဟု ရေးထားတော့ ဟိုဘက်က လဝကနဲ့ပေါင်းပြီး သွားနေကြတာ" ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီက တာဝန်ရှိသူတစ်ဦးကပြောသည်။

နောက်ဆုံးရရှိသော သတင်းများအရ အောက်တိုဘာ ၂၅ရက်မှစ၍ ဗီဇာကြိုတင်ရယူထားခြင်း မရှိပါက မလာရောက်ရန် မလေးရှားအေးဂျင့်များက အကြောင်းကြားထားကြောင်း သိရသည်။

လွန်ခဲ့သော တစ်ပတ်ခန့်က အလုပ်သမားခေါ်ယူရာတွင် မသမာသောနည်းဖြင့်အသုံးပြုခဲ့သော ကုမ္ပဏီ ၃၈ ခုအား မလေးရှားအစိုးရကနာမည်ပျက်ကြေညာခဲ့ကြောင်းမလေးရှား ရောက်ပြည်ပအလုပ်အကိုင် အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ စက်ရုံ၊ အလုပ်ရုံများ အလုပ်သမားခေါ်ယူခွင့်ပြုသည့် (KDM)စာအား စိစစ်ထုတ်ပေးနေသဖြင့် အကျိုးဆောင်အေဂျင်စီများအနေဖြင့် ခေါ်စာရရှိရန်ခက်ခဲသွားကြောင်း သတင်းရရှိသည်။

# ရာဘာဈေးမြင့်လာသော်လည်း လက်ကျန်ကုန်ပြတ်နေခြင်းကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိ

ပြည်သိမ်း

ရန်ကုန်၊ အောက်တိုဘာ - ၂၀

**တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ပြည်တွင်းဈေးကွက်၌ ရာဘာဈေးမြင့်တက်လာသော်လည်း တင်ပို့နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။**

လက်ရှိ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ရာသီဥတုကြောင့် ရာဘာခြံများ၌ အစေးကောင်းစွာ ခြစ်၍မရဖြစ်နေကာ ယခင်နှစ်က သိုလှောင်ထားသော ရာဘာလက်ကျန်မှာလည်း ကုန်သည်များ၌ ပစ္စည်းပြတ်သွားပြီဖြစ်ကြောင်း အဆိုပါအသင်းမှ အတွင်းရေးမှူးဦးခိုင်မြင့်ကရှင်းပြသည်။

"ဈေးတက်တာကတော့ အခွင့်ကောင်းပဲ။ ဒါပေမဲ့ ကုန်သည်တွေလက်ထဲမှာ ပစ္စည်းမရှိတော့ မတင်ပို့နိုင်ဘူး"ဟု အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

ရာဘာအများဆုံး စိုက်ပျိုးသည့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့တွင် တောင်တရုတ်ပင်လယ်မှ တိုင်ဖွန်းမုန်တိုင်းများကြောင့် မိုးရက်ဆက်ရွာသွန်းမှုများ ကြုံတွေ့နေရကြောင်း၊ ယင်းကြောင့် အစေးခြစ်မှုကို ရပ်ဆိုင်းထားရကြောင်း၊ ယခင်နှစ်များက စက်တင်ဘာလယ်မှစ၍ ပုဂ္ဂလိကခြံများမှာ စတင်အစေးခြစ်နေပြီဖြစ်ကြောင်း မွန်ပြည်နယ်မှ ရာဘာခြံရှင်တစ်ဦးကရှင်းပြသည်။

"ဒီနှစ် အစေးခြစ်ရတာက မိုးရွာရင် ရပ်လိုက်၊ နေပူရင် ပြန် ခြစ်လိုက်လုပ်နေရတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပြည်တွင်းမှ ထွက်သည့် ရာဘာများ၏ ၇၀ ရာခိုင်နှုန်းသည် တရုတ်ဈေးကွက်သို့သာ အဓိကတင်ပို့နေရသည်။ ယင်းကြောင့် ပြည်တွင်းရာဘာဈေးနှုန်းသည် တရုတ်နိုင်ငံမှ လိုအပ်ချက်ပေါ်မူတည်၍ အပြောင်းအလဲများရှိ သည်။

တရုတ်နိုင်ငံ အစိုးရပိုင် ရာဘာတန်ချိန် နှစ်သိန်းကို ဩဂုတ်လက ထုတ်ရောင်းစဉ် မြန်မာ့ရာဘာသည် တရုတ်ဈေးကွက်တွင် တစ်ပေါင်ကို ၁၀၀၀ကျပ်ထိဈေးကျခဲ့သည်။

လက်ရှိအချိန်၌ မြန်မာ့ရာဘာသည် တရုတ်နိုင်ငံက ဝယ်ယူမှုမြင့် လာခြင်းကြောင့် တစ်ပေါင်ကို ကျပ် ၁,၂၅၀ ထိ ဈေးပြန်တက် လာသည်။

ထို့အပြင် ဒေသအတွင်း အခြားနိုင်ငံများမှ တရုတ်နိုင်ငံ၏ ရာဘာဝယ်ယူမှုမှာ တစ်ကီလိုဂရမ်လျှင် ၃၃၃ ဒသမ ၈ယွမ် (မက်ထရစ်တန်တစ်တန်ကို ဒေါ်လာ၄၁၁၃)ရှိရာ

စာ(၁၂)သို့

# မိုးရက်ဆက် ရွာသွန်းမှုကြောင့် ကောက်စောစပါး အထွက်နှုန်း ထိခိုက်မည်

အောင်သူရ၊ ပြည်သိမ်း

ရန်ကုန်၊ အောက်တိုဘာ - ၂၀

ရက်သတ္တပတ်ကျော်ကြာ နေ့စဉ်မိုးရွာသွန်းနေမှုကြောင့် ရက်ပေါင်း ၁၂၀ သက်တမ်းရှိ ကောက်စောစပါးများ၏ စပါးအထွက်နှုန်း ထိခိုက်နိုင်ကြောင်း ဒေသခံအကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တောင်သူများကပြောသည်။

"ကောက်စောစပါးတွေက အမှည့်လွန်ပြီး မှိုတောင်စွဲနေပြီ။ မိုးကဆက်တိုက်ရွာနေတော့ ရိတ်လို့မရဘူး။ အနည်းဆုံး ၁၀ ရာခိုင်နှုန်းလောက်တော့ အထွက်လျော့မှာပဲ"ဟု ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အခြေစိုက်အကျိုးဆောင်ကုမ္ပဏီမှ တာဝန်ရှိသူကပြောသည်။ အဆိုပါဒေသတွင် သီတင်းကျွတ်လဆန်း ၁ရက် အောက်တိုဘာ ၉ရက်မှစ၍ ယနေ့အထိ နေ့စဉ်မိုးရွာသွန်းနေပြီး ရိတ်သိမ်းရန် အချိန်ကျနေသော စပါးခင်းများထဲတွင်ရှိ ရေမှာ ဝါခေါင်လတွင်ရှိသော ရေပမာဏခန့်ရှိနေကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

"စပါးကလည်း စို၊ မြေကြီးကလည်း ပျော့နေတော့ ခြွေလှေ့စက်ကိုလည်း သုံးလို့မရတော့ဘဲ အလေအလွင့် ပိုများတော့တာပေါ့" ဟု ပဲခူးဒေသခံ တောင်သူတစ်ဦးက ဆိုသည်။

နိုဝင်ဘာလဆန်းထိသာ ဆက်လက်မိုးရွာသွန်းနေပါက ကောက်စောစပါးများ အထွက်နှုန်းမှာ ၅၀ရာခိုင်နှုန်းခန့် လျော့ကျ သွားနိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အခြေစိုက်ကိုးဒယ်လ်တာ အကျိုးဆောင်ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးကပြောသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စပါးလှမ်းရန် နေရာမရှိခြင်းနှင့် ခြွေလှေ့စက်များမရှိခြင်းကြောင့် ရိတ်သိမ်းချိန်ကျော်လွန်နေသော ကောက်စောစပါးများအား မရိတ်သိမ်းနိုင်ကြောင်း ကျောင်းကုန်းမြို့နယ်နှင့် ရေကြည်မြို့နယ်များမှ တောင်သူအချို့ကပြောသည်။

စပါးစတင်မှည့်သည့် အချိန်ကပင် အောက်တိုဘာ ၁၅ရက်မှ နိုဝင်ဘာ ၁၅ရက်အတွင်း မိုးရွာသွန်းမှုရှိပါက မိုးစပါးအထွက်နှုန်း ထိခိုက်နိုင်မည်ဟု ဧရာဝတီတိုင်း ဒေသကြီးမှ တောင်သူများက ခန့်မှန်းခဲ့သည်။

ထို့အပြင် မိုးစပါးစိုက်ပျိုးသည့်အချိန်က မိုးရေလုံလောက်မှု မရရှိခဲ့သော ယခုနှစ်မိုးစပါး၏ အထွက်နှုန်းမှာ မိုးနှောင်းကာလတွင် ရွာသွန်းသော မိုးအခြေအနေပေါ်မူတည်ကြောင်း မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ဩဂုတ်လဆန်းက တွေ့ဆုံစဉ် ခန့်မှန်းပြောကြားခဲ့သည်။

အောက်တိုဘာလဆန်းတွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းစတင်ဖြစ်ပေါ်သည့် အချိန်မှစ၍ နေ့စဉ်မိုးရွာသွန်းမှုများ ရှိနေခဲ့သည်။

ထို့အပြင် တောင်တရုတ်ပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လှုပ်လှုပ်ရှားရှားဖြစ်နေသော မုန်တိုင်းများကြောင့် ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံဆန်သော ရာသီဥတုဖြစ်ပေါ်နေပြီး၊ မုတ်သုံကာလတွင် ကြုံတွေ့ရသော မိုးရွာသွန်းမှုများ မြန်မာနိုင်ငံအနှံ့အပြားတွင် ကြုံတွေ့ရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာ ဦးထွန်းလွင်က ပြောသည်။

ထိုမုတ်သုံဆန်သော ရာသီဥတုမှာ အောက်တိုဘာလကုန်တွင် ကုန်ဆုံးနိုင်ကြောင်း ဦးထွန်းလွင်က ခန့်မှန်းပြောဆိုသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈ခုနှစ်မှစ၍ မုတ်သုံကာလမှာ တိုးတောင်းခဲ့ပြီး မေလကုန်မှ စက်တင်ဘာလလယ်ထိ ရက်ပေါင်း ၁၀၅ ရက်သာရှိတော့ကာ မိုးလွန်ကာလမှာ စက်တင်ဘာလလယ်မှ နိုဝင်ဘာလကုန်ထိ ရက်ပေါင်း ၇၅ရက်ထိ ရှိလာခဲ့သည်။

ထိုကဲ့သို့ မုတ်သုံကာလတိုတောင်းခဲ့သဖြင့် မိုးရေအဓိကထား စိုက်ပျိုးရသော တောင်သူအများစုမှာ ကောက်စောနှင့် သက်လတ်စပါးမျိုးများကိုသာ အဓိကစိုက်ပျိုးလာကြသည်။

ထို့အပြင် ယခုနှစ် စပါးစိုက်ပျိုးသည့်အချိန်၌ မုတ်သုံကာလတိုတောင်းမည်ဟု သက်ဆိုင်ရာက အသိပေးထားသဖြင့် တောင်သူများမှာ ယခုနှစ်တွင် သက်တမ်းတိုသော စပါးများကို အများဆုံး စိုက်ပျိုးခဲ့ကြသည်။ ယမန်နှစ်က ရေကြည်မြို့တွင် ကောက်စောဆင်းသုခစပါးအား ၅၅၆ဧကသာ စိုက်ပျိုးခဲ့သော်လည်း ယခုနှစ်တွင် ၂၆၉၀၄ဧက စိုက်ပျိုးခဲ့သည်။

ကောက်စောဟုခေါ်ဆိုကြသော မနောသုခ၊ ဆင်းသုခနှင့် ဆင်းသွယ်စသည့် စပါးမျိုးများအား ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကုန်းမြင့်သောဒေသများတွင် စိုက်ပျိုးလေ့ရှိကြပြီး ဒေသတစ်ခုလုံး၏ သုံးပုံတစ်ပုံခန့်ရှိကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မြန်မာနိုင်ငံသို့ ငါးနှစ်ဆက်တိုက်မုန်တိုင်းဝင်ရောက်ခြင်းမှာ သမိုင်းတွင် မကြုံဖူးသည့်မှတ်တမ်းဖြစ်

**အေးမြကျော်**

**ရန်ကုန် – အောက်တိုဘာ ၂၄**

၅နှစ်တာကာလအတွင်းနှစ်တိုင်း ပင်မြန်မာနိုင်ငံသို့မုန်တိုင်းများ ဝင်ရောက် တိုက်ခတ်ခဲ့သဖြင့်ထိုသို့၅နှစ်ဆက်မုန်တိုင်းဝင်ရောက်မှုမှာသမိုင်းတွင် မကြုံဖူးကြောင်း မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်ကပြောကြားခဲ့သည်။



Source: www.tunlwin.com

၂၀၀၆ခုနှစ်မှစကာ ယခု၂၀၁၀ ခုနှစ်အထိ၅နှစ်ဆက်တိုက် ဖျက်အားပြင်းမုန်တိုင်းနှစ်ခု အပါအဝင်မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ထိုသို့၅နှစ်ဆက်တိုက်မုန်တိုင်းဝင်ရောက်မှုမှာ မြန်မာနိုင်ငံ၏မိုးလေဝသမှတ်တမ်းတွင် မကြုံခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံ၏ရာသီဥတုမှာပြောင်းလဲနေပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှုန်းများတိုးလာကြောင်း ဒေါက်တာထွန်းလွင်က အောက်တိုဘာ၂၃ရက်နေ့ကပြုလုပ်သောသူ၏ကိုယ်ပိုင်ဝက်ဘ်ဆိုက်မိတ်ဆက်ပွဲတွင်ပြောကြားခဲ့သည်။

“ဒီလိုငါးနှစ်ဆက် မြန်မာနိုင်ငံကိုမုန်တိုင်းဝင်တဲ့နှုန်းက သမိုင်းမှာမကြုံဖူးဘူး”ဟု ဒေါက်တာထွန်းလွင်က မှတ်ချက်ပြုခဲ့သည်။ ၂၀၀၆ခုနှစ်တွင်မာလာမုန်တိုင်းသည် ဧရာဝတီတိုင်းနေရာအချို့နှင့်အပန်းဖြေကမ်းခြေများဖြစ်သော ချောင်းသာ၊ငွေဆောင်တို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး၊၂၀၀၇ခုနှစ်တွင်အာကတ်ရှ်မုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကာ ၂၀၀၈ခုနှစ်တွင် နာဂစ်မုန်တိုင်းကလူပေါင်းတစ်သိန်းသုံးသောင်းကျော်ကိုသေဆုံးစေခဲ့ပြီး ရန်ကုန်၊ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်နေရာအချို့ကိုဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ၂၀၀၉ခုနှစ်တွင်မူ ဘီဂျလီမုန်တိုင်းသည် မောင်တောမြို့နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအစပ်ကို ဖြတ်ကျော်တိုက်ခတ်ခဲ့ပြီး ယခု၂၀၁၀ပြည့်နှစ် အောက်တိုဘာ၂၂ရက်တွင်မူ နာဂစ်ကဲ့သို့မပြင်းသော်လည်း နာဂစ်ကဲ့သို့မာန်ဟုန်ပြင်းကာဝင်ရောက်သည့်မုန်တိုင်းဟုဒေါက်တာထွန်းလွင် တင်စားထားသော ဂီရိအမည်ရှိဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်နှင့်မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ **စာ(၁၂)သို့**

# အက်ဖ်အီးစီ နှစ်ဆယ်တန် ဖုန်းကတ်များရောင်းချခြင်း ခေတ္တရပ်နား

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ – ၂၅**

တစ်လသက်တမ်းသာရှိသော အက်ဖ်အီးစီ ၂၀တန် တစ်ခါသုံးဂျီအက်စ်အမ်ဖုန်းကတ်များအား နိုဝင်ဘာ ၁၅ရက်နောက်ပိုင်းမှစ၍ အသုံးပြု၍မရနိုင်တော့ကြောင်း အဆိုပါဖုန်းကတ်များအား ကိုယ်စားလှယ်ရယူ၍ ရောင်းချပေးနေသော Elite ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“မြန်မာ့ဆက်သွယ်ရေးက System Upgrade လုပ်ဖို့အတွက် ခဏရပ်မှာပါ”ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

ထို့ကြောင့် ယခုရက်ပိုင်းမှစ၍ အက်ဖ်အီးစီ ၂၀တန် တစ်ခါသုံးဖုန်းကတ်များ ရောင်းချခြင်းကို ရပ်ဆိုင်းထားပြီဖြစ်ကြောင်း သိရသည်။

သို့သော် အချိန်မည်မျှကြာအောင် ရပ်ဆိုင်းထားမည်ကို မသိရှိရသေးကြောင်း Elite ကုမ္ပဏီမှတာဝန်ရှိသူကပြောသည်။

သို့သော် အက်ဖ်အီးစီ ၅၀တန် သုံးလသက်တမ်းရှိ စီဒီအမ်အေ ၄၅၀ဖုန်းကတ်များကိုမူ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း Elite ကုမ္ပဏီ၏ တာဝန်ရှိသူကပြောသည်။

မြန်မာ့ဆက်သွယ်ရေးနှင့် နီးစပ်သော ဖုန်းအိမ်ရောင်းချသူများ၏ အဆိုအရ GSM channel ရှစ်ခုရှိသည့်အနက် ခြောက်ခုမှာ ပြုပြင်နေပြီး နှစ်ခုသာ အလုပ်လုပ်နေသည့်အတွက် ဂျီအက်စ်အမ်လိုင်းများ လိုင်းကျပ်နေကြောင်းပြောသည်။

အဆိုပါ တစ်လသာ အသုံးပြုနိုင်သည့် အက်ဖ်အီးစီ ၂၀တန် တစ်ခါသုံး ဂျီအက်စ်အမ်ဖုန်းကတ်များအား ၂၀၀၈ခုနှစ် ဒီဇင်ဘာနောက်ဆုံးပတ်မှစတင်ရောင်းချပေးခဲ့သည်။



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

Crime Corner

## မှတ်တိုင်တွင် ရပ်နေသူတစ်ဦးကို ဒိုင်နာတစ်စီး ဝင်တိုက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ - ၂၃

ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းပေါ်ရှိ သဘော်ာကျင်းမှတ်တိုင်၌ ရပ်နေသူတစ်ဦးအား ၁၀၅ဒိုင်နာယာဉ်ဖြင့် တိုက်မိသည့် ယာဉ်တိုက်မှုတစ်ခု ယခုလ ၂၁ရက်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ယာဉ်တိုက်မှုကို ယခုလ ၂၁ရက် နေ့လယ် ၁၁နာရီအချိန်တွင် တိုက်မိခြင်းဖြစ်၍ ယာဉ်တိုက်ခံရသူအား ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသနေရကြောင်း ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်တိုက်မှုဖြစ်ခဲ့သော ၁၀၅ဒိုင်နာယာဉ်လိုင်းမှ ယာဉ်မောင်းသည် ၎င်းနေရာတွင်ပင် ကားအားပစ်၍ ထွက်ပြေးသွားသောကြောင့် ယာဉ်မောင်းဖြစ်သူအား စုံစမ်းဆဲဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်ကပြောသည်။

၎င်းယာဉ်တိုက်မှုကို(ပ)၆၂၇/၁၀ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃၈/၂၀၂ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

## အငှားယာဉ်နှစ်စီး ဆင့်တိုက်ရာမှ လမ်းလျှောက်နေသူကိုပါ တိုက်မိ

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ - ၂၀

ရန်ကင်းမြို့နယ် ပြည်သာယာလမ်းမပေါ် ဆေးရုံလမ်းထိပ်တွင် အငှားယာဉ်နှစ်စီး ဆင့်တိုက်ရာမှ လမ်းလျှောက်နေသူတစ်ဦးအား တိုက်မိသော ယာဉ်တိုက်မှုတစ်ခု ယခုလ ၂၀ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါယာဉ်တိုက်မှုမှာ မောင်းနှင်နေသော ဆလွန်းအငှားယာဉ်မှ ရပ်ထားသော ဆလွန်းအငှားယာဉ်ကို တိုက်မိရာမှ တစ်ဆင့် လမ်းလျှောက်နေသူ မဂ္ဂန်မာဖိ(ခေါ်) မသီတာထွန်းအားတိုက်မိခြင်းဖြစ်ကြောင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်တိုက်မှုကြောင့် မသီတာထွန်းမှာ ဒဏ်ရာရရှိ၍ သင်္ဃန်းကျွန်းဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ပို့ထားကြောင်း သိရသည်။ အဆိုပါ ယာဉ်တိုက်မှုကို (ပ)၆၂၄/၁၀ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်-၃၃၈/၂၇၉ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ရိတ်သိမ်းပြီးသက်ငယ်စပါးများ အစိုဈေးဖြင့် ထုတ်ရောင်း

ပြည့်သိမ်း

ရန်ကုန်၊ အောက်တိုဘာ - ၂၀

သက်ငယ်စပါးများ ရိတ်သိမ်းချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ရေစိုစပါးများကို မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် ဈေးသတ်မှတ်ပြီး ဝယ်ယူကြိတ်ခွဲနေရကြောင်း စက်ပိုင်ရှင်များထံမှ သတင်းရရှိသည်။

စပါးများကို ထိုကဲ့သို့ မကြိတ်ခွဲဘဲ သိုလှောင်ထားမည်ဆိုပါက စပါးများ၏ အရည်အသွေးကျဆင်းပြီး ဆန်အဖြစ် ရောင်းချလျှင်လည်း ဈေးကောင်းမရနိုင်သည့်အတွက် လယ်သမားများ၏ အခက်အခဲကို ကူညီခြင်းဖြစ်သည်။ စပါးဈေးမှာ ဆန်ဈေးထက် မြင့်မားနေချိန်တွင် ရေစိုစပါးများသည် သာမန်စပါးထက် ဈေးနှုန်းသက်သာခြင်းတို့ကြောင့် ယခုကဲ့သို့ ဝယ်ယူကြိတ်ခွဲခြင်းဖြစ်ကြောင်း ဆန်စပါးကျွမ်းကျင် ပညာရှင်များက သုံးသပ်သည်။

"လောလောဆယ် စက်ပိုင်နဲ့ လယ်သမားနားလည်မှုယူပြီး အရောင်းအဝယ် လုပ်နေရတယ်" ဟု မြောင်းမြမြို့မှ စက်ပိုင်တစ်ဦးက လက်ရှိရောင်းဝယ်မှု အခြေအနေကို ပြောသည်။

လက်ရှိအချိန်တွင် သာမန်စပါးအခြောက် တင်း ၁၀၀လျှင် ၄၄၀,၀၀၀ ကျပ်ဝန်းကျင်ရှိသော်လည်း ရေစိုစပါးများမှာ ၃၅၀,၀၀၀ ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်နေကြောင်း စုံစမ်းသိရသည်။

လယ်သမားများ ယခုကဲ့သို့ ရာသီဥတုကြောင့် အခက်အခဲတွေ့နေစဉ် ဒေသတွင်း ကူညီဆောင်ရွက်နေသော ဦးဆောင်ကုမ္ပဏီအချို့သည်အကူအညီပေးရာတွင် ပြည့်စုံစွာဆောင်ရွက်ပေးခြင်းမရှိကြောင်းကိုလည်း မြောင်းမြမြို့မှ စက်ပိုင်တစ်ဦးကပင် ထပ်မံပြောကြားသည်။

စက်တင်ဘာလဆန်းပိုင်းမှစ၍ ဘင်္ဂလားပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့မှ မုန်တိုင်းများကြောင့် မြန်မာပြည်အနှံ့အပြားတွင် မိုးများရွာသွန်းခဲ့သည်။

စာ(၈)သို့

## ရန်ကုန်၊ မန္တလေး အမြန်လမ်းမတစ်လျှောက် ဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရန် တာဝါတိုင်များ တိုးချဲ့စိုက်ထူမည်

ယုဇနကိုကို

ရန်ကုန်၊ အောက်တိုဘာ - ၂၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက်တွင် မိုဘိုင်းဖုန်းဆက်သွယ်မှုများ ပြတ်တောက်မှု မရှိစေရန်အတွက် ဆက်သွယ်ရေးတာဝါတိုင်များ တိုးချဲ့စိုက်ထူပေးသွားရန် ဆောင်ရွက်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက 7Day Newsသို့ပြောသည်။

ယင်းကဲ့သို့ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမတစ်လျှောက် ဆက်သွယ်ရေးတာဝန်တိုင်များစိုက်ထူရန် ဆောင်ရွက်ခြင်းမှာ များသောအားဖြင့် ယင်းကားလမ်းမတစ်လျှောက်တွင် တယ်လီဖုန်းများသယ်ဆောင်သွားသည့်အခါ ဆက်သွယ်မှု ပြတ်တောက်မှုများရှိခြင်းကြောင့် ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

ယခုနှစ်ကုန်ပိုင်းအချိန်တွင် စတင်စိုက်ထူရန် ပြင်ဆင်နေပြီး အဆိုပါ အမြန်ကားလမ်းမတစ်လျှောက် တာဝါတိုင်များတိုးချဲ့မှုတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရတနာပုံတယ်လီဆိုက်ဘာစီးတီးတွင် ရင်းနှီးမြှုပ်နှံထားသော ပုဂ္ဂလိက နည်းပညာကုမ္ပဏီ၏အချို့ ပူးပေါင်းဆောင်ရွက်ထားခြင်းဖြစ်သည်။

## YCDC ပိုင် အဆင့်မြင့်ဟိုတယ် နှစ်ရှည်ငှားရမ်းခွင့် ရွေသံလွင်ရရှိ

သန်းဌွေး

ရန်ကုန်၊ အောက်တိုဘာ - ၂၂

ကြယ်လေးပွင့် အဆင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) ပိုင် အဆင့်မြင့်ဟိုတယ်အဆောက်အအုံအား နှစ်ရှည်ငှားရမ်းခွင့်ကို ရွှေသံလွင်ကုမ္ပဏီက ရရှိသွားကြောင်း အဆိုပါ တင်ဒါပွဲ တက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

"အဲဒါဟိုတယ်ကို ရွှေသံလွင်ကပဲ ဆောက်နေတာ ဆယ့်လေးထပ်ရှိပြီး အနှစ်သုံးဆယ် ငှားရမ်းခွင့်ကို တစ်လသိန်းတစ်ထောင့်တစ်သိန်းနဲ့ပြိုင်ဘက်မရှိတင်ဒါအောင်သွားတယ်"ဟု အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်သည့် တင်ဒါပြိုင်ပွဲ၌ တင်ဒါ မအောင်မြင်ခဲ့သူ အထက်ပါပုဂ္ဂိုလ်က ပြောသည်။ အဆိုပါ တင်ဒါပြိုင်ပွဲတွင် တင်ဒါတင်သွင်းသည့် အဖွဲ့အစည်း ၈ ခုမှ ဝင်ရောက်ယှဉ်ပြိုင်ရာ ကုမ္ပဏီတစ်ခုက တစ်လအတွက် ဟိုတယ်ငှားရမ်းလုပ်ပိုင်ခွင့်ကို ကျပ်သိန်းတစ်ထောင်အထိ လိုက်ပြိုင်ခဲ့ပြီးမှ နောက်ဆုတ်သွားကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

"ဒီဟိုတယ်ကို စဆောက်ကတည်းက အရည်အသွေးမီ စံချိန်စံညွှန်းပြည့်တည်ဆောက်လာတာ၊ အရှေ့အနောက် နှစ်ဖက်စလုံးဟာ ဟိုတယ်ထဲဝင်လို့ ရတယ်။ ဘေ့စ်မန့်(ဟိုတယ်အောက်



ဓာတ်ပုံ-သန်းဌွေး

ခြေ)မှာ ကားအစီး ရှစ်ဆယ်စာ ကားပါကင်ရှိပြီး ခေါင်မိုးပေါ်မှာ ရေကူးကန်ထည့်ထားတယ်" ဟု ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးကလည်း 7 Day News သို့ပြောသည်။

၎င်းဟိုတယ်သည် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ပင်ရွှေညောင်လမ်းပေါ်ရှိ မြေဧရိယာ ၄ ဒသမ ၀၃၂ ဧကပေါ်တွင် တည်ဆောက်ထားသော စတုရန်းပေ ၂၅၄၉၀၀ အကျယ်ရှိ ၁၁၉ ခန်းပါ ၁၄ ထပ်ဟိုတယ်ဖြစ်ပြီး နောင် ၆လကြာမှသာ တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
MY STYLE // MY DREAM

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ရေနံပိုက်လိုင်းပေါက်မှုကြောင့် ရွာသားတစ်ရာကျော်မီးလောင်ကာ ၁၄ဦးသေဆုံး

သီဟ

ရန်ကုန်၊အောက်တိုဘာ-၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သာကြီးတောင်ရေနံမြေမှ အရာတော်ရေနံမြေသို့ ရေနံပို့ဆောင်သောပိုက်လိုင်းသည် ယမန်နေ့ညစနာရီခန့်က မြောင်လှကျေးရွာအုပ်စု မြောင်လှကျေးရွာအနီး မြစ်ခြေ၊ ဆိပ်ဖြူကားလမ်းမိုင်တိုင် အမှတ် ၂၂ မိုင် ၄ ဖာလုံခန့်တွင် ပေါက်ထွက်၍ ရေနံများယိုစိမ့်ခဲ့ပြီး အဆိုပါရေနံယိုစိမ့်မှုအားပတ်ဝန်းကျင်ရွာများမှ ရွာသူရွာသားများက သယ်ယူစဉ် မီးလောင်မှုဖြစ်ပွားကာ ရွာသားအချို့သေဆုံးဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယိုစိမ့်သည့်ရေနံများအား အ နီးအနားရွာများဖြစ်သည့် ညောင်လှ၊ ညောင်နီပင်၊ သိမ်တော၊ အိုင် ကြီးကျေးရွာများမှ ရွာသူ၊ ရွာသား ၂၀၀ ခန့်က သယ်ယူကြစဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံလွှင့်သတင်းများတွင်ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုကြောင့် ရွာသူရွာသား ၁၂၁ဦး မီးလောင်ဒဏ်ရာရရှိခဲ့ပြီး ယင်းတို့အား ပခုက္ကူ၊ ကျွန်းချောင်း၊ မြစ်ခြေဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။

အဆိုပါ မီးလောင်ဒဏ်ရာရရှိသူများအနက်မှ ပခုက္ကူဆေးရုံတွင် ၇ ဦး၊ ကျွန်းချောင်းဆေးရုံတွင် ၅ဦးနှင့် မြစ်ခြေဆေးရုံတွင် ၂ ဦး စုစုပေါင်း ၁၄ဦးသေဆုံးခဲ့ပြီး ကျန်မီးလောင်လူနာများအား ဆေးရုံများတွင် ဆက်လက်ကုသပေးလျက်ရှိကြောင်းသိရသည်။

# နိုင်ငံတော်အလံများ ဈေးကွက်အတွင်း ရောင်းချ

နေလင်းထွန်း၊ ကျော်သီဟ

ရန်ကုန်၊ အောက်တိုဘာ - ၂၃



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတော် အလံအသစ်ပြောင်းလဲပြီးနောက် ကြယ်တစ်ပွင့်ပါ သုံးရောင်ခြယ်အလံအား ဌာနဆိုင်ရာနှင့် ကုမ္ပဏီများက အဓိကဝယ်ယူလျက်ရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အလံသစ်ကို လုပ်ငန်းသုံးဖြစ်သော ၆ ပေ×၉ ပေနှင့် ၄ပေ× ၆ပေ အရွယ်အစားနှစ်မျိုးရှိပြီး အိမ်သုံးအရွယ်အစားများ ရောင်းချရမှု မရှိသေးကြောင်း သိရသည်။

"ကျွန်မတို့ဆိုင်မှာ အလံနှစ်မျိုးပဲ ရောင်းချပေးနေပါတယ်။ စက်မှု (၁) ကပဲချုပ်တယ်။ အခြားအိမ်သုံးအရွယ်အစားတွေ မရသေးဘူး။ ဌာနဆိုင်ရာ ရုံးတွေအတွက်ပဲရသေးတယ်" ဟု အလံရောင်းချနေသည့် ဗိုလ်ချုပ်ဈေးရှိ ဝင်းသူဇာအရောင်းဆိုင်မှ အရောင်းစာရေးမတစ်ဦးကပြောသည်။

နိုင်ငံတော်အလံသစ် အပြောင်းအလဲနှင့် ပတ်သက်၍ ကြိုတင်မသိရှိခဲ့ခြင်းကြောင့် အလံသစ်အား ပြင်ဆင်ချုပ်လုပ်နိုင်ခဲ့ခြင်းမရှိကြောင်း ဗဟန်းမြို့နယ်ရှိ တံဆိပ်ရိုက်လုပ်ငန်းအချို့မှ သိရသည်။

"ရွှေဂုံတိုင်တစ်ဝိုက်က ဆိုင်တွေကတော့ ဘယ်သူမှ ကြိုမလုပ်ကြဘူး။ လက်ရှိအချိန်မှာတော့ အဝယ်ရှိလာပါပြီ။ ဌာနဆိုင်ရာနဲ့ ရုံးတွေ၊ ကုမ္ပဏီတွေ ဝယ်ကြတယ်။ အိမ်တွေကတော့ မဝယ်ကြသေးဘူး။ မဖြစ်မနေဝယ်ရမယ့်သူတွေကအဓိကဝယ်ကြတာပါ" ဟုပုံနှိပ်နှင့် ကြော်ငြာလုပ်ငန်း တစ်ခု၏ ဆိုင်ရှင်ဖြစ်သူက ပြောသည်။

နိုင်ငံတော်အလံသစ်၏ ၄ပေ ၆ပေအရွယ်အစား ဖဲသားအလံမှာ ကျပ်၁၂,၀၀၀နှင့် ၆ ပေ - ၉ပေ အရွယ်အစား ဖဲသားအလံမှာကျပ် ၂၀,၀၀၀ ခန့်ရှိကြောင်းသိရသည်။

စက်မှု (၁)ဝန်ကြီးဌာနမှ ဝင်းသူဇာအရောင်းဆိုင်များမှ တစ်ဆင့် ယခုဈေးကွက်တွင်းသို့ ဖြန့်ဖြူးရောင်းချနေသော နိုင်ငံတော်အလံများမှာ ဖဲသားနှင့် ချုပ်လုပ်ထားသော အလံအမျိုးအစားဖြစ်ပြီး ၆ပေ × ၉ပေအလံကို ၁၅,၀၀၀ ကျပ်နှင့် ၄ပေ × ၆ပေ အလံကို ၆,၅၀၀ ကျပ်ဖြင့် အရွယ်အစားနှစ်မျိုး ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

## စိုက်ပျိုးရေးအခြေခံ ိုက်ကူးထားသည့် စားနပ်ရိက္ခာဖူလုံရေးမှတ်တမ်းဇာတ်ကားပြသမည်

အေးသူစံ

ရန်ကုန်၊ အောက်တိုဘာ ၂၅

စိုက်ပျိုးရေးနှင့် ဆက်စပ်ပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် ရိုက်ကူးထားသော King Corn Big River အမည်ရှိ မှတ်တမ်းတင်ဇာတ်ကားကို အောက်တိုဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံတွင် ပြသမည်ဖြစ်ကြောင်းသိရသည်။

အမေရိကန်သံရုံးနှင့် Food Security Working Group တို့ ပူးပေါင်း စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး စိုက်ပျိုးရေး အခြေပြုမှတ်တမ်းတင်ဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာနှင့် ထုတ်လုပ်သူ ပရိုဂျူဆာတို့ပါ တက်ရောက်ကြမည်ဖြစ်သည်။ "ဒီ မှတ်တမ်းကားမှာ အဓိကက ဇာတ်ကားရဲ့ နာမည်လေးအတိုင်းပဲ ပြောင်းဘူရင်ဆိုတဲ့ နာမည်နဲ့လိုက်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို ရိုက်ကူးထားတာဖြစ်ပြီး စိုက်ပျိုးရေးနဲ့ဆက်စပ်တဲ့စားနပ်ရိက္ခာဖူလုံရေးအတွက် ပြသတာဖြစ်ပါတယ်။ သံရုံးရဲ့ မှတ်တမ်းတင် ဇာတ်ကားပြသပွဲပါ" ဟု Food Security Working Group ၏ Resources Centre မန်နေဂျာက ဇာတ်ကားပြသရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားသည်။

ယင်းမှတ်တမ်းတင်ဇာတ်ကားကို အောက်တိုဘာလ ၂၈ ရက်နေ့၊ ညနေ လေးနာရီတွင် ပြသမည်ဖြစ်ပြီး ကြည့်ရှုပြီးပါက ဇာတ်ကားနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြား၍ ဆွေးနွေးမှုများကို အုပ်စုခွဲကာ ပြုလုပ်မည်ဖြစ်သည်။

# မွန်မြတ်က ုဏာရှင် အသင်းက မုန်တိုင်းသင့်ဒေသသို့ ပဏာမလှူဒါန်း

သီဟ

ရန်ကုန်၊အောက်တိုဘာ-၂၃

အောက်တိုဘာနေ့က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဂီရိ ဒဏ်ခံခဲ့ရသည်ဒေသများသို့ ပြည်တွင်းအင်န်ဂျီအိုတစ်ခုဖြစ်သည့် မွန်မြတ်ကရုဏာရှင်များအသင်းမှ ဆန်အိတ်၅၀ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လတ်တလောလှူဒါန်းမှုအနေဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ဂီရိမုန်တိုင်းဒဏ်ခံဒေသများ၏လိုအပ်ချက်များအား စစ်တမ်းကောက်ယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ ဒီနေ့ပဲ ရခိုင်ကိုသွားမှာပါ။ သွားတဲ့လမ်းတစ်လျှောက်မှာလည်း မုန်တိုင်းဒဏ်ခံဒေသတွေမှာ ဘာတွေလိုအပ်လဲဆိုတာ စစ်တမ်းကောက်သွားမှာပါ။ ပြီးရင်တော့ လိုအပ်တဲ့ကူညီမှုတွေကို ဆက်ပေးသွားမှာပါ"ဟု မွန်မြတ်ကရုဏာရှင်များအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ကိုထွေးကပြောသည်။


ယခုတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဂီရိသည် ဘင်္ဂလားပင်လယ်အော်မှ ရခိုင်ကမ်းရိုးတမ်းသို့ဖြတ်သန်းဝင်ရောက်ကာ ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ ကျောက်ဖြူ၊ ပေါက်တော၊ မင်းပြား စသည့်မြို့နယ်များသို့ ဖြတ်သန်းတိုက်ခတ်သွားကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုပမာဏအား ယခုအချိန်အထိ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

# မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် စားသောက်ကုန်ဈေးနှုန်းမြင့်တက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ အောက်တိုဘာ-၂၂



ဓာတ်ပုံ-မျိုးမင်းဦး

မြန်မာနိုင်ငံ၏ ဒေသအချို့တွင် ယခုလဆန်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တွင်း၌ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်နေကြောင်း ဘုရင့်နောင်ဈေးကွက်မှ စုံစမ်းသိ ရသည်။

ယင်းကဲ့သို့ ကုန်ဈေးနှုန်းများမြင့်တက်ရခြင်းမှာ မိုးရွာသွန်းမှုကြောင့် ကုန်စည်တင်ပို့မှုနည်း၍ ဖြစ်ကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။

"ဒီတစ်ပတ်ထဲမှ ဈေးတွေစတက်လာတာ။ မိုးရွာလို့ ကုန်အဝင်တွေ လျော့လာတာကြောင့် တက်သွားတာပါ။ ဈေးတွေကတောက်လျှောက်တော့ မတက်နိုင်ဘူး။ ပြန်ကျလာမှာပါ" ဟု ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ကြက်သွန်နီဈေးနှုန်းများမှာ ယခုတစ်ပတ်ဈေးစဖွင့်ရက် ဖြစ်သော ၁၇ရက် တနင်္လာနေ့ကပင် အနိမ့်ဈေးတစ်ပိဿာ ၂၅၀ ကျပ်နှင့် အမြင့်ဈေး ၃၅၅ ကျပ်ရှိနေရာမှ ယနေ့ဈေးပိတ်ရက်ဖြစ်သော အောက်တိုဘာ ၂၂ ရက်တွင် အနိမ့်ဈေး ၃၀၀ကျပ်နှင့် အမြင့်ဈေး ၄၅၀ ကျပ်ထိ ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း သိရသည်။

"ကြက်သွန်က အရင်နဲ့စာရင် ကုန်အဝင်က သုံးပုံ တစ်ပုံလောက်လျော့သွားတယ်။ ဒီရက်ပိုင်းက သီတင်းကျွတ်ကြောင့် ဝယ်အားကောင်းလို့ ဈေးတက်တာလည်းပါတယ်"ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခင် သီတင်းပတ်များတွင် ဘုရင့်နောင်ဝင်းသို့ ကားစီးရေ ၃၀ ဝန်းကျင်ဝင်ရောက်နေရာမှ ယခုတစ်ပတ်တွင်း၌ ၁၈ စီး၊ အစီး ၂၀ ဝန်းကျင်သာ ဝင်ရောက်မှုရှိတော့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြော သည်။

"ဒီရက်ပိုင်းမှာ ကုန်ပစ္စည်းဈေးတွေက အကုန်တက်တာပဲ။ အာလူးက အဝင်နည်းတာအပြင် အထားမခံတာကြောင့် ဈေးတက်တာလည်း ဖြစ်နိုင်တယ်။ ဝါကျွတ်ဆိုတော့ ဝယ်လိုအား ကောင်းတာကြောင့်လည်းပါတယ်" ဟု အာလူးဝယ်ရောင်း တစ်ဦးက ပြောသည်။

အာလူးဈေးနှုန်းများမှာလည်း ယခုလ၁ ရက်တွင် အနိမ့်ဈေး ၃၅၀ ကျပ်နှင့် အမြင့်ဈေး ၅၈၀ ကျပ်ရှိနေရာမှ ယခု ၂ ရက်တွင် အနိမ့်ဈေး ၅၅၀ ကျပ်နှင့် အမြင့်ဈေး ၇၉၀ကျပ်ထိ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် တစ်ပိဿာလျှင် ၂၀၀ကျပ်ကျော်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ထို့အပြင် ဝါကျွတ်ကာလတွင် ဝယ်လိုအားကောင်းသော ထန်းလျက်နှင့် စားအုန်းဆီဈေးနှုန်းများမှာလည်း ယခုတစ်ပတ်အတွင်း၌ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ထန်းလျက်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၂၅၀ ကျပ်နှင့် ၁၅၀၀ ကျပ်ထိ မြင့်တက်လာခဲ့သည်။ထို့အတူ ပြင်ပ စားအုန်းဆီဈေးနှုန်းများမှာလည်း ယခင်တစ်ပတ်တွင် တစ်ပိဿာလျှင် ၂၀၈၅ ကျပ်မှ ယခုလ ၂၂ ရက်တွင် ၂၁၄၀ ကျပ်သို့ မြင့်တက်လာခဲ့ကြောင်း သိရသည်။

# လယ်ယာကဏ္ဍမူဝါဒအပြောင်းအလဲမြင်ရတော့မည်လား

## စပါးစိုက်တောင်သူများစိတ်ကြိုက်စပါးစိုက်ပျိုးနိုင်သည့်စနစ်စတင်ကျင့်သုံး

**ထူးသန့်**

**နေပြည်တော်၊**
**အောက်တိုဘာ၁၇**

မြန်မာ့လယ်ယာကဏ္ဍမူဝါဒအပြောင်းအလဲတစ်ခုအဖြစ် စပါးသီးနှံကို လယ်သမားများ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးသည့်စနစ် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း နေပြည်တော် ရေဆင်းရှိ စပါးသုတေသနစိုက်ခင်းများ၌ အောက်တိုဘာ ၁၇ရက်တွင် ပြုလုပ်ခဲ့သော မျိုးသစ်များအကဲဖြတ်ရွေးချယ်ပွဲမှ သတင်းရရှိသည်။

နေပြည်တော်ခရိုင် မြို့နယ်ရှစ်မြို့နယ်လုံးမှ ဒေသခံလယ်သမားများ တက်ရောက်အကဲဖြတ်ရွေးချယ်ခဲ့သည့် အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးဒေါက်တာတင်ထွဋ်က "မျိုးကို ဒီမျိုးစိုက်ပါဆိုတဲ့စနစ်နဲ့ မသွားတော့ဘူး။ တောင်သူတွေ စိတ်ကြိုက်ရွေးချယ်စိုက်ပျိုးတဲ့စနစ်နဲ့သွားတော့မယ်"ဟု အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန၏ တွေ့ရှိချက်များနှင့်နှိုင်းယှဉ်ကာပြောကြားသည်။

ယခင်က စပါးစိုက်တောင်သူအများစုမှာ မျိုးစပါးစိုက်ပျိုးရာတွင် မိမိတို့ စိတ်ကြိုက်စိုက်ပျိုးခြင်းထက် တာဝန်ကျသည့်မျိုးစိုက်ပျိုးရသည်ကများကြောင်း သတင်းရရှိသည်။

စပါးမျိုးပေါင်း ၈၈ မျိုးခန့်ရှိသော မြန်မာနိုင်ငံတွင် မနောသုခမျိုးတစ်မျိုးတည်းသာ ပေါ်လွင်နေပြီး၊ စပါးစိုက်ဧက၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်။ အခြားသော အရည်အသွေးမြင့်အထွက်ကောင်းမျိုးများမှာ နိုင်ငံတွင်းရှိ ဆန်စက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ ကုန်သည်ပွဲစားများက ဆန်ရောနှော ရောင်းချခြင်းများကြောင့် ပေါ်လွင်ထင်ရှားခြင်းမရှိခဲ့ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ထိုကဲ့သို့ ဆန်ရောနှောရောင်းချခြင်းနှင့်ပတ်သက်၍ နေပြည်တော် ပျဉ်းမနားမြို့မှ ဒေသခံဦးဇော်ကြီးကလည်း "ပေါ်ဆန်းမွှေးလည်းရောတာပဲ။ ဆန်ကောင်းဈေးကောင်းဆိုရင် အကုန်ရောတယ်။ တစ်နေ့ကပဲ တစ်အိတ် (၂၄ပြည်ဝင်)ကို နှစ်သောင်းတစ်ထောင်နဲ့ဝယ်ခဲ့တယ်။ ပေါ်ဆန်းမွှေးနဲ့ လုံးဝတစ်ပုံစံတည်းပဲ။ ချက် ပြီးလို့ စားမှပဲသိတော့တယ်။ ဆန်ဆိုင်က ကိုယ်နဲ့ရင်းနှီးတော့ အရောဈေးနဲ့ပဲ ရခဲ့တဲ့အတွက် တော်သေးတယ်"ဟုပြောသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အနာဂတ်လယ်ယာကဏ္ဍအတွက် ဒေသအလိုက်သင့်လျော်မည့်မျိုးသစ်များ စီမံထုတ်လုပ်သွားမည်ဟုဆိုသည်။ ထို့အပြင် အခြားဒေသများရှိ သုတေသနခြံများတွင်လည်း ထိုကဲ့သို့ပင် မျိုးသစ်များ စမ်းသပ်ထုတ်လုပ်သွားမည်ဖြစ်ကာ လယ်သမားအနေဖြင့် ၎င်းတို့၏ဆန္ဒအတိုင်း ဝင်ရောက်လေ့လာကာ ရွေးချယ်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် ရေဆင်းသုတေသနခြံ၌ ဆည်ရေသောက်စပါး၊ မိုးရေသောက်စပါး၊ ရေအနည်းလိုစပါးနှင့် အမွှေးနံ့ပါအရည်အသွေးမြင့်စပါးမျိုးများ စိုက်ပျိုးမျိုးပွားလျက်ရှိကြောင်းသိရသည်။

ထိုနေ့က လယ်သမားများရွေးချယ်ခဲ့သည့်စပါးမျိုးများနှင့်ပတ်သက်၍ "လယ်သမားက စပါးနှံ နှံဆ/သီးလုံးကောင်းတာ ရွေးတယ်။ ကောက်ရိုးအတွက် အပင်အရပ် အလောတော်ရှိတာကို ရွေးတယ်။ ရေလိုအပ်မှုနည်းတာကိုလည်း ကြိုက်တယ်။ ပိုးမွှားဖျက်ဆီးတဲ့မျိုးကိုမကြိုက်ဘူး။ ဈေးကွက်ဝင်စပါးနဲ့ အရည်အသွေးကောင်းစပါးတွေကိုလည်း ရွေးကြတယ်"ဟုတာဝန်ရှိသူက ပြန်လည်ပြောကြားသည်။

အဆိုပါ စပါးမျိုးရွေးချယ်ပွဲတွင် စမ်းသပ်ကွက် ၉ကွက်အတွင်းရှိ စပါးအမျိုးပေါင်း ၅၀ကျော်ပါဝင်ခဲ့ကြောင်း၊ လယ်သမားများအနေဖြင့် ယင်းစပါးမျိုးများထဲမှ နှစ်သက်ရာစပါးမျိုးကို မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။




# ကျပ်ငါးသိန်းတန် စီဒီအမ်အေ 450ဖုန်းများ တိုင်းဒေသကြီး လေးခုတွင် ချထားပေးမည်


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**
**အောက်တိုဘာ - ၂၃**

တစ်နိုင်ငံလုံး သယ်ယူအသုံးပြုနိုင်သော ကျပ်ငါးသိန်းတန် CDMA 450 MHz ဖုန်းများကို နေပြည်တော်အပြင် အခြားတိုင်းဒေသကြီး လေးခုတွင်ပါ နိုဝင်ဘာလဆန်း၌ စတင်ချထားပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်း ဒေသကြီး၌ နိုဝင်ဘာလတွင် ချထားပေးရန် စီစဉ်ထားပြီး ကျန်တိုင်းဒေသကြီးများတွင်လည်း မကြာမီချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းမိုဘိုင်ဖုန်းများ ချထားပေးရန်စီစဉ်ထားသော တိုင်းဒေသကြီးများမှာ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့ ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

"ရန်ကုန်နဲ့ မန္တလေးမှာ ချပေးဖို့တော့ စီစဉ်နေတယ်။ ကျန်တိုင်းဒေသကြီး နှစ်ခုအတွက်ကတော့သေချာ မသိသေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါ တိုင်းဒေသကြီးများတွင်ချထားပေးမည့် ဖုန်းများမှာ ၀၉-၄၉------- နံပါတ်များအတိုင်းမဟုတ်ဘဲ ဒေသအလိုက်ကွဲပြားမှုရှိနိုင်ကြောင်း သိရသည်။


7 DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

# 'အပြင်းထန်ဆုံး (လာနီညာသက်ရောက်မှု) က နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ သတိကတော့ လျှော့လို့မရဘူး'

## မိုးလေဝသ ပညာရှင်ဒေါက်တာထွန်းလွင်နှင့်တွေ့ဆုံခြင်း

အားမာန်၊ အောင်သူရ

၂၀၁၀ တွင် မြန်မာနိုင်ငံအတွက် အစွန်းရောက်ရာသီဥတုများဖြင့် ကြုံတွေ့ဆဲ၊ ကြုံတွေ့ခဲ့ရသည့်နှစ်ဖြစ်သည်။ နှစ်ဆန်းပိုင်းတွင် အားကောင်းသော အယ်လ်နီညို (ပူပြင်းခြောက်သွေ့မှုကို ဖြစ်စေသောရာသီဥတု) ရာသီဥတုသက်ရောက်မှုကြောင့် ဧပြီနှင့် မေလများတွင် စံချိန်တင် ပူပြင်းမှုတို့ကို လူတိုင်းခံစားခဲ့ရသည်။ အနောက်တောင် မုတ်သုံလေမှာ နောက်ကျမှဝင်ပြီး စော၍ထွက်ခွာခဲ့သောကြောင့် မုတ်သုန်ကာလတိုတောင်း၍ မိုးနည်းပြီဟုထင်ခဲ့ကြသည်။ သို့သော်အောက်တိုဘာအရောက်တွင်ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းသုံးလုံးဖြစ်ပြီး မြန်မာနိုင်ငံသို့ တစ်လုံးဝင်ခဲ့သည်။ ထိုမုန်တိုင်းများ၏ သက်ရောက်မှုနှင့် တောင်တရုတ်ပင်လယ်မှ မုန်တိုင်းများ၏ဂယက်ကြောင့် မြန်မာတစ်နိုင်ငံလုံးရေကြီးရေလျှံသည့်အဆင့်ရောက်အောင် မိုးကောင်းလွန်းနေပြန်သည်။ လူအများစုက တစ်နှစ်အတွင်းကြုံတွေ့ခဲ့သော အစွန်းရောက်ရာသီဥတုများအပေါ် အံ့သြမှုနှင့် နားမလည်ခြင်းများဖြစ်နေသည်။ မုန်တိုင်းများဆက်တိုက်ဖြစ်၍ မိုးကောင်းနေသည့်အခြေအနေမှာ လာနီညာ(အေး၍ စိုစွတ်မှုကိုဖြစ်စေသောရာသီဥတု)၏ သက်ရောက်မှုကြောင့်ဖြစ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ပြောသည်။ ဒေါက်တာထွန်းလွင်က ၂၀၀၉နှစ်ကုန်ပိုင်းနှင့် ၂၀၁၀ နှစ်ဆန်းပိုင်းတွင် အယ်လ်နီညိုရာသီဥတုဖြစ်တော့မည်ဟု ကြိုပြောခဲ့သလို၊ ယခုနှစ်လယ်ပိုင်းမှစတင်၍လည်း လာနီညာရာသီဥတုဖြစ်ပြီဟု ကြိုတင်အသိပေးခဲ့သည့် မြန်မာနိုင်ငံမှတစ်ဦးတည်းသောမိုးလေဝသပညာရှင်ဖြစ်သည်။ လာနီညာရာသီဥတု သက်ရောက်မှုကို ခံနေရပြီး၊ ထူးခြားသောရာသီဥတုနှင့်ကြုံတွေ့နေရသော ၂၀၁၀ လက်ကျန်ကာလအတွက်မိုးလေဝသပညာရှင်ကို တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။ အောက်တိုဘာ ၂၀ ရက်တွင်မေးခွန်းအများစုကိုမေးခဲ့ခြင်းဖြစ်ကာ ဂီရိဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံသို့ဝင်ပြီးနောက်ပိုင်းမေးခွန်းအချို့ကို အောက်တိုဘာ ၂၃ ရက်တွင် ထပ်မံဖြည့်စွက်မေးမြန်းထားခြင်းဖြစ်ကြောင်း သတိပြုစေလိုပါသည်။



ဒေါက်တာထွန်းလွင်ဆိုသူ၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်မိတ်ဆက်ပွဲ အခမ်းအနားသို့ တွေ့ရစဉ်။ ဓာတ်ပုံ - အားမာန်

**♦ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံဆန်တဲ့ရာသီဥတုဖြစ်နေတယ်လို့ ဦးပြောထားပါတယ်။ အဲဒီမုတ်သုံဆန်တဲ့ရာသီဥတုအကြောင်း ရှင်းပြပေးပါလား။**

မုတ်သုံဆန်တဲ့ရာသီဥတုဆိုတာ ကမုတ်သုံကာလမဟုတ်ပါဘဲနဲ့ မုတ်သုံကာလမှာ ကြုံတွေ့ရတဲ့ရာသီဥတုပုံစံမျိုးဖြစ်လာတာကို မုတ်သုံဆန်တဲ့ရာဦဥတုလို့ခေါ်တယ်။

**♦ မုတ်သုံဆန်တဲ့ရာသီဥတု ဘာကြောင့်ဖြစ်ရတာလဲ။ အဲဒီရာသီဥတုက မြန်မာနိုင်ငံအပေါ် ဘယ်လိုသက်ရောက်နိုင်သလဲ။**

မုတ်သုံဆန်တဲ့ရာသီဥတုဖြစ်လာရတဲ့အကြောင်းရင်းက မုန်တိုင်းတွေနဲ့ အများဆုံးပတ်သက်တာပေါ့။ ဒီမုန်တိုင်းတွေခုလိုလှုပ်လှုပ်ရှားရှားဖြစ်နေသမျှတော့ ဒီကောင် ရှိနေဦးမှာပဲ။ မုတ်သုံဆန်တဲ့ရာသီဥတုဖြစ်လာရင် မုတ်သုံကာလမှာ ရွာသလို မိုးရတယ်။ မုတ်သုံကာလရွာတဲ့မိုးဆိုတာ နေ့တိုင်းရွာတယ်။ အားကောင်းရင် ကမ်းရိုးတန်းတွေမှာ အများဆုံးရွာတယ်။ တစ်ပြည်လုံး ပျံ့ပျံ့နှံ့နှံ့ရှိတယ်။ ဒီမုတ်သုံဆန်တဲ့ရာသီဥတုကလက်ရှိအနေအထားကတော့ သိပ်မကြာတော့ပါဘူး။ မကြာခင်ကုန်မှာပါ။ အလွန်ဆုံးဖြစ်နိုင်ရင် ဒီလကုန်ပေါ့။

**♦ ဒီနေ့ဆို အောက်တိုဘာ ၂၀ ပဲရှိသေးတယ်။ သုံးပတ်အတွင်းမှာပဲ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်း ရပ်ဝန်းဟာ သုံးကြိမ်ဖြစ်သွားပြီ။ အဲဒါမျိုး အရင်ဖြစ်ဖူးပါသလား။**

ဖြစ်ဖူးပါတယ်။ဘာကြောင့်လဲဆိုတော့ ဟိုအရင်တုန်းကျ တစ်နှစ်ကို မုန်တိုင်း ၁၈ လုံးလောက်ဖြစ်ဖူးတယ်။ အဲဒီလိုနှစ်မျိုးဆို အခုလိုမကြာခဏဖြစ်တယ်။ဆက်တိုက်ဖြစ်တယ်။ ဖြစ်တော့ ဖြစ်ဖူးတယ် ရှားတယ်ပေါ့။ ခုနောက်ပိုင်းတော့ မတွေ့ရသလောက်ပဲ။ ဒါကလည်း မုန်တိုင်းအဖြစ်များတဲ့နှစ်လို့ပြောလို့မရဘူးလေ။ ရွှေ့က တစ်လုံးမှမဖြစ်တာကိုး။ ဝမ်းသာတာ တစ်ခုတော့ရှိတယ်။ ရာသီဥတုကြီးသိပ္ပံရုပ်ဝတ္ထုလောကကြီးဟာ ထင်သလောက်တော့ စည်းမဲ့ကမ်းမဲ့မဖြစ်သေးပါဘူး။ တော်သေးတာပေါ့။ သူ့သီအိုရီကိုလိုက် နာသေးတာပဲလေ။ မလိုက်နာတဲ့ အချိန်တော့ မလိုက်နာဘူးပေါ့။ လိုက်နာတဲ့အချိန် လိုက်နာသေးတာပေါ့။ တစ်နည်းအားဖြင့် စွမ်းအင်တည်မြဲမှုနိယာမကို မပစ်ပယ်သေးဘူးပေါ့။ ဒီလိုဆိုရင်တော့ အလုပ်လုပ်ရတာ သိပ်မဆိုးသေးဘူးပေါ့။

**♦ အခုက လာနီညာဖြစ်နေပြီလား။**

လာနီညာပေါ့။ လာနီညာရဲ့ သက်ရောက်မှု အဓိက အားအကောင်းဆုံးနဲ့ အပြင်းထန်ဆုံးဖြစ်မှုလည်းဖြစ်နေတာပဲ။ အပြင်းထန်ဆုံးက နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ သတိကတော့ လျှော့လို့မရဘူး။

**♦ ရွှေ့ဆက်ပြီးရော အေးဦးမှာလား။**

အေးမှာအေးမှာ။ ဒီလကုန်တာနဲ့မြောက်ဘက်က လေတွေဝင်တော့မှာ၊ ဟိမဝန္တာက လေတွေဝင်တော့မယ်။ ဟိမဝန္တာပေါ်မှာ အေးစပြုနေပြီ။ အဲဒီကိုလည်း နေ့တိုင်းကြည့်နေရတယ်။

**♦ သတိလျှော့လို့ မရဘူးဆိုတော့ ဘယ်လိုသတိမလျှော့ရမှာလဲ။**

လာနီညာရဲ့ သဘောက ၂၀၁၁ ကို အဲဒီဖေဖော်ဝါရီ၊ မတ်အထိတော့ ဘယ်စင်တာကပဲ ပြောပြော ထည့်ပြောကြတာပဲ။ အဲတော့ ပြောတယ်ဆိုကတည်းကတော့ ပုံမှန်အတိုင်း မရှိနိုင်လို့ပေါ့။ ဘာမှထိရောက်မှုမရှိဘူး။ ပုံမှန်အတိုင်းပဲဆိုရင်တော့ ဘယ်သူကမှလည်း ပြောတာမဟုတ်ဘူး။ အဲဒီတော့ ၂၀၁၁ အထိ ခုနပြောတဲ့မတ်လလောက်အထိ ဖြစ်မယ်ဆိုရင်ဒါဟာ ဆောင်းရာသီနဲ့ နွေရာသီအစပိုင်းဟာ နည်းနည်းတော့ အပြောင်းအလဲ ဖြစ်မယ်ပေါ့။ ပုံမှန်အတိုင်း၊ မရှိနိုင်ဘူးပေါ့။ ဒါဖြင့် လာနီညာက ပုံမှန်အတိုင်း မဖြစ်အောင်လုပ်ရင် ဘာလုပ်မလဲဆိုတော့လာနီညာဆိုတဲ့ အကောင်ကတော့ သူ့အလုပ်ကတော့ အပူချိန်ကိုလျှော့အောင်လုပ်ရမှာပဲ။ အဲတော့ ဆောင်းအနေနဲ့တော့ အေးမယ်ပေါ့။ နွေအနေနဲ့တော့ အစပိုင်းမှာထင်သလောက်မပူဘူးပေါ့။ ဒါပေမဲ့ ဖေဖော်ဝါရီကနေ မတ်လောက်ပဲ၊ ပြီးတော့ဧပြီ၊ မေကျတော့ မပြောနိုင်ဘူး။ အဲဒါတော့ စောင့်ကြည့်ပေါ့။ အဲလိုအဓိပ္ပာယ်နဲ့ ပြောတာဖြစ်ပါတယ်။

**♦ လာနီညာနဲ့ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေက အသိပေးတာရှိလား။**


အများကြီးရှိပါတယ်။ အဓိကအဖွဲ့ ကြီးနှစ်ဖွဲ့ပေါ့။ အမေရိကက နိုဝါ ရယ်၊ ဩစတြေးလျက ဘီအမ်အေပေါ့။

စာ(၁၂) သို့

## စာ-၄၊ မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ရိတ်သိမ်းပြီးသက်ငယ်စပါးများ အစိုဈေးဖြင့် ထုတ်ရောင်း မှ

မိုးစပါးစတင်စိုက်ချိန်က မိုးခေါင်ပြီး စိုက်ချိန်နောက်ကျခဲ့မှုကြောင့် လယ်သမားအချို့သည် သက်နုစပါးများကို အဓိကထားပြောင်းလဲစိုက်ပျိုးခဲ့ကြသည်။ ယခုကဲ့သို့ မိုးဆက်လက်ရွာသွန်းပါက အထွက်နှုန်းကိုပါ ထိခိုက်နိုင်ကြောင်းဦးဆောင်ကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း သုံးသပ်သည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆန်စပါးအထွက် လျော့ကျနိုင်သော်လည်း ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်းဈေးသည် မြင့်တက်မှုမရှိကြောင်း ဆန်ကုန်သည်များထံမှ စုံစမ်းသိရသည်။ ဆန်ကြမ်းဈေးသည် ဈေးကွက်တွင် အမြင့်ဆုံးတစ်အိတ်လျှင် ၁၈,၀၀၀ ကျပ် ဝန်းကျင်သာရှိကြောင်းကိုလည်း ဘုရင့်နောင်မှ ဆန်လက်ကား ကုန်သည်တစ်ဦးထံမှ သိရသည်။

ယင်းကဲ့သို့ ဆန်ကြမ်းဈေးမြင့်တက်ခြင်းမရှိသော်လည်း ဆန်ချောဈေးမှာ တစ်အိတ်လျှင် ၂၀,၀၀၀ ကျပ်မှ ၂၅,၀၀၀ ကျပ်ထိ ဈေးမြင့်တက်လာပြီး ယခင်က တစ်အိတ်လျှင် ၂၂,၀၀၀ -၂၄,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။ နယ်စုံပေါ်ဆန်းသည် ယခုရက်ပိုင်းတွင် ၂၆,၀၀၀ကျပ်ရှိသည်။ ဈေးကွက်၌ နာမည်ကြီးပြီး ဈေးကောင်းရသည့် ရွှေဘိုပေါ်ဆန်းမှာ တစ်အိတ်လျှင် ၃၂,၀၀၀ ကျပ် မှ ၃၆,၀၀၀ ကျပ်ကြားဈေးရှိကြောင်း ဈေးကွက်မှ စုံစမ်းသိရသည်။









Life
7Day News Journal
Vol.9, No.32 · OCTOBER 28, 2010

# ရုပ်ပြောင်များနှင့် ပျော်သောပန်းချီ

ဉာဏ်ကိုကို



ဓာတ်ပုံ-ဉာဏ်ကိုကို

ရုပ်ပုံ များက ရယ်နေကြသည်။ ရယ်နေသော ရုပ်ပုံများကြားမှာ ရယ်နေသော ပန်းချီဆရာရှိနေသည်။ ပန်းချီဆရာရဲ့ ရုပ်ပုံတွေက ရုပ်ပြောင်တွေဖြစ်သည်။ ရုပ်ပြောင်တွေက ရယ်မောနေသော ရုပ်ပြောင်များဖြစ်သောကြောင့် မြင်လိုက်သည်နှင့် အပျော်စိတ်ကလေးကို ဖြစ်ပေါ်စေသည်။

ရုပ်ပြောင်များကို ဖန်တီးသူက ပန်းချီသိန်းထွန်းဦးဖြစ်သည်။ "ရယ်သောသူများ"ဟု အမည်ပေးထားသော သူရဲ့ရုပ်ပြောင်ပန်းချီ (Caricature)ပြပွဲလေးကို ယခု ၂၁ရက်မှ ၂၅ရက်အထိ၊ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ ပန်းဆိုးတန်းဂယ်လာရီတွင် ပြသခဲ့ခြင်းဖြစ်သည်။

"ရုပ်ပြောင်ပွဲကို ပြချင်နေတာကြာပြီ။ ရယ်ရတဲ့ပုံတွေကို ရေးချင်တာကြောင့်ပါ"ဟု သူကပြောသည်။ ပြပွဲတွင်ပြသထားသော ရုပ်ပြောင်ပန်းချီကားများကို ပုံမှန်ပန်းချီကားချပ် အရွယ်အစားအတိုင်း ရေဆေးဖြင့် ကျနစွာရေးဆွဲထားခြင်းဖြစ်သည်။

ယခုကဲ့သို့ ရုပ်ပြောင်များကို ပန်းချီကားကဲ့သို့ သေချာစွာ ရေးဆွဲ၍ တစ်ကိုယ်တော်ပြသသည်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

"တချို့က ကယ်ရီကေးချားကို ရုပ်ဖျက်တာလို့မြင်တယ်။ အမှန်တော့ ရုပ်ဖျက်တာ မဟုတ်ပါဘူး။ သူ့အချိုးနဲ့ သူရှိပါတယ်" ဟု ပန်းချီသိန်းထွန်းဦးကဆိုသည်။

ကယ်ရီကေးချာမှာ ပုံတူရေးဆွဲခြင်းနှင့် မတူဘဲ လူများကို သရော်ခြင်းနှင့် ပျော်ရွှင်စေရန် အဓိကအားထုတ်ရကာ ရုပ်လည်းတူမှ ပုံလည်းရယ်ရပါမှ လက်ရာမြောက်ကြောင်း သိရသည်။

"ဒါက ပန်းချီနဲ့ မတူဘူး။ ပန်းချီက ရသပါအောင် ဆွဲရတော့ လွတ်လပ်တယ်။ ဒါက ရယ်ရအောင် တူအောင်ဆွဲရတော့ နည်းနည်းပင်ပန်းတယ်"ဟု သူကပြောပြသည်။

မြန်မာနိုင်ငံတွင် ပြသော ပန်းချီပြပွဲများအနက် ကယ်ရီကေးချားခေါ် ရုပ်ပြောင်ပန်းချီပြပွဲများ အလွန်နည်းပါးနေသေးသည်။ ကယ်ရီကေးချားလိုင်းကို ရေးဆွဲသူများရှိသော်လည်း တကယ်တမ်းရေတွက်ကြည့်ပါက ဆယ်ဦးပင်မပြည့်ကြောင်း သိရသည်။

ကယ်ရီကေးချား ပန်းချီများကို ရုပ်ဖျက်ခြင်းဟု အထင်လွဲမှုများ၊ နားမလည်မှုများ ရှိနေသေးသကဲ့သို့ ဈေးကွက်လည်း သိပ်မရှိဟု သိရသည်။ ထိုသို့အခြေအနေများကြားမှ မရောင်းရမှန်းသိရက်နဲ့ပင် လုပ်ချင်စိတ်တစ်ခုတည်းနှင့် ယခုလို တစ်ကိုယ်တော်ရုပ်ပြောင်ပန်းချီပြပွဲကို ကိုသိန်းထွန်းဦးကပြုလုပ်ခဲ့တာဖြစ်သည်။

ဒီပွဲက သူ့အနေနှင့် ပထမအကြိမ် တစ်ကိုယ်တော်ပြပွဲဖြစ်သော်လည်း တခြားသူများနှင့် တွဲဖက်၍ ပန်းချီပြပွဲ ခြောက်ပွဲပြသခဲ့ဖူးသည်။ ကာတွန်းနှင့် ကယ်ရီကေးချား ပြပွဲလေးပွဲတွင်လည်း ပါဝင်ခဲ့ဖူးပြီး ၂၀၀၄ ခုနှစ်တွင် ပြုလုပ်သော အောက်စီဂျင်(၁)နှင့် ၂၀၀၅ ခုနှစ်တွင် ပြုလုပ်သော အောက်စီဂျင်(၂)ပွဲများတွင် သူ့လက်ရာ ကယ်ရီကေးချား ပန်းချီများကို စတင်ပြသခဲ့သည်။

ကိုသိန်းထွန်းဦးက ဘိုကလေးသားဖြစ်သည်။ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ ၁၉၉၈ခုနှစ်တွင် ဘွဲ့ယူခဲ့ပြီး ယခုအချိန်တွင် အသက် ၃၃ နှစ်သာရှိသေးကာ အိမ်ထောင်ရှင်တစ်ဦးလည်းဖြစ်သည်။

ကယ်ရီကေးချား ရုပ်ပြောင်ပန်းချီကို တက္ကသိုလ် ဒုတိယနှစ် ၁၉၉၅ ခုနှစ်ကတည်းကပင် ရေးဆွဲခဲ့ပြီး ကာတွန်းသိန်းထွန်းဦးအမည်ဖြင့် ကာတွန်းများရေးဆွဲနေသူလည်းဖြစ်သည်။

သူ့ကယ်ရီကေးချား၊ ကာတွန်း၊ သရုပ်ဖော်ပုံများကို Forever အားကစားဂျာနယ်၊ မြန်မာ တိုင်းမ်ဂျာနယ်နှင့် အခြားမဂ္ဂဇင်းဂျာနယ်များတွင် ရေးဆွဲပေးခဲ့ဖူးပြီး၊ Grand Royal ဝိစကီအတွက်လည်း ကြော်ငြာရုပ်ပြောင် ရေးဆွဲပေးဖူးကြောင်း သိရသည်။

ကုန်သည်ကြီးများ ဟိုတယ်ရှိ ပန်းချီပြခန်းတွင်လည်း ရုပ်ပြောင်ပုံ ၁၅၀ ကျော်ဆွဲဖြစ်ခဲ့ပြီး သံအမတ်များ၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များကို ရုပ်ပြောင်ရေးဆွဲပေးခဲ့သေးသည်။ သံရုံးပွဲ၊ ပါတီပွဲ၊ မွေးနေ့ပွဲများတွင် "ငါးမိနစ်ရုပ်ပြောင်"များကို သွားရောက်ရေးဆွဲရသူလည်းဖြစ်သည်။

"မင်္ဂလာဆောင်လက်ဖွဲ့အတွက် ဒီဇိုင်းတွေအပ်ကြတယ်။ နိုင်ငံခြားပြန်မယ့်သူတွေ လက်ဆောင်ပေးချင်သူတွေအပ်တယ်။ ဟိုတယ်တွေက လူဝင်အောင် ရုပ်ပြောင်တွေ ချိတ်ဖို့အပ်ကြတယ်"ဟု သူက ဈေးကွက်ကို ရှင်းပြသည်။

အချို့သူများက သူတို့ပုံအား ရုပ်ပြောင်လွန်းသွားလျှင် မကြိုက်ကြသောကြောင့် ချစ်စရာကောင်းအောင်၊ ကာတွန်းဆန်သော ရေးဆွဲပေးရတာမျိုးလည်းရှိကြောင်း သိရသည်။

"တစ်ခါတလေ အဖေကသမီးမွေးနေ့အတွက် ရုပ်ပြောင်အပ်တယ်။ ဆွဲပြီးတဲ့အခါကျမှ သမီးက မကြိုက်တာမျိုးလည်း ကြုံရပါတယ်" ဟု သူက ရယ်မောရင်းပြောလာသည်။

ထိုကြောင့် "ခပ်ပြင်းပြင်းလား၊ ကာတွန်းလိုလား၊ ချစ်စရာ ကောင်းအောင်လား"ဟု ကြိုတင်မေးပြီးမှ ရေးဆွဲပေးသဖြင့် ပြန် ပြင်ရသည့်ပုံများ မရှိခဲ့ကြောင်း သိရသည်။

စုပေါင်းကာတွန်းပေါင်းချုပ် ၆အုပ်ခန့်တွင် ကာတွန်းသိန်းထွန်းဦး အမည်ဖြင့် သူက ပါဝင်ခဲ့သည်။ ကယ်ရီကေးချားနှင့်ပတ်သက်သော ဟာသစာအုပ်လေး တစ်အုပ်ထုတ်ရန် ဆန္ဒရှိကြောင်းလည်း သူ့စိတ်ကူးကို ပြောပြသည်။

သူကငယ်ငယ်ကတည်းက ကာတွန်းပုံတွေ ကူးဆွဲခြင်းဖြင့် ဝါသနာကို ပျိုးထောင်ခဲ့သူဖြစ်သည်။ ကျောင်းပန်းချီပြပွဲတွေ ဝင်ပြိုင်သည်။ လူပုံတွေကြည့်ဆွဲလေ့ကျင့်သည်။

"ငါးတန်းကျောင်းသားလောက်တုန်းက ဗိုလ်ချုပ်ပုံတို့၊ ရှင်ဥပါဂုတ္တပုံ၊ ဘုရားပုံတို့ကို ဘောပင်လေးနဲ့ဆွဲပြီး သူငယ်ချင်းတွေကိုငါးကျပ်နဲ့ ပြန်ရောင်းစားတာ" ဟု သူငယ်စဉ်ကအကြောင်းလေးကို ပြုံး၍ပြောသည်။ ကယ်ရီကေးချားပညာကို စတင်လေ့လာစဉ်က တိုင်းမ်မဂ္ဂဇင်းနှင့် အခြားသော နိုင်ငံခြားစာအုပ်များမှပုံများကို ကူးဆွဲလေ့ကျင့်ခဲ့ရသည်ဟု သူကပြောသည်။

ကယ်ရီကေးချား ရုပ်ပြောင်ရေးဆွဲရခြင်းနှင့်ပတ်သက်၍ အဆွဲခံရသူရော၊ ကိုယ်တိုင်ပါ ပျော်ရသည့်အတွက် ကျေနပ်ပါကြောင်း သူက ဆိုသည်။

စာ(၁၁)သို့

---

ဈေးဝယ်ထွက်မယ်

## အလှတရားပေါင်းစုံအောင် ပြောင်းလဲပေးနိုင်မယ့် မော်ပဝါလေးရှိတဲ့နေရာ

အိဖြူလွင်

အမျိုးသမီးတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့အရာ၊ တန်ဖိုးအရှိဆုံး အလှတရားကို ထပ်ဆင့်တဲ့ တီထွင်မှုတွေ၊ အမြင်ဆန်းသစ်မှုတွေနဲ့ ထပ်ဆင့်လို့ နေရာဒေသအလိုက် ဝတ်စားဆင်ယင်တတ်မှုတွေက ဖက်ရှင်ကျကျ ဝတ်စားနိုင်သူတွေအဖြစ် ရောက်ရှိစေမှာပါ။

ဒါကြောင့် ဖက်ရှင်ကို အလေးထားသူ အမျိုးသမီးတွေအတွက် ဘယ်သူနဲ့မှ မတူတဲ့ ကိုယ်ပိုင်ဒီဇိုင်းနဲ့ ဆန်းသစ်ချင်သူတွေ အကြိုက်တွေ့မယ့် ပစ္စည်းလေးတစ်မျိုးကို ဒီတစ်ပတ်မှာ မိတ်ဆက်ပေးချင်ပါတယ်။

ပဝါတစ်ထည်ကို ပွဲတက်ဝတ်စုံတစ်စုံအဖြစ် ဝတ်လို့ရတဲ့အကြောင်း စဉ်းစားကြည့်မိဖူးပါသလား။

ကုန်ကျစရိတ်လည်း သက်သာ၊ အမြင်လည်း ဆန်းသစ်တဲ့ မော်ပဝါတွေက လူဆယ်ယောက်အားနဲ့ ကျုံ့နိုင်ဆန့်နိုင်အောင် ဆီလီကွန်နဲ့ လုပ်ထားတာဖြစ်ပြီး ကွင်းပုံစံတွေဖြစ်လို့ ဝတ်မယ့် သူတွေအနေနဲ့လည်း တခြားအကူပစ္စည်း ဘာမှမလိုအပ်ဘဲ ပဝါတစ်ထည်တည်းနဲ့ အဆင်ပြေတဲ့အတွက် သူ့နာမည်လေးကလည်း ထူးထူးဆန်းဆန်း မော်ပဝါလို့ အမည်ရနေတာပါ။

အရောင် ၁၆ ရောင်ရှိတဲ့အတွက် နှစ်သက်ရာ အရောင်ကိုလည်း စိတ်တိုင်းကျ ရွေးချယ်နိုင်မှာ သေချာပါတယ်။

ဝတ်ထားသူတွေရဲ့ အပူအအေးကိုလည်း ရာသီအလိုက် ထိန်းညှိပေးနိုင်တဲ့ ပူလွန်း၊ အေးလွန်းခြင်းများကိုလည်း ခံစားရမှာ မဟုတ်ပါဘူး။

မော်ပဝါတစ်ထည်ရဲ့ ဈေးနှုန်းက ၁၆၀၀၀ ကျပ်လောက်ပဲ ရှိတဲ့အတွက် ဝယ်ယူချင်သူတွေအနေနဲ့ သင့်တင့်တဲ့ဈေးနှုန်းလို့ ဆိုနိုင်ပါတယ်။

ပဝါဝယ်ယူသူတိုင်းကိုလည်း ပဝါဒီဇိုင်းပြုလုပ်နည်း ဗီစီဒီတစ်ချပ်ပေးတဲ့အတွက် စိတ်တိုင်းကျဒီဇိုင်းမျိုးစုံကို ကိုယ်တိုင်ဖန်တီးနိုင်ဖို့ စိတ်ပူစရာလည်း မလိုတော့ပါဘူး။

မော်ပဝါတွေကို လက်လီလက်ကားဝယ်ယူနိုင်တဲ့နေရာကတော့ မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ်ရထားတဲ့ အက်ဖ်အမ်အိုင် သုံးလွှာက နီကိုးဆိုင်မှာပါ။

7Day News ဈေးဝယ်သူများအဆင်ပြေစေဖို့ မျှော်လင့်ရင်း . . . . ။

ဓာတ်ပုံ-ဇေယျမောင်မောင်(အမရပူရ)







7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# သီတဂူဆရာတော်ကြီး အိုးဘိုနှင့်ထုံးဘိုအကျဉ်းထောင်မှ အကျဉ်းသားများကို စိတ်ဓာတ်မြင့်တင်ရေးတရားဟောကြား

**ဦးလွင်**

**မန္တလေး၊အောက်တိုဘာ – ၁၆**



အင်းစိန်အကျဉ်းထောင်တွင် ဆရာတော်ကြီး အာဟာရအလှူပြုစဉ်က။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သီတဂူဆရာတော်ဦးဉာဏိဿရ ဦးဆောင်သည့် သီတဂူကရုဏာ အလှူတော်အဖွဲ့၏ စီစဉ်မှုဖြင့် အောက်တိုဘာ ၁၆ရက်က မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ရွှေကျင်ရပ်၊ အိုးဘိုထောင်အတွင်းရှိ ထောင်ကျ၊ အချုပ်ကျသူများကို ဆရာတော်ဦးဉာဏိဿရက စိတ်ဓာတ်ပြုပြင်ရေးတရားတော်များ ဟောကြားချီးမြှင့်ပေးခဲ့ကြောင်း ယင်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့သည့်ဆရာတော်ဦးကောဝိဒထံမှ သိရှိရသည်။

“ဘုန်းကြီးတို့အဖွဲ့က အိုးဘိုထောင်အတွင်းရှိ ဝန်ထမ်းများအပါအဝင် စုပေါင်းထောင်ကျ၊ အချုပ်ကျသူ ၄၈၀၀ ကျော်တို့ကို နံနက်စာဒံပေါက်ကျွေးမွေးလှူဒါန်းပြီး ညနေစာ ထမင်းဖြူနဲ့ကြက်သားကြော်တို့ကိုကျွေးမွေးလှူဒါန်းခဲ့ပါတယ်။ ဆရာတော်မှာလည်း ထောင်ကျ၊ အချုပ်ကျသူတွေကို စိတ်ဓာတ်ပြုပြင်ရေးတရားတော်များ ဟောကြားပေးခဲ့ပါတယ်”ဟု ယင်းဆရာတော်မှမိန့်ကြားသည်။

ထို့အပြင် သီတဂူကရုဏာ အလှူတော်အဖွဲ့မှ ယခုလ ၁၇ ရက်တွင် ပြင်ဦးလွင်ခရိုင် ထုံးဘို အကျဉ်းထောင်၌လည်း ထောင်ကျ၊ အချုပ်ကျသူများနှင့် အကျဉ်းဦးစီးဌာနဝန်ထမ်းများအပါအဝင် စုစုပေါင်းလူ၂၇၄၀ကျော်တို့ကိုလည်း အလားတူလှူဒါန်းခြင်းမျိုး ပြုလုပ်ခဲ့ကြောင်း အဆိုပါဆရာတော်မှ မိန့်ကြားသည်။

သီတဂူကရုဏာအလှူတော်အဖွဲ့မှ အိုးဘိုထောင်၊ ထုံးဘိုထောင်အတွင်းမှ ထောင်ကျ၊ အချုပ်ကျသူများနှင့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများအပါအဝင် စုစုပေါင်း လူ၇၅၄၀ ကျော်တို့ကို လှူဒါန်းမှုမှာ ကျပ်သိန်း ၆၀၀ နီးပါးရှိကြောင်း ယင်းဆရာတော်ကမိန့်ကြားသည်။









7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## စာ-၉၊ ုပ်ပြောင်များနှင့် ပျော်သော ပန်းချီ မှ

လူတွေမှာ တစ်ယောက်တစ်မျိုး ထူးခြားချက်လေးတွေ ရှိတတ်ကြသောကြောင့် လူတိုင်းနီးပါးကို ရုပ်ပြောင်ရေးဆွဲချင်သော ဆန္ဒကသူ့မှာရှိသည်။

"လူတစ်ယောက်ကို ကြည့်လိုက်တာနဲ့ မျက်စိထဲမှာ ရုပ်ပြောင်လို့မြင်မိတယ်။ တော်တော်များများကို မြင်မိတာကများတယ်" ဟုသူကပြောသည်။

"သူများတွေတော့ ဘယ်လိုတွေးလဲမသိဘူး။ ကယ်ရီကေးချားဆွဲတဲ့သူဟာ ခန္ဓာဗေဒကိုကျွမ်းကျင်ရမယ်။ နည်းနည်းတော့ သိရမယ်ပေါ့။ လူတစ်ယောက်ရဲ့ ထူးခြားချက်ကလေးကို အမွှန်းတင်ပြီး ဆွဲပေးရတာပါ"ဟု သူကဆက်ပြောသည်။

"ရယ်သောသူများ" ရုပ်ပြောင်ပြပွဲတွင် ပန်းချီဝသုန်၊ ကာတွန်းတာရာ၊ ကာတွန်းစိုးသော်တာ၊ ချစ်သုဝေ၊ ဒေးဗစ်ဘက်ခမ်း၊ အိုဘားမား၊ မစ္စတာဘင်းစသော လူပုဂ္ဂိုလ်များနှင့် သူနှင့်ရင်းနှီးသော သူငယ်ချင်းများ၏ ရယ်မောနေသော မူရင်းပုံများကို ရုပ်ပြောင်ပန်းချီအဖြစ် ရေးဆွဲပြသခဲ့သည်။

ရုပ်ပုံများမှာ ၁၅ လက်မ× ၂၀လက်မအရွယ်အစားများဖြစ်ပြီး ရေဆေးဖြင့် ရေးဆွဲထားကာ ပြပွဲအတွက် ကား၂၀အား နှစ်လအချိန်ယူခဲ့သည်ဟုသိရသည်။ကယ်ရီကေးချားပြပွဲများ နည်းပါးသော်လည်း သေချာစွာလေ့ကျင့်၊ လေ့လာနိုင်သူများရှိလျှင်တော့ ကျယ်ပြန့်လာလိမ့်မည်ဟုသူ တွေးထင်မိကြောင်း သိရသည်။

"ကိုယ်ဝါသနာပါတာတော့ တောက်လျှောက်လုပ်သွားမှာပဲ။ တစ်နှစ်တစ်ပွဲ ပြကိုပြမှာပါ။ နောက်နှစ်ဒီထက်ကဏ္ဍစုံလာမှာပါ" ဟု သူ့ရဲ့ရည်မှန်းချက်ကိုလည်း ခိုင်မာစွာပြောလာသည်။

ကိုသိန်းထွန်းဦးက ပရဟိတလုပ်ငန်းများကိုလည်း ဦးဆောင်သူဖြစ်သည်။ Children Future အမည်ဖြင့် သူငယ်ချင်းမိတ်ဆွေများကို စုစည်းကာ မိဘမဲ့ဂေဟာများ၊ ကျောင်းများတွင် သွားရောက်၍ ပွဲလေးများလုပ်ဖြစ်သည်မှာ လေးနှစ်ပြည့်တော့မည်ဟုသိရသည်။

ကယ်ရီကေးချားနှင့်ပတ်သက်ပြီး သူ့မှာ စိတ်ကူးတွေအများကြီးရှိသည်။ တိုင်းရင်းသားများ၏ ချစ်စဖွယ်ပုံစံများကို ရုပ်ပြောင်ဆွဲမည်။ လူတင်မက တိရစ္ဆာန်များတွင်လည်း ရယ်မောစရာအကွက်များ ရှိသောကြောင့် တိရစ္ဆာန်ရုပ်ပြောင်များလည်းဆွဲမည်။ ဝါသနာပါသော အောက်ဒိုးရေးခြင်းကိုလည်း မပြတ်လုပ်နေမည်။ ကယ်ရီကေးချားပန်းချီကို နေရာအနှံ့က နားလည်ကြစေရန် နယ်လှည့်၍ လိုက်ဆွဲမည်ဟုလည်း သူစိတ်ကူးသည်။ ဖြစ်နိုင်လျှင် သူကကယ်ရီကေးချားပုံတူများဆွဲပြီး လူတွေကို သူတို့၏ဧည့်ခန်းတွင် ချိတ်ဆွဲထားစေချင်သည်။

"လူတွေက ကိုယ့်ရဲ့ အတည်အခန့်ပုံတွေပဲ သိမ်းထားကြတာများတယ်။ ကိုယ့်ရဲ့ရယ်စရာပုံတွေကို သေသာသွားတယ်။ မမြင်သွားကြဘူး" ဟု သူက ထင်မြင်ထားသည်။

သူ့အား ကယ်ရီကေးချား ရေးဆွဲပေးရန် ယခင်က နိုင်ငံခြားသားအများစုသာ ပုံအပ်များခဲ့ရာမှ ယခုနောက်ပိုင်းတွင် မြန်မာများပါ အပ်လာကြကြောင်းသိရသည်။

"ဒီပွဲမှာလည်း မြန်မာတစ်ယောက်က သူ့ဧည့်ခန်းမှာထားဖို့ ပုံကြီးတစ်ပုံအပ်သွားတယ်။ ဒီလို ပုံလေးတွေ အိမ်မှာရှိရင်တော့လာတဲ့ဧည့်သည်တွေလည်း ကြည့်ပြီးပျော်တာပေါ့"ဟု သူကဆိုသည်။

ယခုပြုလုပ်ခဲ့သည့် "ရယ်သောသူများ" ရုပ်ပြောင်ပန်းချီပွဲလေးအား တော်တော်များများ လက်ခံကြသည်ဟု သူက ယူဆထားသည်။ ထို့အတွက်လည်း ကိုသိန်းထွန်းဦးကပျော်သည်။

"ပျော်စရာတော့ ကောင်းပါတယ်" ဟု သူက ပျော်ရွှင်စွာ ပြောလေသည်။

## ထီလက်မှတ်ကိုပေါက်ဂဏန်းခွာယူပြုပြင်ကာလိမ်လည်မှုများရှိ

မေဝင်းမွန်

ရန်ကုန်၊ အောက်တိုဘာ - ၂၀

ထီလက်မှတ်ကို ထီပေါက်သည့် ဂဏန်းပုံစံပြောင်းလဲပြုပြင်ကာ လိမ်လည်ငွေထုတ်ယူမှုရှိနေကြောင်း ထီဈေးကွက်မှစုံစမ်း သိရသည်။

ထီလက်မှတ်ကို ပေါက်ဂဏန်းအတိုင်းဖြစ်အောင် ဂဏန်းခွာယူပြုပြင်ကာ ငွေလိမ်လည်မှုမှာ ရန်ကုန်နှင့်နယ်ဈေးကွက်များတွင် ပြုလုပ်မှုများရှိသည်ဟုသိရသည်။

ထီဂဏန်းလိမ်လည်ပြုလုပ်သူများမှာ ရိုးသားသည့်လူများကို ကြားခံအသုံးချကာ ပြုလုပ်ကြခြင်းဖြစ်သည်ဟုသိရသည်။ ယခု (၂၆၁) ကြိမ်မြောက်အောင်ဘာလေသိန်းဆုငွေများအနက်မှ ကျပ် ၁၀ သိန်းဆုတစ်ခုတွင် ပြင်ဆင်ပြောင်းလဲထားမှုရှိနေသည်ဟုဆိုသည်။

အက္ခရာ ၂၃ လုံးဖြင့် ရောင်းချလျက်ရှိသည့် ထီဈေးကွက်အနေအထားမှာ ယခုကာလတွင် ရန်ကုန်နှင့်နယ်ဈေးကွက်၌ ရောင်းအား အကောင်းဆုံးဖြစ်နေသည်ဟု ဈေးကွက်မှသိရသည်။

အောင်ဘာလေသိန်းဆုဌာနခွဲမှလည်း ထီဆုငွေလာရောက်ထုတ်ယူသည့်အခါ သေချာစွာ စစ်ဆေးကြည့်ရှုပြီးမှဆုငွေထုတ်ချက်လက်မှတ်များထုတ်ပေးသဖြင့်၊ ထီလိမ်လည်ငွေထုတ်သူများမှာ ထီဆိုင်များသို့ပင် လိမ်လည်မှုများပြားသည်ဟုသိရသည်။



# ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

### ဘဝဟူသည် မွေးဖွားခြင်းဖြင့်စ သေဆုံးခြင်းဖြင့် အဆုံးမသတ်. . .

ဗုဒ္ဓ၏အဆုံးအမတရားများတွင် ကံ၊ ကံ၏အကျိုးကြောင့် ဘဝအမျိုးမျိုးကျင်လည်ကာ သံသရာလည်တတ်ပုံကို သတိပေးထားသည်။ သံသရာဟူသည် အဆက်မပြတ်တရစပ်ဖြစ်ခြင်းဟု အဓိပ္ပာယ်ရသည်။ ရုပ်နာမ်နှစ်ပါးတို့၏ အဆက်မပြတ် ဆက်ကာဆက်ကာဖြင့် ဘဝတစ်ခုမှတစ်ခုသို့ ကူးပြောင်းရွေ့လျားသကဲ့သို့ ဖြစ်နေပုံကို သံသရာ၌ကျင်လည်သည်ဟုဆိုတတ်ကြသည်။

ဘဝဟူသည် မွေးဖွားခြင်းဖြင့်စတင်၍ သေဆုံးခြင်းဖြင့် အဆုံးသတ်သည်မရှိချေ။ မည်သည့်သတ္တဝါမဆို ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စိတ်ဖြင့်ဖြစ်စေ တစ်စုံတစ်ခုသောအပြုအမူ၊ အကျင့်အကြံကိုပြုမူကျင့်ကြံတတ်သည်။ ယင်းပြုမူကျင့်ကြံချက်ကောင်းလျှင် အပြစ်ကင်းလျှင် ကုသိုလ်မျိုးစေ့(ကုသိုလ်ကံ)တည်လိမ့်မည်။ သတ္တဝါဟူသရွေ့မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံရှိကြသည့်အလျောက်၊ ထိုကံမျိုးစေ့ရှိနေသမျှ ကာလပတ်လုံး ထိုမျိုးစေ့၏အစွမ်း တန်ဖိုးဖြင့် ရုပ်၊နာမ်တည်းဟူသော ခန္ဓာပင်ကြီး အဆက်မပြတ်ဘဲ တစ်ခဏပြီးတစ်ခဏ၊တစ်ဘဝပြီးတစ်ဘဝ ဆက်ကာဖြစ်ပွားရပ်တည်နေရသည်။ သံသရာဟူသော ရုပ်နာမ်တရားတို့ ဆက်ကာဆက်ကာဖြစ်ခြင်းဖြင့် ဘုံသုံးပါး၌ ပြေးလွှားကျင်လည်နေကြရသည်။

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(၁၈၉၆ - ၁၉၉၇)

## ရတနာပုံနည်းပညာတက္ကသိုလ်အတွက် ကျောင်းသားနှစ်ရာခန့်ရွေးချယ်မည်



ရန်ကုန်၊ အောက်တိုဘာ - ၂၀

တရုတ်နိုင်ငံ အကူအညီဖြင့် ဖွင့်လှစ်မည့် နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) အတွက် ကျောင်းသားများ စတင်ခေါ်ယူလျက်ရှိပြီး ကျောင်းသား ၂၀၀ ခန့် ရွေးချယ်သွားရန် ရည်ရွယ်ထားကြောင်း နည်းပညာတက္ကသိုလ်များကြီးကြပ်ရေးဌာနမှ သိရသည်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ထားသူများ အဆိုပါ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ပြီး နည်းပညာတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရှိသော သိပ္ပံဘာသာရပ်များတွင် အနိမ့်ဆုံးရမှတ် ၃၅၀ ဖြင့် အောင်မြင်ထားရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

"ကျောင်းသားက နှစ်ရာလောက်ရွေးဖို့ ခန့်မှန်းထားတယ်။ အစိုးရတက္ကသိုလ်ဖြစ်တဲ့အတွက် တခြားပုဂ္ဂလိက ကျောင်းတွေထက် ကျောင်းလခ သက်သာမှာပါ။ ဒါပေမဲ့ တခြားနည်းပညာတက္ကသိုလ်တွေထက်တော့ နည်းနည်းပိုများပါမယ်" ဟု နည်းပညာကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အသစ်ဖွင့်လှစ်မည်ဖြစ်သော အထက်ပါတက္ကသိုလ်တွင် တက်ရောက်ခွင့်ရရှိမည့် ကျောင်းသားများအနေဖြင့် အခြားနည်းပညာတက္ကသိုလ်များနည်းတူ မိမိအစီအစဉ်ဖြင့် နေထိုင်ရမည်ဖြစ်ပြီး ကျောင်းသားအဆောင်စီစဉ်ပေးမည်မဟုတ်ကြောင်း သိရသည်။

ကျောင်းဝင်ခွင့် လျှောက်ထားလိုသော ကျောင်းသားများသည် အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား လျှောက်ထားရမည် ဖြစ်သည်။ အထက်ပါတက္ကသိုလ်အား နည်းပညာမြို့တော်ပြင်ဦးလွင်၌ တည်ထောင်ထားခြင်းဖြစ်သည်။

### ကလေးမြို့နယ် တင်သားကျေးရွာ မဟာဗောဓိဓမ္မရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ PSAအဖွဲ့မှ ငွေလှူဒါန်း

ရန်ကုန်၊အောက်တိုဘာ - ၂၁

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုမှ ယခုလအတွက် အလှူငွေအား ကလေးမြို့နယ် တင်သားကျေးရွာ မဟာဗောဓိဓမ္မရိပ်သာဘုန်းတော်ကြီး သင်ပညာရေးကျောင်းသို့ အလှူ ငွေကျပ် တစ်ဆယ့်ငါးသိန်း တစ် သောင်း ရှစ်ထောင့်တစ်ရာကျပ်အား 7Day Newsမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့ရာ အဆိုပါအလှူငွေအား မုံရွာမြို့၌ ယင်းဘုန်းတော် ကြီးသင် ပညာရေးကျောင်း၏ ကိုယ်စားလှယ် ဒေါ်စမ်းစမ်းအေးသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

မဟာဗောဓိ ဓမ္မရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် ၂၀၀၀ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး စတင် တည်ထောင်စအချိန်တွင် မူလတန်းအောက်အဆင့်သာ တည်ထောင်ခဲ့ပြီး ကျောင်းသား ၃၅ဦးရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မူလတန်း အထက်အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ကျောင်းသား ၁၅၂ ဦးအထိရှိလာခဲ့ကြောင်းသိရသည်။ ကျောင်းတွင် ဆရာ၊ဆရာမ အင်အား ငါးဦးရှိပြီး အဆိုပါ ဆရာ ဆရာမများအား ထောက်ပံ့ငွေ ကျပ်တစ်သောင်းစီပေးကြောင်း သိရသည်။ အလားတူ PSA အဖွဲ့မှ နာဂစ်ဒေသရှိ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားရန် အခက်အခဲရှိသော မသန်စွမ်းကျောင်းသူ မသီတာအောင်အတွက် တက္ကသိုလ်ပညာဒုတိယနှစ်နှင့် တတိယနှစ်ပညာသင်စရိတ်အလှူငွေကျပ်သုံးသိန်းကိုလည်း ပေးပို့လှူဒါန်းခဲ့ရာ ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အသင်းမှ ဦးကျော်နိုင်ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

## ကိုရီးယားနိုင်ငံမှ စေတနာ့ဝန်ထမ်းသုံးဦးရောက်ရှိ

သီဟ

ရန်ကုန်၊အောက်တိုဘာ - ၂၀

ကိုရီးယားနိုင်ငံမှ Korea Overseas Volunteers (KOVs) စေတနာ့ဝန်ထမ်းသုံးဦး ယခုလ ၅ ရက်ကထပ်မံ ရောက်ရှိလာပြီး အဆိုပါသုံးဦးမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း (ကျိုက်ဝိုင်း)တို့၌ ၂နှစ် စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA ၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်းသုံးဦးတွင် အသက် ၆၀ ကျော် မွေးမြူရေးလုပ်ငန်း ကျွမ်းကျင်သူတစ်ဦးပါဝင်ပြီး ယင်းပုဂ္ဂိုလ်မှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင်တာဝန်ထမ်းဆောင်မည် ဖြစ်သည်။

ကျန်နှစ်ဦးမှာ အားကစားနှင့် ကာယပညာသိပ္ပံတွင် တိုက်ကွမ်ဒိုနည်းပြအဖြစ်လည်းကောင်း၊ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် ကွန်ပျူတာနည်းပြအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၉၇ခုနှစ်မှစ၍ ကိုရီးယားနိုင်ငံမှ စေတနာ့ဝန်ထမ်းများစေလွှတ်၍ ယင်းတို့၏ကျွမ်းကျင်မှုအလိုက် သက်ဆိုင်ရာဌာနများတွင် လက်ရှိဝန်ထမ်းများနှင့် ပူးတွဲတာဝန်ထမ်းဆောင်ရန် သဘောတူညီမှုရရှိခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ စေတနာ့ဝန်ထမ်းများ စတင်စေလွှတ်ခဲ့သည်။ ယခုရောက်ရှိလာသူများမှာ ယခုနှစ်အတွက် ဒုတိယအသုတ်ဖြစ်သည်။

လက်ရှိတွင် ရောက်ရှိလာမည့်စေတနာ့ဝန်ထမ်းများသည် မြန်မာစကားနှင့် မြန်မာနိုင်ငံတွင် ကြုံတွေ့ရမည့် လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာများကို ရှစ်ပတ်ကြာသင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ကိုရီးယား စေတနာ့ဝန်ထမ်းဦးရေ ၂၀ ရှိပြီး သက်ဆိုင်ရာဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး ယခုရောက်ရှိလာသည့် သုံးဦးနှင့်ဆိုပါက ၂၃ဦးရှိပြီဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## မျက်နှာဖုံး – ငါးသိန်းတန် စီဒီအမ်အေ800 $MH_Z$ ဖုန်းများ ပြည်ပနိုင်ငံအချို့သို့ပါ သယ်ဆောင်အသုံးပြုနိုင်တော့မည် မှ

ထို့အပြင် အဆိုပါ ဖုန်းများအား စီဒီအမ်အေဆက်သွယ်ရေးစနစ်ကို အသုံးပြုသည့် အခြားပြည်ပနိုင်ငံများသို့ပါ သယ်ဆောင်အသုံးပြုနိုင်ခြင်းနှင့်ပတ်သက်ပြီး မြန်မာ့ဆက်သွယ်ရေး (အလုံရုံးချုပ်)မှတာဝန်ရှိသူတစ်ဦးက "ဒီ ၈၀၀ဖုန်းတွေကို စီဒီအမ်အေစနစ်သုံးတဲ့ အခြားနိုင်ငံတွေကို သယ်ဆောင်အသုံးပြုလို့ရနိုင်အောင်လုပ်ပေးဖို့ ဆောင်ရွက်နေပါတယ်။ မကြာခင်မှာပဲ ဒီစနစ်ကို အသုံးပြုနိုင်တော့မှာပါ"ဟုပြောသည်။

ယင်းကဲ့သို့ ပြည်ပနိုင်ငံများသို့သယ်ဆောင်အသုံးပြုခွင့် ချထားပေးလိုက်ခြင်းသည် ပြည်တွင်းဆက်သွယ်ရေးကဏ္ဍတွင် ပထမဆုံးသောနိုင်ငံတကာရွှေ့လျားစီဒီအမ်အေဖုန်းအဖြစ် အသုံးပြုလာနိုင်မည့် စနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

ပြည်တွင်းဆက်သွယ်ရေးကဏ္ဍတွင် ဂျီအက်စ်အမ်ဖုန်း၊ ကမ်းရိုးတန်းစီဒီအမ်အေဖုန်း (ကျပ် ငါးသိန်းတန်CDMA 450 $MH_Z$)နှင့် ကျပ်ငါးသိန်းတန် CDMA 800 $MH_Z$ တို့ရှိရာ ယင်းဖုန်းများထဲမှ CDMA 800 $MH_Z$ ဖုန်းများကို ပြည်ပနိုင်ငံများအထိ တိုးချဲ့အသုံးပြုခွင့်ချထားပေးရခြင်းမှာ ယခုလက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးနေပြီဖြစ်သည့် နိုင်ငံကြီးများနှင့် ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည့် နိုင်ငံတော်တော်များများတွင် စီဒီအမ်အေ CDMA 800 $MH_Z$ ဆက်သွယ်ရေးစနစ်ကိုသာ တွင်ကျယ်စွာအသုံးပြုနေကြသဖြင့် ယခုကဲ့သို့တိုးချဲ့ပေးရခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် CDMA 800 $MH_Z$ ဖုန်းကိုင်ဆောင်သူများအနေဖြင့် စီဒီအမ်အေဆက်သွယ်မှု အများဆုံးအသုံးပြုနေသည့် နိုင်ငံများဖြစ်သော ထိုင်း၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ အစရှိသည့်နိုင်ငံများနှင့် အခြားသော စီဒီအမ်အေ ဆက်သွယ်ရေးစနစ်ကို အသုံးပြုနေသည့် နိုင်ငံများအထိ သယ်ဆောင်အသုံးပြုနိုင်မည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူများသည် ယခုကဲ့သို့ International Roming ပြောဆိုနိုင်ရေးအတွက် ပြည်ပနိုင်ငံများရှိ Telecom Operatorများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် အဆိုပါဖုန်းပေါ်တွင် (Evolution Data Optimized System EVDO) စနစ်ဖြင့် အင်တာနက် အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"အီးဗွီအိုစနစ်နဲ့ စီဒီအမ်အေရှစ်ရာဖုန်းတွေပေါ်မှာ ဒေတာဆားဗစ်ကိုပေးသွားမှာ။ အဲဒီတော့ ရှစ်ရာဖုန်း နေပြည်တော်၊ ရန်ကုန်နဲ့မန္တလေးတိုင်းဒေသကြီးတို့မှာ အင်တာနက်သုံးစွဲနိုင်တော့မှာပါ။ ဒီစနစ်ကို အသုံးပြုလိုတဲ့သူတွေအနေနဲ့ အလွယ်တကူရီဂျစ်စတာပြုလုပ်ပြီး သုံးစွဲနိုင်မှာပါ" ဟု၎င်းကပြောသည်။ အဆိုပါစီဒီအမ်အေဖုန်းများဖြင့်အင်တာနက်အသုံးပြုလိုပါက ကနဦးမှတ်ပုံတင်ကြေး ကျပ်သုံးသောင်းပေးသွင်းရမည်ဖြစ်သည်။ ထို့နောက် အင်တာနက်သုံးစွဲခကို တစ်မိနစ်လျှင် ကျပ်တစ်ဆယ်နှုန်း ယာယီသတ်မှတ်ထားကြောင်းသိရသည်။

## မျက်နှာဖုံး-ဆိုင်ကလုန်းမုန်တိုင်း ဂီရိကြောင့် ၂၇ဦးသေဆုံးကာ ၁၅ဦးပျောက်ဆုံးနေ မှ

မုန်တိုင်းကြောင့် မြေပုံမြို့နယ်တွင် လူ၂၂ဦးသေဆုံးကာ ၁၅ဦးပျောက်ဆုံးနေပြီး မင်းပြားမြို့နယ်တွင် ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။ မြေပုံမြို့နယ်တွင် ဆုံးရှုံးမှုအများဆုံးဖြစ်ကာ အိမ် ၂၀၈၈လုံး၊ စာသင်ကျောင်း ရှစ်ကျောင်း၊ စက်လှေအစင်း ၈၀ စသည်တို့ နစ်မြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ်တွင် လူငါးဦးသေဆုံးကာ၊ အိမ် ၅၉၇လုံး၊ စာသင်ကျောင်းလေးကျောင်းနှင့် ဌာနပိုင်အဆောက်အအုံသုံးလုံး၊ ကျောက်ဖြူမြို့နယ်တွင် အိမ်ခြေ ၁၀၃၅လုံး၊ ဌာနပိုင်အဆောက်အအုံ၄၀ကျော်၊ ကျောင်းနှစ်ကျောင်းတို့ ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း သတင်းရရှိသည်။

## ပုဂ္ဂလိကဘဏ်များဖွင့်လှစ်လာမှုကြောင့် ဘဏ်ချေးငွေလုပ်ငန်းများပြန်လည်ပေါ်ပေါက်လာ

မေဝင်းမွန်
ရန်ကုန်၊ အောက်တိုဘာ – ၁၉



ပုဂ္ဂလိကဘဏ်များဖွင့်လှစ်မှုအရှိန်ကောင်းလာပြီး ချေးငွေလုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်ရာ ဘဏ်ချေးငွေဆိုင်ရာကိစ္စရပ်များအတွက် ဘဏ်ရှေ့နေများ၏အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာကြောင်း ဘဏ်လုပ်ငန်းဆိုင်ရာကျွမ်းကျင်သော တရားရုံးချုပ်ရှေ့နေတစ်ဦးကပြောကြားသည်။ ပုဂ္ဂလိကဘဏ်များက ချေးငွေလုပ်ငန်းများလုပ်ဆောင်ရာတွင် ဗဟိုဘဏ်မှသတ်မှတ်သည့်အတိုင်း တစ်နှစ်လျှင်၁၇ရာခိုင်နှုန်းပေးရမည်ဖြစ်သည်။ ချေးငွေထုတ်ချေးရာတွင် ဆုံးရှုံးမှုမရှိစေရန်အမည်ပေါက် အပေါင်ပစ္စည်းတင်ပြရန် လိုအပ်ပြီး ငွေချေးသူတွင် လိုင်စင်ရှိသောလုပ်ငန်းရှိရန်လိုအပ်သည်။ ယင်းသို့ ချေးငွေကိစ္စဆောင်ရွက်ရာတွင် ဘဏ်များအတွက် ဘဏ်ရာဖြတ်နှင့် ဘဏ်ရှေ့နေများလိုအပ်သည်။ ဘဏ်ချေးငွေလျှောက်သူ၏ လုပ်ငန်းကြီး၊ လုပ်ငန်းလတ်၊ လုပ်ငန်းအသေးအလိုက် ငွေကြေးအရှုပ်အရှင်း၊ လုပ်ငန်းလည်ပတ်မှု၊ လုပ်ငန်းတန်ဖိုးငွေစသည်များကိုစိစစ်ဆေးပြီးမှ ဘဏ်ချေးငွေထုတ်ပေးခြင်းဖြစ်သည်။

"ဘဏ်ချေးငွေယူတဲ့သူတွေက လက်ရှိလုပ်ငန်းရှိပြီးသားလူတွေ။ ထပ်ပြီးတိုးချဲ့ဖို့အတွက်ငွေချေးကြတာများတယ်။ ဘဏ်ချေးငွေပေးဖို့ဆုံးဖြတ်တဲ့အခါကျတော့ ရာဖြတ်နဲ့ရှေ့နေကစစ်ဆေးပြီး အကြံပြုပေးရတာတွေရှိတယ်" ဟုတရားရုံးချုပ်ရှေ့နေတစ်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရပိုင်ဘဏ်များအပြင် မကြာသေးမီကာလက ပုဂ္ဂလိကဘဏ်များဖွင့်ခွင့်ပြုခဲ့ရာ မက်စ်မြန်မာကုမ္ပဏီမှ ဧရာဝတီဘဏ်၊ အေဒင်ဂရုမှ မြန်မာ့ရှေ့ဆောင်ဘဏ်၊ အိုင်ဂျီအီးကုမ္ပဏီမှ ယူနိုက်တက်အမရာဘဏ်တို့က ဘဏ်သစ်တစ်ခုလျှင် ဘဏ်ခွဲ ၁၀ ခုစီဖွင့်လှစ်ရန် ရည်မှန်းထားကြကြောင်းသိရသည်။

## စာ-၇၊ ကျပ်ငါးသိန်းတန် စီဒီအမ်အေ 450ဖုန်းများ တိုင်းဒေသကြီး လေးခုတွင် ချထားပေးမည် မှ

နေပြည်တော်၌ ချထားပေးသောမိုဘိုင်းဖုန်းများကို နေပြည်တော်စာတိုက်ကြီး၌ အောက်တိုဘာလကုန်ထိသာ ငှားရမ်းအသုံးပြုခွင့်အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုချထားပေးမည့် ဖုန်းများ၏ဖုန်းဘီလ်ကိုလည်း သက်ဆိုင်ရာဒေသများတွင် တစ်မိနစ်လျှင် ၅၀ ကျပ်နှုန်းဖြစ်ပြီး ကျန်ဒေသများမှာ ခေါ်ယူပါက ၆၀ ကျပ်နှုန်း သတ်မှတ်ရန် စီစဉ်ထားကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

နေပြည်တော်တွင် ချထားပေးသော CDMA 450 $MH_Z$ ဖုန်းများကို ဇန်နဝါရီလဆန်းပိုင်းမှစ၍ချထားပေးခဲ့သော်လည်း တစ်နိုင်ငံလုံး အသုံးပြုရသည်ဟု ကြေညာလိုက်သော စက်တင်ဘာလမှသာ လျှောက်ထားလိုသူပိုများလာခဲ့ကြောင်း သိရသည်။

ယင်းအချိန်၌ တစ်နေ့လျှင် လျှောက်ထားဖုန်းအရေအတွက် ၃၀၀၀ ဝန်းကျင်အထိရှိခဲ့သောကြောင့်အောက်တုဘာ လဆန်းပိုင်းတွင် ဖုန်းအလုံးရေ ၆၀၀၀၀ ချထားပေးပြီးချိန်မှစ၍ ထုတ်ပေးမှုများ ရပ်နားခဲ့ကြောင်း သိရသည်။

## စာ-၃၊ မြန်မာနိုင်ငံသို့ ငါးနှစ်ဆက်တိုက်မုန်တိုင်းဝင်ရောက်ခြင်းမှာ သမိုင်းတွင် မကြုံဖူးသည့်မှတ်တမ်းဖြစ်မှ

မြန်မာနိုင်ငံသို့ လတ်တလောဝင်ရောက်တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းသည် မုန်တိုင်းအဆင့်သတ်မှတ်ချက်အမြင့်ဆုံးဖြစ်သော အညိုရောင်အဆင့်နှင့် ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်အနီးတွင် အောက်တိုဘာ၂၂ရက်နေ့ နေ့လယ်၂နာရီ၄၅မိနစ်တွင်ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လေတိုက်နှုန်းမှာ တစ်နာရီမိုင်၉၀ကျော်ရှိကြောင်းဒေါက်တာထွန်းလွင်၏ပြောကြားချက်အရသိရသည်။

မြန်မာနိုင်ငံအနီးဝန်းကျင်တွင် မုန်တိုင်းဖြစ်ပေါ်ခဲ့သည့်နှုန်းမှာ ၁၈၇၇ခုနှစ်မှစတင်ကာ ၂၀၀၈ခုနှစ်အထိ နှစ်ပေါင်း၁၃၁နှစ်အတွင်း မုန်တိုင်းအရေအတွက်၈၃ကြိမ်ဝင်ရောက်ခဲ့ပြီး ထိုပမာဏမှာ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်းအရေအတွက်၏ ၆ရာခိုင်နှုန်းသာဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်တွင်မုန်တိုင်းအကြိမ်ရေ ၁၂၆၇ကြိမ်ဖြစ်ပေါ်ခဲ့ကြောင်း ဒေါက်တာထွန်းလွင်၏မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်စာအုပ်တွင် ဖော်ပြထားသည်။

## စာ(၈)"အပြင်းထန်ဆုံး (လာနီညာသက်ရောက်မှု)က နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ သတိကတော့ လျှော့လို့မရဘူး" မှ

ကိုယ်ပိုင်သိပ္ပံပညာရှင်တွေရဲ့ ဝက်ဘ်ဆိုက်ကနေလည်း ပြောပါတယ်။ အကုန်လုံးက အချက်အလက်နဲ့ ပြောနေတာ။ အထူးသဖြင့် နိုဝါလိုဟာမျိုးပြောတယ်ဆို ပွဲပြီးတာပေါ့။ တစ်ကမ္ဘာလုံးမှာ သူကအကြီးဆုံးပဲ။ အားလုံးသောမော်ဒယ်တွေနဲ့ အဖြေအားလုံးက အတူတူကြီးပဲ။ အားလုံးစင်တာ ၂၆ခုက ရလဒ်တွေက လာနီညာရာသီဥတုပေးပါတယ်။ ဆိုတော့ လာနီညာက ရာနှုန်းပြည့်ပါပဲ။

**အခု လာနီညာက ဘယ်အဆင့် မှာရှိပါသလဲ။**

အခုက အားကောင်းတဲ့အဆင့်ရောက်နေပြီ။ အသင့်အတင့် အားကောင်းတယ်ခေါ်တယ်။ အားအသင့်အတင့်လည်း မဟုတ်ဘူး။ အားကောင်းတာလည်း မဟုတ်ဘူး။ အသင့်အတင့်အားကောင်းသောလာနီညာလို့ပြောရမယ်။

**ပြီးခဲ့တဲ့နွေရာသီမှာအယ်လ်နီညိုဖြစ်တုန်းက ရာသီဥတုပူပြင်းပြီး အသက်ကြီးပိုင်းတွေမှာ ကျန်းမာရေးထိခိုက်တာရှိခဲ့တယ်။ အခုလာနီညာကတော့ အအေးဓာတ်က အသက်ကြီးတဲ့လူတွေရဲ့ကျန်းမာရေးကို ထိခိုက်နိုင်ပါသလား။**

လွန်ကဲရင်တော့ ဘယ်အရာမဆို ထိခိုက်တာပဲ။ ယေဘုယျအဖြေကဒါပဲ။ အေးတာပဲဖြစ်ဖြစ်၊ ပူတာပဲဖြစ်ဖြစ် လွန်ကဲပြီဆိုရင်တော့ အသက်ကြီးတဲ့လူနဲ့ ငယ်တဲ့ကလေးတွေက အထိအခိုက်အများဆုံးပဲ။ ဒါကြောင့် လာနီညာ သိပ်ပြင်းထန်မယ်ဆိုရင်တော့ ဖြစ်နိုင်တယ်။ သတိထားဖို့ပေါ့။

**၂၀၀၆ မာလာမုန်တိုင်း ဝင်တဲ့နှစ်ကစပြီး ငါးနှစ်အတွင်း မုန်တိုင်းလေးကြိမ်ဝင်ခဲ့တယ်။ (မာလာ၊ အာကတ်ရှ်၊ နာဂစ်၊ ဂီရိ) ဆိုတော့ အရင်သမိုင်းမှာကော ရှိဖူးလား။**

ငါးနှစ် လေးကြိမ်ဆိုတာနည်းတဲ့ အကြိမ်ရေမဟုတ်ဘူး။ သမိုင်းမှာ မရှိဘူး။ လူတွေက ပေ့ါပေ့ါဆဆနေလို့သာ။ ၂၀၀၆ ကစပြီး နှစ်တိုင်းဝင်နေတယ်။ အဓိကကြီးတာကတော့ မာလာရယ်၊ နာဂစ်ရယ်၊ အခုကောင် (ဂီရိ)ရယ်ပေ့ါ။ ဒါပေမဲ့ လူတွေပြောချင်တာက ဂီရိက နာဂစ်လောက်အားမပြင်းဘူး။ တစ်နာရီမိုင် ၉၀ ဝန်းကျင်နဲ့ ဝင်တာ။ နာဂစ်တုန်းက ရန်ကုန်ဝင်တာပဲ မိုင် ၁၀၀-၁၂၀ ဝန်းကျင်ရှိတယ်။

**နာဂစ်တုန်းက ဦးက မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားရေးမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေနဲ့ ဦးတတ်နိုင်သမျှ သတိပေးခဲ့တယ်။ အခုဂီရိမှာလည်း ဦးရဲ့ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ရယ်၊ မီဒီယာတွေကတစ်ဆင့်သတိပေးခဲ့တယ်။ ဘယ်အကြိမ်ကို လူတွေအတွက်ကိုလုပ်နိုင်တာ ဦး အားရလဲ။**

ဘယ်လိုပြောရမလဲ။ မှန်တာကတော့ နှစ်ခုလုံး မှန်တာချည်းပဲ။ ဒါပေမဲ့ ဒီတစ်ခါတော့ ပိုအားရတာပေ့ါ။ ဘာပြုလို့လဲဆိုတော့ အဓိကကတော့ ကိုယ့်နဲ့အသုံးပြုသူနဲ့ တိုက်ရိုက်ထိတွေ့ရတာကို။ ပြောချင်တဲ့ end to end ဖြစ်တာပေ့ါကွာ။ ဒါပေမယ့် အားတော့ ရာနှုန်းပြည့် မဖြစ်သေးတာကတော့ အင်တာနက်နဲ့ သွားနေရလို့ပဲ။ website နဲ့သွားရတဲ့ အတွက် ကမ်းရိုးတန်းနေတဲ့ ပြည်သူတွေနဲ့တော့လည်း ငါပြောသမျှတွေ သူတို့နဲ့ငါနဲ့ တိုက်ရိုက်တွေ့ဖို့ဆိုတာကလည်း အင်တာနက်ဆိုတော့ နည်းနည်းတော့ ခက်သေးတာပေ့ါလေ။ ဒါပေမဲ့ နောက်ပိုင်းမှာ သူတို့နဲ့တိုက်ရိုက်ပြောနိုင်တဲ့ အနာဂတ်ပေ့ါ။ end to end ပေ့ါ။ ပေးနိုင်တဲ့စနစ်မျိုး ကြိုးစားပါဦးမယ်။ ရလာရင်တော့ အဲဒီအချိန်မှာ စိတ်အချမ်းသာဆုံးဖြစ်ပါမယ်။

**မိုးက ဒီနှစ်ဘယ်အချိန်ထိရွာနိုင်ပါသလဲ။**

မိုးကတော့ ဒီနှစ်ကတော့ ဒီ နှစ်နိုဝင်ဘာ တစ်ဝက်လောက်အထိတော့ သတိထားရဦးမှာပဲ။

**နောက်ဆုံးမေးချင်တာကတော့ ဒီနှစ်မိုးလွန်ကာလမှာ မုန်တိုင်းဖြစ်နိုင်သေးလား။**

ဒီနှစ်ကတော့ အမှန်တိုင်းပြောရရင် ဖြစ်ဖို့ကျန်နေဆဲပါပဲ။ ဒါပေမဲ့ နိုဝင်ဘာမှာတော့ တစ်လုံးလောက်ဖြစ်လိမ့်မယ်ထင်တယ်။ နည်းနည်းကံဆိုးရင်တော့ နှစ်လုံးဖြစ်မယ်ပေ့ါ။ အဲလောက်တော့ ဖြစ်လိမ့်ဦးမယ်ထင်တယ်။ လက်ရှိအနေအထားအရတော့ နိုဝင်ဘာမှာ တော့ သတိထားစေချင်သေးတယ်။ တစ်လုံးလောက်တော့ဖြစ်ဦးမယ်ထင်တယ်။

**အခုလိုဖြေပေးတာ ကျေးဇူးတင်ပါတယ်။**

## စာ-၂၊ ရာဘာဈေးမြင့်လာသော်လည်း လက်ကျန်ကုန်ပြတ်နေခြင်းကြောင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းမရှိ မှ

အောက်တိုဘာ ၁၅ရက်တွင် ၃၄၃ယွမ်ထိ ဈေးတက်လာကြောင်း၊ ယင်းတန်ဖိုးသည် ၂၀၀၈ ခုနှစ်မှ စ၍ အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်းကို Bloomberg စီးပွားရေးဝက်ဘ်ဆိုက်မှတစ်ဆင့် သိရသည်။

ရာသီဥတု အခြေအနေကြောင့် ရာဘာထုတ်လုပ်မှုတွင် အခက်အခဲရှိသော်လည်း ၂၀၁၀-၁၁ခုနှစ်တွင် ပြည်ပဈေးကွက်သို့ တန်ချိန် ၉၅,၀၀၀ တင်ပို့ရန် လျာထားကြောင်း၊ ၂၀၀၉-၁၀ ခုနှစ်တွင် တန်ချိန် ခြောက်သောင်း မျှော်မှန်းထားသော်လည်း ခုနစ်သောင်းနီးပါးထိတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

လူ၏ခန္ဓာကိုယ်သည် အရိုးအဆစ်များဖြင့် ဖွဲ့စည်းထားသည့် အလျောက် သက်တမ်းတစ်လျှောက်တွင် လှုပ်ရှားသွားလာနေသမျှ ကာလပတ်လုံး အဆိုပါ အရိုးအဆစ်များသည် လှုပ်ရှားနေကြရသည်။ ထိုလှုပ်ရှားနေရမှုများကြောင့် အသက်အရွယ်ကြီးရင့်လာသည့်အချိန်တွင် အရိုးများဒဏ်ဖြစ်ကာ စွမ်းဆောင်ရည်များကျဆင်းလာတတ်ကြသည်။ ထိုသို့စွမ်းဆောင်ရည်ကျဆင်းကာ အရိုးအဆစ်များ ကွေး၍ဆန့်၍မကောင်းတော့ခြင်း၊ အဆင်မပြေတော့ခြင်း စသည်များဖြစ်လာကြသည်။

# အဆစ်ကျိုးပေါင်း

သီဟ

ထိုသို့ဖြစ်ခြင်းအားOsteoarthritis(OA) အဆစ်ကျိုးပေါင်းတက်ခြင်းဟု ခေါ်ကြောင်း သိရသည်။

အဆစ်၏အရည်အချင်းများသည် ပျော့ပျောင်းချောမွေ့စွာဖြင့် မနာမကျင်ဘဲ ကွေးနိုင်ဆန့်နိုင်သော အရည်အချင်းရှိရမည်ဖြစ်ကာ အဆိုပါ အရည်အချင်းများအဆင့် နိမ့်ကျသွားပါက OA ဖြစ်သည်ဟုခေါ်ကြောင်း အရိုးနှင့်ထိခိုက်ဒဏ်ရာ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဇော်ဝေစိုး ကပြောသည်။

"ဒီအဆစ်ကျိုးပေါင်းတက်ခြင်းက ရောဂါမဟုတ်ပါဘူး။ အသက်အရွယ်ရလာလို့သော်လည်းကောင်း၊ သုံးတာများလို့သော်လည်းကောင်း၊ အရင်ကရောဂါတစ်ခုခုဖြစ်ခဲ့လို့သော်လည်းကောင်း အဆစ်ရဲ့ကောင်းစွာ သုံးစွဲနိုင်မှုအဆင့်နိမ့်ကျလာခြင်းဖြစ်တယ်၊ ဒီအရည်အချင်းနိမ့်ကျလာရင် OA ဖြစ်ပြီ"ဟု ဒေါက်တာဇော်ဝေစိုးက ပြောသည်။

အဆစ်ကျိုးပေါင်းတက်ခြင်း OA ကိုပင် အရိုးကျိုးပေါင်းတက်ခြင်း၊ အရိုးအတက်ထွက်ခြင်း၊ လူကြီးများတွင်ဖြစ်တတ်သည့် အဆစ်ရောင်ခြင်း စသည်ဖြင့် အမျိုးမျိုးခေါ်ကြကြောင်းသိရသည်။

အဆစ်ကျိုးပေါင်းတက်ခြင်းသည် အသက်လေးဆယ်ကျော် အရွယ်များတွင် အဖြစ်များလေ့ရှိကြပြီး အမျိုးသမီးများတွင်အဖြစ်များကြောင်းသိရသည်။

လူငယ်များတွင်လည်း ဖြစ်လေ့ရှိကြပြီး ငယ်ရွယ်စဉ် အဆစ်များအား ပြင်းထန်စွာလှုပ်ရှားရသူများတွင် အဖြစ်များကြောင်း သိရသည်။

အလားတူအဆစ်တီဘီ၊လေးဘက်နာ အစရှိသည့် ရောဂါရှင်များလည်းဖြစ်တတ်ကြကြောင်း OA ၏လက္ခဏာများမှာ အဆစ်နာခြင်း၊အဆစ်များတောင့်တင်းနေခြင်း၊ အဆစ်များအကွေး အဆန့်ခက်ခဲခြင်း၊ လှုပ်ရှားရခက်ခြင်း စသည့်လက္ခဏာများ ဖြစ်တတ်ပြီး အခြားသောလက္ခဏာများမှာ အဆစ်များအား နှိပ်ကြည့်၊ ကိုင်ကြည့်သောအခါ နာကျင်ခြင်း၊မလှုပ်မရှားဘဲ အချိန်ကြာကြာနေပါက အဆစ်များတောင့်တင်းနေခြင်း၊ အဆစ်နည်းနည်းပိုကြီးပြီး နာကျင်ခြင်း၊ ဖောင်းနေခြင်း၊ အဆစ်အတွင်း အရိုးမျက်နှာပြင်များ ပွတ်တိုက်သံကြားရခြင်း၊ အဆစ်များ အဆုံးအထိ အကွေးအဆန့်မရခြင်း၊ ကြွက်သားများအားနည်းလာပြီး သိမ်လာခြင်း၊ အဆစ်မှာ ပူနွေးနေခြင်း စသည်တို့ဖြစ်ကြကြောင်း ဒေါက်တာဇော်ဝေစိုးက ဆက်လက်ပြောကြားသည်။

ခန္ဓာကိုယ်အတွင်းရှိ အဆစ်ကျိုးပေါင်းတက်နိုင်သောနေရာများ မှာ ဒူးဆစ်၊ တင်ပဆုံအဆစ်၊ လက်ဆစ် စသည့်နေရာများဖြစ်ကြောင်းသိရသည်။

အဆစ်များ၏မျက်နှာပြင်တွင်ဖုံးထားသည့် အရိုးနုများသည် ပွတ်တိုက်ပါများသည့်အခါတွင် ပါးလာခြင်း၊ ထိခိုက်မိခြင်း၊ ပျက်စီးခြင်း၊ မညီမညာဖြစ်လာခြင်း စသည်တို့ ဖြစ်လာနိုင်ကြောင်းသိရသည်။

စာ(၁၄)သို့





# ခန္ဓာကိုယ် ယားယံမှုများကြောင့် သောက်သည့် စပ်ဆေးများက ကျောက်ကပ်ကို ဆိုးရွားစွာထိခိုက်နိုင်

ဝတ်ရည်

ရန်ကုန်၊ အောက်တိုဘာ - ၂၂

**လူအများကိုယ်ခန္ဓာတွင် အလာဂျီကဲ့သို့ ယားယံမှုဖြစ်ပွားခြင်းများပြားနေပြီး ထိုကဲ့သို့ဖြစ်သည့်အခါ နီးစပ်ရာဆေးဆိုင်များတွင် ဆေးစပ်သောက်ကြသည့်အခါ ပြင်းထန်လှသော ဆေးဝါးများကြောင့် ကျောက်ကပ်ပျက်စီးသည်အထိ ဆိုးကျိုးများခံစားရနိုင်ကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာထွန်းသိန်းကပြောသည်။**

ထိုယားယံမှုများအတွက် ဆေးစပ်ပေးသည့်အခါ ဆေးခြောက်လုံးဖြင့် စပ်ပေးပြီး ထိုဆေးဝါးများထဲတွင် Prednesolone (အသက်ကယ်ဆေး) ကဲ့သို့ အရေးပေါ် အခြေအနေမှ သောက်သုံးရသော ဆေးဝါးမျိုးသည် ပမာဏများပြားပါက အန္တရာယ်ပြင်းထန်နိုင်ပြီး ထိုသို့သောဆေးဝါးများကိုပါ အသုံးပြုနေခြင်းဖြစ်ကြောင်း ဒေါက်တာထွန်းသိန်းကပြောသည်။

"ခန္ဓာကိုယ် ယားယံတယ်ဆိုတာအကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်တယ်။ အဲဒါကိုဘာမှ မမေးမမြန်းဘဲနဲ့ ဆေးအပြင်းစားတွေကြီးပဲ ထည့်ပြီးစပ်ပေးထားတာ။ ကြာရင်ဆေးရဲ့ဘေးထွက်ဆိုးကျိုးကြောင့် ကျောက်ကပ်တွေပျက်မယ်။ အစာအိမ်သွေးယိုတာတွေဖြစ်နိုင်တယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ထိုဆေးသောက်သူများမှာ အချိန်အနည်းငယ်အတွင်း ခန္ဓာကိုယ်ဝလာသကဲ့သို့ အသားများဖောလာလေ့ရှိကြောင်း ဒဂုံတောင်မြို့နယ်အတွင်း စပ်ဆေးသောက်နေသူများကပြောသည်။

"ကျွန်မတို့ လမ်းထဲမှာ လူတော်တော်များများကို အဲလိုအရေပြားတွေ ယားကြလို့ ဆေးစပ်သောက်ကြတာ။ ဒါပေမဲ့ ကျွန်မရော တချို့တွေရော တဖြည်းဖြည်းနဲ့ အသားတွေဖောသလိုမျိုးကြီး ဝလာတာ။ ပထမတော့ ဒီလိုပဲဆက်သောက်နေကြတာ။ အခုတော့ လမ်းထဲကတစ်ယောက် ကျောက်ကပ်ကြောင့် ဆေးရုံတက်ရတော့မှ သူမိသားစုက အဲဒီဆေးတွေ သောက်လို့ကျောက်ကပ်ပျက်တာလို့ ဆရာဝန်တွေကပြောတယ်ဆိုလို့ ကျွန်မတော့ ကြောက်ပြီးမသောက်တော့ဘူး" ဟု ဒဂုံတောင်မြို့နယ်ရှိ ဒေါ်မြင့်မြင့်ကပြောသည်။

စာ(၁၄)သို့



7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ကမ္ဘာပေါ်တွင် အရိုးပါးရောဂါဖြစ်ပွားမှုနှုန်း တိုးမြင့်လျက်ရှိ

သီဟ

**ရန်ကုန်၊**
**အောက်တိုဘာ - ၂၁**

ကမ္ဘာပေါ်တွင် အရိုးပါးရောဂါကြောင့် တင်ပါးဆုံရိုးကျိုး လူနာများအား ခွဲစိတ်ကုသရနှုန်းမှာ ၁၉၉၀ ခုနှစ်က ၁ ဒသမ ၆၆ သန်းရှိနေပြီး လာမည့် ၂၀၅၀ တွင် ၆ ဒသမ ၂၆ သန်းတိုးလာဖွယ်ရှိသည်ဟု သုံးသပ်တွေ့ရှိရကြောင်း ဆေးတက္ကသိုလ် ၂ အရိုးရောဂါပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမြင့်သောင်းကပြောသည်။

ထို့အပြင် ကမ္ဘာပေါ်ရှိ အမျိုးသမီး သန်း၂၀၀ခန့်သည် အရိုးပါးရောဂါဖြစ်ပွားသည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

အရိုးပါးရောဂါသည် အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုဖြစ်ပွားပြီး အသက် ၆၀ မှ ၇၀ ရှိ အမျိုးသမီးများ၏ သုံးပုံတစ်ပုံ၊ အသက် ၈၀ ကျော်အမျိုးသမီးများ၏ သုံးပုံ နှစ်ပုံ အရိုးပါးရောဂါခံစားနေရကြောင်း သိရသည်။

ပါမောက္ခဒေါက်တာမြင့်သောင်းက ယခုတစ်ပတ်အတွင်း ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပပြုလုပ်သည့် အရိုးရောဂါဆိုင်ရာ သိကောင်းစရာများ ဟောပြောပွဲတွင်အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

အရိုးပါးရောဂါသည် အသက် အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်သည့်ရောဂါမဟုတ်သော်လည်း ရောဂါခံစားနေရသည့်သူတစ်ဦးအတွက် ဘဝ၏ ကိုယ်ရည် ကိုယ်သွေး ကျဆင်းရသည့်ရောဂါတစ်ခုဖြစ်ကြောင်း ဒေါက်တာမြင့်သောင်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် အရိုးပါးရောဂါသည် အမျိုးသမီးများတွင် ဖြစ်တတ်သည့် အခြားရောဂါများဖြစ်သော သွေးတိုး၊ နှလုံး ရောဂါ၊လေဖြတ်ရောဂါ၊ ရင်သားကင်ဆာများထက် ဖြစ်ပွားနှုန်း သုံးဆပိုမိုများပြားကြောင်း ၁၉၉၅/၉၆ စာရင်းဇယားများတွင် ဖော်ပြထားသည်ဟု ဒေါက်တာမြင့်သောင်းက ဆက်လက်ပြောကြားသွားသည်။

## စာ - ၁၃၊ အဆစ်ကျီးပေါင်းမှ

“ OA ကို Wear and Tear ဆက်တိုက်စဉ်ဆက်မပြတ် ပွတ်တိုက်အသုံးပြုလို့ ပျက်စီးတယ်လို့ဆိုကြတယ်၊ တကယ်တော့ Wear and Tear ထက် Wear and Repairပါ။ ဆက်တိုက်စဉ်ဆက်မပြတ်ပွတ်တိုက်အသုံးပြုသလို ပျက်စီးတယ်၊ဒါကို ကျွန်တော်တို့ခန္ဓာက သဘာဝအတိုင်းပြန်လည်ပြုပြင်ဖို့ကြိုးစားတယ်။ ပျက်တယ်၊ပြင်တယ် ကြာလာတော့ မူရင်းမဟုတ်တော့ဘဲပျက်စီးသွားတယ် ဒီလိုနဲ့ OAရဲ့လက္ခဏာတွေဖြစ်ပေါ် လာတတ်ပါတယ်”ဟု ဒေါက်တာဇော်ဝေစိုးကပြောသည်။

အဆစ်ကြီးပေါင်းတက်ခြင်း OAပိုမိုဖြစ်ပွားစေသည့် အဓိကအကြောင်းအရာများလည်းရှိသေးကြောင်း သိရသည်။ အဆိုပါအကြောင်းအရာများမှာ အဆစ်ထိခိုက်ဒဏ်ရာရခြင်း၊ အဆစ်အားအဆမတန်အသုံးချခြင်း၊ အဆစ်ရောဂါဖြစ်ခြင်း၊ အဆစ်ခွဲစိတ်ကုသခြင်း၊ မိသားစုမျိုးရိုးလိုက်ခြင်း၊ အဝလွန်ခြင်း၊ ကိုယ်ခန္ဓာအလေးချိန်များခြင်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါအတွက် အတိအကျပြောနိုင်သည့် စမ်းသပ် စစ်ဆေးနည်းမရှိသေးကြောင်း ဒေါက်တာဇော်ဝေစိုးကပြောသည်။

“ရောဂါလက္ခဏာတွေကို မေးမြန်းစမ်းသပ်စုပေါင်းပြီးမှ သတ်မှတ်ခြင်းပဲရှိပါတယ်။ အသက် ၄၀ကျော်ပြီး အဆစ်နာတာ ကြာနေတယ်၊ လှုပ်ရှားရင်ပိုနာတယ်။ မနက်အိပ်ရာထတောင့်တင်းပြီး အဆစ်တွေလှုပ်ရှားလို့မကောင်းဘူး နာရီဝက်လောက်နေမှကောင်းသွားတယ်ဆိုတဲ့ လက္ခဏာတွေကို OA လို့သတ်မှတ်ကြတယ်။ တကယ်တော့ OAလို့ပြောဖို့ ဓာတ်မှန်ရိုက်၊ သွေးစစ်ဖို့မလိုပါဘူး။ ဒါပေမဲ့ တခြားရောဂါတွေမဟုတ်တာ သေချာဖို့ ဓာတ်မှန်ရိုက်၊သွေးစစ်ဖို့လုပ်ရတာပါ”ဟု ဒေါက်တာဇော်ဝေစိုးကပြောသည်။

ဒေါက်တာဇော်ဝေစိုးက အထက်ပါအကြောင်းအရာများအား ယခုတစ်ပတ်အတွင်းက ကုန်သည်ကြီးများ ဟိုတယ်တွင်ကျင်းပြုလုပ်ခဲ့သည့် အရိုးအဆစ်ဆိုင်ရာ ကျန်းမာရေးဟောပြောပွဲတစ်ခုတွင် ပြောကြားသွားခြင်းဖြစ်သည်။

အဆိုပါ အဆစ်ကျီးပေါင်းတက်ခြင်း OAအား ပျောက်ကင်းစေရန်ကုသနိုင်သည့် ဆေးမရှိသေးကြောင်း သိရသည်။ခေတ္တ သက်သာစေရန်လုပ်ပေးသည့် ဆေးများသာရှိသေးကြောင်း သိရ သည်။

“ OA သိပ်မဆိုးသေးဘူးဆိုရင်၊ ဖြစ်ခါစဆိုရင် ဘာကုသမှုမှခံယူဘို့ မလိုပါဘူး။ အနေအထိုင်ဆင်ခြင်ရုံပါပဲ၊ အနေအထိုင်ဆင်ခြင်လိုက်တာနဲ့ သက်သာသွားမှာပါ၊ ထပ်မဆိုးအောင် ထပ်မဖြစ်အောင်ကာကွယ်ပြီးသားဖြစ်သွားပါပြီ။ ဥပမာ ဒူးဆစ်ကျီးပေါင်းအတွက် ကြမ်းပြင်မှာထိုင်တာရှောင်မယ်၊အနိမ့်မှာထိုင်တာရှောင်မယ်၊ လှေကားအတက်အဆင်း လုပ်တာရှောင်မယ်၊ ကိုယ်အလေးချိန်ချမယ်ဆိုရင် သက်သာသွားမှာပါ”ဟု ဒေါက်တာဇော်ဝေစိုးကပြောသည်။

အဆစ်ကျီးပေါင်းတက်ခြင်း OAအား လုံးဝမဖြစ်စေရန်ကာကွယ်၍မရသော်လည်း တတ်နိုင်သမျှနည်းပါးစေရန်ပြုလုပ်၍ ရနိုင်ကြောင်း သိရသည်။

နည်းပါးစေသည့် နည်းလမ်းများ အနေအထိုင် ဆင်ခြင်ခြင်း၊အဆစ်အား ပိုမိုပွန်းပဲ့စေသည့် လှုပ်ရှားမှုများအား ရှောင်ရှားခြင်း၊ တောင့်တောင့်တင်းတင်းနှင့် အနေအထားတစ်မျိုးတည်း၊ တစ်ပုံစံတည်း ကြာရှည်စွာထိုင်ခြင်း အလုပ်လုပ်ခြင်းကို ရှောင်ရှားခြင်း စသည်တို့ဖြစ်သည်။

ထို့အပြင် ကြွက်သားများ သန်မာနေစေရန် အစဉ်အမြဲ အဆင်သင့်ဖြစ်နေစေရန်အတွက် လေ့ကျင့်ထားရမည်ဖြစ်သည်။ တစ်နေ့လျှင် နာရီဝက်ခန့်ဖြင့် တစ်ပတ်၅ရက် ကြွက်သားလေ့ကျင့်ခန်းများ ပြုလုပ်သင့်သည်။ ခန္ဓာကိုယ် အလေးချိန်အားထမ်းထားရသည့် လေ့ကျင့်ခန်းမျိုးအား ရှောင်ကြဉ်သင့်ကြောင်း သိရသည်။ ထို့ကြောင့် ပြေးခြင်းလေ့ကျင့်ခန်းထက် လမ်းလျှောက်ခြင်း ရေကူးခြင်း စသည်တို့အား ပိုမိုပြုလုပ်သင့်ကြောင်းသိရသည်။ မိမိ၏အရပ်အသက်နှင့် ညီမျှသည့် ခန္ဓာကိုယ်အလေးချိန်ကိုလည်း ထိန်းသိမ်းထားရန်လိုအပ်ကြောင်းနှင့် အဆိုပါအချက်များအား လိုက်နာပါက OA မဖြစ်ရန် ရာခိုင်နှုန်း အတော်အတန်ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## စာ-၁၃၊ ခန္ဓာကိုယ် ယားယံမှုများကြောင့် သောက်သည့် စပ်ဆေးများက ကျောက်ကပ်ကို ဆိုးရွားစွာထိခိုက်နိုင် မှ

ထိုကဲ့သို့ အရေပြားယားယံသူများပြားနေသဖြင့် ထိုဆေးဆိုင်တွင် အဆိုပါဆေးများကို ကြိုတင်စပ်ထားသည်အထိ ဝယ်ယူသူ များပြားကြောင်း သိရသည်။

“ဘယ်လောက် ရောင်းရလဲဆိုတော့ အခုလို ကြိုစပ်ထားတာပဲကြည့်တော့။ သည်ပုံးတစ်ပုံးစာ စပ်ထားရင် အများဆုံးရောင်းရသုံးရက်ပဲ” ဟု ဒဂုံတောင်မြို့နယ်အတွင်း ထိုဆေးဆိုင်က ပြောသည်။

ထိုကြိုစပ်ထားသော ဆေး၆မျိုးအား ကလေးလူကြီးမရွေး သောက်သုံးနေကြပြီး ထိုဆေးထဲတွင် ယားယံမှုကို သက်သာစေသော ဆေးနှစ်မျိုး၊ ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် တဖြည်းဖြည်းလျှော့၍ သောက်ရသည့် Dexametazone နှင့် Prednisolone ဆေးဝါးများ၊ အရေပြားတွင် ပွေးပေါက်သည့်အချိန်မှသာ သောက်ရသည့် Fusinforte ဆေးဝါးများဖြစ်ကြောင်း သိရသည်။

“ဖူစင်ဖော့(Fusion Forte)ဆိုတာ အရေပြားယားယံတာလောက်ဆိုသောက်ဖို့မလိုပါဘူး။ တကယ့်ကို အပြင်းစားခန္ဓာကိုယ်မှာ ပွေးပေါက်မှ သောက်ရတာမျိုးပါ။ အခုတော့ ဘာဖြစ်မှန်းမသိဘဲနဲ့ကို အဲဒါတွေ စပ်ထားတယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။

ထိုစပ်ဆေးထဲတွင်ပါဝင်သော Prednisolone ဆေးဝါးမှာ ကိုယ်ဝန်ဆောင်သည်များ လုံးဝမသောက်သုံးသင့်ဘဲ သောက်သုံးမှုများပြားပါက ခန္ဓာကိုယ်တွင် ဆားဓာတ်မထွက်တော့ဘဲ အသားများဖောလာခြင်း၊ အရေပြားတွင် ပွေး၊ မှိုရောဂါများဖြစ်ခြင်း၊ အမျိုးသမီးများ ဓမ္မတာမပေါ်တော့ခြင်း၊ ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်ခြင်း၊ ဆီးချိုရောဂါများ ဖြစ်ပွားလာနိုင်ခြင်း၊ ပိုးမဝင်ဘဲ အရိုးဆွေးလာခြင်း၊ သွေးများခဲလာခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ ကြွက်သားများပျော့လာခြင်းတို့မှာ ထိုဆေး၏ ဘေးထွက်ဆိုးကျိုးများဖြစ်ပြီး ထိုဆေးအမျိုးအစားများမှာ မိမိသဘောဖြင့် မိမိသောက်ရသည့် ဆေးဝါးများမဟုတ်ကြောင်း သိရသည်။

မြို့နယ်အတွင်း ဆေးဆိုင်များ ဖွင့်လှစ်ရန် လိုင်စင်ကိုသက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ ထုတ်ပေးပြီး ပျမ်းမျှအားဖြင့် မြို့နယ်တစ်ခုတွင် ဆေးဆိုင် ၅၀ခန့်ရှိကြောင်း သိရသည်။

“ဆေးဆိုင်ဖွင့်ဖို့က ၁၀တန်း အောင်ရင်ရပါတယ်။ ဆေးဝါးကျွမ်းကျင်လိုမျိုး သင်တန်းဆင်းလက်မှတ်ရှိရင်တော့ ပိုကောင်းတာ ပေါ့” ဟု ဒဂုံမြို့သစ်တောင်ပိုင်းကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လွန်ခဲ့သော နှစ်များတွင် ဆေးဆိုင်များအား ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရှိ၊မရှိ စစ်ဆေးမှုများ ဆောင်ရွက်လေ့ရှိသော်လည်း ယခုနောက်ပိုင်းတွင် ထိုကဲ့သို့ စစ်ဆေးမှုများ မရှိတော့ကြောင်း တာမွေမြို့နယ်အတွင်းမှ ဆေးဆိုင်တစ်ဆိုင်ကပြောသည်။

“ဆေးပညာက ဆရာဝန်တွေကိုယ်တိုင် နှစ်တွေအကြာကြီး သင်ယူထားတာတောင် သင်လို့မကုန်နိုင်ပါဘူး။ ဒါပေမဲ့ သင်တန်းလပိုင်းလောက်တက်ပြီး ဆေးစပ်ရောင်းနေတာကတော့ အရမ်းအန္တရာယ်များပါတယ်”ဟု ဒေါက်တာထွန်းသိန်းကပြောသည်။

အရေပြားယားယံခြင်းသည် ရာသီဥတုအပြောင်းအလဲ၊ တည့်မတည့်ခြင်း၊ ဆေးမတည့်ခြင်း၊ သန်ရှိခြင်း စသည့်အချက်ပေါင်းများစွာတို့ကြောင့် ဖြစ်ပွားနိုင်ကြောင်း သိရသည်။


စပ်ဆေးများကြောင့် ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားသည့် အန္တရာယ်များပြားကြောင်း ကျန်းမာရေးအသိပေးခြင်းများ ရှိသော်လည်း လူအများကြားတွင် အသက်သာဆုံးဈေးနှုန်းဖြင့် ရနေသော စပ်ဆေးများ အသုံးပြုမှုများပြားနေသေးကြောင်း သိရသည်။

ကောင်းသတင်း ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

လှိုင်မဟာစည် ၅ ထပ်ကမ္ဘာ့ဌာနီကျောင်း
ရေစက်ချပွဲနှင့် တထိန်သင်္ကန်းကပ်လှူပွဲ

မှန်ခြင်းဓာတ်ဆေးခန်း

LIANG SHI CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD


Solar Power

Regional
7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# စစ်တွေနှင့်မောင်တောခ႐ိုင် သုံးမြို့နယ်တွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး စီမံကိန်းဆောင်ရွက်မည်

**နန္ဒနွေ**

**စစ်တွေ၊အောက်တိုဘာ-၁၉**

ဥရောပကော်မရှင်လူမှုရေးအထောက်အပံ့ဌာန (သဘာဝဘေး အန္တရာယ်လျော့ပါးရေးစီမံကိန်း) ၏ အရှေ့တောင်အာရှနိုင်ငံများအတွက် (၇)ကြိမ်မြောက် လုပ်ငန်းစီမံချက်၏ ပံ့ပိုးမှုဖြင့် မာလ်တေဆာမှ ၁၅ လကြာ (၂၀၁၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၁၁ခုနှစ် အောက်တိုဘာလအထိ) သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံကိန်းကို ရခိုင်ပြည်နယ်မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာ ၃၈ ရွာတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဤစီမံကိန်းမာလ်တေဆာသည် Alion Aid (INGO) အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး Action Aid (INGO) အဖွဲ့သည် ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာ ၁၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ဤစီမံကိန်းမှရရှိလာသည့် လက်တွေ့ဆောင်ရွက်ချက်များနှင့် လေ့လာချက်များသည် ကောင်းမွန်သောသဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။ စီမံကိန်းကို ရသေ့တောင်မြို့နယ်တွင် ၁၅ ရွာ၊ စစ်တွေမြို့နယ်တွင်၁၀ ရွာ၊ မောင်တောမြို့နယ်တွင် ၁၃ ရွာတို့၌ အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

# မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် စတင်ဖွဲ့စည်း

**စိုင်းသာအောင်**

**မန္တလေး -အောက်တိုဘာ၁၆**

ဘောလုံးအားကစားကို စိတ်ပါဝင်စားသော ပုဂ္ဂလိက လုပ်ငန်းရှင်များဖြင့် မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ကို အောက်တိုဘာ ၁၆ ရက်က စတင်ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

မန္တလေးဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သော အစည်းအဝေးတွင်အလုပ်အမှုဆောင် ၁၄ ဦးကို မဲစနစ်ဖြင့်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဥက္ကဋ္ဌအဖြစ်ဦးမောင်ကိုအား ရွေးချယ်ခဲ့သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မန္တလေးတိုင်းဒေသကြီးမှာ ဘောလုံးအဖွဲ့ချုပ် ပထမဦးဆုံး စတင်ဖွဲ့စည်းသောတိုင်းဒေသကြီးဖြစ်လာသည်။ အမှုဆောင်အဖွဲ့ဝင်အားလုံးမှာ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည်ကို တွေ့ရသည်။

"လူမှန်၊ နေရာမှန် ရွေးချယ်ပေးခဲ့တယ်လို့ ယုံကြည်ပါတယ်။ အမှုဆောင် ၁၄ ဦးထဲမှာ တကယ်လုပ်နိုင်၊ ကိုင်နိုင် အစွမ်းအစရှိတဲ့ လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပညာတတ်လူငယ်တွေပါနေတာကို ကျေနပ်တယ်။ အထူးသဖြင့် မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအက်ဖ်စီကို အားပေးကြတဲ့မြို့မိမြို့ဖတွေ ဦးဆောင်ပါဝင်နေတဲ့အတွက် ပိုပြီးဝမ်းမြောက်ကျေနပ်ပါတယ်" ဟု မန္တလေးမြို့ခံ ဘောလုံးဝါသနာရှင်တစ်ဦးက အဆိုပါအသင်းပေါ်ပေါက်လာခြင်းနှင့်ပတ်သက်၍ သူ၏အမြင်ကိုပြောသည်။

# တန်ဖိုးနည်းအိမ်ဆောက်ပစ္စည်းများ ထူးထူးခြားခြားအဝယ်လိုက်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ထူးသန့်**

**နေပြည်တော်၊**
**အောက်တိုဘာ - ၂၀**

အိမ်တစ်လုံးစာအတွက် ကျပ်နှစ်သိန်းဝန်းကျင်သာ ကုန်ကျမှုရှိနိုင်သော ဝါး၊ ထရံ၊ သက်ငယ်နှင့် မျောတိုင်ကဲ့သို့သော အိမ်ဆောက်ပစ္စည်းများ ယခုနှစ် မိုးရာသီအတွင်း ထူးထူးခြားခြားအဝယ်လိုက်လာကြောင်း အိမ်ဆောက်ပစ္စည်းဈေးကွက်မှ သတင်းရရှိသည်။

"ဒီနှစ်ကတော့ တကယ့်ကို ထူးခြားတယ်။ တစ်နှစ်မှဒီလိုမဖြစ်ခဲ့ဘူး။ ပြီးခဲ့တဲ့လက တစ်ပတ်လောက်အတွင်းမှာကိုပဲ သိန်းဆယ်ဂဏန်းနှစ်ခုလောက်အကျိုးအမြတ်ရခဲ့တယ်။ ပစ္စည်းတွေဆိုရင်လည်း ဝါးဖြစ်၊ တိုင်ဖြစ်ရင်ပြီးရော အကုန်ထွက်တယ်။ ဒီလထဲမှာတော့ နည်းနည်းအေးသွားပါတယ်"ဟုနေပြည်တော် ပျဉ်းမနားမြို့ရှိ အိမ်ဆောက်ပစ္စည်းဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်ကဆိုသည်။

အလားတူပင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဆိုင်ရှင်တစ်ဦးကလည်း "ကျွန်မတို့ဆီမှာလည်း အဲလိုပဲ ပြီးခဲ့တဲ့လကဆိုရင် ပစ္စည်းက ရောက်တာနဲ့ပြတ်တယ်။ အမြတ်ကိုတော့ မပြောပါရစေနဲ့။ ဒီလထဲတော့ နည်းနည်းအေးသွားတယ်"ဟု ပြောဆိုသည်။ နေပြည်တော်လယ်ဝေးမြို့နယ်တွင်လည်းထိုကဲ့သို့ပင် တန်ဖိုးနည်း အိမ်ဆောက်ပစ္စည်းများအရောင်းသွက်ခဲ့ကြောင်းသိရှိရသည်။

နေပြည်တော်ခရိုင်အတွင်းပါဝင်သော ကျေးရွာအချို့တွင် မျောတိုင်၊ ဝါး၊ ထရံနှင့် သက်ငယ်များကိုသာ အသုံးပြုသော ကျပ်သိန်း အနည်းငယ်တန် အိမ်ငယ်လေးများ အများအပြား တည်ဆောက်ထားကြပြီး၊ အိမ်ဝိုင်းတစ်ဝိုင်းထဲတွင်ပင် ထိုကဲ့သို့ တည်ဆောက်ထားကြခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အခြေချနေထိုင်သူ အနည်းငယ်မျှသာလျှင်ရှိကြောင်း ဒေသခံ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။ "ခင်ဗျားလည်း တွေ့မှာပါ။ လမ်းဘေးရွာတွေနဲ့ တချို့ရွာတွေမှာ အိမ်လေးတွေ ပြွတ်သိပ်နေအောင် ဆောက်ထားကြတယ်။ အမှန်တော့ လူနေဖို့မဟုတ်ပါဘူး။ ဒါပေမဲ့အဲဒါလည်း ဈေးကွက်တစ်ခုလို ဖြစ်နေတယ်" ဟု ၎င်းကဒေသ၏ အိမ်ခြံမြေဈေးကွက်အခြေအနေကို ပြောသည်။

# ကလေးများထံမှ ရွှေလိမ်လည်ရယူသူအားဖမ်းမိဟုဆို

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ-၂၂**

နေပြည်တော်ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်ရှိ ပထမတန်းနှင့် တတိယတန်း ကျောင်းသူလေးများထံမှ ရွှေထည်ပစ္စည်းများ စည်းရုံးလိမ်လည်ဖြုတ်ယူသွားသည့် အမျိုးသမီးတစ်ဦးကို ဆိုက်ကားသမားနှင့် ဆိုင်ကယ်ကယ်ရီသမားတို့၏ကူညီမှုဖြင့် နှစ်ရက်အတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ကျောင်းသူလေးနှစ်ဦးသည် အောက်တိုဘာ ၁၁ ရက် ညနေ ငါးနာရီခွဲခန့်ကျောင်းဆင်း၍ကျောင်းပြင်ထွက်လာစဉ် အထက်ပါ အမျိုးသမီးက မိဘများနှင့်ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း ပြောဆိုကာ ဂျန်းရှင်းစင်တာတွင် အရုပ်နှင့်ရေခဲမုန့်များ ဝယ်ပေးမည်ဟု စည်းရုံးခေါ်ဆောင်သွားခဲ့သည်ဟု ဆိုသည်။ ထို့နောက် ဂျန်းရှင်းစင်တာတွင် ၎င်းတို့ ဝတ်ဆင်ထားသည့် ရွှေထည်ပစ္စည်းများအား ပျောက်သွားလိမ့်မည်ဟုဆိုကာ ဖြုတ်ယူသွားခဲ့ပြီး အိမ်သာသွားမည်ဟု လိမ်လည်ပြောဆိုကာထွက်သွားခဲ့ကြောင်း ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။

ကျောင်းသူလေးနှစ်ဦးထံမှ ရွှေနားကွင်း နှစ်ရန်၊ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို စည်းရုံးလိမ်လည် ဖြုတ်ယူသွားခဲ့သော ထိုအမျိုးသမီးကို သူမသွားလာရာတွင် အခကြေးငွေဖြင့် ပို့ဆောင်ပေးခဲ့သော ဆိုက်ကားသမားနှင့် ကယ်ရီသမားတို့က ရဲတပ်ဖွဲ့ဝင်များနှင့် လိုက်ပါပူးပေါင်းရှာဖွေစုံစမ်းခဲ့ရာမှ နေပြည်တော် ပျဉ်းမနားမြို့ ယုဇနဈေးအနီးတွင် ယခုလ ၁၂ ရက်က တွေ့ရှိဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

တစ်နှစ်အရွယ်ခန့် ကလေးတစ်ယောက်ပါရှိခဲ့သော အဆိုပါ ပြစ်မှုကျူးလွန်သူ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး ပထမခင်ပွန်း ဆုံးပါးသွားသကဲ့သို့ ဒုတိယခင်ပွန်းကလည်း ပစ်ထားခဲ့သည့်အတွက်မီးဖွားစရိတ်ရှာဖွေရန် နေပြည်တော်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယခုဖြစ်ရပ်နှင့် ပတ်သက်ပြီး နေပြည်တော်ဒေသခံတစ်ဦးကမူ "မိဘတွေအနေနဲ့ ကိုယ့်ရဲ့ကလေးငယ်တွေကို ဒီလိုတန်ဖိုးရှိတဲ့ပစ္စည်းတွေ မဆင်ပေးထားသင့်ဘူး" ဟု ပြောသည်။

အဆိုပါအမှုကို နေပြည်တော်အမှတ်(၂) ရဲစခန်းတွင် (ပ) ၁၆၁/၂၀၁၀ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၉ အရ အရေးယူထားကြောင်း သိရှိရသည်။



7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# နေပြည်တော်ရှိစက်ချုပ်ဆိုင်များလုပ်ငန်းတွင်ကျယ်

ညိုညိုဝင်း

**နေပြည်တော်၊ အောက်တိုဘာ-၁၃**

နေပြည်တော်တွင် လူဦးရေများပြားလာပြီး မြို့ပြပုံစံဝတ်စားဆင်ယင်မှုနှင့် ခေတ်ပေါ်အသင့်ချုပ်ပြီး အဝတ်အထည်ဖက်ရှင်ဆိုင်များ ပေါ်များလာသော်လည်း စက်ချုပ်ဆိုင်လုပ်ငန်းများ လုပ်ငန်းတွင်ကျယ်လျက်ရှိသေးကြောင်း နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ ပိတောက်ရိပ်အပ်ချုပ်ဆိုင်မှ မစန်းစန်းကြူက ပြောကြားသည်။

"ရယ်ဒီမိတ်အင်္ကျီတွေ ဘယ်လောက်ပေါ်ပေါ်၊ တချို့သူတွေကျတော့ ချုပ်ဝတ်တာကို ပိုသဘောကျတယ်။ အစ်မဆိုင်ဖွင့်တာ ဆယ်နှစ်လောက်ရှိပြီ။ အရင်တုန်းက အထည်ဆိုင်တွေ ဒီလောက်မများသေးဘူး။ နေပြည်တော်ကြီးဖြစ်လာတော့ လူဦးရေ များပြားလာပြီး အထည်ဆိုင်တွေ အရင်ကထက် ပိုများလာတယ်။ ရယ်ဒီမိတ်အင်္ကျီအသစ်အဆန်းတွေ အများကြီးပေါ်လာပေမယ့် အစ်မတို့ဆီမှာ အရင်အတိုင်းအပ်ထည်တွေ ချုပ်နေရတုန်းပဲ။ ဒီဇိုင်းကိုတော့ အစ်မတို့က မရိုးရအောင် အသစ်ထွက်လာသမျှ အဝတ်အစားဒီဇိုင်းပိုစတာတွေကိုဝယ်ကပ်ပေးထားတယ်။အများဆုံးက လူငယ်တွေပိုအပ်ကြပြီး မရိုးမဆန်းဒီဇိုင်းလေးတွေ ပိုချုပ်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရယ်ဒီမိတ်ခေါ် အသင့်ဝတ်နိုင်သော အင်္ကျီများဝယ်ဝတ်ရသည်ထက် ကိုယ်တိုင်စိတ်တိုင်းကျ ဒီဇိုင်းဖော်၍ ချုပ်ဝတ်ရသည်ကို သဘောကျကြောင်း၊ အပ်ချုပ်ဆိုင်များတွင် ချုပ်ဝတ်ရသောအထည်များသည် ခန္ဓာကိုယ်နှင့်တိုင်း၍ ချုပ်ရသောကြောင့် ခန္ဓာကိုယ်အချိုးအစားပေါ်လွင်ကာ ဝတ်ဆင်ရသည်မှာ အဆင်ပြေကြောင်း ဒေသခံအမျိုးသမီးငယ်တစ်ဦးက ပြောကြားသည်။

"ကျွန်မကတော့ ရယ်ဒီမိတ်အင်္ကျီတွေ ဝယ်ဝတ်ရတာထက် ချုပ်ဝတ်ရတာကို ပိုပြီးကြိုက်တယ်။ ဝယ်ဝတ်ရတာက တစ်ခါတလေ ပွနေတာ၊ ကြပ်နေတာ ရှိသေးတယ်။ ချုပ်ဝတ်ရတာက ကိုယ့်ခန္ဓာကိုယ်နဲ့ အထည်ကိုတိုင်းထွာပြီး ချုပ်ရတာဆိုတော့ အဆင်ပြေတယ်"ဟု ဒေါ်ခင်မာကြည်ကလည်း ပြောကြားသည်။

အပ်ချုပ်ဆိုင်များတွင် အင်္ကျီတစ်ထည်ချုပ်စမှာ အနိမ့်ဆုံး ၁,၅၀၀ကျပ်ဖြစ်ပြီး အပ်သည့်ဒီဇိုင်းပေါ် မူတည်၍ ဈေးနှုန်းများ ကွာခြားလျက်ရှိသည်။

အများအားဖြင့် ချည်ထည်ကဲ့သို့ အေး၍ပေါ့ပါးသည့်အပါးစများကို အများဆုံး ချုပ်ဝတ်နေကြကြောင်း လူကြိုက်အများဆုံး ပိတ်စများမှာလည်း တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် ဈေးသက်သာသော ပိတ်စများသာ ဖြစ်ကြောင်း စက်ချုပ်ဆိုင်များမှ စုံစမ်းသိရှိရသည်။

# ဩဇာသီးအသစ်ပေါ်ချိန် ဈေးကောင်း



စောရန်နိုင်

**မကွေး၊ အောက်တိုဘာ- ၁၈**

မကွေးတိုင်း ဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကျွဲသိုးမြောင်နှင့် ထောက်ရှာပင်ခြံများမှ စီးပွားဖြစ် စိုက်ပျိုးထွက်ရှိသည့်ဩဇာသီးများမှာ ယခုရက်ပိုင်းအသစ်ပေါ်၍ မကွေးမြို့မဈေး၊ရန်ပယ်၊ရန်ကင်းနှင့် မင်္ဂလာဈေးများသို့ကားကြီးကားငယ်များဖြင့်တင်ပို့ကာဈေးကွက်ဝင်နေကြောင်း သိရသည်။အဆိုပါဒေသထွက် ဩဇာသီးမှာ အခြားဒေသထွက်ဩဇာသီးများထက် အသားထူခြင်း၊ အချိုဓာတ်ပြည့်ဝခြင်း၊ အလုံးလှခြင်းများကြောင့် လူကြိုက်များကြောင်း လက်ရှိရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများသို့ ကား၊ ရထားလမ်းကြောင်းများဖြင့် နေ့စဉ်ပုံမှန်တင်ပို့မှုရှိနေကြောင်း ဒေသခံဩဇာသီး သီးသန့်ဝယ်ရောင်းသူက ပြောသည်။ လက်ရှိဒေသဈေးကွက်တွင် ဩဇာသီးအရွယ်အစားလိုက် (၁၀)လုံးလျှင် ၅၀၀/၁,၅၀၀ ကျပ်ဝန်းကျင်ဈေးပေါက်နေပြီး ယခုနှစ်မှာ ယခင်နှစ်ကထက် အထွက်ကောင်းကြောင်းလည်း ဩဇာသီး သီးသန့်စိုက်သူတစ်ဦးထံမှ စုံစမ်းသိရသည်။ ပြီးခဲ့သည့်နှစ်က အဆိုပါဒေသထွက် ၁၀ လုံးလျှင် အရွယ်အစားအလိုက် ကျပ် ၅၀၀၊ ၁,၀၀၀ ဝန်းကျင်ဈေးပေါက်ခဲ့ကြောင်း သိရသည်။






7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# တရုတ်မှ လက်ဆောင်ရသော မီးရထားစက်ခေါင်းများကို မြေပြန့်ဒေသ ရထားလိုင်းများတွင်အသုံးပြုမည်

ညီညီဝင်း

**နေပြည်တော်၊ အောက်တိုဘာ-၂၁**

တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ထောက်ပံ့ပေးအပ်ခဲ့သော မီးရထားစက်ခေါင်း ၃၀ ကို မြေပြန့်ဒေသ ရထားလိုင်းများထဲမှ လိုအပ်သောနေရာများ၌ အစားထိုးအသုံးပြုမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ မီးရထားစက်ခေါင်းအသစ်များသည် မြင်းကောင်ရေအား ၁၁၀၀ သာရှိသော အင်ဂျင်များဖြစ်သည့်အတွက် တောင်ပေါ်ဒေသသုံး ရထားများတွင်မူ အသုံးပြုရန်မသင့်တော်ကြောင်း ၎င်းကရှင်းပြသည်။ တောင်ပေါ်ဒေသ ရထားလိုင်းများမှာ မြင်းကောင်ရေအား ၂၀၀၀ ကိုသာ အသုံးပြုနေကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ ပထမအကြိမ်ချစ်ကြည်ရေးလက်ဆောင်အဖြစ် လူစီးတွဲ ၁၃၀ ကို ၂၀၀၆ ခုနှစ် ဇွန်လတွင် လွှဲပြောင်းပေးအပ်ခဲ့ပြီး ဒုတိယအကြိမ် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စက်ခေါင်း ၅ လုံး၊ လူ စီးတွဲ ၂၀ နှင့် ကုန်တွဲ ၂၀၀ ကိုလည်း ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် လွှဲပြောင်းပေးအပ်ခဲ့သည်။ ယခုတတိယအကြိမ် ချစ်ကြည်ရေးလက်ဆောင်အဖြစ် စက်ခေါင်းအလုံး ၃၀ ကို အောက်တိုဘာ ၁၉ ရက်တွင် နေပြည်တော်ဘူတာကြီး၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ၎င်းအပြင်ပြုပြင်ထိန်းသိမ်းရေးပစ္စည်း ၁၆ မျိုးကိုလည်း ယခင်အပတ်က ရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

ထိုမီးရထားစက်ခေါင်းအသစ် ၃၀ အား မြစ်ငယ်မီးရထားစက်ခေါင်းစက်ရုံတွင်ထားရှိကြောင်း နေပြည်တော်မီးရထားဘူတာရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

## မလှိုင်အင်ကြင်းကျောက် တ ုတ်ဈေးကွက်ဝင်

ဌေးဌေးမောင်

**နွားထိုးကြီး၊ အောက်တိုဘာ-၂၀**

အင်ကြင်းကျောက်ဈေးကွက်တွင် မလှိုင်မြို့နယ်ထွက် အင်ကြင်းကျောက်များ ဈေးကွက်ဝင်လာပြီး နွားထိုးကြီးမြို့နယ်မှ တရုတ်ဈေးကွက်သို့ ပေးပို့မှုများလာသည်။

မလှိုင်မြို့နယ်၊ ကြက်ဖြူ၊ သရကန်၊ သရက်၊ ကောင်းပင်၊ သုံးတောင်၊ ညောင်အုပ်၊ နှောကန်မှထွက်သော အင်ကြင်းကျောက်မှာ အရည်အသွေးမီ ဈေးကွက်ကြိုက်၍အရောင်းအဝယ်ကောင်းနေသည်။ တရုတ်ပွဲရုံများတွင် အင်ကြင်းကျောက်ပစ္စည်း အရောက်များနေ၍ ငွေတန်ဖိုးမာသော်လည်း ဈေးအေးနေသည်။ အင်ကြင်းကျောက် ဈေးကွက်မှာတရုတ်ဈေးကွက်၌ အနိုမ်ခံနေရသည်။

အင်ကြင်းကျောက်ပွဲစားများ လချီစောင့်၍ အင်ကြင်းကျောက်အရောင်းအဝယ်လုပ်နေရာ စရိတ်စားပြီး အရှုံးနှင့်ရင်ဆိုင်နေရသည်။ အင်ကြင်းကျောက် တစ်ကီလိုလျှင် ၁၅ ကျပ်၊ ၁၆ ကျပ်ဈေးဖြင့် ရောင်းနေရသည်။အင်ကြင်းကျောက်ကို အဝိုင်းတုံး၊ အကြမ်းတုံးတရုတ်ပို့မည့် အစားအချောကိုင်၍လည်းကောင်း၊ အလှဆင်ပစ္စည်းထုတ်၍လည်းကောင်း၊ ဈေးကွက်ရှာနေသည်။ ဟိုတယ်၊ မိုတယ်၊ အင်းများ၌အင်ကြင်းကျောက် အရောင်းဆိုင်ဖွင့်၍ ခရီးသွားဧည့်သည်များရောင်းချနေရာအင်ကြင်းကျောက်ပုတီးမှာ ဈေးကွက်အဝင်ဆုံး ဖြစ်နေသည်။ အထူးသဖြင့် မူဆယ်၊ တမူး၊ တာချီလိတ်၊ ကော့သောင်းတို့တွင် အင်ကြင်းကျောက် အချောထည်ဈေးကွက်ရှိလာသည်။

## ပုစွန်ကန်ပိုင်ရှင်များ ဒီရေတောစိုက်ပျိုးထိန်းသိမ်းမှုပြုလုပ်လာ


ဓာတ်ပုံ- မောင်ကံ

နန္ဒနွေ

**ပုဏ္ဏားကျွန်း၊အောက်တိုဘာ-၂၀**

ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပုစွန်ကန်ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည့် နေရာများတွင် ကန်ပိုင်ရှင်များ ကိုယ်တိုင် ပုစွန်ကန်၏ အပြင်ဘက်၌ ဒီရေတောပင်များကို စိုက်ပျိုးမှုများ ပြုလုပ်ကြပြီး ရှင်သန်ကြီးပြင်းရေးအတွက်လည်း ထိန်းသိမ်းပြုစုစောင့်ရှောက်နေကြကြောင်း သိရသည်။

ပုစွန်ကန်များမှာ မြစ်နားချောင်းများတွင်ရှိနေကြပြီး ပုစွန်ကန်များ၏ တာရိုးတာဘောင်များမှာ ဒီရေလှိုင်းရိုက်ပုတ်ခံရခြင်း၊ ရေတိုက်စားခံရခြင်းများရှိကာ ကန်ဘောင်များကျိုးပြတ်တတ်၍ ဒီရေတောပင်များရှိခြင်းဖြင့် အဆိုပါ အန္တရာယ်ကိုကာကွယ်နိုင်သည့်အပြင် ပုစွန်သားပေါက်များ ခိုလှုံနိုင်ရာယခုကဲ့သို့ စိုက်ပျိုးထိန်းသိမ်းမှုများ ပြုလာကြခြင်းဖြစ်ကြောင်း ပုစွန်ကန်ပိုင်ရှင်တစ်ဦးက ပြောသည်။

ဒီရေတောပင်များ စိုက်ပျိုး၊ ထိန်းသိမ်းခြင်းသည် မိမိတို့ အတွက်အကျိုးရှိသလို၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် အကျိုးသက်ရောက်မှုများရှိခြင်း၊ သဘာဝရေနေသတ္တဝါများခိုလှုံကြီးပြင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်းသိရှိနားလည်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ မြစ်ကမ်းနား ကျေးရွာများနှင့် မူလတန်းကျောင်းများအလယ်တန်းကျောင်းများတွင် ဟောပြောပညာပေးခြင်းများပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။"စိုက်ပျိုးပြီး ဒီရေတောပင်တွေကို ရှင်သန်အောင် ပြုစုပေးရုံတွင်သာမက ထင်းခုတ်တဲ့သူတွေမခုတ်ရအောင်ပါ ဟောပြောရစောင့်ရှောက်ရလုပ်ရပါတယ်" ဟုပုဏ္ဏားကျွန်းမြို့မှ ပုစွန်ကန်ပိုင်ရှင်တစ်ဦးကပြောသည်။

## ယာဉ်မတော်တဆမှု ကျေးလက်ဒေသတွင် အဖြစ်များနေဆဲ

ထူးသန့်

**နေပြည်တော်၊အောက်တိုဘာ-၂၀**


ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုလုပ်ငန်းများ အစဉ်တစိုက် လုပ်ဆောင်လျက်ရှိသော နေပြည်တော်တွင် မြို့ပေါ်ရပ်ကွက်များ၌ ယာဉ်မတော်တဆမှုများ လျော့နည်းသွားသော်လည်း ကျေးလက်ဒေသများတွင်မူ ဖြစ်ပွားမှုနှုန်းမြင့်မားနေဆဲဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးကပြောကြားသည်။

"ယာဉ်စည်းကမ်းထိန်းသိမ်းရေးတွေလည်းလုပ်တာပဲ။ ယာဉ်မတော်တဆမှုတွေကလည်းဖြစ်နေဆဲပဲ။ ပညာပေးတွေလည်း အများကြီးလုပ်သွားရဦးမှာပါ။ အခုတော့တောဘက်မှာ အဖြစ်များနေတယ်။ အဲဒါကြောင့် ပညာပေးဆိုင်းဘုတ်တွေ စိုက်ထူသွားဖို့လုပ်နေပါတယ်" ဟု အဆိုပါရဲအရာရှိက ရှင်းလင်းပြောကြားသည်။ နေပြည်တော်တွင် မြို့ပြဖြစ်ထွန်းလာမှုနှင့်အတူ လူဦးရေနှင့်ယာဉ်အစီးရေများပြားလာပြီးတစ်ဖက်တွင်လည်း လမ်းပိုင်ကွန်ရက်များ အမြောက်အမြား တိုးချဲ့ဖောက်လုပ်လာသောကြောင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းပိုင်းကို လွှမ်းခြုံမိရန် ကြိုးစားလာရကြောင်း၊ ပြည်သူအများစုကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိနားလည်မှုတွင် အားနည်းနေသေးကြောင်း ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးက ပြောကြားသည်။

**နေပြည်တော်အတွင်း ယာဉ်မတော်တဆမှုနှင့်သေဆုံးဒဏ်ရာရရှိမှုများ**

| လ | အမှု | ဒဏ်ရာရ | သေဆုံး |
|---|---|---|---|
| ဇန်နဝါရီ | ၃၀ | ၅၄ | ၁၃ |
| ဖေဖော်ဝါရီ | ၂၄ | ၂၉ | ၁၆ |
| မတ် | ၂၅ | ၃၆ | ၁၂ |
| ဧပြီ | ၃၃ | ၈၃ | ၂၀ |
| မေ | ၂၇ | ၃၀ | ၁၆ |
| ဇွန် | ၂၇ | ၃၇ | ၁၀ |
| ဇူလိုင် | ၂၇ | ၅၀ | ၁၁ |
| ဩဂုတ် | ၁၉ | ၁၅ | ၁၃ |
| စက်တင်ဘာ | ၂၈ | ၄၇ | ၁၈ |

## ချင်းတွင်းမြစ်ိုးထွက်ကြိမ်ဖြင့် ပြုလုပ်ထားသော မိုဘိုင်းဖုန်းအိတ်များ ဈေးကွက်စဝင်



မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၃**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသထွက်သော ကြက်ဥကြိမ်အမျိုးအစားဖြင့်ပြုလုပ်ထားသည်။ကြိမ်ထည်မိုဘိုင်းဖုန်းအိတ်လေးများ စစ်ကိုင်းမြို့ကြိမ်ထည်လုပ်ငန်းများမှရက်လုပ်၍ ဈေးကွက်အတွင်းစတင်ရောင်းချလျက်ရှိကြောင်းသိရသည်။

"ကြိမ်ထည်ဈေးကွက်မှာ ဒီဇိုင်း ၃၊ ၄ မျိုးနဲ့ ကြိမ်ထည်မိုဘိုင်းဖုန်းအိတ်လေးတွေကို ဒီလအတွင်း စထုတ်နေပြီ။ ဖန်စီပုံလေးတွေနဲ့ ကြိမ်ထည်ကို ရက်လုပ်တာဆိုတော့ လူငယ်တွေအကြိုက်များပြီး ရန်ကုန်၊ မန္တလေးဈေးကွက်တွေပါရောင်းနေပြီ။ ဖုန်းအိတ်လေးတွေရဲ့ အပြင်ဘက်မှာ ကြိမ်ထည်ရက်ထားပြီး အတွင်းပိုင်းမှာဖုန်းမပွန်းပဲ့အောင် ဖော့ခံထားတယ်။ မိုးရေတော့ မလုံပေမယ့်ဖန်စီဒီဇိုင်းအစုံနဲ့ ဖုန်းအိတ်တစ်လုံးကျပ်တစ်ထောင်ကနေ ကျပ်တစ်ထောင့်သုံးရာအထိရှိတယ်။ ကြိမ်ထည်ပစ္စည်းတွေလည်း လူကြိုက်များအောင် ဒီဇိုင်းပုံစံသစ်တွေနဲ့ ထုတ်လုပ်ရောင်းချနေပါတယ်" ဟု စစ်ကိုင်းမြို့ရွှေမြန်မာကြိမ်ထည်ပစ္စည်းရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဖုန်းအိတ်လေးတွေက အများစုက ပြည်ပကဝင်တဲ့ပစ္စည်းတွေပဲရှိတယ်။ ပြည်တွင်းကထုတ်တဲ့ကြိမ်ထည်ဖုန်းအိတ်လေးတွေက အမှတ်တရလက်ဆောင်ပေးလို့လည်းလှတယ်။ ဈေးကလည်းသက်သာတယ်။ ဒီဇိုင်းတွေကလည်း ကြိမ်ထည်အလှကိုပေါ်လွင်စေတဲ့အတွက်ဖန်စီပစ္စည်းဆိုင်တွေမှာလည်းကြိမ်ထည်ဖုန်းအိတ်လေးတွေ ရောင်းနေပြီ" ဟု စစ်ကိုင်းမြို့ကြိမ်ထည်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။ စစ်ကိုင်းမြို့မှ ကြိမ်ထည်လုပ်ငန်းသာမက မုံရွာမြို့နယ်ကျောက္ကာကျေးရွာ ယွန်းထည်လုပ်ငန်းများတွင် မိုဘိုင်းဖုန်းအသုံးအဆောင်ပစ္စည်းများ စတင်ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝန်ထမ်းအလိုရှိသည်
ကရိန်းယာဉ်မောင်း /Operator
လုပ်ငန်းအတွေ့အကြုံ – ကျွမ်းကျင်အဆင့်
မှတ်ချက် ။ 16 Ton မှ 50 Ton အထိ
ဆက်သွယ်ရန် – 09-2050000, 02-54666

DOZO
FASHION DESIGN TECHNICAL SCHOOL
သင်တန်းဖွင့်မည့်ရက် - 30.10.2010 (Sat, Sun)
1.11.2010 (Mon, Tue)
Ph - 536861, 01 - 73034877

သဇင်
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊
အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း၊
မျက်ဝန်းတစ်ပိုက်အရေးအကြောင်းများကို
သုံးရက်အတွင်း သိသာစေခြင်း၊

7DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

## သဘာဝဘေးအတွက် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံများ တည်ဆောက်ထားဟုဆို

**ထူးသန့်**
**နေပြည်တော်၊အောက်တိုဘာ-၂၀**

အိမ်ထောင်စုတစ်သောင်းစာအတွက် လုံလောက်သော ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားသည့် သိုလှောင်ရုံများ အပါအဝင် သိုလှောင်ရုံအများအပြားကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့အသီးသီးတွင် တည်ဆောက်ထားပြီးဖြစ်ကြောင်းပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏မှတ်တမ်းများအရသိရသည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရန်အတွက် အိမ်ထောင်စုတစ်သောင်းစာလုံလောက်သောသိုလှောင်ရုံများကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများတွင်လည်းကောင်း၊ အိမ်ထောင်စုနှစ်ထောင်စာအတွက် သိုလှောင်ရုံများကို မကွေး၊ မုံရွာ၊ စစ်တွေ၊ ပုသိမ်၊ မြိတ် စသည့်မြို့များတွင်လည်းကောင်း၊ အိမ်ထောင်စုတစ်ထောင်စာအတွက် သိုလှောင်ရုံများကို နေပြည်တော်၊ မော်လမြိုင်၊ ပဲခူး၊ ဘားအံ၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး စသည့်မြို့ကြီးများတွင်လည်းကောင်း၊ ၎င်းအပြင်အိမ်ထောင်စုငါးရာအတွက် သိုလှောင်ရုံများကိုလည်း ခရိုင်ရုံးများတွင်လည်းကောင်း တည်ဆောက်ထားကြောင်း သိရသည်။

ယင်းကဲ့သို့ပင် သဘာဝဘေးစီမံခန့်ခွဲရေးသင်တန်းများကိုလည်း ၂၀၀၁ ခုနှစ်မှစတင်၍ ပြုလုပ်ပေးခဲ့ပြီး၊ နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သော ၂၀၀၈ ခုနှစ်က အကြိမ်အများဆုံးအဖြစ် ၆၂၅ ကြိမ်ပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်မှယခု ၂၀၁၀ စက်တင်ဘာအထိ သင်တန်းပေါင်း ၁၉၀၀ နီးပါး ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း ယနေ့ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်လျော့ပါးရေးနေ့ အခမ်းအနားမှ သိရသည်။ နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သော ယနေ့အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပြည်သူတစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့ပြီး၊ ၂ ဒသမ ၄ သန်းကျော် မုန်တိုင်းဒဏ်ခံစားခဲ့ရခြင်းကြောင့် ကျွဲ၊ နွားကောင်ရေ ၁၅၅၂၄၅ ကောင်နှင့် လယ်မြေ ၇၂၇၉၈ ဧကတို့ ပျက်စီးဆုံးရှုံးခဲ့ကာ ဆုံးရှုံးမှုစုစုပေါင်းတန်ဖိုးကျပ်ငွေ ၁၁ ဒသမ ၇ ထရီလီယံခန့်ရှိခဲ့ပြီး၊ ထိုနာဂစ်မုန်တိုင်းဖြစ်ပြီးသည်နှင့် အစိုးရက ဖွဲ့စည်းထားသော သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့များက မုန်တိုင်းသင့်ရာဒေသသို့ ချက်ချင်းသွားရောက်ကယ်တင်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

## ဖရဲအထွက်နည်းပြီး မြေပဲအထွက်နှုန်း ပိုကောင်းမည်ဟုခန့်မှန်း




မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၃**

မုံရွာခရိုင်အတွင်း ဖရဲအဓိကစိုက်ပျိုးရာချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာတွင် ယခုနှစ်အတွင်း ဖရဲစိုက်ဧကသုံးပုံနှစ်ပုံခန့် လျော့နည်းသွားသဖြင့် ဖရဲအထွက်နည်းပြီးမြေပဲအထွက်ပိုကောင်းလာနိုင်ကြောင်း ငါးယုန်ကျေးရွာဒေသခံတောင်သူများကပြောသည်။

“မနှစ်က ဖရဲစိုက်ဧက တစ်ထောင်ကျော်ရှိတယ်။ ဈေးကွက်ကြောင့် သာမကပိုးမွှားတွေကျလို့ ဖရဲတွေစိုက်ခင်းထဲမှာ ပျက်စီးကုန်တာတွေရှိတော့ မြေငှားစိုက်သူတွေအရှုံးပေါ်ပြီး စိုက်မြေထိုးအပ်လိုက်ရတာတွေ၊ အိမ်ထိုးအပ်လိုက်ရတာတွေ၊ ပစ္စည်းတွေရောင်းပေးလိုက်ရတဲ့ အခြေအနေအထိရောက်ကုန်တယ်။ ဒီနှစ်တော့ ဖရဲမြေငှားစိုက်သူတွေမရှိတော့သလို ကိုယ်ပိုင်စိုက်မြေလေးဧကရှိတဲ့သူတွေကလည်း တစ်ဧကတောင်စိုက်ဖို့ အနိုင်နိုင်ဖြစ်သွားတယ်။ ဖရဲအစားဩဂုတ်ပဲလို့ခေါ်တဲ့ မြေပဲတွေ၊ ဆောင်းမြေပဲတွေပိုစိုက်ကြတယ်။ ဒီနှစ်တော့ ဖရဲထွက်တဲ့မြေက မြေပဲတွေလှိုင်လှိုင်ထွက်တော့မယ်”လို့ ငါးယုန်ကျေးရွာ ဒေသခံတောင်သူတစ်ဦးကပြောသည်။

“ဖရဲစိုက်ခင်းတွေက စိုက်တော့စိုက်တယ်။ နည်းသွားတယ်။ မနှစ်က အရှုံးကြီးတော့ ဒီနှစ်သိပ်မစိုက်ရဲဘူး။ အချို့ကအရှုံးပေါ်လို့စိတ်မညစ်ဘူး။ အရင်တုန်းကဖရဲဈေးတက်နိုးနိုးနဲ့ ထပ်စိုက်ကြတာတော့ရှိတယ်။ အချို့ကလည်းဖရဲအစား ဆောင်းမြေပဲအစိုက်များတယ်။ ပဲစင်းငုံ၊ ပြောင်း၊ နှမ်း စတဲ့သီးနှံတွေလည်း ပြောင်းစိုက်တာတွေပိုများလာတယ်” ဟု ချောင်းဦးမြို့နယ်ဒေသခံ ကောက်ပဲသီးနှံကုန်သည်တစ်ဦးကပြောကြားသည်။

ဖရဲစိုက်ခင်းများ ထက်ဝက်မကလျော့နည်းသွားသည့်အတွက် လာမည့်နှစ်တွင် ဖရဲဈေးကွက် မြင့်တက်လာနိုင်ပြီး ယခုနှစ် အထွက်နှုန်းကောင်းသော မြေပဲဈေးကွက်တွင် ဈေးကျဆင်းလာနိုင်ကြောင်း ချောင်းဦးမြို့နယ်၊ ငါးယုန်ကျေးရွာ ဒေသခံတောင်သူများထံမှ သိရသည်။

## မုံရွာတွင်ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းလိုင်းများထပ်မံချပေးမည်

မျိုးမင်းဦး

**မုံရွာ၊ အောက်တိုဘာ - ၂၃**

မုံရွာမြို့တွင် ဆက်သွယ်ရေးစခန်းစနစ် လွယ်ကူချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းလိုင်းသစ်များ ထပ်မံချထားပေးမည်ဖြစ်ရာ ယခုနှစ် အောက်တိုဘာ ၂၀ ရက်မှစ၍ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းများ လျှောက်ထားနိုင်ကြောင်း စစ်ကိုင်းတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး (မုံရွာ)၌ ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါကြေညာချက်တွင် ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းသည် မြို့တွင်းတစ်မိနစ် ၁၅ ကျပ်၊နယ်ဝေးတစ်မိနစ် ၂၅ ကျပ်နှုန်းဖြင့်ပေးဆောင်ရမည် ဖြစ်သဖြင့် အထူးသက်သာသော နှုန်းထားဖြင့် ပေးဆောင်ရမည်ဖြစ်ကြောင်း ထည့်သွင်းထားသည်။

“မုံရွာမြို့၊ သလ္လာရပ်ကွက်မှာ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း အိတ်ချိန်းရုံးသစ်တစ်ခုကိုတည်ဆောက်နေတာ ပြီးခဲ့တဲ့ လပိုင်းကစပြီး မြေအောက်အော်တိုတယ်လီဖုန်း ဓာတ်အားလိုင်းကြိုးတွေသွယ်တန်းနေတယ်။ လောလောဆယ် သလ္လာအော်တိုအိတ်ချိန်းရုံးသစ်က ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်းတွေ ချထားပေးတော့မယ်လို့ကြားတယ်။ အဲ့သည့်သလ္လာအိတ်ချိန်းရုံးသစ်ကနေ သလ္လာရပ်ကွက်၊ ဘုန်းစိုးရပ်ကွက်၊ မြဝတီရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ ရန်ကင်းရပ်ကွက်တွေမှာအော်တိုတယ်လီဖုန်းတွေ တပ်ဆင်လို့ရပြီတဲ့။ မိုဘိုင်းဖုန်းတွေလိုသယ်သွားလို့ မရပေမယ့် ဆက်သွယ်ရေးအခွန်အခတွေ သက်သာတဲ့အတွက် အော်တိုတယ်လီဖုန်းတွေ ဝယ်လိုအားများနေဆဲပဲ” ဟု မုံရွာမြို့၊ သလ္လာမြို့သစ်ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

“အော်တိုတယ်လီဖုန်းက ဆက်သွယ်ရေးပေးရတဲ့ အခွန်အခတွေသက်သာတယ်။ အင်တာနက်ဆက်သွယ်ရေးအတွက် ကြိုးဖုန်းကနေ လျှောက်လို့ရတယ်။ ဖက်စ်ပို့လို့ရတယ်။ ကြိုးဖုန်းတွေက အခွန်အခတွေသက်သာတာကြောင့် အော်တိုတယ်လီဖုန်း လျှောက်ထားလိုသူတွေ ပိုများတယ်” ဟု မုံရွာမြို့ခံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။ မုံရွာမြို့နယ်အတွင်း မြို့ပြရော ကျေးလက်ဒေသပါ အော်တို တယ်လီဖုန်းများ၊ ဂျီအက်စ်အမ်၊ CDMA-450 စသော မိုဘိုင်းဖုန်းများ ချထားပေးသည့်အတွက် ဆက်သွယ်ရေးစနစ် ပိုမိုလွယ်ကူချောမွေ့စေပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ခဲ့သည်။

## စစ်တွေတွင် ကုသိုလ်ဖြစ် မျက်စိအထူးကုဆေးခန်းဖွင့်မည်

**ဂျွန်ကိုလင်း**
**စစ်တွေ၊ အောက်တိုဘာ-၂၀**

စစ်တွေမြို့၌ ကုသိုလ်ဖြစ်မျက်စိ အထူးကုဆေးခန်းတစ်ခုအားမကြာမီ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယင်းကုသိုလ်ဖြစ် ဆေးခန်းအား မျက်စိရောဂါဝေဒနာရှင်များ ဘာသာမရွေးကုသမှု ခံယူနိုင်ရန် စီစဉ်ထားကြောင်း စစ်တွေမြို့မှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမိုးကျော်ကပြောသည်။ “ဟိုတလောမှာ ဆေးခန်းကလေးဖြစ်လာဖို့စီစဉ်နေပါတယ်။ ရွှေစေတီဘုန်းကြီးကျောင်းမှာ အထိုင်ဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် ဒေသခံကုသိုလ်ရှင်တွေနဲ့လည်း လိုအပ်တာကိုတိုင်ပင်နေတယ်’ဟု ၎င်းက ပြောသည်။ ကုသိုလ်ဖြစ် မျက်စိအထူးကုဆေးခန်းဖြစ်မြောက်လာပါက ရခိုင်ပြည်နယ်၏ ပထမဆုံး ကုသိုလ်ဖြစ်မျက်စိဆေးခန်းလည်း ဖြစ်လာမည်ဖြစ်ကြောင်းသိရသည်။ “အခုလို မျက်စိဝေဒနာရှင်တွေအတွက် ရည်စူးပြီး ကုသိုလ်ဖြစ် အထူးကုဆေးခန်းဖြစ်ဖို့ စီစဉ်တာအင်မတန်ဝမ်းမြောက်စရာပဲ။ ရခိုင်ပြည်နယ်မှာမျက်စိဝေဒနာရှင်တွေက အင်မတန်များတယ်လေ” ဟု စစ်တွေမြို့မှ အသက်ခုနစ်ဆယ်အရွယ်မျက်စိဝေဒနာရှင်အဘိုးတစ်ဦးကပြောသည်။ မြန်မာနိုင်ငံ၌ ရခိုင်ပြည်နယ်သည် မျက်စိဝေဒနာရှင်များပြားပြီး အတွင်းတိမ်မျက်စိရောဂါနှင့်မျက်ခမ်းစပ်ရောဂါဖြစ်ပွားသူများပြားကာ နှစ်စဉ်မျက်စိခွဲစိပ်ကုသသူ ထောင်ချီ၍ ရှိကြောင်း သိရသည်။

Shine
PROFESSIONAL DRY CLEAN & LAUNDRY SERVICES

Shine Laundry Limited. ၏ Customer များအတွက်အထူးအခွင့်အရေး

Shine Laundry ၏ Customer များအတွက် အထူးအစီအစဉ်အဖြစ်
နိုဝင်ဘာ(၁)ရက်နေ့မှစ၍ နိုဝင်ဘာ(၃၀)ရက်နေ့အထိ မည်သည့်ဆိုင်ခွဲတွင်မဆို
မိမိတို့၏အဝတ်အထည်များကိုလာရောက်အပ်နှံပါက (10)% Discount ပေးမည်ဖြစ်ကြောင်း
သတင်းကောင်းပါးလိုက်ပါသည်။



Shine Laundry Factory : 111(4), Nga Htet Kyee Pagoda Road, Bahan Tsp. Ph: 545 700, 09-8612273
Shine Hlaing : 124, Pyi Htaung Su Yeik Thar Road, Dagon Tsp. Ph: 73150085
Shine FMI City : A-25, FMI City, Pa Day Thar Pin Road, Hlaingtharyar Tsp. Ph: 682 445 Ext.1192
Shine Parami : 10-A ,Parami Road, Chaw Twin Gone, Mayagone Tsp. Ph: 666 569
Shine University : 48, Corner of University Avenue and Sein Lae Kan Thar Road, Bahan Tsp. Ph: 400 578
Shine Shwe Gone Daing: 155, West Shwe Gone Daing Road, Bahan Tsp. Ph: 73150088
Shine Thuwunna : 139/2, Thanthumar Street, 23 Quarter, Thuwunna Tsp. Ph: 563 917
Shine Kamayut : 577-A, Pyay Road, Kamayut Tsp. Ph: 703 659
Shine Bothataung : 205 ,Bothataung Pagoda Road, Pazundaung Tsp. Ph: 727 605
Shine 8-mile : Build-2, # 12, Corner of Pyi Road & Kyaik Wine Pagoda Road, Mayangone Tsp. Ph: 661 832
Shine Lanthit (Maw Tin) : 34, Lanthit Street, Lanmadaw Tsp. Ph: 210 874
Shine Yankin : Building -273, Rm-4, East Yankin, Yankin Road, Yankin Tsp. Ph: 545 241
Shine Tamway : 5, Rm-1, Ley Daung Kan Road , Tamway Tsp. Ph: 708 796
Shine Myay Ni Gone : G-2,City Mart Super Market, Corner of Pyay Road and Shin Saw Pu Road, Sanchaung Tsp. Ph: 508 470, 508 469 Ext.105
Shine Nay Pyi Taw : 3/44, (8) Road, Mingalar Yart, Nay Pyi Taw Pyinmana Tsp. Ph: 067- 23229, 24071

Education
7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

ပညာရေးသတင်းတိုများ

## UCSI တက္ကသိုလ်တွင် ဆေးပညာဘွဲ့သင်ယူနိုင်

ရန်ကုန်၊ အောက်တိုဘာ - ၂၂

တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ထားသော ကျောင်းသားများအတွက် မလေးရှားနိုင်ငံရှိ UCSI တက္ကသိုလ်၌ ဆေးပညာဘွဲ့သင်ယူနိုင်ရန် ဝန်ဆောင်မှုဆောင်ရွက်မည်ဟု synergy eduation မှ သိရသည်။ မြန်မာကျောင်းသားများအနေဖြင့် ဖောင်ဒေးရှင်းသင်တန်းအား တစ်နှစ်ကြာ သင်ကြားပြီးနောက် ဆေးပညာဘွဲ့အတွက် ငါးနှစ်ကြာသင်တန်းတက်ရမည်ဖြစ်ကြောင်း သိရသည်။

## အင်ဂျင်နီယာနှင့်ပုံထုတ်လုပ်မှုဆိုင်ရာ ကွန်ပျူတာဒီဇိုင်းသင်တန်းဖွင့်မည်

ရန်ကုန်၊ အောက်တိုဘာ - ၂၂

အင်ဂျင်နီယာနှင့် ပုံထုတ်လုပ်မှုဆိုင်ရာကွန်ပျူတာ ဒီဇိုင်းရေးဆွဲနည်းသင်တန်းကို အောက်တိုဘာလကုန်တွင် ဖွင့်လှစ်သွားမည်ဟု ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ကလေးဈေးလမ်းရှိ Optimum Knowledge Studies မှ သိရသည်။

ဋ္ဌင်းသင်တန်းကာလမှာ နှစ်လခွဲကြာမြင့်မည်ဖြစ်ပြီး စနေနှင့်တနင်္ဂနွေတို့တွင် နေ့လယ် ၂နာရီမှ ၅နာရီအထိ သင်ကြားမည်ဖြစ်သည်။ သင်တန်းကြေးမှာ ကျပ်ခုနစ်သောင်းဖြစ်သည်။

## အင်္ဂလိပ်ဘာသာနှင့်ကွန်ပျူတာလေ့လာမှု ဒီပလိုမာသင်တန်းဖွင့်လှစ်မည်

ရန်ကုန်၊ အောက်တိုဘာ - ၂၁

အင်္ဂလိပ်ဘာသာစကားနှင့် ကွန်ပျူတာလေ့လာမှု ဒီပလိုမာသင်တန်းများကို နိုဝင်ဘာ ၁၅ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

"ဝင်ခွင့်စာမေးပွဲဖြေစရာ မလိုပါဘူး။ မနှစ်က အင်္ဂလိပ်စာကို ကျောင်းသား ၁၃၀ လောက်တက်ကြတယ်။ သင်တန်းကြေးက အင်္ဂလိပ်စာအတွက် ပထမနှစ်ဝက်ကျပ်ငါးသောင်းနဲ့ ဒုတိယနှစ်ဝက်အတွက် ကျပ် ၄၇၀၀၀နဲ့ ကွန်ပျူတာအတွက် ပထမနှစ်ဝက်ကျပ်ငါးသောင်းသုံးထောင်နဲ့ ဒုတိယနှစ်ဝက် ကျပ်ငါးသောင်းဖြစ်ပါတယ်"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သင်တန်းချိန်များမှာ တနင်္လာမှ သောကြာနေ့ နံနက် ၉ နာရီခွဲမှ နေ့လယ် ၂ နာရီထိ တက်ရောက်သင်ကြားရမည်ဖြစ်ပြီး တက်ရောက်လိုသော ကျောင်းသားများအနေဖြင့် ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ် ၁၂၃ ရှိ ရန်ကုန်သမဝါယမဒီဂရီကောလိပ်သို့ ဆက်သွယ်နိုင်သည်။

# မြန်မာကျောင်းသားများပြည်ပသို့သွားရောက်ပညာသင်ချင်ဆုံးဘာသာရပ်ငါးမျိုး

ရန်ကုန်၊ အောက်တိုဘာ - ၁၄



နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များတွင် သွားရောက်ပညာသင်ယူလိုသောမြန်မာကျောင်းသားအများစုစိတ်ဝင်စားသည့်ဘာသာရပ်များမှာ အလုပ်အကိုင်အခွင့်အလမ်း ပေါများသောအိုင်တီ၊ အင်ဂျင်နီယာ၊ ဘိုင်အိုမယ်ဒီဇင်၊ စီးပွားရေးနှင့်စာရင်းကိုင်ဘာသာရပ်တို့ဖြစ်ကြောင်း ယခုလပထမပတ်၌ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် ကျင်းပပြုလုပ်ခဲ့သော စင်ကာပူပညာရေးပြပွဲ၏ ကျောင်းသားစစ်တမ်းအရ သိရသည်။

အထက်ပါစင်ကာပူပညာရေးပြပွဲသို့ ရန်ကုန်မြို့တွင် ကျောင်းသား ၅၀၀ ကျော် လာရောက်လေ့လာခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော ကျောင်းသားနှင့် ဘွဲ့ရကျောင်းသားအများစု လာရောက်ကြောင်း သိရသည်။"ကျောင်းသားအများစုက Advance Diploma နဲ့ Degree လောက်ကို မှန်းကြတယ်။ ဩစတြေးလျကို တစ်ဆင့်ခံပြောင်းရွှေ့ချင်တဲ့ကျောင်းသားတွေကလည်း စင်ကာပူကို ပထမခြေလှမ်းအနေနဲ့စုံစမ်းလာကြတယ်။ ကျောင်းဝင်ခွင့်တွေမှာ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကို ပိုတင်းကျပ်လာတယ်"ဟု ဋ္ဌင်းပညာရေးပြပွဲအား ဦးစီးဆောင်ရွက်ခဲ့သော AT & S ပညာရေးဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာကျောင်းသားများသည် အိုင်တီ၊ အင်ဂျင်နီယာ၊ ဘိုင်အိုမယ်ဒီဇင်၊ စီးပွားရေး၊ စာရင်းကိုင်၊ သူနာပြု၊ ဖက်ရှင်နှင့်ဒီဇိုင်းဘာသာရပ်တို့ကို စိတ်ဝင်တစားလေ့လာခဲ့ကြကြောင်း သိရသည်။

## အမေရိကတွင် ကျောင်းပြီး အလုပ်လုပ်မည့်သူများ အလုပ်အလုပ်ခွင့်ဗီဇာလျှောက်ရန်လို

သီဟ

ရန်ကုန်၊အောက်တိုဘာ - ၂၀

အမေရိကန်နိုင်ငံတွင် ကျောင်းပြီး၍အလုပ်လုပ်မည့်သူများသည် H-1Bဟုခေါ်သည့် ကျောင်းပြီးအလုပ်လုပ်ခွင့် ဗီဇာလျှောက်ထားရန် လိုအပ်ကြောင်းသိရသည်။

ထိုဗီဇာလျှောက်ထားရန်အတွက် အလုပ်ရှင်တစ်ဦးဦးထံမှ အလုပ်ကမ်းလှမ်းမှုရရှိရန်လိုအပ်ပြီး ယင်းဗီဇာအား အလုပ်ရှင်မှ ကိုယ်တိုင်လျှောက်ထားပေးရမည်ဖြစ်ကြောင်း သိရသည်။ ယင်းဗီဇာသက်တမ်းမှာ သုံးနှစ်သက်တမ်းဗီဇာဖြစ်ပြီး ထပ်မံ၍ သုံးနှစ်သက်တမ်းတိုးနိုင်ကြောင်း သိရသည်။ ထို့ကြောင့် အမေရိကတွင် ကျောင်းပြီးသူများသည် ကျောင်းပြီးပါက အလုပ်ရရန်အခွင့်အရေးမှာ အဆိုပါဗီဇာချထားပေးသည့်အရေးအတွက်အပေါ်မူတည်ကြောင်း ပညာရေးအေဂျင်စီတစ်ခုကဆိုသည်။ အဆိုပါဗီဇာသည် နှစ်စဉ်ခြောက်သောင်းကျော်ချထားပေးခြင်းရှိသည်ဟု သိရသည်။ ထို့အပြင် အဆိုပါဗီဇာနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများသည်လည်း မကြာခဏ ပြောင်းတတ်သည့်အတွက် ထိုအချက်ကိုလည်း နိုင်ငံတကာကျောင်းသားများ သတိထားရန်လိုအပ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုက အကြံပေးပြောကြားထားသည်။

## ပိုလီကျောင်းသားများ ဆန်တိုဆာတွင် အလုပ်သင်အဖြစ် လုပ်ကိုင်ခွင့်ရတော့မည်

သီဟ

ရန်ကုန်၊ အောက်တိုဘာ - ၂၁

စင်ကာပူရှိ ပိုလီကျောင်း ငါးကျောင်းမှ ကျောင်းသား ၇၅,၀၀၀ ခန့်သည် နောက်သုံးနှစ်အတွင်း၌ Santosa ရှိ Resort World Sentosa တွင် အလုပ်သင်အဖြစ်လုပ်ကိုင်ခွင့်ရရှိစေရန် ပိုလီကျောင်းငါးကျောင်းနှင့် Sentosa IR တို့ယခုလ ၁၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အလုပ်သင်လုပ်ကိုင်ရာ တွင်ကျောင်းသားများသည် မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လုပ်ငန်းခွင်အတွင်း လက်တွေ့ကွင်းဆင်းအလုပ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လက်တွေ့အလုပ်လုပ်ရန် သဘောတူညီလိုက်ခြင်းသည် ပိုလီကျောင်း ငါးကျောင်း၏ သင်ကြားမှုအား ပိုမိုခိုင်မာစေပြီး အထောက်အကူဖြစ်စေသည်ဟု ပညာရေးအတိုင်ပင်ခံတစ်ဦးကပြောသည်။

ယင်းအပြင် ပိုလီကျောင်းသားများအတွက် ဒုတိယနှစ်တွင် ထူးချွန်သူများအား မည်သည့်ကန့်သတ်ချုပ်ချယ်မှုမျိုးမှ မပါသည့် စင်ကာပူဒေါ်လာ ၄၀၀၀ တန် ပညာသင်ဆုများကိုလည်း ပေးအပ်သွားရန် အစီအစဉ်ရှိကြောင်းသိရသည်။

အလားတူ စင်ကာပူရှိ ပိုလီကျောင်းတစ်ခုဖြစ်သော Republic Poly နှင့် Marina Bay Sands တို့လည်း လက်တွေ့အလုပ်လုပ်နိုင်ရန် နားလည်မှုလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ နားလည်မှုလက်မှတ်များကြောင့် ပိုလီကျောင်းသားများသည် နောက်ပိုင်းတွင် ဆောက်လက်စဖြစ်သည့် Marine Life Park နှင့် Equarius Water Park တို့တွင် လက်တွေ့အလုပ်လုပ်ခွင့်ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။



# Technology

7DAY NEWS JOURNAL

Vol.9, No.32 · OCTOBER 28, 2010


## FTTH စနစ်ကို ပြည်တွင်းဝန်ဆောင်မှုပေးလုပ်ငန်းများတွင်ပါ လျှောက်ထားနိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ -၁၇**

ဖိုက်ဘာဆက်ကြောင်းဆက်သွယ်ရေးကြိုးတစ်ချောင်းတည်းဖြင့် သုံးစွဲလိုသူ၏ နေထိုင်ရာနေအိမ်အရောက် ဝန်ဆောင်မှုပေးမည့် ဖိုက်ဘာဆက်ကြောင်းစီမံကိန်း FttH စနစ်အား အဓိကဝန်ဆောင်မှုပေးနေသည့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်က အဆိုပါဝန်ဆောင်မှုအတွက် ပြည်တွင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ (Local Service Porvider)များကို ထားရှိထားပြီးဖြစ်ကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ရတနာပုံတယ်လီပို့မှ ဦးစီးလုပ်ကိုင်နေသည့် အဆိုပါဖိုက်ဘာဆက်ကြောင်း အင်တာနက်ဆက်သွယ်ရေး စနစ်အားသုံးစွဲလိုသူများအနေဖြင့် ရတနာပုံတယ်လီပို့ကုမ္ပဏီသို့ တိုက်ရိုက်လျှောက်ထားနိုင်သည့်အပြင် ယင်းကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်ခွင့်ချထားပေးသည့် ကုမ္ပဏီများနှင့်လည်း ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရှိ ပုဂ္ဂလိက နည်းပညာ ကုမ္ပဏီများထဲမှ Local Service Porvider အဖြစ်လုပ်ကိုင်လိုသည့် ကုမ္ပဏီများကို ရတနာပုံတယ်လီပို့ ကုမ္ပဏီကိုယ်စား တပ်ဆင်ဆောင်ရွက်ဝန်ဆောင်ခွင့် ချထားပေးခြင်းဖြစ်ပြီး ယခုလက်ရှိ အချိန်ထိ ရတနာပုံတယ်လီပို့ကုမ္ပဏီ၏ Local Service Provider အရေအတွက် ငါးခုခန့်အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ယင်းကဲ့သို့ ရတနာပုံတယ်လီပို့ကုမ္ပဏီ၏ FttH စနစ်အတွက် Local Service Provider အဖြစ် လုပ်ကိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီများမှာ ထူးကုမဏီပိုင် E-Lite Tech IT Services Co., Ltd၊ တာမိုးညဲချမ်းသာထွန်းဝေသာကုမ္ပဏီလီမိတက်၊ Myanmar Digital Signature (MDS) Co.,Ltd၊ Hightech Priencess Group ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော i2 Prieness နှင့် Redlink Communications တို့ ဖြစ်ကြသည်။

ADSL,WiMax စနစ်များထက် အဖက်ဖက်မှ သုံးစွဲရပိုမိုလွယ်ကူ သည်ဟုဆိုသည့် အဆိုပါ FttH စနစ်အား အင်တာနက်၊ IPTV ဟုသည့် နိုင်ငံတကာရုပ်သံလိုင်းများကို ကြည့်ရှုနိုင်မည့် စနစ်နှင့် ပြည်တွင်း၊ ပြည်ပသို့ တယ်လီဖုန်းခေါ်ဆိုနိုင်မည့် VOIP အစရှိသည့် ဝန်ဆောင်မှုသုံးမျိုးပါရှိမည်ဖြစ်သည်။

ရတနာပုံ တယ်လီပို့ကုမ္ပဏီ၏ အဆိုပါ ဖိုက်ဘာဆက်ကြောင်း ဝန် ဆောင်မှုအား အင်တာနက်၊ IPTV နှင့် VOIP စနစ်သုံးမျိုးပါဝင်မည့် Triple Play သုံးမျိုးဝန်ဆောင်မှုအတွက် ကနဦး တပ်ဆင်ခကျပ် ကိုးသိန်းနှင့် IPTV မပါဝင်သည့် စနစ်နှစ်မျိုးအတွက် ကနဦးတပ်ဆင်ခ ကျပ်ခုနှစ်သိန်းဝန်းကျင်သာ ကုန်ကျမည်ဖြစ်သည်။

## ရတနာပုံဝက်ဘ်ပေါ်တယ်လ်တွင် အွန်လိုင်းဘဏ်စနစ် ပါဝင်လာမည်

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ- ၁၇**

ပြည်တွင်း၏ အမျိုးသားအဆင့်ဝက်ဘ်ပေါ်တယ်လ်အဖြစ် ယခုလ ၁၇ ရက်နေ့တွင် နိုင်ငံတော်အဆင့်ဖွင့်လှစ်ခဲ့သည့် ရတနာပုံဝက်ဘ်ပေါ်တယ်လ်ပေါ်၌ စီးပွားရေးကဏ္ဍအနေဖြင့် ဘဏ်စနစ်များ ပါဝင်လာမည်ဖြစ်ကြောင်း ရတနာပုံတယ်လီပို့ကုမ္ပဏီ၏စီမံကိန်း မန်နေဂျာ ဦးအောင်စံမြတ်က 7Day News သို့ပြောသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီအနေဖြင့် ၎င်းတို့၏ရတနာပုံဝက်ဘ်ပေါ်တယ်ပေါ်တွင် အွန်လိုင်းစနစ်ကိုအခြေခံသည့် အွန်လိုင်းဘဏ်စနစ် Online Banking ကို ဝန်ဆောင်မှုပေးရန်အတွက် ယခုအချိန်တွင် မကြာသေးမီက စတင်ဖွင့်လှစ်ခဲ့သည့် ပုဂ္ဂလိကဘဏ်အချို့နှင့် လုပ်ငန်းဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏အခြားတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလက်ရှိ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးခြင်းမရှိသေးသည့် အဆိုပါအွန်လိုင်းဘဏ်စနစ်အား ရတနာပုံတယ်လီပို့ကုမ္ပဏီအနေဖြင့် မကြာမီအချိန်အတွင်း အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအထက်ပါတာဝန်ရှိသူကဆိုသည်။

ငွေကြေးစီးဆင်းမှုပုံစံများထဲမှ အလွယ်ကူဆုံး၊ အချိန်ကုန်အသက်သာဆုံးနှင့် အဆင့်မီဆုံးဖြစ်သည့် အဆိုပါအွန်လိုင်းဘဏ်စနစ် အမှန်တကယ်အကောင်အထည် ပေါ်လာနိုင်မည်ဆိုပါက ပြည်တွင်း၏ စီးပွားရေးစီးဆင်းမှုပုံစံများတွင် ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့နှင့် ကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောကြားသည်။

"အခုလက်ရှိ ပြည်တွင်းကဘဏ်လုပ်ငန်းတွေရဲ့အခြေအနေက အွန်လိုင်းဘဏ်စနစ်ကို ဦးတည်နေတာကို တွေ့နေရတယ်။ ဒီလိုမျိုး ဝက်ဘ်ပေါ်တယ်လ်တစ်ခုပေါ်ကနေ ဘဏ်စနစ်တွေကို အကောင်အထည်ဖော်လာနိုင်တာ တကယ်ကောင်းပါတယ်။ ဒီလိုသာ အကောင်အထည်ပေါ်လာမယ်ဆိုရင်တော့ ပြည်တွင်းရဲ့ စီးပွားရေးအခွင့်အလမ်းတွေလည်း ဒီထက်ပိုပြီးပွင့်လမ်းလာနိုင်မှာသေချာတယ်။ ပြည်တွင်းကသူတွေအတွက် တကယ်အသုံးတည့်တဲ့ စနစ်တစ်ခုဖြစ်လာမှာပါ" ဟု ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးငြိမ်းဦးက ဆိုသည်။

ရတနာပုံတယ်လီပို့ကုမ္ပဏီအနေဖြင့် ၎င်းတို့၏အမျိုးသားအဆင့်ဝက်ဘ်ပေါ်တယ်လ်ပေါ်တွင် အွန်လိုင်းဘဏ်လုပ်ငန်းများအပြင် e-Commerce၊ အိမ်၊ ခြံ၊ မြေလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သတ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အွန်လိုင်းပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများနှင့် အွန်လိုင်းမှတစ်ဆင့် တယ်လီဖုန်းဘေလ်များ ဆောင်နိုင်မည့် Online Billing

စာ(၂၂)သို့

## ရတနာပုံဝက်ဘ်ပေါ်တယ်လ်ပေါ်မှ ဆိုရှယ်ဂိမ်းများ ရယူသုံးစွဲနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၁၇**

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ စတင်ဝန်ဆောင်မှုပေးနေပြီဖြစ်သည့် ရတနာပုံဝက်ဘ်ပေါ်တယ်လ် (Yatanarpon Web portal) ပေါ်၌ ဆိုရှယ်ဂိမ်း များကို ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလ ၁၇ ရက်မှ စတင်ပြီး အများပြည်သူသို့ တရားဝင်အသိပေး လွှင့်တင်ခဲ့သော အဆိုပါ ဝက်ဘ်ပေါ်တယ်လ်ပေါ်တွင် မကြာမီအချိန် အတွင်း၌ ရယူသုံးစွဲနိုင်တော့မည့် ဂိမ်းအမျိုးအစားများမှာ အခမဲ့ရယူ သုံးစွဲနိုင်မည့် ဖလက်ရှ်ဂိမ်း(Flash Game) များနှင့် အခကြေးငွေဖြင့် ရယူသုံးစွဲနိုင်မည့်ဂိမ်းများဖြစ်ပြီး မကြာမီ အဆိုပါဂိမ်းများကိုဝန် ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်တာနက်သုံးစွဲသူ အများပြည် သူနှင့် အင်တာနက်ကို အသုံးပြုသူများ ပိုမိုတိုးတက်လာစေရန်အပြင် အဆိုပါ ဝက်ဘ်ပေါ်တယ်လ်ပေါ်မှတစ်ဆင့် ဖျော်ဖြေရေးဝန်ဆောင်မှု ပုံစံတစ်မျိုးကို ထပ်မံဝန်ဆောင်မှု ပေးလိုခြင်းကြောင့် ဂိမ်းများကစားနိုင်မည့် ဝန်ဆောင်မှုကို ပေးခြင်းဖြစ်ကြောင်း အထက်ပါ တာဝန်ရှိသူက ဆိုသည်။

စာ(၂၂)သို့



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## စာ(၂၁) - ရတနာပုံဝက်ဘ်ပေါ်တယ်လ်ပေါ်မှ ဆိုရှယ်ဂိမ်းများ ရယူသုံးစွဲနိုင်တော့မည် မှ

ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်မှ လွှင့်တင်ထားသည့် ရတနာပုံဝက်ဘ်ပေါ်တယ်လ်ပေါ်တွင် ဂိမ်းဝန်ဆောင်မှုကို ပေးလာနိုင်မည်ဆိုပါက ပြည်တွင်း၏ ပုဂ္ဂလိကဝက်ဘ်ပေါ်တယ်လ်များတွင် ပထမဆုံး ဂိမ်းဝန်ဆောင်မှုကို ပေးလာနိုင်သည့် ပေါ်တယ်လ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဆိုရင် အခုထိနိုင်ငံတကာ ဝက်ဘ်ဆိုက်တွေမှာ တင်ထားတဲ့ ဂိမ်းတွေကိုပဲ ကစားနေကြရတာလေ။ အခုလို ပြည်တွင်းကနေပြီး လွှင့်တင်လိုက်တဲ့ ဝက်ဘ်ပေါ်တယ်လ်တစ်ခုမှာ အခုလို ဂိမ်းတွေကို အခမဲ့ရော၊ အခကြေးငွေနဲ့ရော အသုံးပြုလာနိုင်မယ်ဆို အရမ်းကောင်းပါတယ်။ အသုံးလည်းပြုကြည့်ချင်ပါတယ်" ဟု အွန်လိုင်းဂိမ်းများကို အစဉ်ကစားလေ့ရှိသည့် အသက် ၂၄ နှစ်အရွယ်ရှိ ကုမ္ပဏီဝန်ထမ်း အမျိုးသားတစ်ဦးက ဆိုသည်။

အများနှင့် မသက်ဆိုင်သော ပုဂ္ဂလိကပိုင် ကုမ္ပဏီဖြစ်သည့် ရတနာပုံ တယ်လီပို့ကုမ္ပဏီအနေဖြင့် ၎င်းတို့လွှင့်တင်ထားသည့် အမျိုးသားအဆင့် ရတနာပုံ ဝက်ဘ်ပေါ်တယ်လ်ပေါ်တွင် Y-Mail ဟူသော ဂျီမေးလ်ကဲ့သို့ မေးလ်အကောင့်များကို ပြည်တွင်းအတွက်သုံးစွဲနိုင်ခြင်း၊ Y-Talk ဟူသည့် ဂျီတော့ခ်ကဲ့သို့ အွန်လိုင်းချက်တင်(Chatting)ကဏ္ဍများကိုလည်း သုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စာ(၂၁) - ရတနာပုံ ဝက်ဘ်ပေါ်တယ်လ်တွင် အွန်လိုင်းဘဏ်စနစ် ပါဝင်လာမည် မှ

စနစ်အစရှိသည့် နောက်ထပ်အွန်လိုင်းဝန်ဆောင်မှုများကိုပါ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်ဟု သိရသည်။

ယခုလတ်တလောတွင် အဆိုပါဝက်ဘ်ပေါ်တယ်လ်ပေါ်တွင် AFP, Xinhua, Reuters အစရှိသည့် နိုင်ငံတကာသတင်းဌာနများမှသတင်းများကိုဝယ်ယူပြီး၊ Content Provider အနေဖြင့် ပြည်တွင်း ရှိဂျာနယ်တိုက်များနှင့် ပူးပေါင်းပြီး သတင်းတင်ဆက်မှုများရှိနေကြောင်း သိရသည်။







7Day News Journal
Vol.9, No.32 · OCTOBER 28, 2010

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) Processor | 72,500 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 106,000 |
| Intel P4 Core 2 Quad 2.66 GHz (Q9400) (775)Processor | 183,200 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 101,400 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 272,500 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 58,600 |
| MSI G41 TM-P33 (775) Motherboard | 55,800 |
| MSI P43- C51 (775) Motherboard | 73,500 |
| MSI P55A-GD65 (1156) Motherboard | 170,200 |
| ASUS P7H55D-USB3 (775) Motherboard | 112,500 |
| ASUS P7P55-LX (1156) Motherboard | 107,900 |
| ASUS P5P41T-LE (775) Motherboard | 77,200 |
| ASUS P5G41T-MLX (775) Motherboard | 58,600 |
| Gigabyte H57M-USB3 (1156) Motherboard | 129,300 |
| Gigabyte H55M-USB3 (1156) Motherboard | 120,000 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 22,300 |
| 2 GB DDR2 (800) Kingston Memory | 39,000 |
| 2 GB DDR3 (1333) Kingston Memory | 35,300 |
| **Harddisk** | |
| 500 GB Seagate SATA | 40,900 |
| 1TB Seagate SATA | 63,200 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 90,200 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 78,100 |
| MSI R5750-PM-2D 1GB PCI Express Card | 146,000 |
| ASUS EAH 5450 1GB PCI Express Card | 64,200 |
| ASUS ENGT 210 1GB PCI Express Card | 67,000 |
| ASUS EAH 4350 512 MB PCI Express Card | 41,900 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 134,900 |
| Gigabyte Geforce 220OC 1GI 1GB PCI Express Card | 84,600 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 102,300 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 8,000 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick Toshiba 8GB | 17,000 |
| Memory Stick Toshiba 16GB | 31,500 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Sony 4GB | 14,500 |
| Memory Stick Trandscend 8GB | 19,500 |
| Memory Stick Apacer 4GB | 13,000 |
| Memory Stick SanDick 2GB | 8,500 |
| **UPS** | |
| SVC (600VA) | 28,400 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 29,800 |
| STAR (650 VA) LCD Display | 35,300 |
| Orient (650 VA) | 35,300 |
| Orient (1.2KVA) | 61,400 |
| **DVD Writer** | |
| Sony (SATA) | 27,900 |
| ASUS (SATA) | 30,700 |
| **အိတ်ဆောင်တီဗီငှကအဘီတန်** | 150,000 |

Technoland ဆိုင်မှ စက်တင်ဘာ (၂၄) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0″ | 427,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3″ | 980,000 |
| **Asus** | |
| Intel Core i5 2.67Ghz 4GB DDR3,500 GB HDD,14.0″ | 1,114,000 |
| **HP** | |
| Intel Corei3 2.13Ghz 3GB DDR3,250GB HDD,14.0″ | 700,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 303,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 573,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (Insee) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၇ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၆၈ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၄,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၄၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၁)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၃,၀၀၀-၁၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၃၀-၆၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၇၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ(၂၃) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၇၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၆၈၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁၃၀၀-၂,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၀၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၂,၃၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

အောက်တိုဘာ(၂၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၅ | လ | ၁၅၅ |
| စူဇူကီး ဝက်ဂွန် $R^+$ | - | ၁၀ | ၂၄၀ |
| စူဇူကီး ဝက်ဂွန် $R^+$ | | စတိနီညို | ၃၀၀ |
| စူဇူကီး$R^-$ (2 Way) | - | စတိ | ၁၄၀ |
| ဟိုင်းလပ်ဆစ် | ၉၇ | ၄၈ | ၁,၀၀၀ |
| စူပါဆလွန်း | ၉၀ | ၄၀ | ၃၆၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၇/၉၉ ဓာတ်ဆီ၊ ဒီဇယ် | ၄၀ | ၇၀၀ |
| ရွှေငါး | ၂၀၀၂ | ၄၀ | ၇၅၀-၉၀၀ |
| | ၂၀၀၄ | ၄၀ | ၁,၀၀၀ စွန်းစွန်း |
| တိုယိုတာလီမိတက် | ၉၀ | ၄၀ | ၄၀၀ |
| ပါဂျဲရို | ၉၇ (ရိုးရိုး) | ၄၀ | ၈၀၀ |

အောက်တိုဘာ(၂၃)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Oct(17) | Oct (18) | Oct(19) | Oct(20) | Oct(21) | Oct(22) | Oct(23) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |
| Octane ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |
| Premier ဒီဇယ် | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ | ၃,၁၀၀ |

ပုံပြင်ကြိုက်တတ်သည့် ကလေးဘဝအရွယ်တွင် ပုံပြောကောင်းသည့် လူကြီးများသည် ကလေးများ၏ အချစ်တော်ဖြစ်ခဲ့ပါသည်။ ကျွန်မငယ်စဉ်တုန်းကတော့ အမေ့ဘက်မှ ကြီးတော်တစ်ယောက်သည် ပုံပြောကောင်းသူတစ်ယောက်ဖြစ်ပါသည်။ ပုံပြင်ဆိုသည်မှာလည်း ယုတ္တိရှိဖို့ထက် ကလေးများအတွက် နားထောင်ကောင်းဖို့သာ လိုအပ်ပါသည်။ သို့သော်လည်း ထိုပုံပြင်များထဲမှ အတုယူစရာ၊ သင်တန်းစာယူစရာများ ရှိလာတတ်ပါသည်။ ထို့ကြောင့် ပုံပြောသူတို့သည် ကလေးများအတွက် ဗဟုသုတရှိမည့် ပုံပြင်များ၊ ရဲစွမ်းသတ္တိရှိမည့် ပုံပြင်များနှင့် စိတ်နှလုံးကောင်းရှိမည့် ပုံပြင်များကို ရွေးပြောလေ့ရှိပါသည်။



# ရပ်နေတော့မှာလား

ခင်သန္တာ

တကယ်တော့ ပုံပြင်ကို လူကြီးများလည်း ကြိုက်နှစ်သက်ကြပါသည်။ ကျွန်မတို့ငယ်စဉ်ကစနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်နေ့လယ်ဘက်တွင် ရေဒီယိုမှ ပုံပြင်အစီအစဉ်များ ထုတ်လွှင့်ပေးလေ့ရှိပါသည်။ ထိုအခါ ကျွန်မတို့နှင့်အတူ အဖေ၊ အမေတို့လည်း လိုက်နားထောင်တတ်တာ တွေ့ခဲ့ရပါသည်။ ပုံပြင်ဆိုသည်မှာ စာပေ၏အစဟု ကျွန်မထင်ပါသည်။ ကမ္ဘာဦး လူသားများက သူတို့တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကိုစာရေးပြီး မှတ်တမ်း မတင်နိုင်သေးခင်အချိန်က နောင်လာနောင်သားများအတွက် အချင်းချင်း နှုတ်ဖြင့်လက်ဆင့်ကမ်းခဲ့ကြရာမှပုံပြင်ပေါ်ပေါက်လာခြင်းဖြစ်မည်ဟု ကျွန်မ တွေးဆကြည့်မိပါသည်။

သစ်ရွက်အရောင်နှင့်တူသည့်ကျေးငှက်ကို အရွက်နှင့်တူသည့်အတွက် "ရွက်တူကျေး" ဟု ခေါ်ရာမှ ကာလရွေ့လျားလာသောအခါ ကြက်တူရွေးဖြစ်သွားကြောင်း၊ ဟိုးယခင်တုန်းက တိရစ္ဆာန်များက စကားပြောတတ်ပြီး ငှက်များက စားသုံး၍ရသည်ဟု ပြောသွားသည့် အသီးဖြစ်သောကြောင့် ငှက်ပျောသီးဖြစ်လာကြောင်း၊ အလွန်ချိုမြိန်အရသာရှိသည့် အသီးကို တောထဲမှမုဆိုးများကတွေ့လာပြီး ရှင်ဘုရင်ကြီးကို ဆက်သကြည့်ရာ ကြိုက်နှစ်သက်သောကြောင့် အလွယ်တကူမျိုးတုံးမသွားစေရန်အတွက် မည်သူတစ်ဦးတစ်ယောက်ကမှထိုအသီးကို မခူးဆွတ်ရ၊ ခူးဆွတ်မိပါက ကွပ်မျက်စေဟု မင်းက အမိန့်ပေးခဲ့သည့် အသီးဖြစ်သော ကြောင့် မင်းကွပ်သီး။ ထိုမှ ကာလ ရွေ့လျားလာသည့်အခါ မင်းကွတ်သီး ဖြစ်သွားကြောင်း ကြီးတော်၏ ပုံပြင်များထဲမှ သိခဲ့ရပါသည်။

စာဖတ်တတ်သည့် အရွယ်သို့ ရောက်လာသောအခါတွင်လည်း အရင်ဦးဆုံးစဖတ်မိသည့် စာအုပ်သည် ပုံပြင်စာအုပ်များဖြစ်ပါသည်။ ရှင်ဘုရင်ကြီးတစ်ပါးသည် ရေဖျဉ်းစွဲပြီး ဗိုက်ကြီးပူနေရာ နန်းတွင်းသမားတော်များ၏ ဆေးဝါးများနှင့် မပျောက်ကင်းနိုင်ဘဲရှိနေသောကြောင့်ပျောက်ကင်းအောင် ကုသနိုင်သူကို ဆုငွေချီးမြှင့်မည်ဟု ကြေညာမောင်းခတ်လေသည်။ ထိုအခါ အရပ်ထဲမှ ဆေးဆရာတစ်ဦးက အရွက်များကို စားသုံးကြည့်ရန် ဆက်သခဲ့ရာ ဘုရင်ကြီး၏ ရေဖျဉ်းရောဂါပျောက်သွားကြောင့် ဖျဉ်းတော်သိမ်အရွက်ဟု အမည်ပေးမှည့်ခေါ်ခဲ့ရာမှ ပျဉ်းတော်သိမ်အရွက်ဖြစ်လာကြောင်း ဖတ်ခဲ့ရပါသည်။

ရှေးလူများ လက်ဆင့်ကမ်းပြောခဲ့သည့် စကားများကို ပုံပြင်မှတစ်ဆင့် မှတ်သားခဲ့ကြပြီး၊ ပုံပြင်မှသည် စာပေအဖြစ်သို့ ပြောင်းလဲမှတ်တမ်းတင်သည့်အခါလူတို့၏ အတွေးအခေါ် အယူအဆများသည် တိုးတက်ပြောင်းလဲပြီးဖြစ်သောကြောင့် စကားလုံးအသစ်များ၊ အတွေးအခေါ်အသစ်များ ပေါ်ထွက်လာပါသည်။ အတွေးအခေါ်အသစ်၊ စကားလုံးအသစ်များ ပေါ်ပေါက်လာအောင် စတင်ဖန်တီးခဲ့သူကိုလည်း စွန့်ဦးတီထွင်သူ စာရင်းထဲတွင် ထည့်သွင်းသင့်ပါသည်။ 'စာပေ စွန့်ဦးတီထွင်'သူဟု ခေါ်ဆိုသင့်ပါသည်။ ထိုစကားလုံး၊ ထိုအတွေးအခေါ်များကို နောင်လာနောင်သားတို့က ယူငင်သုံးစွဲကြသည့်အခါ ထိုစကားလုံး အတွေးအခေါ်များကို ဖန်တီးခဲ့သူ၏ အမည်နာမကိုတော့ ပြန်လည်ဖော်ပြသင့်သည်ဟု ကျွန်မထင်ပါသည်။

ထိုအတွေးအခေါ်များကို အခြေခံ၍ မိမိအတွေးအခေါ် အယူအဆများကို ဆင့်ပွားဖန်တီးကြပြန်သည်။ မိမိစတင်ဖန်တီးခဲ့တာမဟုတ်သည့် ဆိုရိုးစကား၊ အဆိုအမိန့်၊ အနုပညာ အတွေးအခေါ်များကို မိမိစကားအဖြစ် မိမိပြောသယောင် လုပ်၍မရပါ။ ပြောခဲ့၊ရေးခဲ့သည့်သူကို မသိစေဦးတော့ ကြားသိခဲ့ရပါသည်။ မှတ်သားခဲ့ဖူးပါသည်ဆိုသည့် အသုံးအနှုန်းလေးတော့ ဖော်ပြသင့်သည်။ မိမိ အတွေးအခေါ်ဖြင့်ပြောသည့်စာသားမဟုတ်ဘဲ သုံးစွဲမိလျှင် အသုံးအစွဲခံ မူလပညာရှင်သည် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အလေးပေးဖော်ပြရပါမည်။ ဤသည်မှာ အနုပညာရှင်တို့၏ တန်ဖိုးဖြစ်ပါသည်။

စာဖတ်သူ သို့မဟုတ် အနုပညာပရိသတ်မသိလောက်ပါဘူးဟု လျှော့မတွက်သင့်ပါ။ မိမိကူးယူသုံးစွဲလိုက်သည့် အသုံးအနှုန်းကို ပရိသတ်အများအပြားထဲမှ ဖတ်ထားကြည့်၊ မှတ်သားမိသည့်သူများပါနေလျှင် မိမိမှာ အမှန်တကယ်ရှိနေသည့် မိမိ၏ အနုပညာကိုပါ အထင်သေးသွားနိုင်ပါသည်။ မည်သည့် အတတ်ပညာတွင်မဆို 'စု၊ တု၊ ပြု'ဆိုသည့် စကားရှိပါသည်။ ရှေးယခင်ရှိခဲ့သည့်အသိပညာများကို စုဆောင်းသိမ်းဆည်းရမည်။ ထို့နောက် တုပရမည်၊ ပြီးလျှင် မိမိ၏ အရည်အချင်းအသစ်ထုတ်ကာ ပြုစုပျိုးထောင်ရပါမည်။ တီထွင်ဆန်းသစ်မှုများ များပြားလာပါသည်ဆိုသည့်သည်နေ့ခေတ်ထဲတွင် စုပြီးရင်းစု၍ တုပလို့လည်း မပြီးနိုင်သေးပါ။ 'ပြု'အဆင့်သို့ ရောက်မလာနိုင်တော့။

'စု' ရ 'တု' ရသည်မှာ များလာသော် စုပြီးသား၊ တုပြီးသားများကို မိမိကိုယ်ပိုင်အရည်အချင်းဟုထင်လာပါတော့သည်။ သူတစ်ပါးအယူအဆကို မိမိအယူအဆ၊ သူတစ်ပါး အတွေးအခေါ်ကိုလည်း မိမိပိုင်ဟု ထင်မြင်လာမိတော့သည်။အဟောင်းများကို ပြန်လည် ဆန်းသစ်ခြင်းဟုလို့တော့ သုံးနိုင်ပါလိမ့်မည်။ မသိသေးလျှင် အသစ်ပဲဟု ငါ့စကားနွားရတော့ပြောလို့ ဖြစ်ပါသည်။ သို့သော်လည်း မိမိတကယ်တီထွင်လိုက်သည့် အနုပညာတော့ ဖြစ်မလာနိုင်ပါ။ ဘယ်သူသိသိ မသိသိ မိမိကိုယ်ကိုတော့ အသိဆုံးဖြစ်ပါလိမ့်မည်။ မိမိကိုယ်မိမိ လိပ်ပြာအလုံခြုံဆုံး အချိန်သည် အနုပညာအမြင့်ဆုံးဖန်တီးနိုင်ချိန်ဖြစ်သည်ဟု ကျွန်မထင်ပါသည်။ ကျွန်မ၏အထင်သက်သက်လည်း ဖြစ်ချင်ဖြစ်နေပါမည်။

အင်တာနက်၊ အီးမေးလ်ကွန်ရက်များ လွှမ်းထိုးနေသည့်ခေတ်ထဲတွင် ဘယ်အရာကိုမှ ကြာကြာ ဖုံးထားဖို့မဖြစ်နိုင်ပါ။ အင်တာနက် စာမျက်နှာထဲတွင်လည်း တုစုထားသည့် စာရေးဆရာများ တော်တော်များရှိနေပါသည်။

လွန်ခဲ့သည့်လများက Facebook အသုံးပြုသူ တစ်ဦးသည် ဂျာနယ်တစ်ခုမှ ဖော်ပြပါရှိပြီးသည့် ကျွန်မ၏ နိုင်ငံရေးဆောင်းပါးတစ်ပုဒ်မှ စာသားအချို့ကို စာရေးသူက သူ့အတွေး၊ သူ့အရေးလိုလုပ်ပြီး ဖော်ပြထားပါသည်။ ကျွန်မဆောင်းပါးကို ဖတ်ဖူးသည့် ကျွန်မ၏သင်တန်းသူတစ်ယောက်ကတွေ့ရှိပြီး ဆောင်းပါးခေါင်းစဉ်နှင့်တကွ ဖော်ပြပါရှိပြီးသည့် ဂျာနယ်အမည်ကိုပါ ကျွန်မကိုယ်စားထောက်ပြ ဝေဖန်လိုက်တော့မှ ဆက်မရေးတော့ဘဲ ရပ်သွားခဲ့ပါသည်။ ကျွန်မတို့သည် ငယ်စဉ်က ပုံပြင်များကို ကြိုက်နှစ်သက်ခဲ့ပါသည်။

ပုံပြင်ကြိုက်သည့် အရွယ်လွန်လာသောအခါ စာဖတ်ခြင်းအလုပ်ကို မွေ့လျော်ခဲ့ကြပါသည်။ လူ့လောကကြီးမှ စတင်သင်ယူခြင်း ဖြစ်ပါသည်။ ထို့မှတစ်ဖန် ကျွန်မတို့က ပြန်လည်ပို့ချရမည့်အချိန်ဆိုတာကို ရောက်ရှိလာပါမည်။ လူ့လောကကို ပြန်လည်သင်ကြားပေးခြင်း ဖြစ်ပါသည်။ ပုံပြင်နားထောင်ရမည့် အရွယ်ကို လွန်လာပါလျက် ပုံပြင်ထဲမှာပင် ဆက်မွေ့လျော်နေဖို့ မဖြစ်နိုင်ပါ။ သင်ယူပြီးလျှင် ပြန်လည်ပို့ချပေးရပါမည်။ ထိုသို့ မဟုတ်လျှင် ကျွန်မတို့သည် ပုံပြင်တွေထဲမှာပဲ ရပ်နေကြတော့မည်လား။ ။

## ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ ဒီဇင်ဘာ ၂၇ ရက်တွင် ပြန်ဖွင့်မည်

**ညီညီဝင်း**
**နေပြည်တော်၊အောက်တိုဘာ-၁၇**

ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဆေးပညာရပ်ဆိုင်ရာ သင်တန်းများကို ဒီဇင်ဘာ ၂၇ရက်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ဆေးသိပ္ပံပညာဦးစီးဌာန အောက်တွင်ရှိသော ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့်သင်တန်းများမှာ ဆေးရုံအုပ်ချုပ်မှုပညာ ဒီပလိုမာဘွဲ့လွန်သင်တန်း၊ ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း၊ သူနာပြုမဟာသိပ္ပံဘွဲ့လွန်သင်တန်းနှင့်ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများဖြစ်ကြောင်း ယင်းထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။ အဆိုပါသင်တန်းများတွင် သင်ကြားပို့ချမည့်ပညာရပ်များမှာ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)၊ ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ)၊ ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ)၊ ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာ)၊ ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ)၊ ဆေးပညာ မဟာသိပ္ပံ(ဓာတ်မှန်ပညာ)၊ ဆေးပညာ မဟာသိပ္ပံ(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးပညာ)၊ ဆေးပညာ မဟာသိပ္ပံ(စိတ်ကျန်းမာရေးပညာ)၊ ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာပညာ)၊ ဆေးပညာ မဟာသိပ္ပံ (အရေပြားရောဂါပညာ)၊ ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါပညာ)၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံများဖြစ်ကြောင်း သိရှိရသည်။ ထိုသင်တန်းများကို တက်ရောက်ရန်အတွက် သင်တန်းကြေးများကို ဒီဇင်ဘာ ၂၃ ရက်တွင် ပေးသွင်းမှတ်ပုံတင်ရမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်များအရ သိရသည်။

## တရုတ်ဝယ်လက်ကြောင့် တောရှောက်မြစ်များဈေးကောင်းရ

**ဆန်းညွန့်**
**အမ်း၊ အောက်တိုဘာ- ၁၈**

စေတုတ္တရာ၊ အမ်းမြို့နယ်မှ တောရှောက်မြစ်များကို မန္တလေးကုန်သည်များက မူဆယ်သို့တင်ပို့နေသည့်အတွက် အရောင်းအဝယ်လိုက်နေပြီး အလေ့ကျပေါက်ရောက်သည့် အပင်တစ်မျိုးဖြစ်ခြင်းကြောင့် ရှာဖွေရောင်းချသူများ ဝင်ငွေကောင်းနေကြကြောင်း သိရသည်။

တောရှောက်မြစ်ကို ဒေသအတွင်း၌ ဒဏ်ရာအမျိုးမျိုးအတွက် လိမ်းဆေးအဖြစ် ရောင်းချကြပြီး လက်ကားရောင်းဝယ်ကြသကဲ့သို့ ဆေးနည်းအဖြစ် အသုံးပြုကြောင်းသိရသည်။

လက်ရှိဈေးကွက်တွင် တောရှောက်မြစ် တစ်ပိဿာလျှင် ၇၀၀ ကျပ်မှ ၁,၂၀၀ ကျပ်ဝန်းကျင်ပေါက်ဈေးရှိကြောင်း ရောင်းချသူများထံမှ သိရသည်။ တောရှောက်မြစ်ကို သဲနှင့်ရွှံ့နွံများ ပြောင်အောင် ဆေး၍ ခြောက်သွေ့အောင်ပြုလုပ်ပြီးမှ ရောင်းချကြသည်။

7 DAY NEWS JOURNAL

# Current Affairs

Vol.9, No.32 · OCTOBER 28, 2010

## ဂီရိမုန်တိုင်းသင့်သူများ အရေးပေါ်အကူအညီလိုအပ်

**ရခိုင်ကမ်းရိုးတန်းဒေသသို့ ဂီရိမုန်တိုင်း ဖြတ်သန်းတိုက်ခတ်စဉ် ကျောက်ဖြူမြို့နယ်နှင့်မြေပုံမြို့နယ်တို့တွင် မုန်တိုင်းဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရပြီး ထိုဒေသများမှဒေသခံများမှာအကူအညီများအရေးပေါ်လိုအပ်လျက်ရှိသည်**

မြင့်မြတ်ဖြူ

ကျောက်ဖြူ - အောက်တိုဘာ၂၄

မုန်တိုင်းသတ်မှတ်ချက်အနီရောင်အဆင့်ရှိသည့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဂီရိဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် မုန်တိုင်းဒဏ်အပြင်းဆုံးခံခဲ့ရသော ကျောက်ဖြူမြို့နယ်အတွင်းကျေးရွာများမှ ဒေသခံများသည်ကျောက်ဖြူမြို့သို့လာရောက်ကာ အကူအညီများတောင်းခဲ့ကြသည်။



ဂီရိမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ကားလမ်းအား တွေ့ရစဉ်။
ဓာတ်ပုံ-မြင့်မြတ်ဖြူ

“ကျွန်တော်တို့ရွာမှာမနေ့က တစ်ညလုံးတိုက်(မုန်တိုင်းတိုက်)တာ အိမ်ခြေ၈၀၀လောက်ရှိတာကို ၇၀၀ ကျော်လောက်ပျက်စီးသွားတယ်။ ရွာဘုန်းတော်ကြီးကျောင်းရောစာသင်ကျောင်းပါပျက်စီးတယ်။ ကျွန်တော်တို့ အခုအကူအညီအရေးပေါ်လိုအပ်လို့မြို့ပေါ်ကိုလာပြီး အကူအညီတောင်းရတာပါ”ဟု ကျောက်ဖြူမြို့နယ်၊လိပ်ခမော်ကျေးရွာ အုပ်စု မလှကျွန်းကျေးရွာမှ ဦးထွန်းအောင်ကျော်ကပြောသည်။

အောက်တိုဘာ၂၃ရက်နေ့ညနေတွင်မြေပုံမြို့နယ်ပြင်ဝန်းကျေးရွာနှင့် ကျွန်းသာယာကျေးရွာတို့တွင် မုန်တိုင်းဒဏ်ကိုဆိုးရွားစွာခံခဲ့ရပြီး လူပျောက်ဆုံးမှုများရှိကြောင်းဒေသခံတစ်ဦးက ပြောသည်။

ဆက်လက်ရရှိသောသတင်းများအရ ပြင်ဝန်းကျေးရွာတွင် ပျောက်ဆုံးသွားသောလူများမှ အလောင်းများကို ပြန်လည်တွေ့ရှိခဲ့ပြီး ကျန်လူများကိုရှာဖွေလျက်ရှိကြောင်း ကျောက်ဖြူမြို့သို့ ရောက်လာသော ဒေသခံရွာသားများထံမှသိရသည်။

မြေပုံမြို့နယ်ရေဂေါင်းချိန်ကျေးရွာမှ ဒေသခံတစ်ဦးကမူ “ကျွန်မတို့ရွာမှာတော့ အိမ်ခြေတော်တော်လေး ပျက်စီးခဲ့တယ်။ လူလေးယောက် ပျောက်သွားပေမယ့် ညနေပိုင်းမှာတော့ ပြန်တွေ့ပါတယ်”ဟုပြောကြားသည်။

မုန်တိုင်းဒဏ်ခံခဲ့ရပြီးတစ်ရက်အကြာတွင် ကျောက်ဖြူမြို့ပေါ်တွင်လည်း လူငယ်များပူးပေါင်းကာ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အလှူငွေများ ကောက်ခံလျက်ရှိပြီးမုန်တိုင်းသင့်သူများကိုလည်း ကူညီလျက်ရှိကြောင်း ကျောက်ဖြူမြို့သာသနာ့ဗိမာန်တွင် အလှူငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်ရန်အလှူခံဌာနဖွင့်ထားကြောင်းသိရသည်။ ကျောက်ဖြူသာသနာ့ဗိမာန်တွင် ယနေ့ (အောက်တိုဘာ၂၄ရက်) ညနေ၄နာရီအထိ ငွေသိန်း၁၀၀ ကျော်ရရှိပြီး ကျောက်ဖြူမြို့တွင်လည်း ကယ်ဆယ်ရေးစခန်း၇ခုဖွင့်လှစ်ထားကြောင်း၊ မုန်တိုင်းသင့်သူလေးထောင်ကျော်ကိုကူညီကယ်ဆယ်ထားကြောင်း သိရသည်။

ကျောက်ဖြူမြို့ဘောလုံးကွင်းတွင် ရွက်ဖျင်တဲများဖြင့်မုန်တိုင်းသင့်သူများကို ကူညီကယ်ဆယ်ထားသည်။

ကျောက်ဖြူမြို့သို့ ပြည်ထဲရေး ဒုဝန်ကြီး၊ ပြန်ကြားရေးမှ ဝန်ကြီးဦးကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ အောက်တိုဘာလ ၂၃ရက်တွင် ရောက်ရှိခဲ့သည်။

ဂီရိမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်တွင်ကျပ်သိန်းပေါင်း ၁၀၂သိန်းကျော်ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။လူအသေအပျောက်နှင့် ပတ်သက်၍ တရားဝင်သတင်းထုတ်ပြန်ထားခြင်းမရှိပေ။ သို့သော် မုန်တိုင်းကယ်ဆယ်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ၏ အစည်းအဝေးတွင် ကျွန်းသာယာ၌ နှစ်ဦး၊ မြေပုံ၊မင်းပြားတွင် သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

## အိမ်ထောင်စု ၅၀၀၀ စာ အခြေခံစားသောက်ကုန်နှင့် ဆန်အိတ်များထောက်ပံ့မည်

အိဖြူမွန်

ရန်ကုန်၊
အောက်တိုဘာ - ၂၅

မြန်မာအင်န်ဂျီအို အရေးပေါ်စီမံချက်မှ ဂီရိမုန်တိုင်း တိုက်ခတ်ခဲ့သော ရခိုင်ပြည်နယ်နှင့် ဒေသခံများအတွက် အိမ်ထောင်စုငါးထောင်စာ အခြေခံအစားအသောက်များနှင့် ဆန်အိတ် ၅၀၀ ထောက်ပံ့မည်ဖြစ်ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းမုန်တိုင်းသင့် ဒေသများအား အရေးပေါ်ကယ်ဆယ်ရေးပြုလုပ်ရန်အတွက် အောက်တိုဘာ ၂၄ရက်တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာနနှင့် မြန်မာပြည်တွင်းရှိ လူမှုရေးအဖွဲ့အစည်းများ အစည်းအဝေးပြုလုပ်ခဲ့သည်။

ယင်းအစီအစဉ်အရ တောင်ကုတ်မှ ကျောက်ဖြူသို့ အိမ်ထောင်စုငါးထောင်အတွက် အခြေခံစားသောက်ကုန်ဖြစ်သော ဆီ၊ ဆား၊ ပဲ၊ အာလူးနှင့် ဆန်အိတ်ငါးရာ ယနေ့ညနေ ၅နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

ယင်းမြန်မာ အင်န်ဂျီအိုအရေးပေါ်စီမံချက်မှ အရေးပေါ်ကယ်ဆယ်ရေးအပြင် ပြန်လည်ထူထောင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ သတ်မှတ်ထားသော အိမ်တစ်အိမ်လျှင် ကျပ်ဆယ်သိန်းထက် မပိုသောနှုန်းဖြင့် ဆောက်ပေးရန် စီစဉ်ပေးနေကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကျွန်းသာယာတွင် ၂ ဦး၊ မင်းပြား၊ မြေပုံတွင် ၃ ဦးသေဆုံးခဲ့ကြောင်း သိရသည်။ စစ်တွေမြို့၏ လူမှုရေးအဖွဲ့အစည်းများ၏ ပြောကြားချက်အရ မြေပုံမြို့တွင် လူ ၁၀ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ကျောက်ဖြူမြို့တွင် အရေးပေါ်ကယ်ဆယ်ရေးများပြုလုပ်ရန်အတွက် သာသနာ့ဗိမာန်အဖွဲ့မှ အလှူငွေများကောက်ခံနေပြီး ဆန်အိတ် ၅၀ ထောက်ပံ့ခဲ့ကြောင်း၊ ကျောက်ဖြူမြို့တွင် ကျန်းမာရေးပြဿနာများ မကြုံစေရန် water guard များ ပေးဝေနေကြောင်း၊ အလှူရှင်များ ကယ်ဆယ်ရေးအတွက် လှူဒါန်းလိုပါက ဖုန်း ၀၉ ၈၅၁၀၆၆၀ ဒေါက်တာ ထွန်းမြင့်ထံသို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

ယခုလက်ရှိ ကျောက်ဖြူမြို့ပေါ်ဘောလုံးကွင်းတွင် ယာယီ ရွက်ဖျင်တဲ ၂၀၀ရှိပြီး ကယ်ဆယ်ရေးစခန်း ခုနစ်ခု ဖွင့်လှစ်ထားကြောင်း စခန်းတစ်ခုတွင် အနည်းဆုံး ဒုက္ခသည် ၁၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

## လေယာဉ်ခရီးစဉ်အချို့ရပ်နားထားခြင်းကြောင့် ငပလီရောက် နိုင်ငံခြားသားဧည့်သည်များ ပြန်ထွက်ရန်အခက်ကြုံ

အိဖြူလွင်

**ရန်ကုန်၊ အောက်တိုဘာ-၂၃**

ရခိုင်ပြည်နယ်တွင်းသို့ ယခုလ ၂၂ ရက်နေ့လယ်မှစ၍ ဖြတ်ကျော်ဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိကြောင့် လေယာဉ်ခရီးစဉ်အချို့ရပ်နားထားခဲ့ရပြီး ငပလီကမ်းခြေတွင် ရောက်ရှိနေသော နိုင်ငံခြားသားများ ပြန်လည်ထွက်ခွာရန် နှောင့်နှေးခဲ့သည်ဟု ငပလီရှိဟိုတယ်များမှ သိရသည်။

ရန်ကုန်-သံတွဲနှင့် ရန်ကုန်-စစ်တွေ လေယာဉ်ခရီးစဉ်များကို ရာသီဥတုအခြေအနေကြောင့် ရပ်နားထားခဲ့ရာ ၂၂ ရက်နှင့် ၂၃ ရက်တွင် ငပလီမှ ပြန်လည်ထွက်ခွာမည့် ခရီးသည်များ ပိတ်မိနေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ငပလီရှိ Amazing ဟိုတယ် Adventure Tour အစီအစဉ်ဖြင့် ရောက်ရှိနေသော ခရီးသည် ၆၆ ဦးမှာ ရန်ကုန်အဲဝေးစင်းလုံးငှားလေယာဉ်ဖြင့် ပြန်ရန်ဖြစ်သော်လည်း လေယာဉ်ခရီးစဉ်အားလုံးသည် ၂၂ရက်တွင် ရပ်နားခဲ့ရပြီး ၂၃ ရက်တွင်လည်း အဲမန္တလေးနှင့် ရန်ကုန်အဲဝေးခရီးစဉ်များမှာ မပျံသန်းနိုင်သေးသောကြောင့် အဆိုပါခရီးသည်များမှာ ပိတ်မိနေခြင်းဖြစ်သည်ဟု Yangon Airway ငပလီလေယာဉ်လက်မှတ် ကိုယ်စားလှယ်ရုံးမှ သိရသည်။

အချို့နိုင်ငံခြားသား ဧည့်သည်များမှာ ကျန်ခရီးစဉ်များလွဲကုန်မည်စိုးသဖြင့် ရန်ကုန်သို့ ကားဖြင့်ပင်ပြန်ကြကြောင်း ဟိုတယ်များကပြောကြားသည်။

“ဒီမှာရှိနေတဲ့ သူတွေကတော့ သူတို့ဟိုဘက်မှာ စီစဉ်ထားတဲ့ခရီးစဉ်တွေ လွဲကုန်မှာစိုးလို့ ကားငှားပြီးပြန်ကြတယ်။ အခုရောက်သွားကြပြီလားမသိဘူး။ သူတို့က တစ်ရက်နောက်ကျရင် ခရီးစဉ်တွေ အားလုံးလွဲကုန်မှာဆိုတော့ မစောင့်နိုင်ကြဘူး” ဟု Memento Resort မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အောက်တိုဘာ ၂၄ ရက်တွင်မူ ရန်ကုန်အဲဝေးရန်ကုန်-သံတွဲ ခရီးစဉ်ကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲမည်ဟု သိရသည်။

အဲပုဂံ၏ ရန်ကုန်-သံတွဲ ခရီးစဉ်ကိုမူ အောက်တိုဘာ ၂၃ ရက်တွင်ပင်ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။ ငပလီကမ်းခြေသည် မုန်တိုင်းဒဏ်ခံရသော ဒေသများထဲတွင်မပါခဲ့သော်လည်း မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် လေယာဉ်များ မပျံသန်းနိုင်ခဲ့ခြင်းဖြစ်သည်ဟု ငပလီရှိဒေသခံများက ပြောကြားသည်။

## ဆိုင်ကလုန်းမုန်တိုင်းဂီရိတိုက်ခတ်ခဲ့သော်လည်း ရခိုင်ပြည်နယ်တွင် မူလအတိုင်း ရွေးကောက်ပွဲကျင်းပမည်

အိဖြူလွင်

ရန်ကုန်၊ အောက်တိုဘာ - ၂၃

**ရခိုင်ပြည်နယ်မြောက်ပိုင်း ဒေသများတွင် အင်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဂီရိတိုက်ခတ်၍ပျက်စီးမှုများရှိခဲ့သော်လည်း နို၀င်ဘာ ၇ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မူလအတိုင်း ပြုလုပ်မည်ဖြစ်သည်ဟု ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူးက 7Day News သို့ပြောကြားသည်။**

ယခုလ ၂၂ရက် နေ့လယ်မှစ၍ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂီရိကြောင့် မာန်အောင်မြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းပြားမြို့နယ်၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် စစ်တွေမြို့နယ်တို့တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

“ဒီနေ့မနက်မှာ စစ်တွေမှာ ရာသီဥတုကောင်းသွားပါပြီ။ အများကြီးပျက်စီးတာမျိုးမရှိပါဘူး။ ရွေးကောက်ပွဲအတွက် လုပ်ငန်းတွေကိုလည်း ပုံမှန်အတိုင်း ဆက်လုပ်နေပါတယ်” ဟု ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူးက ပြောကြားသည်။

ဒေသခံများသည် မုန်တိုင်းနှင့် ရင်ဆိုင်နေကျဖြစ်၍ အတွေ့အကြုံရှိခြင်း၊ နိုင်ငံတော်နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများမှကြိုတင်အသိပေးနိုင်ခဲ့ခြင်းတို့ကြောင့် အိမ်အမိုးလန်ခြင်းကဲ့သို့ ပျက်စီးမှုအချို့သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

“အခုလူတွေအားလုံးကိုယ့်နေရာကိုယ် ပြန်ရောက်နေကြပါပြီ။ နေအိမ်ကနေ အန္တရာယ်ရှိနိုင်တယ်လို့ မျှော်လင့်ရတဲ့အတွက် ခဏရှောင်တာပဲရှိပါတယ်။ အခု မျှော်လင့်ရသလို ဖြစ်မလာတဲ့အတွက် ပုံမှန်အတိုင်း ကိုယ့်နေရာကိုယ်ပြန်သွားကြပါပြီ။ ကယ်ဆယ်ရေးစခန်းဖွင့်ထားရတာမျိုး မရှိပါဘူး” ဟုပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများကပြောကြားသည်။ သဘာဝဘေးအန္တရာယ် မုန်တိုင်းတိုက်ခတ်မှုခံခဲ့ရသော ဒေသများတွင် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အနည်းဆုံး ၁၂နယ်ခန့် ပါဝင်နေသည်ဟုသိရသည်။

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ဆိုင်ကလုန်းမုန်တိုင်းဂီရိ ရခိုင်ကမ်း

အိဖြူမွန်၊


**ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်ခဲ့ပြီး အားပြင်းသောမုန်တိုင်းအဖြစ် ပြောင်းလဲကာ တစ်နာရီလျှင် မိုင် ၉၀ ကျော်နှုန်းတိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းသည် အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းမှစတင်တိုက်ခတ်ခဲ့ပြီး နောက်နေ့အထိကူးကာ အောက်တိုဘာ ၂၃ ရက်နံနက်မှာတော့ ကုန်းတွင်းပိုင်းမုန်တိုင်းအသွင်ပြောင်း၍ မြန်မာနိုင်ငံအလယ်ပိုင်းသို့ ဦးတည်တိုက်ခတ်ခဲ့ရာမှ ဘုတလင်မြို့အနီးရောက်ချိန်တွင်မူ အားပျော့ပျက်ပြယ်သွားခဲ့ကြောင်း သိရသည်။**


မာန်အောင်ကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်းဂီရိသည် အနီးရောင်အဆင့်ရှိပြီး တစ်နာရီ ၆၅ မိုင်နှင့် ၇၅ မိုင်အကြား တိုက်ခတ်ချိန်တွင် ကျောက်ဖြူမြို့၌ လေပြင်းတိုက်ခတ်မှုသာရှိခဲ့ပြီး မာန်အောင်ကျွန်းတွင်တပ်ဆင်ထားသော အော်တိုလိုင်းဖုန်းများသည် ၂၃ ရက်နေ့လယ် ၁၁ နာရီခွဲတွင် ဆက်သွယ်မှုများပြတ်တောက်ခဲ့သည်။

အောက်တိုဘာ ၂၂ ရက် ညနေခြောက်နာရီတွင် စီဒီအမ်အေဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ ယင်းကျွန်းတွင် မိုးရွာသွန်းမှုရှိခဲ့သော်လည်း လေပြင်းတိုက်ခတ်မှုသည် အားလျော့နည်းခဲ့သည်။ မြေနိမ့်သော ရပ်ကွက်အချို့တွင် ပင်လယ်ဒီရေသည် နှစ်ပေကျော် မြင့်တက်ခဲ့သည်။ ယင်းမာန်အောင်ကျွန်းရှိ နေအိမ်အချို့ ပျက်စီးဆုံးရှုံးခဲ့ပြီး အောက်တိုဘာ ၂၁ ရက်ညနေ ၆ နာရီမှ တိုက်ခတ်ခဲ့သော မုန်တိုင်းသည် နံနက် ၁၀ နာရီမှစတင်ကာ ပိုမိုပြင်းထန်လာသည်။

"မနက် ၆ နာရီ၊ ၇ နာရီအထိ လူတွေ အပြင်ထွက်လို့ရသေးတယ်။ ၁၀ နာရီ ၁၁ နာရီမှာတော့ အပြင်ထွက်လို့ မရတော့ဘူး။ လေက အရမ်းပြင်းလာတယ်။ မာန်အောင်နဲ့သိပ်မဝေးတဲ့ စကုန်းမိုးရွာကလူတွေ မြို့ပေါ်တက်လာကြတယ်။ ဒီမှာတော့ ချောင်းပတ်ဝန်းကျင်က အိမ်ခြေ ၂၀ နီးပါးတော့ ရေဝင်နေပြီ။ အခုချိန်ထိတော့ လေရော၊ မိုးရော မငြိမ်သေးဘူး"ဟု မာန်အောင်ကျွန်းမှ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်း သတိပေးချက်ကို သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အောက်တိုဘာ ၂၁ ရက်ည ၈ နာရီအချိန်တွင် ရပ်ကွက်အ





ဓာတ်ပုံ-မြင့်မြတ်ဖြူ

လိုက်အသံချဲ့စက်များဖြင့် ပြောကြားခဲ့ပြီး၊ မုန်တိုင်း ဒီရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ရန်လည်း အကြောင်းကြားခဲ့သည်။ စစ်တွေမြို့သို့ အဝေးသင်စာမေးပွဲဖြေမည့် ကျောင်းသား၊ ကျောင်းသူတင် သင်္ဘောများ၊ သင်္ဘောထွက်မှု ရပ်နားခဲ့သည်။

ဂီရိမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းရှိ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြား တိုက်ခတ်ချိန်တွင် မြို့သို့ဆက်သွယ်ထားသော အော်တိုဖုန်းလိုင်းများ နေ့လယ် ၁၂ နာရီတွင် လုံးဝပြတ်တောက်ခဲ့သည်။ မာန်အောင်ကျွန်း၊ မြေပုံမြို့နယ်၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့တို့တွင် စီဒီအမ်အေလက်ကိုင်ဖုန်းများသည်လည်း မကြာခဏလိုင်းပြတ်တောက်မှုများ ရှိခဲ့ကြောင်း ရန်ကုန်မြို့တွင်ရောက်ရှိနေသောဒေသခံအချို့ထံမှ သိရသည်။

၁၂ နာရီ အချိန်တွင် မုန်တိုင်းတိုက်ခတ်မည်ဖြစ်သော စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြား မြေပုံမြို့နယ် ငမန်းရဲကျွန်းမှ ဒေသခံအချို့သည် နောက်ဆုံးစက်လှေဖြင့် ကုန်းမြေမြင့်ရာ မြေပုံမြို့သို့ ပြောင်းရွှေ့လာသည်။ သို့သော် ငမန်းရဲကျွန်းတွင် လေပြင်းတိုက်ခတ်ရုံမှ လွဲ၍ ဆိုးရွားသော အခြေအနေမရှိသေးကြောင်း ရွာခံဦးစောသိန်းက ပြောသည်။

"ရေကျချိန်ဖြစ်လို့ ရေတော့မတက်သေးဘူး။ ညပိုင်းတော့ ဒီရေတက်မလားမသိသေးဘူး။ ရွာကလူတွေကတော့ မြေပုံမြို့ကို မနက် ၆ နာရီ၊ မနက် ၉ နာရီ၊ နေ့



လယ် ၁၂ နာရီကတည်းက စက်လှေနဲ့ကူးသွားကြပြီ။ ရွာထဲကလူတချို့ကတော့ သိပ်အခြေအနေမဆိုးတော့ မသွားကြဘူး။ ဦးရီးလည်း ဒီမှာပဲနေဦးမယ်"ဟု ညနေသုံးနာရီခွဲတွင် ငမန်းရဲကျွန်းမှ ဦးစောသိန်းက တယ်လီဖုန်းဖြင့် ထပ်မံဖြေကြားသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ညနေသုံးနာရီခွဲ

7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ရိုးတန်းဒေသများသို့ ဝင်ရောက်ချိန်

ခွင့်မြတ်ဖြူ



အချိန်တိုင်းထွာချက်များအရ ဂီရိမုန်တိုင်းသည် အရေးပေါ်အခြေအနေ အညိုရောင်အဆင့်ကို ရောက်ရှိနေပြီး တစ်နာရီမိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်နေသည်။ ရံဖန်ရံခါ ယင်းမုန်တိုင်း၏ ဗဟိုချက်သည် တစ်နာရီမိုင် ၁၂၀ ခန့်ရှိကြောင်း ပင်လယ်ဒီရေသည် ၅ ပေမှ ၁၂ ပေအထိ တက်နိုင်ကြောင်း အသိပေးထုတ်ပြန်ခဲ့သည်။

ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကျောက်ဖြူမြို့သို့ မုန်တိုင်းတိုက်ခတ်နေပြီး မြေနိမ့်ပိုင်းနှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် နေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများရှိနေသည်။ မိုးနှင့် လေပြင်းတိုက်ခတ်ပြီး နှစ်နာရီအကြာတွင် ကျောက်ဖြူမြို့၌ ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်ထားပြီး မုန်တိုင်းဒုက္ခသည် ၆၈၀ ဦး ရောက်ရှိနေကြောင်း ကျောက်ဖြူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



အထက်ပါပုဂ္ဂိုလ်က "ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်ထားတယ်။ မှုံလာရာမဘုရားကြီး၊ ဆားပြင်ကြီး ဘုန်းကြီးကျောင်းတွေမှာ ဖွင့်ထားတယ်။ လေတိုက်တာ အရမ်းပြင်းထန်တယ်။ မြို့ပေါ်မှာရှိတဲ့အပင်တွေ ကျိုးကုန်ပြီ။ ပင်လယ်ဝနားက ရွာတွေတော့မသိဘူး။ မြို့ပေါ်မှာ ရေမတက်သေးဘူး။ ရေဘေးဒုက္ခသည်တွေစားဖို့ သောက်ဖို့ ပြင်နေတယ်" ဟုပြောကြားစဉ်တွင် စီဒီအမ်အေလက်ကိုင်ဖုန်းသံ ပြတ်ကျသွားသည်။


ထိုအချိန်မှ ည ၇ နာရီခွဲအချိန်အထိ စီဒီအမ်အေဖုန်းဆက်သွယ်မှုများ လုံးဝပြတ်တောက်ခဲ့သည်။ ည ၈ နာရီခွဲတွင် ကျောက်ဖြူမြို့မှ အလွတ်သတင်းထောက်၏ပြောကြားချက်အရ ည ၇ နာရီခွဲတွင် မုန်တိုင်းတိုက်ခတ်မှုမှာ လျော့နည်းခဲ့သည်။ ရံဖန်ရံခါ လေပြင်းတိုက်ခတ်မှုရှိပြီး မြို့နေလမ်းများတွင် သစ်ပင်များလဲကျ၍ လမ်းများပိတ်နေကြောင်း၊ ဓာတ်တိုင်များကျိုးပြတ်ပြီး လျှပ်စစ်မီးများ ပြတ်တောက်နေကြောင်း အထက်ပါအလွတ် သတင်းထောက်ကပြောသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ၇ နာရီခွဲအချိန်ထုတ်ပြန်ချက်အရ ဂီရိမုန်တိုင်းသည် ကျောက်ဖြူမြို့ ၁၅ မိုင်အကွာ အရှေ့မြောက်ဘက်သို့ တိုက်ခတ်နေပြီး မြေပုံမြို့နယ်၊ နောင်တော်ကျွန်း၊ စင်ကြီးကျွန်းအကြား စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အမ်းမြို့နယ်တို့မှတစ်ဆင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများသို့ ကုန်းတွင်းပိုင်းမုန်တိုင်းအဖြစ် ကူးပြောင်းနေသည်။

အောက်တိုဘာ ၂၃ ရက်ညနေ ၃ နာရီတွင် ကျောက်ဖြူမြို့မှ အလွတ်သတင်းထောက်၏ သတင်းပေးပို့ချက်အရ ကျောက်ဖြူမြို့တွင်ည ၁၀ နာရီတွင်မုန်တိုင်းဒီရေသည် ၇ ပေသို့ မြင့်တက်လာကြောင်း၊ အိမ်ခြေ ၈၀၀ ပျက်စီးပြီး ဒုက္ခသည်လူဦးရေ ၅၀၀၀ ကျော်ရှိကြောင်း ပြောကြားခဲ့သည်။ ယင်းအချက်အလက်များသည် ကြက်ခြေနီအသင်းမှ အချက်အလက်များဖြစ်ပြီး မေးမြန်းချိန်မှ ည ၈ နာရီခွဲအထိ အချက်အလက်များဖြစ်၍ ပြောင်းလဲမှုရှိနိုင်သည်။

မုန်တိုင်းဒဏ်သင့် ဒုက္ခသည်များအတွက် ကြက်ခြေနီအသင်းမှ ခေါက်ဆွဲခြောက်အထုပ် ၆၀၊ ရွက်ဖျင်တဲ ၃၀၀ နှင့် အိမ်ထောင်စု ၁၅၀ အတွက် အိုးခွက်ပန်းကန်များနှင့် ဒေသအာဏာပိုင်များမှ ဆန်အိတ် ၇၅ အိတ် လှူဒါန်းခဲ့ကြောင်းသိရှိရသည်။

မုန်တိုင်းဖြတ်သွားသော မြေပုံမြို့နယ် နောင်တော်ကျွန်းနှင့် ၈ မိုင်အကွာ ရေခေါင်းချိတ်ကျေးရွာတွင် ကမ်းနားရှိစက်လှေနှင့် သင်္ဘောများ နစ်မြုပ်ခဲ့ကြောင်း၊ နေအိမ်ပျက်စီးမှုများရှိခဲ့ကြောင်း၊ လှိုင်းကြီး၍ သွားရေးလာရေး ခက်ခဲသော်လည်း အစားအသောက်နှင့် ရေချိုပြတ်လပ်မှု မရှိသေးကြောင်း၊ မုန်တိုင်းဖြတ်သောနောင်တော်ကျွန်းတွင် မိုးများအုံ့မှိုင်းနေပြီး သဲသဲကွဲကွဲမမြင်ရသေးကြောင်း၊ ယင်းကျွန်းနှင့် အနီးတစ်ဝိုက်တွင်ရှိသော စီဒီအမ်အေဖုန်းများ ခေါ်ဆို၍ မရသေးကြောင်း ရေခေါင်းချိတ်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010




# ဆိုရှယ်ဝက်ဘ်ဆိုက် စာမျက်နှာများပေါ်က ပါတီမဲဆွယ်မှုများ

ယုဇနကိုကို

**ကမ္ဘာသုံး လူမှုကွန်ရက်ဝက်ဘ်ဆိုက်စာမျက်နှာများမှတစ်ဆင့် ပြည်တွင်းနိုင်ငံရေးပါတီအချို့မဲဆွယ်စည်းရုံးမှုများ၊ မြန်မာ့နိုင်ငံရေးအပေါ် ရှုမြင်ပုံသဘောထားများကို အပြန်အလှန် ဆွေးနွေးချက်များ၊ ပါတီများ မူ ဝါဒများ၊ ဆောင်ပုဒ်များ၊ ယုံကြည်ချက်များ အစရှိသည့်အကြောင်းအရာများကို အင်တာနက် သုံးစွဲသည့် မြန်မာနိုင်ငံသားများ မြင်တွေ့ခွင့်ရနေပြီဖြစ်သည်။**

၂၀၁၀ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာ့နိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို လူမှုကွန်ရက်အင်တာနက်စာမျက်နှာများအပြင် ပြည်ပရှိ သတင်းဌာနများ၏ ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း ပိုမိုတွေ့ရှိလာနေပြီဖြစ်သည်။

သို့သော် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီခေါင်းဆောင်ပိုင်းများအနေဖြင့် ၎င်းတို့ ပါတီအသီးသီး၏ လှုပ်ရှားမှုများ ယင်းကဲ့သို့ လူမှုကွန်ရက် အင်တာနက်စာမျက်နှာများပေါ်တွင် ရောက်ရှိနေခြင်းမှာ သက်ဆိုင်ရာပါတီအသီးသီးကို အားပေးထောက်ခံသူများ၊ ပါတီဝင်များကသာ ပြုလုပ်ပြီး အများပြည်သူသိရှိနိုင်ရန် လွှင့်တင်ထားခြင်းများသာဖြစ်ကြောင်းပြောသည်။

လူဦးရေ သန်းခြောက်ဆယ်ဝန်းကျင်ရှိနေပြီဖြစ်သည့် မြန်မာနိုင်ငံ၏ မဲပေးနိုင်သည့်လူဦးရေပမာဏမှာ နှစ်ဆယ့်ကိုးသန်းဖြစ်သည်။ သို့သော် နိုင်ငံတစ်ဝန်းလုံးတွင် အင်တာနက်အသုံးပြုနိုင်သည့် လူဦးရေမှာ နိုင်ငံလူဦးရေ၏ နှစ်သိန်းကျော်ကျော်ဝန်းကျင်သာ ရှိနေသေးသည်။

ထို့ကြောင့် တစ်နိုင်ငံလုံးရှိ မြန်မာနိုင်ငံသား နှစ်ဆယ့်ကိုးသန်း ပါဝင် မဲပေးကြမည့် ၂၀၁၀ ရွေးကာက်ပွဲတွင် အင်တာနက် အသုံးပြုနိုင်သူမှာ နှစ်သိန်းကျော်ကျော်ဝန်းကျင်သာ ရှိနေသေးသဖြင့် နိုင်ငံရေးပါတီများအနေဖြင့် နည်းပညာကို အသုံးချနေသည်ဆိုသော်လည်း ထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်မည် မဟုတ်ပေ။ အင်တာနက် အသုံးပြုနိုင်သူ နှစ်သိန်းကျော်ပမာဏတွင် အင်တာနက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံရေးစာမျက်နှာများ၊ အကြောင်းအရာများကို စိတ်ဝင်တစားစောင့်ကြည့်ဖတ်ရှုနေသူပမာဏသည်လည်း ယင်းနိုင်ငံရေးကို စိတ်ဝင်စားသည့် လူနည်းစုသာဖြစ်နေသေးသည်ဟု နည်းပညာရှင်အချို့က သုံးသပ်သည်။

"နည်းပညာကိုအသုံးချပြီး၊ ကိုယ်ပိုင်ပါတီ ဝက်ဘ်ဆိုက်တစ်ခုထောင်ပြီး ကိုယ့်ပါတီရဲ့ လှုပ်ရှားမှုတွေကို ပြည်ပနိုင်ငံရောက်နေတဲ့ ကိုယ့်လူမျိုးတွေကို သိအောင်ချပြချင်တာ။ နည်းပညာကို အသုံးမချနိုင်တဲ့ အဓိကပြဿနာက ကျွန်တော်တို့ကို နည်းပညာပိုင်းဆိုင်ရာနဲ့ပတ်သက်ပြီး ကူညီမယ့်သူတွေမရှိလို့ပါ"ဟု ပြောလာသူက ချင်းတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်သူဦးနိုထန်ကပ်ဖြစ်သည်။

ချင်းတိုးတက်ရေးပါတီ၏ နိုင်ငံရေးလှုပ်ရှားမှုများ၊ မဲဆွယ်စည်းရုံးမှုများတွင် နည်းပညာကိုအသုံးချကာ ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပရောက် ချင်းလူမျိုးများအနေဖြင့် ယင်းတို့ဒေသတွင်းပါတီများ၏ ပါတီလှုပ်ရှားမှုများကို သိသင့်သလောက်သိရှိနိုင် မည်မဟုတ်ဟု ဦးနိုထန်ကပ်က ဆက်လက်ဆိုသည်။

၁၉၉၀ရွေးကောက်ပွဲအလွန် နှစ်နှစ်ဆယ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ်ရွေးကောက်ပွဲကို ကျင်းပသည်။ ယခုရွေးကောက်ပွဲကျင်းပမည့်ကာလနှင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ် မတူကွဲပြား ခြားနားနေပြီဖြစ်သည်။ အဓိကအကျဆုံးနှင့် သိသာစွာကွဲပြားခြားနားချက်များတွင် နည်းပညာတိုးတက်လာမှုကထိပ်ဆုံးနေရာမှ တည်ရှိနေကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့ကဆိုသည်။

ပြည်တွင်း၏ စီးပွားရေး၊ လူမှုရေး၊ ဖျော်ဖြေရေးနှင့် ပညာရေးကဏ္ဍများတွင် နည်းပညာကို အသုံးချပြီး ဆောင်ရွက်မှုများရှိနေပြီဖြစ်သော်လည်း လက်ရှိကာလအတွက် အရေးကြီးဆုံးဖြစ်နေပြီဖြစ်သည့် နိုင်ငံရေးကဏ္ဍတွင်မူ ယင်းနည်းပညာကို အသုံးချနိုင်မှုအပိုင်းမှာ အလွန်အားနည်းနေဆဲဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီများ၊တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏နိုင်ငံရေးလှုပ်ရှားမှုများအား နည်းပညာကိုတွင်ကျယ်စွာအသုံးချနိုင်ခြင်းမရှိကြောင်း နိုင်ငံရေးပါတီများက ပြောဆိုသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပါတီများ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များထဲမှ အနည်းစုသော နိုင်ငံရေးလှုပ်ရှားသူများသာ နည်းပညာကို အသုံးချပြီး ယင်းတို့၏နိုင်ငံရေး လှုပ်ရှားမှုလုပ်ငန်းများအား ဆောင်ရွက်နေကြသည်။ သို့သော် ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများတွင် နည်းပညာကိုအသုံးချမှုအပိုင်းမှာ အောင်မြင်ခြင်းမရှိကြကြောင်း အထက်ပါနိုင်ငံရေးလှုပ်ရှားသူများကဆိုကြသည်။

နိုင်ငံရေး လှုပ်ရှားမှုကဏ္ဍတွင် နည်းပညာကို အသုံးချခြင်း မပြုဘဲ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ခြင်းဖြင့်သာ မဲဆွယ်စည်းရုံးရေးများ ပြုလုပ်နေရသည်ဟုဆိုသော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးစိုးမောင်က "ကျွန်တော်တို့ပါတီမှာ ဝက်ဘ်ဆိုက် လွှင့်တင်ထားမျိုးမရှိပါဘူး။ ကိုယ်ပိုင်ဝက်ဘ်ဆိုက်ဆိုတာမျိုးတော့ လုပ်ဖို့ မရှိပါဘူး။ အဓိကလှုပ်ရှားမှုကတော့ ပြည်သူတွေနဲ့တိုက်ရိုက်ထိတွေ့ပြီး လုပ်ငန်းဆောင်ရွက်မှုတွေလုပ်ပါတယ်" ဟုဆိုသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအနေဖြင့် ၎င်းတို့ပါတီ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ၊ ပါတီမူဝါဒများ၊ နိုင်ငံရေးသုံး သပချက်များ အစရှိသည့်နိုင်ငံရေး လှုပ်ရှားမှုများအား နည်းပညာကိုအသုံးချပြီး ဆောင်ရွက်မှုများရှိနေသည်ဟုဆိုသည်။ သို့သော်နည်းပညာကိုအသုံးချပြီးဆောင်ရွက်လိုက်သည့် နိုင်ငံရေးလှုပ်ရှားမှုလုပ်ငန်း၏ ပြန်လည်ရရှိသည့်ရလဒ်ကမူ အနုတ်လက္ခဏာသာဆောင်နေသည်ဟု ပါတီ၏အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေကဆိုသည်။

"ကျွန်တော်တို့ပါတီမှာ ကိုယ်ပိုင်ပါတီဝက်ဘ်ဆိုက်ရှိပါတယ်။ အဲဒီပါတီ ဝက်ဘ်ဆိုက်ကနေတစ်ဆင့်မှ ပါတီရဲ့ ထင်မြင်ချက်တွေ၊ မူဝါဒတွေ၊ သဘောထားတွေကို တင်ပါတယ်။ ဒါ့အပြင် ဂျီမေးလ် (အီးမေးလ်) တွေကနေ တစ်ဆင့်လည်း သွားပါတယ်။ ဂျီမေးလ်ကနေမှ တစ်ခါကို အကောင့်ဆယ်ခုလောက်ဖွင့်ပြီး ကျွန်တော်တို့ပါတီရဲ့ လှုပ်ရှားမှုတွေ ဆောင်ရွက်မှုတွေကို အခြားအီးမေးလ် အစောင်တစ်ထောင်လောက်ကို ပို့ပါတယ်။

ဒါပေမယ့် ပြန်ရတဲ့ရလဒ်က သိပ်မကောင်းဘူးဗျ။ သိပ်မထိရောက်ဘူးပေါ့။ ပြည်သူတွေကြားထဲ ကိုယ်တိုင်မဲဆွယ်စည်းရုံး ဟောပြောတာကတော့ လက်ရှိမှာအထိရောက်ဆုံးပါပဲ" ဟု ၎င်းကဆက်လက်ဆိုသည်။

ပြည်တွင်း၏အင်တာနက် အသုံးပြုနိုင်နှုန်းသိန်းကျော်သာ ရှိနေသေးခြင်းနှင့် ဝေးလံသော ကျေးလက်ဒေသနှင့် မြို့နယ်များတွင် အင်တာနက်သုံးစွဲနိုင်မှုအခွင့်အလမ်းများနည်းပါးနေခြင်း တို့ကြောင့် ယခုကဲ့သို့နည်းပညာကိုအသုံးချပြီး ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်မှုများမပြုလုပ်နိုင်ခြင်းဖြစ်ကြောင်းသိရသည်။

"လက်ရှိကာလမှာ နည်းပညာဆိုတာက နိုင်ငံရေးအခန်း ကဏ္ဍအတွက်မရှိမဖြစ်လိုအပ်ပါတယ်။ ဒါပေမယ့် ဒီကနိုင်ငံရေးပါတီတွေက သူတို့ဘယ်လိုလမ်းစဉ်တွေနဲ့ သွားနေကြလဲတော့မသိဘူး။ ပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုတွေကို နည်းပညာကိုအသုံးချပြီး အင်တာနက် စာမျက်နှာတွေကနေတစ်ဆင့် ဆောင်ရွက်နိုင်ဖို့အတွက် ကွန်ပျူတာပညာရှင်တွေရဲ့ အကူအညီတွေ လိုအပ်ပါတယ်။ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်တဲ့ နိုင်ငံရေးသမားတွေကလည်း ကွန်ပျူတာပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ ကို အကူအညီတောင်းသင့်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိကာလမှာ နည်းပညာတိုးတက်မှုတွေ မရရှိသေးတဲ့ ဒေသတွေ၊ နယ်တွေရှိနေသေးတော့ အဲဒီလိုနေရာတွေကိုတော့ တခြားလမ်းစဉ်တွေနဲ့ပဲ သွားမှရမယ်လို့ ထင်တယ်။ အဓိက အချက်ကတော့ အောင်မြင်ဖို့အတွက် အားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟုဆိုသည်။

လက်ရှိကာလတွင် အမေရိကန်နိုင်ငံ၏ သမ္မတတာဝန်ကို ထမ်းဆောင်နေသူ မစ္စတာအိုဘားမားက ၂၀၀၈ခုနှစ်တွင်ပြုလုပ်ခဲ့သော ၎င်းတို့နိုင်ငံ၏ ရွေးကောက်ပွဲတွင် အဓိကအသုံးချခဲ့သည့် လက်နက်မှာ နည်းပညာပင်ဖြစ်သည်။

တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နေ့စဉ်အသုံးပြုနေကြသည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များဖြစ်သည့် Facebook, Twitter,My Space,Youtube အစရှိသည့် အင်တာနက်စာမျက်နှာများကို အိုဘားမားအနေဖြင့် အသုံးချခဲ့ခြင်းဖြစ်သည်။ အဆိုပါလူမှုကွန်ရက် အင်တာနက်စာမျက်နှာများမှတစ်ဆင့် ၎င်း၏ဒီမိုကရက်တစ်ပါတီအတွက် နိုင်ငံရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ပြီး၊ ယင်းကဲ့သို့နည်းပညာကို အသုံးချဆောင်ရွက်ခဲ့ခြင်းက မဲအရေအတွက်အများဆုံးဖြင့် အနိုင်ရရှိခဲ့ခြင်း၏ အကြောင်းအရင်းများထဲမှ အဓိကအချက်တစ်ခုဖြစ်သည်။

လက်ရှိပြည်တွင်း၏ နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှု ကဏ္ဍများတွင် နည်းပညာကို အသုံးချခြင်းထက် ကြော်ငြာစာရွက်များ၊ လမ်းကမ်းစာစောင်များ ကိုယ်တိုင်မဲဆွယ်စည်းရုံးရေးဆင်းခြင်းများတို့ဖြင့်သာ ဆောင်ရွက်ကြပြီး ရုပ်သံမီဒီယာများ၊ ပုံနှိပ်မီဒီယာများ အစရှိသည့် မီဒီယာအသီးသီးတို့မှသာ ဆောင်ရွက်မှုများပြုလုပ်နေကြရသည်။

ပါတီတစ်ခုနှင့် တစ်ခုမတူညီသော ပုံစံအမျိုးမျိုးဖြင့် နည်းပညာအသုံးချမှုကို ကျယ်ပြန့်စွာအသုံးချနိုင်ခြင်း မရှိသေးခြင်းနှင့် ပတ်သတ်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌဦးသောင်းတင်က"အခုပြည်တွင်းမှာတွေ့ရတာက ပါတီတွေအနေနဲ့ နည်းပညာပိုင်းလို့ဆိုရမယ့် အင်တာနက်စာမျက်နှာတွေ၊ ဆိုရှယ်ဝက်ဘ်ဆိုက်တွေကနေ သွားတာတွေ မတွေ့ရဘူး။ တကယ်တော့ သူတို့ရဲ့ပါတီလှုပ်ရှားမှုတွေ အောင်မြင်ချင်ရင်တော့ နည်းပညာကို မဖြစ်မနေအသုံးချရမှာပါ။ ပညာရှင်တွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်ဖို့လိုတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက နည်းပညာထွန်းကားတာမျိုးမရှိခဲ့ဘူး။ အဲတော့ နည်းပညာကို အသုံးချခဲ့ရတာမျိုး မရှိဘူး။ အခုဒီဘက်ခေတ်မှာကျတော့ နည်းပညာက အရှိန်အဟုန်နဲ့ တိုးတက်နေတာ။ ပြီးတော့ နိုင်ငံတကာမှာလည်း သူတို့ရဲ့နိုင်ငံရေးလှုပ်ရှားမှုတိုင်းမှာ နည်းပညာကို အဓိကသော့ချက်အဖြစ် အသုံးပြုလာကြတာဆိုတော့ ဒီမှာလည်း သုံးသင့်တယ်လို့မြင်တယ်" ဟု ၎င်း၏အမြင်ကိုဆိုသည်။

ဒေသတစ်ခုနှင့်တစ်ခု၏ မတူညီသော အကြောင်းအရာများကြောင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် နည်းပညာကို နေရာတိုင်းအသုံးချရန် အခက်အခဲရှိနေသည်ဟုဆိုသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ၎င်း၏ နည်းပညာကိုအသုံးချပြီး ရန်ပုံငွေရှာဖွေခြင်းနှင့်ပတ်သက်ပြီး ဆိုလာသည်က" ကျွန်တော်တို့ ဝက်ဘ်ဆိုက်ကနေရော၊ ဂျီမေးလ်တွေကနေရော ရန်ပုံငွေရှာပါတယ်။ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်ဖို့အတွက် တယ်လီ ဖုန်းဘီလ်ဆောင်ဖို့လိုတဲ့အခါမျိုးလည်း ဂျီမေးလ်တွေကနေတစ်ဆင့် အခြားအီးမေးလ်လိပ်စာတွေကိုပို့ပြီး ရန်ပုံငွေတောင်းခံပါတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး" ဟူ၍ဖြစ်သည်။

# အလုပ်ခံရတဲ့ ဝရန်တာလေး

မချမ်းသာ

(၁)

ခုတလော ကျွန်မ မကြာခဏ ပြန်ဖတ်ဖြစ်တဲ့စာအုပ်တွေထဲမှာ ထိပ်ဆုံးက ဆရာကြီးရွှေဥဒေါင်းရဲ့ ‘တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ’ စာအုပ် ပါပါတယ်။ နောက်ပြီး ဆရာကြီးမောင်ထင်ရဲ့ ‘မြင်ဝါတောင်၊’ စာရေးဆရာမခင်ခင်ထူးရဲ့ ‘အညာသူအညာသား ကျွန်မဆွေမျိုးများ’ ဆိုတဲ့ စာအုပ်များလည်းပါပါတယ်။



အထူးသဖြင့် တစ်သက်တာမှတ်တမ်းနှင့်အတွေးအခေါ်များထဲက ဆရာကြီးငယ်စဉ် မိဘဆွေမျိုးများနဲ့ တစ်ရွာက တစ်ရွာ ဘုရားပွဲသွားကြတာကို ‘အေးအေးလူလူ နေရသောခေတ်’ဆိုတဲ့အခန်းမှာ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်က အညာကျေးလက်မှာ စပါးပေါ်ချိန်၊ ငွေစရွှင်ချိန် ဘုရားပွဲတော်တွေ ကျင်းပချိန်မှာ ရွာလုံးကျွတ်နီးပါး လှည်းတန်းကြီးများနဲ့သွားရောက်ကြပုံ၊ လမ်းခရီးမှာ စားသောက်ချက်ပြုတ်ကြပုံ၊ လှည်းတန်းထဲက လှည်းတစ်စီး တစ်ခုခု ဖြစ်လို့ဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက် တစ်ခုခုဖြစ်လို့ပဲဖြစ်ဖြစ် ကျန်တဲ့လှည်းတွေက ထွက်မသွားဘဲ တစ်လှည်းနဲ့တစ်လှည်း စောင့်ရှောက်ပုံ၊ တစ်ဦးနဲ့တစ်ဦးစောင့်ရှောက်ပုံ၊ လမ်းခရီးမှာ ခရီးတစ်ထောက်နားစဉ် အတီးအမှုတ်များနဲ့အချင်းချင်းဖျော်ဖြေကြပုံ၊ အချိန်ကာလဆိုတာ မစဉ်းစား၊ အေးအေးလူလူနေကာ စိတ်ကူးရခါမှ လိုရာခရီးဆက်ကြပုံတို့ကို ဖတ်မိတော့ အော်. . . ရှေးတုန်းက တို့မြန်မာလူမျိုးတွေဟာ တကယ်အေးချမ်းလှပါလား. . ၊ ပူပင်ကြောင့်ကြမှုနည်းကြပါလားဆိုပြီး တိတ်တခိုး အားကျမိတဲ့စိတ် မကြာခဏ ပေါ်လာပါတယ်။ နောက်ပြီး‘မြင်ဝါတောင်’ စာအုပ်ထဲကမြန်မာကျေးလက်တွေရဲ့ ဓလေ့စရိုက်အရ တစ်ဦးနဲ့တစ်ဦး ဖေးမကြပုံ၊ အညာသူအညာသား ကျွန်မဆွေမျိုးများထဲကကျေးလက်ရနံ့ ဆွတ်ပျံ့တဲ့ ဒေသိယဝေါဟာရများ၊ ရှင်သန်နေထိုင်မှု ဘဝပုံရိပ်များကိုဖတ်ရတော့ ကျွန်မတို့မြန်မာလူမျိုးတွေရဲ့ကျေးလက်လူမှုဝန်းကျင်ကိုသာမကြာမကြာ သတိရနေမိပါတော့တယ်။ ဘာကြောင့်လဲဆိုတော့လက်ရှိကျွန်မနေထိုင်ရာ မြို့ပြဝန်းကျင်မှာကိုယ်ရောစိတ်ပါ မွန်းကျပ်လွန်းလို့ပါ။

(၂)

ကျွန်မတို့မိသားစုနေထိုင်ရာ တိုက်ခန်းကျဉ်းကျဉ်းလေးက တာမွေ ကျောက်မြောင်းရပ်ကွက်မှာ တည်ရှိပါတယ်။ကျွန်မတို့ဆိုရင် လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ် ၁၉၉၀ နှစ်ကတည်းက နေထိုင်ခဲ့တာပါ။ အဲဒီတုန်းကတော့ ခုလို တိုက်တွေ ပြွတ်သိပ်ကျပ်တည်းမနေပါဘူး။ လုံးချင်းအများစုရှိခဲ့တာပါ။ သစ်ပင်တွေဆိုလည်း ဝေဝေဆာဆာ စိမ်းစိမ်းလန်းလန်းနဲ့ပေါ့။ နောက်တော့ ကန်ထရိုက်တိုက်တွေ တဖြည်းဖြည်း အပြိုင်းအရိုင်း ဆောက်လိုက်ကြတာ ခုတော့ လုံးချင်းအိမ်ဆိုတာ အတော့်ကိုရှားသွားပါပြီ။ မြို့ပြဖွံ့ဖြိုးမှုအင်္ဂါပြည့်စုံလာတယ်လို့ဆိုရပေမယ့် အဲဒီ ဆောက်လုပ်ထားတဲ့တိုက်တွေရဲ့ ခိုင်ခံ့မှုကမေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ သံတစ်ချက်ရိုက်မိရင် အင်္ဂတေတွေ အချပ်လိုက်ကွာကျတတ်တာ၊ ရေပိုက်တွေ ခဏခဏလဲရတာ၊ ဆောက်လုပ်စဉ်ဆောက်လုပ်သူက အကျိုးအမြတ်များများကျန်အောင် ခိုကပ်ခဲ့တာ သိသာထင်ရှားနေပါတယ်။ ကဲ. . . ထားပါ။ ကျွန်မ ပြောချင်တာလေးကိုပဲ တည်ပြီး ပြောပါ့မယ်။

ကျွန်မတို့တိုက်ရဲ့ရှေ့မှာ ဆယ်စုနှစ်တစ်ခုကျော် လုံးချင်း ပျဉ်ထောင်အိမ်လေးပဲရှိခဲ့တော့ ကျွန်မတို့နေတဲ့ လေးလွှာကနေ မြင်ကွင်းကျယ်တစ်ခုကို မြင်တွေ့နိုင်ပြီးအရင်က စိတ်သက်သာရခဲ့ပါတယ်။ အဲသည့်လုံးချင်းအိမ်ရဲ့နောက်ဘက်မှာ နှစ်ထပ်အလယ်တန်းကျောင်းတစ်ကျောင်းလည်းရှိတော့ ကျွန်မတို့ဝရန်တာလေးက ထွက်ကြည့်ရင် လေတဖြူးဖြူးနဲ့ သာသာယာယာရှိခဲ့ပါတယ်။ သိတဲ့အတိုင်း နံရံလေးဖက်ပိတ်ထားတဲ့ တိုက်ခန်းမှာ အဲသည့် ဝရန်တာလေးဟာ ကျွန်မတို့ မိသားစုလေးအတွက် ထွက်ပေါက်တစ်ခုဖြစ်ခဲ့တယ်။ ကျွန်မခင်ပွန်းဆို သူခရီးမသွားရတဲ့ ရက်တွေမှာ ပက်လက်ကုလားထိုင်တစ်လုံးနဲ့စာအုပ်ဖတ်နေပြီးသားနဲ့သမီးကလည်း စာကျက်ရင်ပဲဖြစ်ဖြစ်၊ သီချင်း နားထောင်ရင်ပဲဖြစ်ဖြစ် ဝရန်တာလေးမှာ အမြဲလိုလို ရှိတတ်ပါတယ်။ ခင်ပွန်းဖြစ်သူရဲ့ အလုပ်က မကြာခဏ နယ်ကိုခရီးထွက်ရတဲ့အလုပ်ဆိုတော့ အိမ်မှာ အနေနည်းပေမယ့် လူပျို၊ အပျိုပေါက်သားနဲ့သမီးကတော့ သူတို့ရဲ့ အားလပ်ချိန်လေးများကိုသည် ဝရန်တာလေးမှာ အမ်ပီဖိုးနားကြပ်လေးနဲ့ သီချင်းနားထောင်လေ့ရှိပါတယ်။ ဆိုရရင်တိုက်ခန်းကျဉ်းလေးကဝရန်တာလေးဟာသူတို့ရဲ့ ယာယီအပန်းဖြေကွန်းခိုရာနေရာလေးလို့ဆိုရမှာပါ။ ဒါကတော့ လွန်ခဲ့တဲ့နှစ်တွေကပါ။

(၃)

လွန်ခဲ့တဲ့ခြောက်လလောက်ကစလို့ ကျွန်မတို့ရှေ့က လုံးချင်း ပျဉ်ထောင်အိမ်လေးဟာ ကန်ထရိုက်တိုက်ဆောက်ဖို့ ဖျက်ဆီးခြင်းခံခဲ့ရပါတော့တယ်။ ကျွန်မတို့လည်း ကန်ထရိုက်တိုက် တဖြည်းဖြည်းမြင့်မားလာတာနဲ့အမျှ မြင်တွေ့နေရတဲ့ရှုခင်းရှုကွက်တွေကို ကာရံတားဆီးခံခဲ့ရတယ်။ ဘာမှမတတ်နိုင်ပါ။ သွားပြောလို့ရတဲ့ ကိစ္စမဟုတ်ဘူးလေ။ ကျွန်မဆို အဲသည့်ကန်ထရိုက်တိုက် အထပ်တက်လာတာနဲ့အမျှ တစ်ဖက်မြင်ကွင်း တဖြည်းဖြည်းလျော့နည်း ပျောက်ဆုံးခဲ့ရတာ အခုထိ မှတ်မိနေဆဲပါ။ ကျောင်းအဆောက်အအုံပျောက်ကွယ်သွားတာ၊ကျောင်းဝန်းကျင်က သစ်ပင်စိမ်းစိမ်းအုံ့အုံ့ကြီးတွေ၊ သစ်ပင်သစ်ကိုင်းပေါ် ပြေးလွှားဆော့ကစားနေတဲ့ ရှဉ့်ညိုလေးတွေ၊ မကြာမကြာ လာနားတတ်တဲ့ငှက်ရောင်စုံလေးတွေ၊ ညဘက်မြင်ရတဲ့တိမ်တွေနဲ့ အနားကွပ်ထားတဲ့ ဖိုးလမင်းကြီးစတဲ့ သာသာယာယာ ရှုခင်းတွေကို ကန်ထရိုက်တာကနေ့ချင်းညချင်း ဝါးမျိုပစ်လိုက်ပါတယ်။ လေဝင်လေထွက်လည်းအတော် လျော့နည်းသွားပါတယ်။ ကျွန်မသမီးဆို“အမေ သည်တိုက်ကြီးပြီးသွားရင် သမီးတို့ လွတ်လွတ်လပ်လပ်နေလို့ရတော့မှာမဟုတ်ဘူးနော်။ လူတွေရောက်လာမှာ”လို့ တွေးတွေးဆဆလေးပြောလာပါတယ်။ သူ့ပြောပုံက ဘဝရဲ့တစ်စိတ်တစ်ပိုင်းကို လုယူခံလိုက်ရသလိုမျိုးပါ. . ။ ဒါကို ကျွန်မ နားလည်ပါတယ်။ဒါပေမဲ့ဘာတတ်နိုင်မှာလဲ။

> ကျွန်မဆိုအဲသည့်ကန်ထရိုက်တိုက်အထပ် တက်လာတာနဲ့အမျှ
> တစ်ဖက်မြင်ကွင်းတဖြည်းဖြည်းလျော့နည်း ပျောက်ဆုံးခဲ့ရတာ
> အခုထိမှတ်မိနေဆဲပါ။ ကျောင်းအဆောက်အအုံပျောက်ကွယ်သွားတာ၊
> ကျောင်းဝန်းကျင်က သစ်ပင်စိမ်းစိမ်းအုံ့အုံ့ကြီးတွေ၊
> သစ်ပင်သစ်ကိုင်းပေါ် ပြေးလွှားဆော့ကစားနေတဲ့ ရှဉ့်ညိုလေးတွေ၊
> မကြာမကြာလာနားတတ်တဲ့ ငှက်ရောင်စုံလေးတွေ ၊
> ညဘက်မြင်ရတဲ့တိမ်တွေနဲ့ အနားကွပ်ထားတဲ့ဖိုးလမင်းကြီး
> စတဲ့ သာသာယာယာရှုခင်းတွေကို
> ကန်ထရိုက်တိုက်က နေ့ချင်းညချင်း ဝါးမျိုပစ်လိုက်ပါတယ်။

(၄)

ကန်ထရိုက်တိုက်ပြီးသွားပြီး သိပ်မကြာခင်ဘဲ လူတွေရောက်လာကြပါတယ်။ မူလမြေရှင်တွေက မြေညီထပ်မှာနေကြတယ်။ ကျွန်မတို့တိုက်ထက် တစ်ထပ်ပိုမြင့်မားတဲ့တိုက်ဟာ ကျွန်မတို့ရှေ့မှာ ကာဆီးမိုးထားလိုက်ပါတယ်။ အခန်းတွေကို တဖြည်းဖြည်း လူတွေပြောင်းလာကြတယ်။ တစ်ခန်းပြီးတစ်ခန်း လူပြည့်ပြည့်သွားတယ်။ လူတွေလူတွေ ရန်ကုန်မြို့ကြီးမှာ နေစရာဘယ်လောက်အရေးကြီးသလဲဆိုတာ မေးခွန်းထုတ်စရာတောင် မလိုပါဘူး။

ဒါပေမဲ့. . . ပြဿနာက အဲသည့်က စတာပါ။ မျက်နှာချင်းဆိုင်အထပ်မှာ လူငယ်တစ်သိုက်ပြောင်းလာခြင်းပါပဲ။ သူတို့အုပ်စုက အစက တစ်ယောက်၊ နှစ်ယောက်စနဲ့ တဖြည်းဖြည်း လေးငါးခြောက်ယောက်၊ ဆယ်ယောက်အထိဖြစ်လာပါတယ်။ ဒါကလည်း မထူးဆန်းပါဘူး။ တိုက်ခန်းငှားရမ်းနေထိုင်တဲ့ဓလေ့အရ မိန်းကလေးတွေဆိုလည်း ခုလိုတစ်ဦးနှစ်ဦးစကနေ လေးငါးခြောက်ယောက်ဖြစ်လာတာချည်းပဲ။ ရန်ကုန်မှာကျောချဖို့ တစ်နေရာ ဘယ်လောက်အရေးကြီးလဲဆိုတာ ကြုံဖူးသူတိုင်းသိမှာပါ။ မိန်းကလေးတွေဆိုရင်လည်း သမ္မာအာဇီဝနဲ့ ရှာဖွေစားသောက်တဲ့သူတွေ စုနေထိုင်တတ်သလို၊ အချို့လည်း စားသောက်ဆိုင်မှာ၊ ဖျော်ဖြေတီးဆိုလွန်းအမည်ခံလုပ်ငန်းတချို့မှာ လုပ်ကိုင်ရင်း ဘဝနေထိုင်မှုပုံစံ ပိုခက်ခဲရှုပ်ထွေးလာတာကို မြင်ရပါတယ်။

ခု ကျွန်မတို့နေထိုင်ရာ ရှေ့တည့်တည့်တိုက်ခန်းကို ရောက်လာတဲ့လူငယ်တစ်စုကတော့ မြန်မာစကားကို လည်လည်ဝယ်ဝယ် ပြောတတ်ပုံမရပါ။ သူတို့အချင်းချင်း “ကွိကွိ ကွကွ”နဲ့ ပြောတတ်ကြပါတယ်။ ကြည့်ရတာ နယ်စပ်ဘက်က ဆင်းလာကြပုံပဲ။ သူတို့တစ်တွေဟာ ခေတ်ပေါ်လူငယ်တွေပုံစံအတိုင်း ဆံပင်ဆေးဆိုး၊ ကျောကုန်းအရုပ်ထိုး၊ နားရွက်နားကပ်ပန်၊သရီးကွာတားနဲ့ ပုံစံတွေပါ။ တစ်ခါတလေ အုပ်စုဖွဲ့လိုက် ဝရန်တာမှာ မူးယစ်သောက်စားတတ်ပါတယ်။ ပြီးတော့ ဂစ်တာတဒေါင်ဒေါင်နဲ့ ညဥ့်နက်သန်းခေါင် တီးခတ်နေတတ်ပါတယ်။ ကျွန်မတို့ရဲ့လွတ်လပ်မှုတစ်စုံတစ်ရာပေးစွမ်းတဲ့ ဝရန်တာလေးကို သူတို့လုပ်ရပ်နဲ့ အသံဗလံတွေဟာ နိုင်ထက်စီးနင်းခံရသလို၊ တစ်စုံတစ်ရာလုယက်ခံရသလို မွန်းကျပ်ပိတ်လှောင်လို့သာလာပါတယ်။ ဘာမှမတတ်နိုင်ပါ။ သည်းခံလို့သာနေရပါတယ်။ အရွယ်ရောက်စပြုနေတဲ့ သားနဲ့သမီးကိုလည်း မသိမသာ အကဲခတ်ရပါတယ်။ သူတို့လည်း အိမ်ပြင်ဝရန်တာကို အရင်ကလို သိပ်မထွက်တော့ပါ။ စာကျက်ရင်ဖြစ်ဖြစ်၊ သီချင်းနားထောင်ရင်ဖြစ်ဖြစ်အိမ်ထဲမှာပဲနေတတ်တယ်။ ဝရန်တာလေးသာ တစ်ခုခုပြောတတ်မယ်ဆိုရင် သူ့ကို အနေစိမ်းသွားတဲ့ ကျွန်မတို့အပေါ် အပြစ်တင်မှာ မလွဲပါ။ဒါပေမဲ့သည့်ထက်ဆိုးတဲ့ဖြစ်ရပ်မျိုး၊ မြင်ကွင်းမျိုး တဖြည်းဖြည်းကြုံတွေ့မြင်တွေ့လာရတာ အဆိုးဆုံးပါပဲ။

အဲသည့်လူငယ်တစ်စု လက်လွတ်စပယ်ပြောဆိုနေထိုင်မှုက လူ့ပတ်ဝန်းကျင်အပေါ် ပိုပြီးဂယက်ရိုက်စေမှုကတော့ (ကန်တော့ပါရဲ့) အိမ်မှာနေရင် ကိုယ်တုံးလုံးနီးပါး အတွင်းခံစပီတိုအကြပ်လေးနဲ့ လမ်းသလားနေခြင်းပါပဲ။ ကိုယ့်အိမ်၊ ကိုယ့်အခန်းထဲမှာ ဘယ်လိုနေနေ အပြင် ဝရန်တာထွက်ပြီဆိုရင်တော့ လူမြင်ကွင်းထဲရောက်တော့တာပဲမဟုတ်လား။ ဒီတော့ လူအများစုနဲ့ စုဝေးနေထိုင်တဲ့ဝန်းကျင်မှာ ဒီလက္ခဏာဟာ လုံးဝမပြုမူသင့်တဲ့အနေအထားပဲ မဟုတ်လား။ တစ်နည်းဆိုရရင် ပတ်ဝန်းကျင်ကို အသံတိတ်ဆဲနေသလို ဖြစ်မနေဘူးလား။ အပျိုအရွယ်သမီးလေးရှိတဲ့ မိခင်တစ်ဦးနေရာက စဉ်းစားကြပါ။ ဒါဟာ လက်ခံနိုင်စရာဖြစ်ရပ်မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ ဘာတတ်နိုင်မှာလဲ။ သူ့အိမ်သူနေတဲ့ကိစ္စမဟုတ်လား။ ကျွန်မတို့မြို့ပြမှာအဲသည်လိုဖြစ်ရပ်၊ အဲသည်လိုလူနေမှုပုံစံတွေဘယ်လောက်အသားကျနေပြီလဲ။ တစ်ခါတလေ သူတို့လူစုဟာ စပီတိုအတွင်းခံဘောင်းဘီကြပ်ထုပ်ထုပ်ကိုယ်စီနဲ့ တစ်ယောက်ကရပ်လို့၊ တစ်ယောက်ကဖြကားမှီလို့ ဝရန်တာမှာ မူးယစ်သောက်စားနေတတ်ပါတယ်။ ကျွန်မသမီးငယ်လေးကတော့ ရှက်လွန်းလို့ အိမ်တွင်းပုန်းအောင်းနေတော့တာပါပဲ။ သားကတော့ တက်တခေါက်ခေါက်နဲ့၊ သူတို့ကို ပြေရာပြေကြောင်းနားလည်အောင် ဥပေက္ခာပြုတတ်အောင် ပြောဆိုရတဲ့ ကျွန်မကလည်း တစ်ဒုက္ခ. . . ။


သည်ဖြစ်ရပ်ကို စိတ်အေးလက်အေးထားပြီး စဉ်းစားကြည့်တော့ သည်လူငယ်တွေဟာ သူတို့လွတ်လပ်မှုအတွက် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဘူးလို့ ယူဆထားပုံရပြီး သည်လိုကိုယ်လုံးတီးနီးပါး လူသူရှေ့နေထိုင်မှု တစ်ခုဟာလည်း ရှက်စရာမဟုတ်၊ ရှက်စရာလို့ တွေးကိုတွေးထားပုံ မရတာပါပဲ။ အထူးသဖြင့် ဟီရိသြတ္တပ္ပတရားဆိုတာ ကြားဖူးပုံပင် မရပါ။ သည်လိုလူငယ်တွေ ကျွန်မတို့ဝန်းကျင်မှာ ဘယ်လောက်များနေပြီလဲ။သည်လိုလူငယ်မျိုးတွေ မြို့ပြလူ့အဖွဲ့အစည်းမှာ ဘယ်လောက်ထွန်းကားနေပြီလဲ မေးခွန်းထုတ်မိတော့ သက်ပြင်းကို အခါခါချမိပါတော့တယ်။

(၅)

အခုဆို ကျွန်မတို့ဝရန်တာလေးဟာ အမြဲလိုလိုအဖော်ကင်းခြောက်သွေ့နေတတ်ပြီး ကျွန်မတို့မိသားစုဟာလည်း လွတ်လပ်မှုတစ်စုံတစ်ရာလုယက်ခံလိုက်ရသလိုမျိုးခံစားနေရဆဲပါ။ အဝတ်လှန်းသလိုမလွဲမရှောင်သာကိစ္စကလွဲရင် ဝရန်တာတံခါးကိုအမြဲတစေ ပိတ်ထားခဲ့တာကြာပါပြီ။ ။

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

လူ လူချင်း ပေါင်းသင်းဆက်ဆံကြတဲ့အခါ ဘာနဲ့ဆက်ဆံကြတာလဲ။ ဘာကြောင့် ဆက်ဆံကြတာလဲ။ ငွေကြောင့်လား၊ ပညာလား၊ ရာထူးလား၊ ချစ်ခြင်းမေတ္တာလား။ ကျွန်မကတော့ လူတွေကိုချစ်ခြင်းမေတ္တာနဲ့သာ ပေါင်းသင်းတတ်ပါတယ်။ ချစ်ခြင်းမေတ္တာနဲ့ ပေါင်းသင်းဆက်ဆံခြင်းက အတည်မြဲဆုံး၊ အသန့်ရှင်းဆုံးပါပဲ။ ကျွန်မတို့ဟာ ငွေကြေးမရှိတဲ့သူ၊ ပညာမတတ်တဲ့သူ၊ အရှိန်အဝါမရှိတဲ့သူကို အေးအတူပူအမျှပေါင်းသင်း ဆက်ဆံလို့ရပါသေးတယ်။ ဒါပေမဲ့ မေတ္တာမရှိတဲ့သူကိုကျတော့ မျက်နှာချင်းတောင် ဆိုင်လို့မရကြဘူးမို့လား။



# မေတ္တာနဲ့ပေါင်းသင်းခြင်း

ခွန်းဆင့်သူသူ

လူတိုင်းအပေါ်မှာ မေတ္တာထားကြပါဆိုတာ ပြောတော့သာလွယ်တာ၊ လက်တွေ့မှာတော့ မလွယ်လှပါဘူး။ မေတ္တာမရှိချင်စရာကောင်းတဲ့သူကို ဘယ်လိုလုပ်ပြီး မေတ္တာထားလို့ရမှာလဲ။ လူတစ်ယောက်ကို မေတ္တာရှိဖို့ဆိုတာ သူ့ရဲ့စိတ်ထားလေးကို ချစ်လို့ရမှ မေတ္တာထားလို့ရမှာပါ။ စိတ်ပုပ်တဲ့သူ၊ ယုတ်မာတဲ့သူကို မေတ္တာထားဖို့ နေနေသာသာ၊ သူ့ရဲ့စိတ်ပုပ်ပုံတွေ၊ ယုတ်မာပုံတွေကို သိမြင်လေ၊ ရွံရှာမုန်းတီးတဲ့စိတ်တွေ တဖွားဖွားပေါ်လာလေပါပဲ။

ဒါကြောင့် မဟာဂန္ဓာရုံဆရာတော်က စိတ်ကောင်းရှိဖို့ ပထမလို့ ဟောကြားခဲ့တာပေါ့။ စိတ်ကောင်းရှိတဲ့သူကျတော့ ဘာပကာသနမှမရှိလည်း မေတ္တာထားလို့ရနေတာပဲ။ ပညာတွေ ဘယ်လောက်တတ်တတ်၊ ငွေကြေးအရှိန်အဝါတွေ ဘယ်လောက်ပဲရှိရှိ၊ စိတ်ထားမကောင်းရင်တော့ အထင်ကြီးလေးစားဖို့ဆိုတာဘယ်ဖြစ်နိုင်ပါ့မလဲ။ မေတ္တာထားဖို့ဆိုတာတော့ ဝေလာဝေးပေါ့။

တစ်ဦးတစ်ယောက်ကို ငွေကြေးကြောင့်၊ အရှိန်အဝါတွေကြောင့် ပေါင်းသင်းနေရတယ်ဆိုကတည်းက ရှက်စရာတော်တော်ကောင်းနေပါပြီ။ အဲ့ဒီဆက်ဆံရေးဟာ အယောင်ဆောင်ဆက်ဆံရေးပါပဲ။ ချစ်ခင်ရင်းနှီးမှုမပါတဲ့ ဆက်ဆံရေးဆိုတာ ဘယ်လောက်ကြာကြာတည်မြဲနိုင်မှာလဲ။ ချစ်ဟန်ဆောင်တယ်ဆိုတာလည်း ခဏပဲပေါ့။ ဘယ်လောက်ကြာကြာ ဟန်ဆောင်နိုင်မှာတဲ့လဲ။

မေတ္တာမပါတဲ့ အိမ်ထောင်ရေးဟာ ဆားမပါတဲ့ဟင်းလို ပေါ့ပြက်ပြက်ပဲလို့ပြောကြပါတယ်။ မေတ္တာမပါတဲ့ ပေါင်းသင်းဆက်ဆံရေးကျတော့ ဘာနဲ့များတူနေမလဲနော်။ ကျွန်မ တက္ကသိုလ်တက်တုန်းက အတန်းဖော်သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူက သူငယ်ချင်းကိုရွေးပြီး ပေါင်းတယ်။ အတန်းထဲမှာ မျက်နှာကြီးသားသမီးဆိုရင် သူသွားကပ်ပြီ။ သူက ကျွန်မကို "အဖေက ဘာလုပ်လဲ" တဲ့။ "ကျန်းမာရေးမှူး" လို့ ပြောလိုက်တော့ သူက ကျွန်မရဲ့ မတောက်ပတဲ့အဝတ်အစားကို တစ်ချက်ကြည့်ပြီး တအံ့တသြနဲ့ "ဟင် ဒါဆိုကားနဲ့အကြိုအပို့ မလုပ်ဘူးလား" တဲ့။ ကျွန်မလည်းသူ အထင်လွဲသွားပြီဆိုတာကို သိလိုက်တော့ ပြန်ပြီးရှင်းပြရတယ်။

"နင် ထင်သလိုမဟုတ်ဘူး။ ကျန်းမာရေးမှူးဆိုတာ ဆေးထိုးတဲ့ဆေးမှူးကိုပြောတာ၊ ဆရာဝန်အရောက်အပေါက်နည်းတဲ့တောနယ်တွေမှာ ဆေးကုတာ၊ ဘယ်က ကားရှိရမလဲ"

သူက "မှူး" ဆိုတာနဲ့ အထင်ကြီးသွားခဲ့တာလေ။ သူ စိတ်ဝင်တစားနဲ့ တခုတ်တရတွဲမယ့်သူငယ်ချင်းမျိုးထဲမှာ ကျွန်မ မပါနိုင်တာမို့ သူ့ကို ကျွန်မ ခပ်ခွာခွာပဲနေခဲ့ပါတယ်။ သူ့လိုလူမျိုးကိုလည်းသူငယ်ချင်းမတော်ချင်ပါဘူး။ သူကတော့ကျူတိုရီရယ် ဖြေချိန်ဆိုရင် ကျွန်မအနားကို လာထိုင်တတ်တယ်။ ကျွန်မတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ ရင်ဘတ်မပါတော့ ကျိုးတိုးကျဲတဲပါပဲ။

ကျွန်မ နောက်ဆုံးနှစ်မှာ စိတ်တူကိုယ်တူနဲ့ မခွဲမခွာနေလာတဲ့သူငယ်ချင်းတွေ ရှိလာပြီ။ တစ်ရက်မှာ ကျွန်မတို့အုပ်စုထဲက သူငယ်ချင်းတစ်ယောက်က သူ့အိမ်ကို ထမင်းစားဖိတ်တယ်။ သူ့အဖေက ဖိတ်ခိုင်းတာတဲ့။ သူ့သမီးနဲ့ တက္ကသိုလ် လေးနှစ်လုံးလုံး၊ ချစ်ချစ်ခင်ခင်တွဲလာတဲ့သူငယ်ချင်းတွေကို ရင်းရင်းနှီးနှီး တွေ့ဆုံစကားပြောချင်လို့တဲ့လေ။ ကျွန်မတို့အုပ်စုလည်း ပျော်ပျော်ပါးပါးနဲ့ သူငယ်ချင်းရဲ့အိမ်ကို ချီတက်ခဲ့ကြတာပေါ့။ သူငယ်ချင်းက ချမ်းသာတယ်။ ကားခြောက်စီးကို တစ်နေ့တစ်မျိုးပြောင်းစီးပြီး ကျောင်းတက်တဲ့သူ။ ဝင်ဒါမီယာမှာနေတာ။ ကျွန်မလည်း ဝင်ဒါမီယာဆိုတာ အဲဒီတော့မှ ရောက်ဖူးခဲ့တာပါ။ ထမင်းဝိုင်းမှာ သူ့အဖေက ဖော်ဖော်ရွေရွေနဲ့ ကျွန်မတို့ကို ဧည့်ခံကျွေးမွေးပါတယ်။ ထမင်းစားပြီးတော့ အချိုပွဲနဲ့ဧည့်ခံပြီး ရှေးဟောင်းနှောင်းဖြစ်တွေ၊ သူ့ဘဝအတွေ့အကြုံတွေ၊ သင်ခန်းစာရခဲ့ပုံတွေကိုပြောပြပြီး ကျွန်မတို့လူငယ်တွေ မမှားသင့်တာတွေ မမှားရအောင် ဆုံးမဩဝါဒပေးပါတယ်။ ပြန်ခါနီးကျတော့ ကျွန်မတို့ တစ်ယောက်ချင်းစီရဲ့ နေရပ်တွေကိုမေးပါတယ်။ အင်းစိန်၊ ဗဟန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ အလုံ စသည်ဖြင့် ကျွန်မတို့လည်း ကိုယ့်နေရပ်ကလေးတွေကို ဖြေခဲ့ကြတာပေါ့။

နောက်တစ်နေ့ကျတော့ သူငယ်ချင်းက ရိုးရိုးသားသားပြန်ပြောတယ်။ သူ့အဖေက ပြောတယ်တဲ့။

"သမီးပေါင်းတဲ့သူငယ်ချင်းတွေကလည်း တကယ်ငမွဲတွေပဲ၊ ဘာလို့ လူကုံထံသားသမီးတွေနဲ့ မပေါင်းဘဲ မြို့စွန်က လူတွေနဲ့ ပေါင်းရတာလဲ၊ ငါ့သမီးက တော်တော်ချာတာပဲ" တဲ့လေ။

ကျွန်မ မနေ့က တစ်နေ့လုံး သူများအိမ်မှာ 'တဟီးဟီး တဟားဟား' နဲ့ စားသောက်ပျော်ရွှင်နေခဲ့မိတဲ့ ကိုယ့်အဖြစ်ကို ရှက်လွန်းလို့ မျက်နှာကို ဓားနဲ့တောင် လှီးပစ်လိုက်ချင်တော့တာပါပဲ။

အခုတော့လည်း အဲဒီလို လူကိုမကြည့်ဘဲ ကိုယ်ရှိန်ကိုယ်ဝါကိုသာကြည့်တတ်တဲ့ သူမျိုးတွေနဲ့ တွေ့ရဖန်များလာတော့ ကျွန်မ နည်းနည်းအရေထူလာပါပြီ။ အဲဒီလို လူမျိုးတွေကိုလည်း ဒေါသမထွက်မိတော့ဘဲ မေတ္တာစိတ်နဲ့ သနားနေမိပါတယ်။ ဩော် . . သူတို့ခမျာ တကယ့်အစစ်အမှန်ကို တန်ဖိုးထားရကောင်းမှန်း၊ မက်မောရကောင်းမှန်းမသိကြရှာဘူး။ တကယ်တော့ ငွေကြေးဆိုတာ ရှာလို့ရပါတယ်။ အပေးအယူ ဖလှယ်နိုင်တဲ့ ပစ္စည်းမျှသာပါ။ မေတ္တာကတော့ ရှာလို့ရတဲ့အရာ မဟုတ်သလို၊ ပေးချင်တိုင်းပေး၊ ယူချင်တိုင်းယူလို့လည်း မရပါဘူး။ ဘယ်လောက်ပဲ တိုးတက်ကြတယ်ဆိုပေမယ့် ကွန်ပျူတာမှာ အန်းတား(Enter)တစ်ချက်ခေါက်ရုံနဲ့ အချက်အလက်(Data)တွေ ထွက်ကျလာသလိုမျိုးလည်း မေတ္တာက ထွက်ကျလာမှာမဟုတ်ပါဘူး။ ဒါပေမဲ့ လူအတော်များများကတော့ သူတို့အတွက် ငွေသာ အရေးကြီးဆုံးဖြစ်နေကြပြီး၊ ငွေနောက်ကိုပဲ တကောက်ကောက်လိုက်နေကြတာ စိတ်မကောင်းစရာပါပဲ။

ကျွန်မကတော့ လူတွေကို မေတ္တာနဲ့ပဲ ပေါင်းသင်းဆက်ဆံမြဲပါပဲ။ ချစ်ခြင်းမေတ္တာက ပေါင်းသင်းဆက်ဆံရေးမှာ ရေရှည်တည်တံ့ခိုင်မြဲစေတဲ့ကြိုးတစ်ချောင်းဆိုတာ ကောင်းကောင်းသိထားသူမို့ ကျွန်မအတွက် နောင်တရစရာ အကြောင်းမရှိတော့ပါဘူး။ ။

## JOKE

### ဘာထင်လဲ

လက်ထပ်ပြီးခါစ ဇနီးမောင်နှံ နှစ်ဦးသည် ၎င်းတို့၏ အိမ်သစ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ရက်အနည်းငယ်ကြာသောအခါ မိန်းမက ယောကျ်ားအား အခုလိုပြောသည်။

"ရေချိုးခန်းထဲက ရေပိုက်ပေါက်နေတာကို ပြင်လိုက်ဦးနော်"

"မင်းကိုယ့်ကို ဘာထင်လို့လဲ။ ပိုက်ပြင်သမားများ အောက်မေ့နေလား" ဟု ပြန်ပြော၏။ နောက်ရက်အနည်းငယ်ကြာသောအခါတွင် မိန်းမက . . .

"အိမ်ခေါင်မိုးက မိုးယိုနေတယ် ကို။ ကို ပြင်တတ်တယ် မဟုတ်လား" ဟု ပြောပြန်ရာ ယောကျ်ားက. . .

"မိန်းမရယ်။ မင်းကိုယ့်ကို လက်သမားများ အောက်မေ့နေလားကွာ" နောက်ထပ်ရက် သတ္တပတ်ကြာသောအခါတွင် မိန်းမက ယောကျ်ားအား အပျက်အစီးအားလုံး ပြင်ဆင်ပြီးပြီ ဖြစ်ကြောင်း ပြောသည်။

"အဲဒီအတွက် ကို ပိုက်ဆံဘယ်လောက်ပေးရမလဲ" ဟု ယောကျ်ားက မေးရာ. . .

"တစ်ပြားမှပေးစရာ မလိုဘူး ကို။ လုပ်တတ်ကိုင်တတ်ရှိတဲ့လူတစ်ယောက်ကို ကျွန်မခေါ်ပြင်ခိုင်းလိုက်တာ။ သူကပြောတယ်။ အဲဒါတွေ ပြင်ဆင်ခအတွက် ကျွန်မက ကိတ်မုန့်တစ်လုံး ဖုတ်ပေးရင်ပေး ဒါမှမဟုတ် သူ့အလိုတစ်ခု လိုက်ရမယ်တဲ့"

"မင်း သူ့ကို ဘာကိတ်မုန့်ဖုတ်ပေးလိုက်လဲ" ဟု ယောကျ်ားက မေးရာ. . .

"ကို ကလည်း။ ကျွန်မကို ကိတ်မုန့်ဆိုင်က မိန်းကလေးများ အောက်မေ့နေလား"

### မှာကြားချက်

သမီး "ယောကျ်ားလေးတစ်ယောက် သမီးနားကပ်လာရင် ဘယ်လိုလုပ်မလဲအမေ"

အမေ "Don't (မကပ်နဲ့) လို့ ပြောပေါ့"

သမီး "သူက သမီးကိုနမ်းဖို့ ကြိုးစားရင်ရော အမေ"

အမေ "Stop(ရပ်လိုက်) လို့ ပြောပေါ့ သမီးရဲ့"

သမီးက နောက်နေ့တွင် ကျောင်းသွား၍ ယောကျ်ားလေးတစ်ယောက်က သူမစိုးရိမ်သည့်အတိုင်း ပြုမူလေရာ ဗလုံးပထွေးနှင့် အခုလိုပြောပါသည်။

"Don't stop (မရပ်နဲ့)" ဟူ၍. . .

7DAY NEWS
ကြော်ငြာဌာန
၇၃၀၇၀၄၂၉

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဖိုလ်ဖိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခါ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဖိုလ်ဖိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ငွေ။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၂ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
7Day News ကြော်ငြာဌာန ဖုန်း - ၇၃၀ ၇၀၄၂၉

# Business

7DAY NEWS JOURNAL

Vol.9, No.32 · OCTOBER 28, 2010


# ဝါကျွတ်ပြီဖြစ်သော်လည်း အိမ်ခြံမြေ အရောင်းအဝယ်အေးနေ

**ဇာဇာနီ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၁**

ဝါကျွတ်ပြီဖြစ်သော်လည်း ရန်ကုန်မြို့ အိမ်ခြံမြေ အရောင်းအဝယ်ဈေးကွက်မှာ အေးစက်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ အိမ်မြေ အရောင်းအဝယ်အေးသွားခဲ့ကာ ယခုအောက်တိုဘာလတွင် အရောင်းအဝယ်မရှိသလောက် အေးသွားကြောင်း ယင်းလုပ်ငန်း လုပ်ကိုင်သူအများကဆိုသည်။

"အရောင်းအဝယ်က အခုဆိုပိုဆိုးတယ်။ မရှိသလောက်အေးတယ်။ ရောင်းမယ့်သူကလည်း နောင်တချိန် ဈေးတက်လာနိုင်တယ်ဆိုပြီး ပိုခေါ်တယ်။ ဝယ်မယ့်သူကလည်း တိုင်းပြည်စီးပွားရေးဖြစ်လာမယ့် အနေအထားကိုစောင့်ကြည့်ပြီး မဝယ်တာရောဈေးမကြိုက်တာကြောင့်လည်း ပါတယ်" ဟု ရွှေမင်းသား အကျိုးဆောင်လုပ်ငန်းမှ လုပ်ငန်းကြီးကြပ်သူ ဒေါ်အေးမြတ်မွန်က 7Day News သို့ပြောသည်။

အိမ်ခြံမြေဈေးနှုန်းမှာ နှစ်စဉ် ဆယ်ရာခိုင်နှုန်းခန့် ပုံမှန်အားဖြင့် ဈေးတက်လေ့ရှိသော်လည်း ယခုနှစ်တွင် ရွေးကောက်ပွဲနောက်ပိုင်းဖြစ်လာမည့် တိုင်းပြည်စီးပွားရေးအနေအထားကို မျှော်ကာ အိမ်ခြံမြေအပိုင်ရှိသူများက ပုံမှန်ထက်ဈေးပိုခေါ်နေကြကြောင်း သိရှိရသည်။

"စက်တင်ဘာ တစ်လလုံး အရောင်းအဝယ်က အေးတယ်။ လူတွေက နိုင်ငံရေးကို အာရုံရောက်နေတယ်။ နောက်ပြီး လိုင်စင်မဲ့ကားတွေ ပိုက်မိတာကြောင့်လည်း အိမ်မြေဘက်မလှည့်နိုင်ဘူး။ ခေါ်ဈေးတွေသာ မြင့်နေတာ။ အရောင်းအဝယ်က မရှိဘူး" ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ကိုဇော်ဇော်က 7Day News သို့ ပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုနှစ်တွင် ဧပြီလနောက်ပိုင်းမှဩဂုတ်လ အခွန်သက်တမ်းကုန်ခါနီးထိ အိမ်မြေအရောင်းအဝယ်ဈေးကွက်ကောင်းခဲ့ကြောင်း အကျိုးဆောင်လုပ်ငန်းများက ပြောကြသည်။

ယမန်နှစ်တွင် အိမ်မြေ အရောင်းအဝယ်မှာ ဩဂုတ်လမှ ဒီဇင်ဘာလအထိ အရောင်းအဝယ်အကောင်းဆုံးဖြစ်ခဲ့ကြောင်း ယူနတီအိမ်ခြံမြေ လုပ်ငန်းမှ ကိုဇော်ဇော်က ဆက်လက်ပြောသည်။

ရွှေမင်းသား အကျိုးဆောင်လုပ်ငန်းမှလည်း "အခွန်သက်တမ်းကုန်ခါနီးထိတော့ ဝယ်ကြသေးတယ်။ တစ်နှစ်ထပ်ပြီး သက်တမ်းတိုးလိုက်တော့ အရောင်းအဝယ်အေးသွားတယ်" ဟုပြောသည်။

# နေပြည်တော်ကားလေလံပွဲများ ဆက်တိုက်ကျင်းပနေခြင်းကြောင့် ကားအရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၂၀**

နေပြည်တော်တွင် ကားလေလံပွဲများဆက်တိုက်ကျင်းပနေခြင်းကြောင့် ဟံသာဝတီ ကားပွဲစားတန်း၌ အရောင်းအဝယ်အေးနေကြောင်း အဆိုပါ ကားဝင်းမှ ကားပွဲစားများက ပြောသည်။

"လေလံပွဲတွေက ဆက်တိုက်ရှိနေတော့ အရောင်းအဝယ်က ခပ်အေးအေးပဲ။ လေလံကြောင့် စောင့်ကြည့်နေတဲ့ သဘောပဲ" ဟု ကားဝယ်ရောင်းလုပ်သူတစ်ဦးက ပြောသည်။

ကားအရောင်းအဝယ်ဈေးကွက်မှာ ပုံမှန်အားဖြင့်လည်း သီတင်းကျွတ်၊ တန်ဆောင်တိုင်ကာလများ၌ အရောင်းအဝယ်အေးတတ်ကြောင်း အဆိုပါကားကွင်းမှ ကားပွဲစားများက ပြောသည်။

"လေလံပွဲက ပထမရက်က ဈေးက သက်သာတယ်။ ဒုတိယရက်ကြတော့ ဈေးတွေပြန်တတ်သွားတယ်" ဟုလေလံပွဲမှ ကားဈေးနှုန်း အခြေအနေကို အထက်ပါကားဝယ်ရောင်းက ပြောသည်။

အဆိုပါ လေလံပွဲတွင် ဆင်ခေါင်ဟွန်ဒါ ၉၃၀ များအား ပထမရက်တွင် ကျပ်သိန်း ၂၁၀ သာဈေးပေါက်ခဲ့ရာမှ ဒုတိယရက်တွင် ကျပ်သိန်း ၂၅၀ ထိဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် ယခုလ ၁၉၊ ၂၀၊ ၂၁ ရက်များထိ ကားစီးရေ လေလံပွဲရှိသကဲ့သို့ ယခု ၂၆ ရက်တွင်လည်း ကားစီးရေ ၁၃၀ ကျော် လေလံပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

# ရွှေဈေးပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၂၀**

ကမ္ဘာ့ရွှေဈေး ပြန်လည်ကျဆင်းလာခြင်းကြောင့် ပြည်တွင်းဈေးရွှေဈေးနှုန်းမှာလည်း ကျပ် ၁၂,၀၀၀ ထိပြန်လည် ကျဆင်းလာခဲ့ကြောင်း ဈေးကွက်တွင်းရှိ ရွှေလုပ်ငန်းရှင်များက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁၃၆၈ ဒေါ်လာထိ စံချိန်တင် မြင့်တက်သွားရာမှ ၁၃၃၅ ဒေါ်လာသို့ အောက်တိုဘာ ၂၀ ရက်တွင် ပြန်လည် ကျဆင်းလာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေး မြင့်တက်မှုဖြင့်ယခုနှစ် အမြင့်ဆုံးရွှေဈေးနှုန်းထိစံချိန်တင်မြင့်တက်သွားသော ပြည်တွင်း ရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၂,၀၀၀ ကျပ်ရောက်ရှိသွားရာမှ ၆၆၀,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဆိုင်ပိုင်ရှင်များကပြောသည်။

၁၅ ပဲရည် ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင်၆၃၀,၀၀၀ ကျပ်ထိမြင့်တက်သွားရာမှ၆၂၁,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ "ဈေးကျပေမယ့် ပစ္စည်းသိပ်မထွက်တော့ ဈေးကငါးရာလောက်ပြန်တက်လာတယ်။ ဈေးမာတဲ့သဘောရှိတယ်" ဟု ပန်းဘဲတန်းမြို့နယ် ၂၉ လမ်းရှိ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ရွှေဈေးက အမြင့်ပိုင်းမှာရှိတယ်ဆိုပေမယ့် ရောင်းအားကောင်းတယ်။ ဒီချိန်ထိတော့ ဒေါ်လာဈေးကလည်း အကျဘက်မှာပဲရှိနေလို့ ငွေကမခိုင်တာကြောင့်ပိုခိုင်တဲ့ ရွှေကို ဝယ်လာတဲ့သဘောပဲ။ သီတင်းကျွတ်နီးတာကြောင့်လည်း ဖြစ်နိုင်တယ်" ဟု လမ်းမတော် ၁၅ လမ်းရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ဒေါ်လာ ၃၀ ထိ ဈေးနှုန်း အတက်အကျဖြစ်နေသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာကျပ် ၃၀,၀၀၀ ကျော်အထိ ပြောင်းလဲမှုမရှိဘဲ ကျပ် ၁၀,၀၀၀ ကျော်သာ ပြန်လည်ကျဆင်းလာခဲ့သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၇၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၁၆၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၁. ၄၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၆၅၈၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၅၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၅. ၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၂၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၅၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၃၉၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၇၃ | ဒေါ်လာ | (ဩစတြေးလျ) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၂၅. ၁၀၀ |
| ရေနံ | စည် | ၈၂. ၉၆၀ |
| ငွေ | ၁ အောင်စ | ၂၃. ၁၁၈ |
| ကြေးနီ | ပေါင် | ၃၇၉. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၃၃၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ အောက်တိုဘာ ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။






ရတနာ ရှိရာ ရတနာစုရုံအောင် ရတနာပုံ မန္တလေးမှာ
ရတနာပုံ ဆိုက်သလို ပေါ်ပေါက်လာတဲ့
ရတနာပုံ ဒိုင်မွန်းပလာဇာ....
Yadanarpon
DIAMOND PLAZA
Diamond Plaza
Diamond Plaza
Yadanarpon Diamond Plaza
Email : diamondplaza@mandalay.net.mm

7 DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

# 7DAY BOOK REVIEW

## ချစ်သူများကို အဆုံးစီရင်ခြင်း (မောင်ခင်မင်–ဓနုဖြူ)




'စကားပြေသဘောတရားစကားပြေအတတ်ပညာ' စာအုပ် ရေးသားပြုစုခဲ့သူ မြန်မာစာ ပါမောက္ခဟောင်း ဦးခင်အေး (မောင်ခင်မင် - ဓနုဖြူ)၏ နောက်ဆုံးထွက်ရှိလာသောစာအုပ်ဖြစ်သည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါး ၆၈ ပုဒ်ကို စုစည်းထုတ်ဝေခြင်းဟုလည်း ဆိုနိုင်၏။ မောင်ခင်မင် (ဓနုဖြူ)သည် မြန်မာစာပေပညာရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ ယခုစာအုပ်ပါဆောင်းပါးများကို စာပေသုတေသန၊ စာပေသဘောတရားနည်းနာ၊ စာပေအစဉ်အလာ၊ စာဆိုနှင့်စာဟူ၍ အပိုင်း (၄) ပိုင်းခွဲကာ ဆစ်ပိုင်းဖော်ပြထားပါသည်။

ပထမအစုတွင် သုတေသနဆန်သောဆောင်းပါးများ ပါဝင်ပြီး ဒုတိယအစုတွင် စာပေသဘောတရားနှင့် အရေးအဖွဲ့နည်းနာဆိုင်ရာဆောင်းပါးများ ပါဝင်သည်။ တတိယအစုတွင် မြန်မာစာပေ စတင်ပေါ်ပေါက်ချိန်ကစ၍ ကျင့်သုံးခဲ့သော အစဉ်အလာများ ပါဝင်ပြီး စတုတ္ထအစုတွင် စာရေးဆရာ၊ စာပေပညာရှင်များ၏ စာပေလက်ရာများကို တစေ့တစောင်း အကဲဖြတ်ချက်များ ပါဝင်သော ဆောင်းပါးများ ပါရှိသည်။ စာပေသုတေသန အပိုင်း၌ ပါရှိသော 'ချစ်သူများကို အဆုံးစီရင်ခြင်း၊ သူတည်းတစ်ယောက် လက်ာကို တစ်ကြိမ်ပြန်ကြည့်ခြင်းနှင့် ရာဝဏ၊ ချစ်ဦးညို၊ ခင်နှင်းယု' အစရှိသည့် ဆောင်းပါးများသည် မြန်မာစာပေ လေ့လာသူများသာမက ရာဇဝင်သမိုင်း စိတ်ပါဝင်စားသူများပါ ဖတ်ရှုသင့်သော သမိုင်းနှင့်ဆက်စပ်သည့် စာပေဆောင်းပါးများဖြစ်ကြသည်။ 'ချစ်သူများကို အဆုံးစီရင်ခြင်း' ၌ မြန်မာရာဇဝင်တွင် ထင်ရှားခဲ့သည့် ရာဇကုမာရ်၊ အနန္တသူရိယနှင့် မြဝတီမင်းကြီးဦးစတို့နှင့် ဆက်စပ်သော ရှေးရိုးအသိအမြင်ဟောင်းများကို ပုဂ္ဂိုလ်စွဲမထားဘဲ အမှန်ကို အမှန်အတိုင်း ပေါ်ထွက်ရေးအတွက် ရေးသားတည့်မတ်ပေးခြင်းသည် သုတေသန၏တာဝန်ဖြစ်ကြောင်း မောင်ခင်မင် (ဓနုဖြူ)က ဆိုထားသည်။

စာပေသဘောတရား နည်းနာအပိုင်း၌ ပါရှိသော 'နိမိတ်ပုံနှင့်ရသ၊ သန္တရသ တစေ့တစောင်း' တို့သည် ရသစာပေနှင့် ပတ်သက်၍ ညွှန်းဆိုသော ဆောင်းပါးများဖြစ်သည်။

စာပေအစဉ်အလာ အပိုင်း၌ ပါရှိသောဂန္ထဝင်လောက မဂ္ဂဇင်းနှင့် သက်ဆိုင်သည့် ဆောင်းပါးများမှာ စာချစ်သူများအတွက် အကျိုးဖြစ်ထွန်းစေသော ဆောင်းပါးများဖြစ်ပါသည်။

စာဆိုနှင့် စာအပိုင်း၌ ပါရှိသော မြန်မာစာရေးဆရာကြီးများဖြစ်သည့် ပီမိုးနင်း၊ ရွှေဥဒေါင်းနှင့် ဦးသိန်းဖေမြင့်၊ ဂျာနယ်ကျော်မမလေးတို့၏ ၁၁၀ အပေါ် သက်ရောက်ခဲ့သော 'စာပေတွန်းတား' များကိုသိရှိနိုင်မည်ဖြစ်ပြီး သတင်းစာဆရာတို့၏ ဘိုးအေဘိုးဝဇီရ၊ ဦးဖေမောင်တင်၊ ပါမောက္ခ ဦးအေးမောင်၊ ဒေါက်တာမောင်ဖြူး၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ မင်းသုဝဏ်၊ မြကေတု (ဦးချမ်းမြ)၊ ဒေါက်တာလှဘေ၊ မင်းယုဝေ အစရှိသည့် ပုဂ္ဂိုလ်များအကြောင်း တစေ့တစောင်း လေ့လာချက်များကို ဖတ်ရှုရမည်ဖြစ်ပါသည်။

စာမျက်နှာ ၄၂၀ ပါရှိပြီး ကံ့ကော်ဝတ်ရည် စာအုပ်တိုက်မှ တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ပထမအကြိမ် ထုတ်ဝေဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဟင်းချက်နည်းစာအုပ်တွေ ဘယ်အချိန်ကတည်းက ရှိခဲ့တာလဲ

ဟင်းချက်နည်းစာအုပ်များတွင် အများအားဖြင့် ဟင်းလျာအမျိုးအစားများ၊ ပါဝင်ပစ္စည်းများနှင့် ချက်ပြုတ်ပြင်ဆင်နည်းများ ပါဝင်လေ့ရှိသည်။ အစောဆုံးထွက်ရှိသည့် ချက်ပြုတ်နည်းစာအုပ်များတွင် အဆိုပါစာအုပ်ရေးသားသူ၏ စိတ်ကြိုက်ဟင်းလျာများစုစည်းမှု၊ ဂုဏ်ပြုထမင်းစားပွဲများအတွက် အထူးချက်ပြုတ်နည်းများနှင့် အထက်တန်းလွှာများ၊ မိသားစုများအတွက် သီးခြားချက်ပြုတ်နည်းများ ပါဝင်လေ့ရှိသည်။ ချက်ပြုတ်နည်းစာအုပ်အများစုမှာ လူမှုဗေဒ သို့မဟုတ် အချက်အပြုတ်ဆိုင်ရာ တန်ဖိုးသတ်မှတ်ချက်တစ်ခုအတွက်သာရည်ညွှန်းပြီး ရှေးဟောင်းအစားအစာ ပြုလုပ်နည်းများဖြစ်သော ဆင်းရဲသည့် တောင်သူလယ်သမားများ၏ အစားအစာများ၊ ပေါင်မုန့်များနှင့် ရိုးရှင်းသောဟင်းသီးဟင်းရွက်ပြင်ဆင်နည်းများကို ချန်ထားခဲ့လေ့ရှိသည်။

ဟင်းချက်ပစ္စည်းစုစည်းမှု အစောဆုံးစာအုပ်မှာ လက်တင်ဘာသာဖြင့် ရေးသားထားသည့် De re coquinaria အမည်ရှိစာအုပ်ဖြစ်ပြီး ဥရောပတွင် ထုတ်ဝေဖြန့်ချိခဲ့သည်။ ပထမဆုံးထုတ်ဝေမှုကို ၁ ရာစုက စတင်ပြုလုပ်ခဲ့သည်ဟုဆိုသော်လည်း ခိုင်လုံသောအဖြေကိုမသိရပေ။ ယနေ့ ခေတ်သုံးဘာသာစကားများမှာ ၄ ရာစုနောက်ပိုင်းသို့မဟုတ် ၅ ရာစုအစောပိုင်းမှပေါ်ထွက်ခဲ့ပြီး ပထမဆုံးပုံနှိပ်ထုတ်ဝေမှုကို ၁၄၈၃ ခုနှစ်တွင် စတင်ခဲ့သည်။ ယင်းတွင်ရှေးဟောင်းဂရိနှင့် ရောမဟင်းလျာများကို စုစည်းဖော်ပြထားသော်လည်း ဟင်းလျာပြင်ဆင်ချက်ပြုတ်နည်း အသေးစိတ်နည်းအနည်းငယ်သာပါရှိသည်။ ၎င်းနောက် Pocket Apicius ဟူသည့် အချက်အလက်စုံအောင်ပါသော ချက်ပြုတ်နည်းစာအုပ်များ ပေါ်ထွက်ခဲ့ပြီး ယနေ့ခေတ်တွင်မူ ဆန်းသစ်ကောင်းမွန်သော ဟင်းလျာချက်ပြုတ်မှုများ၊ ပြင်ဆင်နည်းစာအုပ်များအပြင် မုန့်လုပ်နည်းစာအုပ်များပါထုတ်ဝေခဲ့ကြသည်။ *—Source: Wikipedia*

# တစ်ပတ်တာ ကံကြမ္မာ

စီကာဟိန်းညို

**အောက် တို ဘာ ၂၈ ရက် မှ နို ဝင် ဘာ ၃ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

တိုးတက်မှုနှင့်အပြောင်းအလဲများ ပူးတွဲကြုံမည်။ ဆွေမျိုးအတွက်ကြောင့် မျက်ရည်ကျကိန်းကြုံမည်။ ကောင်းမယောင်နှင့် ဒုက္ခပေးသောမိတ်ဆွေများ၏ဒဏ်ခံရမည်။ ကိုယ်လုပ်သမျှ ထိရောက်အဆင်ပြေခြင်းရှိမည်။ ရုတ်တရက်ပေါ်ပေါက်လာသောအခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင်အသုံးချပါ။ စေတနာအပေါ် အလေးမထားသူများနှင့်တွေ့တတ်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ပလွှားစွာပြောဆိုမှုများကိုရှောင်ပါ။ မိမိအကြံအစည်များကို လျှို့ဝှက်စွာဆောင်ရွက်ပါ။ မြုပ်နေသည့်ငွေများပြန်ပေါ်မည်။ စတင်ဆောင်ရွက်လိုက်သောကိစ္စများမှ ထူးခြားစွာအောင်မြင်ခြင်းသို့ ဦးတည်ရောက်ရှိလာမည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ တစ်ပါးသူရန်ပြုလာသည်ကိုရှောင်ပါ။ ထိပ်တိုက်ရင်ဆိုင်က အမှုပွားတတ်သည်။ ဆန့်ကျင်မှုကြားမှ အောင်မြင်မှုများရမည်။

### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

စီမံကိန်းချပြီး လုပ်သောကိစ္စများရှောင်ပါ။ သူတစ်ပါးအပေါ် အားကိုးအားထားပြီးမလုပ်သင့်။ အထင်မှားမှုများ ဖြေရှင်းရမည်။ လူယုံဒုက္ခပေးတတ်သည်။ မတော်တဆထိခိုက်မှုသတိရှိပါ။ စက်ပစ္စည်းများ အဝင်မတော်ပါ။ သူတစ်ပါးကြောင့် ပြဿနာဖြစ်တတ်သည်။ ငွေမြုပ်နှံမှုအကြီးစားများရှောင်ပါ။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

သူတစ်ပါးအတွက် စေတနာသန့်သန့်နှင့်ဆောင်ရွက်ရင်း အထင်လွဲခံရမှုများကြုံမည်။ ရန်ကြားမှ တိုးတက်မှုရှာဖွေရမည်။ အများနှင့်တွဲလုပ်သောကိစ္စများတွင် သစ္စာမဲ့သူတစ်ဦးကြောင့် ဆုံးရှုံးမည့်ငွေ၊ အခွင့်အရေးများပြန်လည်ရရှိမည်။ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ စောင့်စားခြင်းတို့ကြောင့် အောင်မြင်မှုများရနိုင်သည်။ တစ်ဇွတ်ထိုးလုပ်ခြင်းလျှော့ပါ။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်ရှုပ်စရာများကြုံမည်။ အခက်အခဲများဖြေရှင်းရမည်။ ပစ္စည်းပျောက်တတ်သည်။ ဆွေမတော် မျိုးမတော်သူတစ်ဦး၏ ကျန်းမာရေးအတွက် အချိန်ကုန်၊ ငွေကုန်ခံအကူအညီပေးရမည်။ သေချာပေါက် အဆင်ပြေတော့မည့်ကိစ္စများကို မနာလိုအပျက်ကြံ၍ အလုံးစုံအစမှပြန်လည်ဆောင်ရွက်ရသော ကာလဖြစ်သည်။ တွက်ဆထားခြင်းမရှိသောရန်များ ထိပ်တိုက်တွေ့ရတတ်သည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ကူးစီစဉ်ပြီး လုပ်သည်ထက် ရုတ်ခြည်းဆုံးဖြတ်ပြီးလုပ်က အကျိုးပေးမည်။ ဦးတည်ချက်လမ်းကြောင်းများ ပြောင်းလဲပြီး ဆောင်ရွက်၍ အထူးအောင်မြင်မည်။ စကားမတည်သောသူများအား ယုံစားမိ၍ စိတ်သောကဝင်တတ်သည်။ လူယုံဒုက္ခပေးမည်။ ရန်အတိုက်အခံများမည်။ ခရီးနှင့်ပတ်သက်သည်များ ဆောင်ရွက်၍အကျိုးရှိမည်။ ကျန်းမာရေးဂရုစိုက်ပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အတူတွဲလုပ်သူများနှင့် လမ်းခွဲရမည်။ ရန်အပြိုင်ကြားမှ တိုးတက်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ သူတစ်ပါးအား ယုံစားပြီး လုပ်မိသည့်ကိစ္စများမှ စိတ်အနှောင့်အယှက်များဖြစ်တတ်သည်။ အပြိုင်အဆိုင် မနာလိုဝန်တိုမှုကြားမှ ဆောင်ရွက်လိုက်သည့်ကိစ္စများမှ အထူးအောင်မြင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

နာမည်အောင်မြင်မှုများရရှိမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။ စေတနာအပေါ် အလေးမထားသောသူများနှင့်တွေ့ရတတ်သည်။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ မိသားစုအတွင်း ကျန်းမာရေးအညံ့ရှိသူများရှိမည်။ ရန်ပြဿနာများမည်။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ မေတ္တာရေးအညံ့ကြုံမည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အကြံသစ်များ လက်တွေ့ကျကျလုပ်၍အောင်မြင်မည်။ ကြိုတင်ရရှိထားသော သတင်းစကားများ မပီပြင်၊ မူလစီမံထားသည့်အတိုင်းလုပ်က အခက်အခဲကြုံမည်။ ရုတ်ခြည်းဆုံးဖြတ်ပြီး ဆောင်ရွက်ထားသည်များ အောင်မြင်မည်။ ယာဉ်၊ ကားမောင်းနှင်မှု ဂရုစိုက်ပါ။ မတော်တဆထိခိုက်မှုအန္တရာယ်ဖြစ်တတ်သည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရာရာ သတိနှင့်ဆောင်ရွက်ရမည်။ ထွက်ပေါက်ရှာပြီး ငွေကုန်မည်။ ကျန်းမာရေးဂရုစိုက်ရမည်။ ဆုံးဖြတ်ချက်မှားတတ်သည်။ ငွေလက်လွှန်မှုသတိရှိရမည်။ သူတစ်ပါးကြောင့် မိမိအကြံအစည်များနှောင့်နှေးမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသောပြဿနာများ မိမိက ခေါင်းခံဖြေရှင်းရမည်။ အပြောအဆို အသွားအလာဂရုစိုက်ပါ။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အတိုက်အခံများရှိမည်။ မဖြစ်မနေလုပ်ကိုင်မှုကြောင့် အဆုံးပိုင်းတွင် အောင်မြင်မည်။ အတွေ့အကြုံသစ်များရရှိမည်။ မတော်တဆထိခိုက်မှုများသတိရှိရမည်။ စကားရှုပ်ထွေးသောသူများနှင့်တွေ့တတ်သည်။ ကောင်းမှုကိစ္စလုပ်ရန် ကြံစည်က အနှောင့်အယှက်ရှိမည်။ ပြောရေးဆိုရေး အဆင်ပြေမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်ချမ်းမြေ့စရာစကားများ ကြားသိရမည်။ မိတ်ဆွေကောင်းတွေ့ရမည်။ မျက်နှာပွင့်မည်။ ဆောင်ရွက်သမျှ အဆင်ပြေမည်။ ကာလအတန်ကြာ ခက်ခဲနေသောပြဿနာဟောင်းများ ပြန်လည်ဖြေရှင်းနိုင်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော်သင့်သည်။ မင်္ဂလာကိစ္စများ ပါဝင်ဆောင်ရွက်ပေးရမည်။ နေရာထိုင်ခင်းကိစ္စများအတွက် ပြောဆိုအဆင်ပြေမည်။

7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# နိမ့်ပါးနေပေမယ့် အိုဘားမားကို လျှော့မတွက်ပါနဲ့

ကြည်နေဝင်းမင်း



သူတို့က အိုဘားမားကို တစ်ချက်ကလေးမှ အနားမပေးပါဘူး။ လက်တွေ့မှာလည်း ဒီအတိုင်းပါပဲ။ ဩဂုတ်လ အမေရိကန်အပန်းဖြေရက်မှာ အနားယူတာတောင်မှ အလွတ်မပေးပါဘူး။ ဝေဖန်ရေးသမားတစ်စုက အိုဘားမားအပန်းဖြေဖို့ ရွေးချယ်ခဲ့တဲ့ Martha's Vineyard ကိုခမ်းနားထည်ဝါ ရှိုးထုတ်လွန်းတယ်လို့ ဆိုကြပါတယ်။ တချို့အားအားယားယား ဝေဖန်ရေးသမားတွေကလည်း အိုဘားမားဟာ အပန်းဖြေခရီးတောင် မထွက်သင့်ဘူးလို့ ဆိုပါတယ်။ တယ်လီဗေးရှင်း စကားစမြည်အစီအစဉ်တင်ဆက်သူ ဒေးဗစ်လက်တာမန်းကလည်း "သူ့ရဲ့ ပထမသက်တမ်းကုန်သွားရင် အပန်းဖြေခရီးထွက်ဖို့ အချိန်တွေအများကြီးရမှာပါလို့" အတည်ပေါက်နဲ့ အရွှန်းဖောက်ခဲ့ပါသေးတယ်။

ဒါဟာ နိမိတ်မကောင်းတဲ့ပုံပေါ်ပါတယ်။ လူထုကြားထဲမှာ ပေါ်ပြူလာ မဖြစ်လွန်းလို့ အပေါ့စား ဖျော်ဖြေရေးလုပ်ငန်း ဘုရင်တွေကတောင် တစ်ကြိမ်ပဲခံမယ့် သမ္မတလို့ အဆိုပြုလာကြပုံပါပဲ။ အမျိုးမျိုး အထွေထွေသော တချို့ပရောဟိတ်တွေကလည်း ဒါဟာ နောက်နေတာ မဟုတ်ဘူးလို့ ပြောနေကြပါတယ်။

နိုဝင်ဘာ ၂ ရက်၊ သမ္မတသက်တမ်း တစ်ဝက် ရွေးကောက်ပွဲမတိုင်ခင်မှာလည်း ရီပက်ဘလေကန်တွေ ကြီးကြီးကျယ်ကျယ်အနိုင်ရလိမ့်မယ်လို့ စစ်တမ်းတွေက ဟောကိန်းထုတ်နေကြပါတယ်။ ရီပက်ဘလေကန်တွေကလည်း ဒါသထွက်နေကြတာကို အလွန်အကျွံဝေဖန်မှု၊ အပြုတ်တိုက်မယ်ဆိုတာတွေနဲ့ ပေါင်းစပ်ထားပါတယ်။ ရီပက်ဘလေကန်တွေဟာ အောက်လွှတ်တော်ကို ထိန်းချုပ်နိုင်မယ့်ပုံပေါ်နေပြီး အထက်လွှတ်တော်ကို ချုပ်ကိုင်ဖို့အခွင့် အရေးလည်းရှိနေပုံပါဘဲ။ ဒီမိုကရက်တွေ (အိုဘားမားပါတီရဲ့ အမတ်တွေ) သာအများအပြားရှုံးသွားရင်တော့ ဒါဟာ အိမ်ဖြူတော်ကလူအတွက် အဆုံးအဖြတ်ပဲလို့ မြင်လာကြပါလိမ့်မယ်။

ဒါတွေဘယ်လိုများ ဖြစ်ခဲ့ရတာပါလဲ။

အိုဘားမား ဘဲဥပုံရုံးခန်းရောက်လာတဲ့ ၁၈ လတာကာလမှာ သူ့ရဲ့လယ်ဂျာထဲမှာ အဆိုးတွေထက် အကောင်းတွေ ပိုများခဲ့တာပါ။ သူဟာ မှတ်တိုင်စိုက်နိုင်လောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြောင်းအလဲကို ဖြစ်အောင်ထုထောင်ခဲ့တယ်။ ဒီကျန်းမာရေးပြုပြင် ပြောင်းလဲမှုဟာ ပြီးပြည့်စုံချင်မှ ပြီးပြည့်စုံပါလိမ့်မယ်။ လူကြိုက်အလွန်များချင်မှ များပါလိမ့်မယ်။ ဒါပေမဲ့ ဒါဟာ သမိုင်းဝင်ဥပဒေပါပဲ။ ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲဖို့ကြိုးစားခဲ့လို့ ဘီလ်ကလင်တန်ရဲ့ ပထမသက်တမ်း နှိပ်ကွပ်ခံခဲ့ရတယ်မဟုတ်လား။ တခြားခေတ်သစ်သမ္မတတွေက ဒီကိစ္စကို ဖြေရှင်းဖို့တောင် မကြိုးစားခဲ့ပါဘူး။ ဒါပေမဲ့ အိုဘားမားကတော့ အရုပ်ဆိုးအကျည်းတန်ပြီး အလျှော့မပေးတဲ့ အတိုက်အခံတွေရဲ့ ဆန့်ကျင်မှုတွေရှိနေတဲ့ ကြားထဲကနေပဲ ဒါကို ဖြစ်အောင်လုပ်ခဲ့ပါတယ်။

ဒါဟာ တခြားမှတ်မှတ်သားသားလုပ်ပေးခဲ့တဲ့ အကြောင်းအရာတွေထဲက ကိစ္စရပ်တစ်ခုပဲ ဖြစ်ပါတယ်။ စီးပွားရေး နိုးဆွဖို့အတွက်ကန်ဒေါ်လာ ၇၈၇ ဘီလီယံ အစီအစဉ် ချမှတ်ပေးခဲ့တာ၊ ဝေါလ်စထရိကို စည်းမျဉ်းအသစ်တွေနဲ့ ထိန်းချုပ်ဖို့ ဥပဒေပြဋ္ဌာန်းခဲ့တာ၊ အသက်အရွယ် ခွဲခြားမှုဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းခဲ့တာ၊ ခြစားနေတဲ့ ကျောင်းသားချေးငွေကိစ္စပြုပြင်ခဲ့တာ၊ ၉၅ ရာခိုင်နှုန်းသောအမေရိကန်တွေအတွက် အခွန်လျှော့ပေါ့ပေးခဲ့တာ စတဲ့အကြောင်းအရာတွေ အဲဒီစာရင်းထဲမှာပါဝင်ပါတယ်။ ဒါတွေကိုလည်း ရီပက်ဘလေကန်တွေက လွှတ်တော်ထဲမှာ ခါးခါးသီးသီး တိုက်ခိုက်ပြီး မဲဆန္ဒရှင်တွေကိုလည်း ချပြခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုအိုဘားမား လုပ်ခဲ့တာတွေဟာ ၁၉၆၀ ပြည့်နှစ် သမ္မတလင်ဒန်ဂျွန်ဆင်ရဲ့ 'Great Society' အစီအစဉ်တွေ နောက်ပိုင်း ဘယ်သမ္မတမှမလုပ်နိုင်ခဲ့တဲ့ ဥပဒေပြဋ္ဌာန်းမှုဆိုင်ရာ အောင်မြင်မှုလို့ ရီပက်ဘလေကန်တွေကတောင် ညည်းညည်းညူညူနဲ့ ဝန်ခံကြရပါတယ်။

အာဖဂန်နစ္စတန်မှာလည်း အမေရိကရဲ့ အထိရောက်ဆုံး၊ စွမ်းဆောင်ရည် အကောင်းဆုံး ဗိုလ်ချုပ်ကြီး ဒေးဗစ်ပီးထရေ့စ်ကိုတာဝန်အပ်နှင်းထားပါတယ်။ (သူအောင်မြင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။) အီရတ်စစ်ဆင်ရေးကိုလည်း ကတိပေးထားတဲ့ ရက်စွဲအတိုင်းပဲ ရုပ်သိမ်းနိုင်ခဲ့ပါတယ်။ ဗဟိုတရားရုံးမှာလည်း အစွမ်းအစရှိတဲ့ အမျိုးသမီးနှစ်ဦးကို ခန့်အပ်တာဝန်ပေးခဲ့ပါတယ်။ အိမ်ဖြူတော်ကလည်း သိက္ခာရှိတဲ့ နေရာအဖြစ် ရပ်တည်ဆဲပါပဲ။ ကလင်တန်သမ္မတလက်ထက်ကလို လူမှုရေး ကျော်မကောင်း၊ ကြားမကောင်းတာတွေ မရှိသလို ဘုရှ်လက်ထက်အတွင်း တိုက်ပွဲမျိုးတွေလည်း မရှိပါဘူး။

ဒါဆို အိုဘားမားဟာ ခြောက်ပြစ်ကင်း သဲလဲစင်လား။ မဟုတ်ပါဘူး။ ဒါပေမဲ့ အားလုံးကို ခြုံကြည့်ရင် အိုဘားမားဟာ သူကတိပေးထားသလိုပဲ တီထွင်ဖန်တီးမှုရှိတဲ့ လက်တွေ့ကျတဲ့ ပြုပြင်ပြောင်းလဲရေးသမားပဲ ဖြစ်ပါတယ်။ နိုင်ငံခြားရေးရာမှာလည်း အိုဘားမားဟာ အောင်မြင်မှု တချို့ရရှိခဲ့ပါတယ်။ ရုရှား-အမေရိကန်ဆက်ဆံရေးကို ပြန်လည် ပြင်ဆင်တည့်မတ်ခဲ့တယ်။ တစ်စိတ်တစ်ပိုင်းအားဖြင့် အီရန်ကိုဖိအားပေးနိုင်ဖို့ပါ။ အစ္စရေးနဲ့ ပါလက်စတိုင်းခေါင်းဆောင်တွေကို အိမ်ဖြူတော် ဖိတ်ခေါ်ပြီး တိုက်ရိုက်တွေ့ဆုံစေ့စပ် ညှိနှိုင်းမှုတွေ လုပ်စေခဲ့တယ်။ မွတ်ဆလင်ကမ္ဘာကို လက်ကမ်းခဲ့တဲ့နည်းတူ အာရှမှာမဟာမိတ်များ ခိုင်မာအောင်ကြိုးစားခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့လည်း ဆန့်ကျင်ဘက်ထက် ပူးပေါင်းအလုပ်လုပ်ဖို့ကြိုးစားခဲ့ပါတယ်။ အိမ်ဖြူတော်က လူခေါင်းထဲကို ရှုးသွပ်တဲ့အိုင်ဒီယာ တစ်ခုဝင်လာလို့ လူ့အသက်တွေ စိုးရိမ်ရတဲ့ အနေအထားကို ကမ္ဘာကြီးက မစိုးရိမ်ရတော့ပါဘူး။ ဘုရှ်လက်ထက်က ပြောင်းလဲလာတာကို ကြိုဆိုရပါမယ်။

ဒါတွေအားလုံးအတွက် ခမ်းနားတဲ့ သမ္မတသက်တမ်း အစပြုခြင်းလို့ အသိအမှတ်ပြုဖို့ ထိုက်တန်ပေမယ့် အိုဘားမားအတွက် ဆုလာဘ်ကတော့ သူ့အပေါ် လူထုထောက်ခံမှုနှုန်း စိုက်ဆင်းသွားခဲ့ခြင်းနဲ့ သက်တမ်းဝက်ရွေးကောက်ပွဲမှာ သူ့ရဲ့ ဒီမိုကရက်ပါတီနှိပ်ကွပ်ခံရမယ့် အရေးပါပဲ။

ဖြေရှင်းချက်ရဲ့ တစ်စိတ်တစ်ပိုင်းက အိုဘားမားနဲ့ သက်ဆိုင်ပါတယ်။ အိုဘားမားဟာ အိမ်ဖြူတော်ကို စတင်ရောက်လာကတည်းက တစ်ချိန်ချိန်မှာ သေချာပေါက်ပြန်ကျသွားမယ့် မျှော်လင့်ချက်လှိုင်းလုံးကြီးကို စီးဝင်လာလို့ပဲဖြစ်ပါတယ်။ လက်တွေ့အမှုဆောင်အရာရှိချုပ်ဟာ စွမ်းဆောင်မှုတွေဘယ်လောက် ကောင်းကောင်း တမန်တော် သမ္မတလောင်းလက်ထက်က ချမှတ်ခဲ့တဲ့စံချိန်တွေကို မမီနိုင်ပါဘူး။

ဖြေရှင်းချက် နောက်တစ်ပိုင်းကဒီမိုကရက်တွေနဲ့ သက်ဆိုင်ပါတယ်။ သူတို့ရဲ့ အောင်မြင်မှုတွေအတွက် ကြီးကြီးကျယ်ကျယ် အောင်ပွဲခံနေရမှာဖြစ်ပေမယ့် သူတို့က အောင်ပွဲခံမနေကြပါဘူး။ ဒီကြားထဲ အတိုက်အခံတွေတောင် ရှိန်နေကြပုံပေါ်နေပါတယ်။


အဓိက အစိတ်အပိုင်းကတော့ အမေရိကန် ပြည်သူလူထုပါ။ သူတို့ဟာ မပျော်ရွှင်ကြပါဘူး။ သူတို့ မပျော်ရွှင်မှုရဲ့ အဓိကအချက်ကတော့ ထော့နင်းထော့နင်းဖြစ်နေတဲ့ နိုင်ငံစီးပွားရေးပါပဲ။ တချို့ကစီးပွားရေးကို အလိုမကျဘူး။ တချို့က စီးပွားရေး လုံခြုံမှုမခံစားရဘူး။ တချို့က ဒေါသထွက်နေကြတယ်။ ဒီစိတ်ပျက်လက်ပျက်ဖြစ်မှုတွေ အားလုံးကို ခံစားရမှာက အစိုးရပဲ မဟုတ်ပါလား။ ဒီကြားထဲ ညာယိမ်း Tea ပါတီအဖွဲ့တွေရဲ့ ထကြွမှုတွေကလည်း ရှိနေပါတယ်။ Tea ပါတီသမားတွေအဓိက အသုံးချနေတာကတော့ လက်ရှိရာထူးရယူထားသူတွေအပေါ် ဆန့်ကျင်တဲ့ခံစားချက်တွေအပေါ် အခွင့်ကောင်းယူခြင်းပဲဖြစ်ပါတယ်။


သက်တမ်းဝက် ရွေးကောက်ပွဲအတွက် သမ္မတအိုဘားမားနဲ့ သူ့ရဲ့ပါတီအတွက်ရှာ ဖွေတွေ့ရှိထားတဲ့ ရောဂါတွေကတော့ အခြေအနေ မကောင်းပါဘူး။ ဒါပေမဲ့ ရေရှည်မျှော်မှန်းချက် ကတော့ နည်းနည်းအားရစရာ ကောင်းပါတယ်။

တကယ်တော့ အမေရိကန်တွေဟာ သူတို့ထင်သလောက် အစိုးရကို မမုန်းကြပါဘူး။ နွေရာသီအားလပ်ရက်တုန်းကတောင် သူတို့ဟာ ဝါရှင်တန်ကို စုပြုံပြီး အပန်းဖြေခရီးလာရင်း လွှတ်တော်နဲ့ အိမ်ဖြူတော်ကို ဝင်ကြည့်ဖို့တန်းစီစောင့်ဆိုင်းခဲ့ကြပါတယ်။ ဂျက်ဖာဆန်၊ ဂျွန်အက်ဖ်ကနေဒီနဲ့ လင်ကွန်းအထိမ်းအမှတ် နေရာတွေမှာဂါဝရပြုခဲ့ကြပါတယ်။ အဲဒီခရီးတွေကို အမေရိကန်က ထုတ်တဲ့ GM, Chrysler ကားကြီးတွေ စီးပြီးသွားခဲ့ကြတာပါ။

စီးပွားရေးကလည်း အမြဲတမ်းတော့ ဒီအတိုင်းမနေပါဘူး။ အခုဆိုရင် သမ္မတအိုဘားမားကိုယ်တိုင်ကလည်း ဒီမိုကရက်မဲဆွယ်မှုတွေကို ပြန်ပြီးဦးဆောင်နေပြီးသူ့ရဲ့ ဒီမိုကရက်တစ်ပါတီအမတ်တွေဘက်က ရပ်တည်ဖို့ ကြိုးစားနေရာမှာ အိုဘားမားအတွက်ကတော့ သက်တမ်းဝက်ရွေးကောက်ပွဲဟာ ရှေ့တစ်လှမ်းတိုးဖို့ နောက်တစ်လှမ်းဆုတ်ရသလို ဖြစ်နိုင်ပါတယ်။

*—Ref: Obama is down, but it's far too early to count him out*



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## ရွေးကောက်ပွဲ စကားဝိုင်း(၁)

သက်ခိုင်မြင့်

"ဦးလေး . . ဒီနေ့ ဘယ်မှမသွားဘူးလား"ဟု ပြောရင်း အိမ်ပေါ် တက်လာသော တူတော်မောင်၏ အသံကြောင့် သတင်းစာဖတ်နေရင်းမှ မော့ကြည့်ရင်း . . .

"လာဟေ့ မောင်လှသန်း . . . ဘယ်ကလှည့်လာတာတုန်း"

"ဦးလေးဆီ တမင်လာတာပါ။ မသိတာလေးတွေ ရှိလို့"ဟုပြော၍ ကျွန်တော့်ဘေးခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် "ဒေါ်လေးနဲ့ ညီမလေးတို့ရော"ဟု ပြောလျက် အတွင်းခန်းဘက်သို့ လှမ်းကြည့်သည်။

"ရှိပါတယ်ကွာ ဈေးသွားဖို့ အဝတ်အစားလဲနေကြတယ်ထင်တယ်။ ဒါ့ထက် မလာစဖူးထူးထူးခြားခြား ငါ့ဆီတမင်သက်သက် ဝင်လာတာဆိုတော့ ဘာလဲမင်းမိန်းမယူတော့မလို့ လာတိုင်ပင်တာလား" ဟု ကျွန်တော့်အမေးကို အလန့်တကြားလက်ကာပြရင်း

"ဟာ မဟုတ်ပါဘူး ဦးလေးရဲ့ မိန်းမယူဖို့ကိစ္စ မစဉ်းစားသေးပါဘူး။ အခုလာတာက နေဦး ဦးလေးက ခရိုင်ကော်မရှင်မှာ ပါတယ်နော်။

"အေး ဟုတ်တယ်၊ ဒါနဲ့ မင်းလာတာနဲ့ ဘာပတ်သက်နေလို့တုန်း"

"ရွေးကောက်ပွဲလည်းနီးပြီဆို ဦးလေး"

"ရော ခက်ကပြီ ငါ့ကောင်ရယ်၊ မင်းဘာတွေ ဖြစ်နေတာတုန်း မင့်မေးခွန်းတွေကလည်း ဟိုရောက်ဒီရောက် ကပေါက်တိကပေါက်ချာပါလား"

"ကန်တော့ ကန်တော့ ဦးလေး၊ ကျွန်တော်စိတ်စောပြီး လောသွားတယ်၊ အခု ကျွန်တော်ဘယ်က ပြန်လာတယ်လို့ဦးလေးထင်လဲ"

"ဘယ်သိနိုင်ပါ့မလဲ မောင်ရာ မင့်ဟာမင်း အလုပ်ရုံကို ပစ်၊ အလုပ်သမားတွေနဲ့ လွှဲထား၊ သွားချင်ရာ သွား၊ လာချင်ရာ လာနေတာ၊ ငါ့လာမေးခွန်းထုတ်နေပြန်ပါပြီ"

"အထင်မလွဲပါနဲ့ ဦးလေးရာ၊ ပြောရရင် ရပ်ကွက်ထဲမှာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့မှ ဝင်လုပ်ဖို့ ကျွန်တော့်ကိုလာပြောကြတယ်။ ပထမတော့ ငြင်းလိုက်မလို့ဘဲ။ ဒါပေမဲ့ နည်းနည်းစိတ်ဝင်တစား ရှိလို့ လက်ခံလိုက်တယ်။ ဒီနေ့ မနက်တော့ မြို့နယ်ခန်းမမှာ ခရိုင်က ပုဂ္ဂိုလ်တွေလာပြီး သင်တန်းပို့ချတယ်။ ကျွန်တော်တို့ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်တွေကော မြို့နယ်ကော်မရှင်အဖွဲ့ဝင်တွေကော သင်တန်းသွားတက်ရတယ်။ အခု သင်တန်းပြီးလို့ ပြန်လာတာ"

သည်တော့မှ သူ့လာရင်းကိစ္စကို ကျွန်တော်သဘောပေါက်တော့သည်။ ခြံဝတွင် ထောင်ထားသည့် စက်ဘီးရှေ့သံခြင်းထဲမှာ စာအုပ် ၃-၄ အုပ် ကမန်းကတန်းသွားယူပြီး ကျွန်တော့်ရှေ့စားပွဲ၌ တင်ကာ သူ့ စကားကို ဆက်ပြန်သည်။

"ဒီနေ့ သင်လိုက်တဲ့ ဘာသာရပ်တွေက မနည်းဘူး ဦးလေးရဲ့ မနက် ၈ နာရီက စသင်လိုက်တာ ညနေ ၅ နာရီခွဲအထိပဲ။ နေ့လယ် ထမင်းစားချိန်လေးပဲ အနားရတယ်။ နောက်ပြီး မဲရုံလက်တွေ့သရုပ်ပြလည်း ကြည့် ခဲ့ရတယ်"ဟု ပြောကာ အေးနေပြီဖြစ်သော ရေနွေးကြမ်းကို တစ်ကြိုက် တည်း သောက်လိုက်သည်။ သူ့ပြောစကား ရပ်သွားတော့မှ ကျွန်တော်က . . . .

"ဒါထက် နေပါဦး မင်းက ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်ဆိုတော့ အရင်က မင်း ဟိုပါတီ၊ ဒီပါတီတွေများဝင်ထားသေးသလား"

"ဟာ . . . ပေါက်ပေါက်ရှာရှာဗျာ၊ ဘယ်ပါတီမှ မဝင်ပါဘူး၊ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတာပါ"

"အေး . . ငါသိချင်တာက အဲဒါပဲ။ ကော်မရှင်မှာ ဝင်လုပ်ရင် နိုင်ငံရေးပါတီဝင် မဖြစ်ရတာက ဒါနဲ့ ဆက်ပါဦး၊ မင်းသင်တန်းကိစ္စ"

"သင်တန်းမှာ တိုင်းဥက္ကဋ္ဌကြီး ကိုယ်တိုင် အဖွင့်အမှာ စကားပြောတယ်။ ခရိုင်ကော်မရှင်ဥက္ကဋ္ဌကြီးကလည်း ဘာသာရပ်တစ်ခုကို တာဝန်ယူပြီးပို့ချတယ်။ နောက်ဘာသာရပ်တွေကိုတော့ ခရိုင်က ဥပဒေအရာရှိတွေ၊ မြို့နယ်ဥပဒေအရာရှိတွေနဲ့ ခရိုင်ကော်မရှင်ခွဲ အဖွဲ့ဝင်တွေက ဆက်ပြီး ပို့ချတယ်"

"မင်း ရှင်းကော ရှင်းရဲ့လား၊ သေသေချာချာကော သဘောပေါက်ရဲ့လား"

"သဘောပေါက်တာလဲရှိ၊ မပေါက်တာလဲ ရှိပေါ့ ဦးလေးရာ။ သင်တန်းချိန်က တစ်ရက်ပဲ ရတာ။ သင်တဲ့ပုဂ္ဂိုလ်တွေကတော့ ပြောပါတယ်။ မရှင်းတာရှိရင် အားမနာတမ်းမေးပါလို့၊ ဒါပေမဲ့ မေးရမှာ အားနာတာကလည်းတစ်ကြောင်း၊ နောက်ပြီး လူတွေထဲ ထမေးရမှာလည်း ရွံ့တွန့်တွန့်ဆိုတော့ ဦးလေးကို မေးရင်လည်း ရတာပဲဆိုပြီး ကိုယ့်ဦးလေးအားကိုးနဲ့ ထမမေးခဲ့ဘူး"။

"အင်း မင်းကတော့ လုပ်တော့မယ်။ ငါ့များ ပညာရှိသုခမိန်ကြီး မှတ်နေရော့လား"

"မဟုတ်ပါဘူး ဦးလေးရာ ဦးလေးက ကျွန်တော်တို့ထက် အများကြီး ပိုသိပါတယ်။ ဒါ့ကြောင့်ပါ"

"ကဲ မင်းမရှင်းတာ ဘာရှိသတုန်း။ ငါသိသလောက်တော့ ပြောပြမယ်။မင်းမေးခွန်းတွေ သိပ်များ ရှုပ်လျားထွေပြားနေရင်လည်း နောက်နေ့ ဆက်တာပေါ့ကွာ။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ဥပဒေစာအုပ်တွေ၊ နည်းဥပဒေစာအုပ်တွေ၊ လုပ်ငန်းလမ်းညွှန်စာအုပ်တွေ၊ ဟိုစားပွဲပေါ်မှာရှိတယ်။ ခဏယူဖတ်ရင်လည်း ဖတ်ပေါ့ ကဲပြော"

"အရင်ဆုံး သိချင်တာက ဦးလေးရေ သင်တန်းမှာ မဲရုံသရုပ်ပြလက်တွေ့ မဲထည့်တာ ပြတယ်။ အရင်ဆန္ဒခံယူပွဲတို့၊ အခြေခံဥပဒေ အဲဖွဲ့စည်းပုံအခြေခံ ဥပဒေအတွက် ထောက်ခံ၊ မထောက်ခံမဲထည့်ကြတုန်းက မဲပုံးကတစ်ပုံးတည်း။ အင်း တစ်ပုံးထဲလို့ပဲ ထင်တယ်။ အခုလုပ်မယ့် ရွေးကောက်ပွဲအတွက်က မဲပုံးငါးပုံးတောင်ဗျ။ တချို့က ပထမမဲပုံး သုံးပုံးမှာပဲ ထည့်ရပြီး တချို့ကတော့ ပထမသုံးပုံးအပြင် နောက်ထပ်တစ်ပုံးမှာ ထပ်ထည့်ရတယ်။ အဲဒါကို မရှင်းတာ"

"အေး . . . အေး မင်းမရှင်းလင်းတဲ့ ကိစ္စ ငါသိပြီ။ ဒီလိုကွ။ ၂၀၀၈ ခုနှစ်တုန်းက မင်းတို့ငါတို့ နိုင်ငံသားအားလုံး ရာနှုန်းပြည့်နီးပါးက အတည်ပြုထောက်ခံလိုက်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီနိုင်ငံမှာ လွှတ်တော်သုံးရပ် ရှိလာမယ်။ ပြည်သူ့လွှတ်တော်ရယ်၊ အမျိုးသားလွှတ်တော်ရယ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရယ်ပေါ့ကွာ။ အဲဒီလွှတ်တော်သုံးရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ ဝင်အရွေးခံမယ့်ပုဂ္ဂိုလ်တွေလည်း ရှိမယ်။ အဲဒီပုဂ္ဂိုလ်တွေတည်းက လွှတ်တော်တစ်ရပ်အတွက် မင်းအနှစ်သက်သဘောကျဆုံး တစ်ဦးကို ရွေးပေးရမယ်။ လွှတ်တော်သုံးရပ်အတွက် သုံးဦးရွေးပေးရမယ်လို့ ဆိုတာပဲပေါ့။ ဒါကော ရှင်းရဲ့လား"

"ဟုတ်ပြီ ရှင်းပါပြီ၊ ကျန်တဲ့ မဲနှစ်ပုံးကကော ဦးလေး"

"ကောင်းပြီး ဆက်ပြောမယ်။ ဒါနဲ့ မင်းဘယ်မြို့မှာ မဲပေးမှာလဲ"

"ရန်ကုန်မှာပဲပေါ့ ဦးလေးရဲ့။ ဘာဖြစ်လို့လဲ"

"ဒီလိုလေကွာ ရန်ကုန်မှာ မဲပေးမှာဆိုရင် ရန်ကုန်တိုင်းရဲ့ အခြေအနေနဲ့ ရှင်းပြမှ မင်းသဘောပေါက်လွယ်မှာမို့ပါ"

"ဒီလိုကွ တိုင်းရင်းသားလူမျိုးတစ်မျိုး ဥပမာ ကရင်လူမျိုးဆိုကြပါစို့။ ရန်ကုန်တိုင်းတစ်တိုင်းလုံးမှာ ကရင်လူမျိုး ဘယ်လောက်နေထိုင်ကြသလဲဆိုတာကို အခြေခံရမယ်၊ ရန်ကုန်တိုင်းအတွင်းမှာ နေထိုင်ကြတဲ့ ကရင်လူမျိုးအရေအတွက်ဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီးဆိုရင် ကရင်လူမျိုးစုအတွက် ရန်ကုန်တိုင်းအနေနဲ့ ကိုယ်စားလှယ်ရွေးပေးရမယ်။ ရွေးပိုင်ခွင့်ရှိတယ်ပေါ့ကွာ။ တခြားတိုင်းရင်းသားတွေအနေနဲ့လည်း ရန်ကုန်တိုင်းမှာ ၀ ဒသမ ၁ ရာခိုင်နှုန်းကျော် နေထိုင်ကြရတယ်။ အဲဒီလူမျိုးစုအတွက်လည်း ကိုယ်စားလှယ်ရွေးပေးရမယ့် သဘောပေါ့။ လက်ရှိအခြေအနေမှာတော့ ရန်ကုန်တိုင်းအတွင်းမှာ နိုင်ငံလူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းကျော် နေထိုင်တဲ့ တိုင်းရင်းသားလူမျိုးဆိုလို့ ကရင်လူမျိုးနဲ့ ရခိုင်လူမျိုးပဲ ရှိသေးတယ်။ ဒါ့ကြောင့် မဲပုံးနှစ်ပုံးထပ်တိုးတာပဲ။ ဒါကိုကော သဘောပေါက်ရဲ့လား"

"သဘောပေါက်ပြီ ဦးလေး။ ဒါဆို ကျွန်တော်က ကရင်လည်း မဟုတ်၊ ရခိုင်လည်း မဟုတ်ဆိုတော့ရင် လွှတ်တော်သုံးရပ်အတွက် မဲသုံးပုံးမှာ ထည့်ရပြီး၊ ကရင်လူမျိုးမဲဆန္ဒရှင်က သူတို့ကရင်လူမျိုးအတွက် မဲတစ်ပုံးပဲ ထည့်ရင်ပြီးရောမဟုတ်လား"

"နိုး . . . နိုး . . . မဟုတ်သေးဘူးကွ။ ကရင် ဒါမှမဟုတ် ရခိုင်လူမျိုးတစ်ဦးဟာ ပထမ မင်းပြောတဲ့လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံးမှာ မဲထည့်ရမယ့်အပြင် ကရင်လူမျိုးစု မဲဆန္ဒရှင်တစ်ဦးဟာ သူတို့ ကရင်လူမျိုးစု ကိုယ်စားလှယ်အတွက် မဲထပ်ထည့်ပေးဖို့ လိုတယ်။ ဒါကြောင့်မို့ တိုင်းရင်းသားကရင်လူမျိုးတစ်ဦးဟာ စုစုပေါင်း မဲပုံးလေးပုံးမှာ မဲထည့်ရမှာ။ အဲဒီလိုပဲ ရခိုင်တိုင်းရင်းသား မဲဆန္ဒရှင်တစ်ဦးဟာလည်း လွှတ်တော်သုံးရပ်အတွက် မဲသုံးပုံး၊ ရခိုင်လူမျိုးတိုင်းရင်းသားကိုယ် စားလှယ်အတွက် တစ်ပုံး၊ ပေါင်းလေးပုံး မဲထည့်ရမှာကွ"

"ဟုတ်ပြီ၊ ရှင်းပြီ ဦးလေး။ တစ်ခုသိချင်တာက အဲဒီတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်က အရွေးခံရရင် ဘယ်လွှတ်တော်အတွက်လည်း ဆိုတာလေး သိပါရစေ"

"ဒါကတော့ အရှင်းကြီးပေါ့ ငါ့တူရာ။ အရွေးချယ်ခံရတဲ့ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်ဟာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်တက်ရမှာပေါ့"

"ရှင်းပြ ဦးလေးရေ။ မေးရာတွေကတော့ အများသားကပဲ။ နက်ဖြန်ညနေ တစ်ခေါက်လာခဲ့ဦးမယ်။ ဦးလေးအားရဲ့လား"

"ထမင်းစားပြီးချိန်လာခဲ့ကွာ။ ဒီတော့မှ မင်းသိချင်တာ ထပ်မေးပေါ့။ ဟုတ်လား"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

## လယ်တီမေတ္တာလူမှုကူညီရေးအသင်းက တစ်လလျှင် အရေးပေါ်လူနာ၅၀ ဦးခန့်ကူညီပေးနိုင်ခဲ့

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၂၀**

ပထမလယ်တီဆရာတော်ကြီးမွေးဖွားရာဒေသ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာတွင် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော လယ်တီမေတ္တာလူမှုကူညီရေးအသင်းကြီးမှ အရေးပေါ်လူနာ တစ်လလျှင် ၅၀ ခန့် ကူညီပေးနိုင်ခဲ့ကြောင်း လယ်တီမေတ္တာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌဦးဇော်လွင်က ပြောကြားသည်။

"လယ်တီမေတ္တာလူမှုကူညီရေးအသင်းမှာ အသင်းဝင်ပေါင်း ၁၄၀ ကျော်ရှိတယ်။ စိုင်ပြင်ကြီး ကျေးရွာအနီးတစ်ဝိုက်က ရွာပေါင်း ၁၀၀ ကျော်က အရေးပေါ်လူနာတွေကို လူနာရှင်ရဲ့ ဆန္ဒအရ မုံရွာ၊ မန္တလေး၊ ဘုတလင်မြို့ပေါ်က ဆေးရုံတွေကို တစ်လလူနာ ၅၀ ခန့်ပို့ပေးရတယ်။ လတ်တလော လယ်တီမေတ္တာအသင်းမှာ ရန်ပုံငွေမရှိသေးတဲ့အတွက် အရေးပေါ်လူနာတွေပို့ဆောင်တဲ့နေရာမှာ စက်သုံးဆီစားစရိတ်ကို အလှူငွေအဖြစ် လှူဒါန်းရပါမယ်။ ဆင်းရဲချို့တဲ့လူနာတွေကိုတော့ လယ်တီမေတ္တာအသင်းကအသင်းဝင်တွေစုပေါင်းလှူဒါန်းငွေနဲ့ ဆေးရုံအရောက်ပို့ဆောင်ပေးရပါတယ်။ လယ်တီမေတ္တာအသင်းဝင်တွေစုပေါင်းပြီး လစဉ်အလှူငွေထည့်ဝင်တာတွေလည်း စနေပါပြီ။ အလှူငွေစုဆောင်းတဲ့ငွေနဲ့ အရေးပေါ်လူနာတင်ယာဉ်အတွက် လိုအပ်တာပြုပြင်မယ်။ ချို့တဲ့နွမ်းပါးလူနာတွေကို ထောက်ပံ့ပေးနိုင်ဖို့ကြိုးစားနေပါတယ်" ဟု လယ်တီမေတ္တာ လူမှုရေးအသင်းဥက္ကဋ္ဌဦးဇော်လွင်က ပြောကြားသည်။

"အခုလောလောဆယ်တော့ အသင်းရန်ပုံငွေအခက်အခဲကြောင့် လူနာရှင်က စက်သုံးဆီထည့်ပေးရပါတယ်။ နောင်မှာတော့ လူနာတွေကို အခမဲ့ကူညီနိုင်အောင် ကြိုးစားနေပါတယ်။ လယ်တီမေတ္တာအသင်းမှာ ခွဲစုပ်စက်တစ်လုံး၊ အောက်စီဂျင်ဘူးနှစ်လုံး၊ မြွေဆိပ်ဖြေဆေး ၂၅ လုံး၊ လူနာထမ်းစင်တစ်ခု ဝယ်ယူထားရှိထားပါတယ်။ လယ်တီမေတ္တာအသင်းကြီးကို မုံရွာမြို့ချင်းတွင်း ဆန်လှူအသင်းကြီးအသင်းထောက်အဖြစ်ထားရှိဖွင့်လှစ်ပြီး လူမှုရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့နွေရာသီမှာလည်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လယ်တီမေတ္တာလူမှုကူညီရေးအဖွဲ့က မီးသတ်ယာဉ်တစ်စီးကို စိုင်ပြင်ကြီးကျေးရွာ မီးသတ်ဌာနကို လှူဒါန်းခဲ့ပါတယ်။ လယ်တီဆရာတော်ကြီးမွေးရပ်မြေမှာလည်း သာသနိကအဆောက်အအုံတွေ တည်ဆောက်ပြုပြင်မွမ်းမံရေးလုပ်ငန်းတွေကိုပါ ဆောင်ရွက်လျက်ရှိပါတယ်" ဟု လယ်တီမေတ္တာ လူမှုကူညီရေးအသင်း အတွင်းရေးမှူးဦးမြင့်အောင်က ပြောသည်။

ဒီပဲယင်းမြို့တွင် ကရုဏာရှင်လူမှုကူညီရေးအသင်း၊ ရေဦးမြို့တွင် မြင့်မြတ်သူလူမှုကူညီရေးအသင်း၊ ညောင်လှကျေးရွာတွင် မြတ်စေတနာ လူမှုကူညီရေးအသင်း စိုင်ပြင်ကြီးကျေးရွာတွင် လယ်တီမေတ္တာလူမှုကူညီရေးအသင်းတို့မှ လူမှုရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ လယ်တီမေတ္တာလူမှု ကူညီရေးအသင်းအား ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလက စတင်ထူထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလတွင် အရေးပေါ်လူနာတင်ယာဉ်ဝယ်ယူ၍ လူနာများ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လယ်တီမေတ္တာလူမှုကူညီရေးအသင်းအား အကူအညီတောင်းခံလို၍ဖြစ်စေ၊ အနယ်နယ်အရပ်ရပ်မှ အလှူငွေထည့်ဝင်လို၍ဖြစ်စေ ဆက်သွယ်လိုပါက ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးကျေးရွာဈေးအနီး လယ်တီမေတ္တာ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးဇော်လွင် (ဖုန်း-၀၉-၄၇ ၀၅၈၅၅၀)၊ အတွင်းရေးမှူး ဦးမြင့်အောင် (ဖုန်း-၀၉-၄၇၀၅၈၅၅၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ဘိလပ်မြေထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထုံးကျောက်တောင်တစ်ခုတွေ့ရှိ

**နနနွေ**

**တောင်ကုတ်၊ အောက်တိုဘာ - ၁၉**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ် မအီမြို့နယ်ရှိ လမူးချောင်းနှင့်ဆားပြင်ချောင်းအကြား ရှီကူတောင်မှဘိလပ်မြေထုတ်လုပ်နိုင်သည့်ထုံးကျောက်အမြောက်အမြား တွေ့ရှိရကြောင်း သိရှိရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်သူများနှင့် ဘူမိဗေဒဌာနမှ ကျွမ်းကျင်သူပညာရှင်များ ကွင်းဆင်းလေ့လာချက်အရ အဆိုပါထုံးကျောက်တောင်မှ မြေပေါ်ထုထည်အရတစ်နေ့လျှင် တန် ၅၀၀ ခန့်အထိ ထုတ်ယူရရှိနိုင်ပြီး နှစ်ပေါင်း ၈၀ ခန့်အထိ ထုတ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်း (ကျောက်ဖြူမြို့နယ်/ရမ်းဗြဲမြို့နယ်) များနှင့် မာန်အောင်ကျွန်းမြို့နယ်များတွင်လည်း သဘာဝထုံးကျောက်တောင်များ ရှိနေပြီး လေ့လာချက်အရ နေရာပေါင်း ၂၇ နေရာတွင် တွေ့ရှိရနိုင်သည်ဟုသိရသည်။ အဆိုပါထုံးကျောက်များကို ဒေသခံများက ထုတ်ယူပြီး အိမ်သုံးထုံးများအဖြစ် ရောင်းချလျက်ရှိသည်။ ယခု တောင်ကုတ်မြို့နယ်တွင် တွေ့ရှိရသည့် ထုံးကျောက်တောင်မှာ ရခိုင်ပြည်နယ်အတွင်း အသစ်တွေ့ရှိရသည့် ထုံးကျောက်တောင်ဖြစ်ပြီး ပမာဏအများဆုံး ထုတ်ယူနိုင်သော ထုံးကျောက်တောင်ဖြစ်ကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လွယ်ကူလာပြီဖြစ်၍ ထုံးကျောက်တောင်မှ ထုံးများကို အသုံးပြုကာ ဘိလပ်မြေစက်ရုံ တည်ဆောက်ပေးနိုင်မည်ဆိုပါက ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

Environment
7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ရခိုင်ကမ်း ိုးတန်းတွင် ဝေလငါးအသေတစ်ကောင်ကမ်းတင်

**အိဖြူမွန်၊ မြတ်စုမွန်**

ရန်ကုန်၊ အောက်တိုဘာ-၂၁

ဝေလငါးကျက်စားခြင်းမရှိသော ရခိုင်ကမ်းရိုးတန်းရှိ ကျိန္တလီမြို့နယ်ခွဲ၊ ရွာသစ်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် အရှည်ပေ ၄၀ ရှိပြီး လုံးပတ်ပေ ၂၀ ရှိသည့် ဘရိုင်းဝေလငါးအသေတစ်ကောင်ကမ်းတင်ခဲ့ကြောင်း ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းမှ သတင်းရရှိသည်။



ဓာတ်ပုံ– ဒေါက်တာမောင်ကြည်အေး(ဌ)

ယင်းဝေလငါးမျိုးသည် ကာရေဘီယံပင်လယ်၊ အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းနှင့် အာရှဒေသ သမုဒ္ဒရာလွင်ပြင်တို့တွင် နေထိုင်ကျက်စားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ကပ္ပလီပင်လယ်ပြင်နှင့် မြန်မာ့ကမ်းလွန်လွင်ပြင်တို့တွင်တွေ့ရသည်။

ယခုတွေ့ရှိသော ဝေလငါးသည် ရခိုင်ကမ်းရိုးတန်းတွင် တတိယမြောက် ဝေလငါးဖြစ်သည်။ ၁၉၈၀ နှင့် ၂၀၀၀ ပြည့်နှစ် ဝန်းကျင်များတွင် ဝေလငါးတစ်ကောင်စီ ကမ်းတင်ခဲ့ပြီး ယခုတင်သောဝေလငါးများထက် အရွယ်အစားသေးငယ်ခဲ့ကြသည်။

"အကောင်ကကြီးတယ်။ လမ်းကြောင်းမှားပြီး ရောက်လာတာ။ ရခိုင်ကမ်းရိုးတန်းမှာ အရင်ကတည်းက ဝေလငါးမရှိခဲ့ဖူးဘူး။ လင်းရှူး၊ လင်းပိုင်နဲ့ ရေဝက်တို့ပဲရှိတယ်။ သူအလိုလို ကမ်းတင်လာတာ။ လာတင်တော့ အကောင်ကသေပြီးပြီ" ဟု ယင်းအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်သိန်းဖေကပြောသည်။

ယင်းဘရိုင်းဝေလငါးကို ရခိုင်ပြည်နယ်အခြေစိုက်ရခိုင်ကမ်းရိုးတန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်မြို့နယ် အေးချမ်းသာယာရေး၊ ရပ်ကွက်အေးချမ်းသာယာရေး ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ငါးကြီး၏ အရိုးစုရရှိနိုင်ရေးအတွက်ဆောင်ရွက်နေကြသည်။

ယင်းငါး၏အမည်ကို တောင်အာဖရိက ပင်လယ်ပြင်တွင် ဝေလငါးစတင်ဖမ်းဆီးခဲ့သူ နော်ဝေနိုင်ငံသား Johan Bryde ကို ရည်ညွှန်း၍ ခေါ်တွင်ခဲ့ခြင်းဖြစ်သည်။ ယင်းဝေလငါးသည် ငါးငယ်များနှင့်ပုစွန်ဆိတ်တို့ကိုစားသုံးကြောင်းသိရသည်။




# ကမ္ဘာတွင်သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ်လူ့ခုနစ်သောင်းခန့် သေဆုံး

> နှစ်စဉ်နှစ်တိုင်းကမ္ဘာတွင် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေငလျင်လှုပ်ခြင်း စသည့်သဘာဝဘေး အန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံဆုံးရှုံးနေရကြောင်း



စစ်ကိုင်းတိုင်းဒေသကြီး ညောင်ပင်ဝန်းရွာအနီးတွင် ရေကြီးရေလျှံမှုဖြစ်ပွားနေစဉ်။
ဓာတ်ပုံ – မျိုးမင်းဦး

**အေးမြကျော်**

ရန်ကုန်၊ အောက်တိုဘာ-၂၀

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံများတွင် ရေကြီးခြင်း၊ မြေငလျင်ဒဏ်ခံရခြင်း၊ မုန်တိုင်း၊ မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်းခုနစ်သောင်းခန့်သည် နှစ်စဉ်သေဆုံးနေရကြောင်း မကြာမီက ထုတ်ပြန်ခဲ့သော ကမ္ဘာ့သဘာဝဘေးအန္တရာယ်အစီရင်ခံစာ(World Disaster Report )တွင်ဖော်ပြထားသည်။

တစ်နှစ်လျှင် သဘာဝဘေးအန္တရာယ်ကြောင့် လူသန်းပေါင်း ၂၃၀ သည် ထိခိုက်ဒဏ်ရာရနေကြပြီးလူပေါင်းခုနစ်သောင်းကျော်မှာ နှစ်စဉ်သေဆုံးနေရကြောင်း ၂၀၁၀ ခုနှစ်အတွက် ထုတ်ပြန်လိုက်သော အဆိုပါ အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

နှစ်စဉ် နှစ်တိုင်း ကမ္ဘာတွင် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း တိုက်ခတ်ခြင်း၊ မြေငလျင် လှုပ်ခြင်း စသည့် သဘာဝဘေး အန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ဆုံးရှုံးနေရကြောင်းလည်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၀ ခုနှစ်အတွက် ထုတ်ပြန်ထားသော အဆိုပါ အစီရင်ခံစာတွင် မြို့ပြများ ကြုံတွေ့နိုင်သော ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသားပေး အစီရင်ခံတင်ပြထားပြီး ယခုဆိုလျှင် ကမ္ဘာ့ပေါ်ရှိ နိုင်ငံအသီးသီးတွင် မြို့ပြ၌ နေထိုင်သော လူဦးရေမှာ ၃၄၉၅ ဘီလီယံရှိပြီး တိုင်းပမာဏမှာ ကျေးလက်ဒေသနေသူဦးရေနှင့် နှိုင်းယှဉ်လျှင် ပိုမိုများပြားသော ပမာဏဖြစ်ပြီး ကျေးလက်နေလူဦးရေမှာ ၃၄၂၁ ဘီလီယံရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုအခါ ကမ္ဘာပေါ်ရှိ မြို့ပြများမှာ လူဦးရေ အဆမတန်များပြားသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး နောက်ဆုံးလေ့လာတွေ့ရှိချက်များအရ ရေလွှမ်းမိုးခြင်း၊ မြေငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရဖွယ် အများဆုံးအနေအထားမှာ မြို့ပြနေရာများဖြစ်နေကြောင်း နိုင်ငံတကာ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ကမ္ဘာ့လူဦးရေ၏ ၁ ဘီလီယံမျှသော မြို့ပြနေလူဦးရေမှာ အရည်အသွေးအလွန်ညံ့ဖျင်းသောအဆောက်အအုံများတွင် နေထိုင်နေရပြီး ထိုလူဦးရေတွင် သဘာဝ ဘေးအန္တရာယ်ကာကွယ်ရေးအတွက် လုံလောက်သော ကြိုတင်ပြင်ဆင်မှုများ မရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။







Tourism
7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# ဂီရိကြောင့် ကမ်းခြေခရီးအပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၏ခရီးစဉ်များရွှေ့ဆိုင်း

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၃**

ဘင်္ဂလားပင်လယ်အော်တွင် အရှိန်ယူခဲ့သည့် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဂီရိကြောင့် ကမ်းခြေဒေသအပါအဝင် မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ သွားရောက်မည့် ကမ္ဘာလှည့်ခရီးသွားများ၏ခရီးစဉ်များအား ဖျက်သိမ်းခြင်းနှင့်ရွှေ့ဆိုင်းခြင်းများပြုလုပ်လိုက်ရကြောင်း သိရသည်။



*ဓာတ်ပုံ– www.tunlwin.com*

သို့သော် ထိုဒေသသို့အောက်တိုဘာ၂၃ ရက်တွင် အဲပုဂံလေကြောင်းလိုင်းမှ လေယာဉ်စတင်ပျံသန်းခဲ့ပြီး၊၂၄ ရက်တွင် အဲပုဂံနှင့် အဲမန္တလေးလေကြောင်းလိုင်းပါ ပျံသန်းမည်ဟု လေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ထို့ကြောင့် ကမ္ဘာလှည့်ခရီးသည်များမှာ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ကြားကာလတွင် လာရောက်မည့်သူများသာ ခရီးစဉ်ဖျက်ခဲ့ရသော်လည်း ၂၅ ရက်နောက်ပိုင်းမှစ၍ ခရီးစဉ်ဖျက်သိမ်းရခြင်းမရှိတော့ကြောင်း ငပလီကမ်းခြေမှ ဟိုတယ်မန်နေဂျာများက ပြောကြားသည်။

ငွေဆောင်ကမ်းခြေတွင် သက်ဆိုင်ရာက အောက်တိုဘာ ၂၂ရက်တွင် တည်းခိုနေသော ဧည့်သည်များအား ပြန်လွှတ်ရန်ညွှန်ကြားလာသဖြင့် ပုသိမ်နှင့် ရန်ကုန်မြို့များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရကြောင်း Sunny Paradise Resort မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ယခုရက်ပိုင်း အတွင်း လာရောက်မည့်ဧည့်သည်များအနေဖြင့် ခရီးစဉ်ဖျက်သိမ်းမှုများရှိခဲ့ကြောင်း ငွေဆောင်ဒေသခံဟိုတယ်များမှ သိရသည်။

သို့သော် ချောင်းသာကမ်းခြေတွင်မူ ဧည့်သည်များကို ပြန်လည်စေလွှတ်ခြင်းမရှိဘဲ ကားများကိုသာ အဆင်သင့်ပြင်ဆင်ထားခဲ့ကြောင်း စုံစမ်းသိရသည်။

"ကျွန်တော်တို့က ဆရာထွန်းလွင်ရဲ့ မုန်တိုင်းအကြောင်းသိကောင်းစရာစာအုပ်ကိုဖတ်ထားတော့ အခုအခြေအနေကို ကြည့်လိုက်တာနဲ့ မစိုးရိမ်ရမှန်းသိတယ်။ ဒါကြောင့် ဧည့်သည်တွေကို ပြန်မလွှတ်ခဲ့တာပါ" ဟု ချောင်းသာကမ်းခြေမှ ဟိုတယ်မန်နေဂျာတစ်ဦးက ပြောသည်။

ရခိုင်ကမ်းရိုးတန်းသို့ တစ်နာရီမိုင် ၉၀ ကျော်နှုန်းနှင့် ဂီရိမုန်တိုင်းဖြတ်သန်းတိုက်ခတ်ခဲ့စဉ်က ချောင်းသာကမ်းခြေတွင် မိုးရွာသွန်းမှုသာရှိခဲ့ကြောင်း ဒေသခံများက ပြောသည်။ အဆိုပါဂီရိမုန်တိုင်းသည် ကုန်းတွင်းမုန်တိုင်းအသွင်ပြောင်းကာ မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့နယ်များသို့ ဖြတ်သန်းတိုက်ခတ်သောကြောင့် အောက်တိုဘာ ၂၃ ရက်တွင် ညောင်ဦး၊ မန္တလေး၊ ဟဲဟိုးလေဆိပ်များသို့ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များ ပြေးဆွဲမှုယာယီရပ်ဆိုင်းထားလိုက်ကြောင်း သိရသည်။

"ကျွန်တော့်ဧည့်သည် သုံးဖွဲ့လောက် ဟဲဟိုးကနေ ပြန်လို့မရဖြစ်နေတယ်" ဟု ညောင်ရွှေဒေသခံခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ထို့အပြင် ဂီရိမုန်တိုင်းတိုက်ခတ်နေသောကြောင့်မန္တလေးမှ မင်းကွန်းသို့ပြေးဆွဲနေသော ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောများလည်း ပြေးဆွဲခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားလိုက်ကြောင်း ဒေသခံဧည့်လမ်းညွှန်များက ပြောသည်။

မန္တလေးမှ ပုဂံသို့ ပြေးဆွဲပေးနေသော အပျော်စီးဇိမ်ခံသင်္ဘောများလည်း ထွက်ခွာခြင်းမရှိဘဲ ဆိပ်ကမ်းတွင် ရပ်နားထားကြောင်း သိရသည်။

၂၀၀၉ ခုနှစ် ဧပြီလတွင် တိုက်ခတ်ခဲ့သော ဘိဂျ်လီမုန်တိုင်းကြောင့် ငပလီ၊ ချောင်းသာနှင့် ငွေဆောင်ကမ်းခြေများတွင် ယခုကဲ့သို့ လေယာဉ်ခရီးစဉ်အပါအဝင် ခရီးစဉ်ဖျက်သိမ်းမှုများရှိခဲ့ကြောင်းသိရသည်။

## ချောင်းသာကမ်းခြေတွင် အင်တာနက်သုံးနိုင်ပြီ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ချောင်းသာကမ်းခြေတွင် တစ်နာရီ ကျပ်တစ်ထောင်နှုန်းဖြင့် အင်တာနက် အသုံးပြု၍ရပြီဖြစ်ကြောင်း ချောင်းသာကမ်းခြေမှလာသောသတင်းများအရ သိရသည်။

"၁၉ ရက် အောက်တိုဘာကစပြီး အသုံးပြုလို့ရတာပါ" ဟု ချောင်းသာဇုန် ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ချောင်းသာကမ်းခြေတွင် ဖွင့်လှစ်ထားသော ဟိုတယ်ဧရာဝတီတွင် ဟိုတယ်ဝန်ဆောင်မှုအနေဖြင့် ကွန်ပျူတာ ၁၅ လုံးအား အင်တာနက်ချိတ်ဆက်ထားပြီး ၂၄ နာရီအသုံးပြု၍ရရန် စီစဉ်ထားကြောင်း သိရသည်။

"အင်တာနက်သုံးလို့ရလို့ နိုင်ငံခြားသား ဧည့်သည်တွေ အရမ်းပျော်သွားတယ်။ ကျွန်တော်တို့လည်း မိုးလေဝသနဲ့ ပတ်သက်လို့ www.tunlwin.com မှာ ကြည့်လို့ရလို့ တော်တော်အဆင်ပြေသွားတယ်" ဟု ချောင်းသာဒေသခံ ဧည့်လမ်းညွှန်ကိုကျော်ကြီးက ပြောသည်။

အဆိုပါ အင်တာနက်လိုင်းအား မြန်မာ့ဆက်သွယ်ရေးက တယ်လီဖုန်းလိုင်းမှတစ်ဆင့် အသုံးပြုရသည့် အေဒီအက်စ်အယ်လ်စနစ်ဖြင့် တပ်ဆင်ပေးခြင်းဖြစ်သည်ဟုသိရသည်။

## ချောင်းသာတွင် အဆင့်မြင့်ဟိုတယ်သစ်တစ်လုံးဖွင့်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ချောင်းသာကမ်းခြေ၌ Hotel Ace နာမည်ဖြင့် ရေကူးကန်ပါသော အဆင့်မြင့်ဟိုတယ်တစ်လုံးအား အောက်တိုဘာ ၁၉ ရက်က ဖွင့်လှစ်လိုက်ကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ရေကူးကန်ပါဝင်သော အဆင့်မြင့်ဟိုတယ်တွင် အခန်းပေါင်း ၃၀ ကျော်ရှိပြီး ယခုအခါ ချောင်းသာကမ်းခြေ၌ ရေကူးကန်ပါဝင်သော အဆင့်မြင့်ဟိုတယ်သုံးလုံး ရှိလာပြီဖြစ်ကြောင်းသိရသည်။

နေပြည်တော် အက်ဖ်စီဘောလုံးအသင်း ပိုင်ရှင်များက ချောင်းသာဦးဟိုတယ်အား ယခုနှစ်တွင် လွှဲပြောင်းလုပ်ကိုင်၍ အကြီးစားပြုပြင်မှုများ ပြုလုပ်ပြီးနောက် Hotel Ace နာမည်ဖြင့် ပြောင်းလဲဖွင့်လှစ်ခြင်းဖြစ်သည်။

ချောင်းသာကမ်းခြေတွင် ဟိုတယ် ၁၅ လုံး ဖွင့်လှစ်လုပ်ကိုင်နေပြီး ရေကူးကန်ပါဝင်သော အဆင့်မြင့်ဟိုတယ်မှာ သုံးလုံးသာရှိကြောင်းသိရသည်။

## လှော်ကားတွင်အပျော်စီးဥယျာဉ်ပတ်ယာဉ်များစတင်ပြေးဆွဲ


**ရန်ကုန်၊ အောက်တိုဘာ-၂၀**

ထူးကုမ္ပဏီကလွှဲပြောင်းရယူပြီးနောက်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေသော လှော်ကားသဘာဝဥယျာဉ်တွင်လူ၂၀ဦးအထိ လိုက်ပါစီးနင်းနိုင်သော အပျော်စီးယာဉ်များကို အောက်တိုဘာလဆန်းမှ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုဥယျာဉ်ပတ်ယာဉ်များကိုလှော်ကားဥယျာဉ်သို့ လူအလာများသော စနေ၊တနင်္ဂနွေနှင့်အစိုးရရုံးပိတ်ရက်များတွင် တစ်နာရီလျှင်တစ်စီးနှုန်း ပြေးဆွဲသွားမည်ဖြစ်ပြီး ဥယျာဉ်အတွင်းဝင်မည့်သူများ အခမဲ့လိုက်ပါစီးနင်းနိုင်သည်ဟု ဥယျာဉ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ဥယျာဉ်ပတ်ယာဉ်များကို ကျား၊ ခြင်္သေ့၊ ဝက်ဝံ၊ မြင်းကျား အရုပ်များဖြင့် အလှဆင်ထားပြီး ဘေးဘယ်ညာဖွင့်ထားသောယာဉ်ဖြစ်သဖြင့် ဥယျာဉ်အလှအပများကို ယာဉ်စီးရင်းကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

လှော်ကားဥယျာဉ်သည် ရန်ကုန်မြို့နှင့်အနီးဆုံးနှင့် အကြီးမားဆုံးသဘာဝဥယျာဉ်ဖြစ်ပြီး မကြာသေးမီကအကြီးစားပြင်ဆင်မှုများပြုလုပ်၍ ပြန်လည်ဖွင့်လှစ်ခဲ့သည်။



REVITAL ချစ်သူတိုင်း စိန်လက်စွပ် ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး

7 DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

The Cartoon Logo

























7 DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

## မလေးရှားရှိကြက်ခြံများတွင် နယူးကာဆယ်ရောဂါကျရောက်

**စင်ကာပူ၊ အောက်တိုဘာ - ၁၉**

မလေးရှားနိုင်ငံ မာလက္ကာနှင့် ဂျိုဟိုးပြည်နယ်များရှိ ကြက်မွေးမြူရေးခြံအချို့တွင် 'နယူးကာဆယ်ရောဂါ' ဟုခေါ်သည့် ကြက်မများကိုပုံမှန်ဥထက်သေးငယ်သော ဥများဥစေသည့် ရောဂါတစ်မျိုးကိုတွေ့ခဲ့ရပြီး ထိုရောဂါဒဏ်ခံရသည့် ကြက်များမှထွက်ရှိသော ကြက်ဥများကိုလည်း ယခုအခါ စင်ကာပူသို့ တင်ပို့မိထားကြောင်းသိရသည်။ ထို့ကြောင့် ယခုအခါ မလေးရှားမှ စင်ကာပူသို့ ကြက်ဥတင်ပို့မှုမှာလည်း ၇ ရာခိုင်နှုန်းကျဆင်းသွားပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် ကြက်ဥလုံးရေ ၁ ဒသ မ ၅ သန်းသာရှိသည်ဟု သိရသည်။

စင်ကာပူ၏ ကြက်ဥသွင်းကုန်နှင့် ထုတ်ကုန်ရောင်းချရေးအသင်းကြီးကလည်း ကြက်များတွင် ရောဂါဒဏ်ခံရမှု နည်းပါးလာပြီဖြစ်သော်လည်း၊ ကြက်ဥထုတ်လုပ်မှုမှာမူ လျင်မြန်စွာပြန်တက်လာနိုင်ဖွယ်မရှိကြောင်းဆိုထားသည်။

'နယူးကာဆယ်ရောဂါ' သည် ငှက်များမှ တစ်ဆင့်ကူးစက်သည့်ရောဂါတစ်မျိုးဖြစ်ပြီး၊ အရှေ့တောင်အာရှဒေသတွင် အဖြစ်များသည့် ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

*—Ref: CNA*

## ကမ္ဘာ့အရပ်အပုဆုံး လူသားကို နီပေါ ကုမ္ပဏီတစ်ခုက လစဉ်ကြေး ထောက်ပံ့

**ခတ္တမန္ဒူ**
**အောက်တိုဘာ - ၁၆**

မကြာသေးမီက ကမ္ဘာ့အရပ်အပုဆုံး လူသားဘွဲ့ကို ရရှိခဲ့သည့် နီပေါနိုင်ငံသား ခါဂျင်ဒရာသာပါမက်ဂါသည် နီပေါပြည်တွင်းမှ ပုဂ္ဂလိကကုမ္ပဏီ Top T ကလစဉ်ပေးအပ်သော ထောက်ပံ့ကြေးငွေ နီပေါရူပီး ၅,၀၀၀ (ကန်ဒေါ်လာ ၇၀ )ကို ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ နီပေါမှ နေရှင်နယ်သတင်းအေဂျင်စီ RSS ၏အဆိုအရ ကုမ္ပဏီသည် မက်ဂါအား လစဉ်ထောက်ပံ့လို၍ ယခုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

ထို့ပြင် နီပေါမှ ဆရာဆဝိုတီ အထက်တန်းကျောင်းကလည်း မက်ဂါအား ပညာသင်ဆုပေးအပ်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း ဖော်ပြထားသည်။ ခါဂျင်ဒရာသာပါမက်ဂါသည် အရပ်အမြင့် ၆၇ စင်တီမီတာရှိပြီး အသက် ၁၈ နှစ်ပြည့်ခဲ့သဖြင့် တရုတ်မှ ယခင်စံချိန်ရှင် ဟီပင်းပင်းကို ဖြတ်ကျော်ကာ ကမ္ဘာ့အရပ်အပုဆုံးလူသားအဖြစ် တရားဝင်အသိအမှတ်ပြုခံခဲ့ရသူဖြစ်သည်။*—Ref: Xinhua*

## ဂျပန်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ စစ်ဗိမာန်သို့သွားခြင်းကို ရှောင်ရှား

**တိုကျို၊ အောက်တိုဘာ - ၂၀**

နယ်မြေအငြင်းပွားမှုကြောင့် နှစ်နိုင်ငံစလုံးတွင် ကန့်ကွက်ဆန္ဒပြမှုများရှိနေသေးသော်လည်း နှစ်ဖက်ဆက်ဆံရေး ပြန်လည်ကုစားရန် ဂျပန်နှင့်တရုတ်နိုင်ငံကကြိုးစားနေကြစဉ်မှာပင် ဂျပန်ဝန်ကြီးအဖွဲ့ဝင်ဝန်ကြီးများသည် အငြင်းပွားဖွယ်ရာ တိုကျိုစစ်ဗိမာန်သို့ သွားရောက်ခြင်းမှ ရှောင်ရှားနေကြသည်။

ဂျပန်ဥပဒေပြုအမတ် ၇၀ ခန့်သည်နှစ်စဉ်ပြုလုပ်နေကျ ဆောင်းဦးပေါက်ရာသီ ပွဲတော်အတွက် ယာဆူကူနီစစ်ဗိမာန်သို့ သွားရောက်ခဲ့ကြသည်။ ယင်းအဖွဲ့တွင် ဝန်ကြီးချုပ်ညွှန့်ပေါင်းပါတီငယ်တစ်ခုမှ အရာရှိငယ် တစ်ဦးပါဝင်ခဲ့သော်လည်း ဝန်ကြီးချုပ်နာအိုတိုကန်နှင့် ၎င်း၏ အကြီးတန်းဝန်ကြီးများသည် စစ်ဗိမာန်သို့သွားရောက်ခြင်းမှ ရှောင်ရှားခဲ့သည်။

ယာဆူကူနီမှာ ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးသွားသော ဂျပန်စစ်သားများအား ဂုဏ်ပြုတည်ဆောက်ထားသည့် စစ်ဗိမာန်ဖြစ်ပြီး ၎င်းစစ်သချိုင်းတွင် ဒုတိယကမ္ဘာစစ်ပြီးနောက် မဟာမိတ်နိုင်ငံများက ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သော စစ်ရာဇဝတ်သား ၁၄ ဦးကိုလည်း မြှုပ်နှံထားရာ နေရာဖြစ်သည်။

နှစ်ဖက်ဆက်ဆံရေးတိုးတက်လာသည့် အရိပ်အယောင်များရှိလာသော်လည်း နှစ်နိုင်ငံစလုံးတွင် လူထောင်ပေါင်း များစွာပါဝင်သော ကန့်ကွက်ချီတက်မှုများရှိခဲ့သည်။

ဖျက်လိုဖျက်ဆီးလုပ်ရပ်အချို့ပါဝင်သော ဂျပန်ဆန့်ကျင်ရေးကန့်ကွက် ဆန္ဒပြမှုများအတွက် ဝမ်းနည်းစရာကောင်းကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆေဂျီမေဟာရာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ သို့သော် ယင်းဆန္ဒပြမှုများသည် အောက်တိုဘာလကုန်တွင် ဗီယက်နမ်နိုင်ငံ၌ပြုလုပ်မည့် နှစ်နိုင်ငံခေါင်းဆောင်များ၏ အစည်းအဝေးကို ထိခိုက်လိမ့်မည်ဟု မမျှော်လင့်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

*—Ref: Reuters*

## ငွေကြေးဈေးကွက် ပူးပေါင်းဆောင်ရွက်ရေး ကမ္ဘာ့ခေါင်းဆောင်များအား ဂျပန်တိုက်တွန်း



**တိုကျို၊ အောက်တိုဘာ - ၂၀**


ငွေကြေးဈေးကွက်တွင် အစိုးရကဝင်ရောက်ကိုင်တွယ်ဆောင်ရွက်ရန်အသင့်ရှိကြောင်း ကြေညာရင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးက ယန်းငွေအားကောင်းလာခြင်းအပေါ် ပူပန်ကြောင်း ပြသခဲ့ပြီး ငွေလဲနှုန်းများ တည်ငြိမ်ရေးဝိုင်းဝန်းလုပ်ဆောင်ကြရန် ကမ္ဘာ့ခေါင်းဆောင်များအား တိုက်တွန်းပြောကြားလိုက်သည်။

ဂျပန်ယန်းငွေ တန်ဖိုးမှာ ကန်ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် ၈၁ ဒသမ ၃၀ ယန်းနှုန်းရှိပြီး ယင်းမှာ ၁၅ နှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်သည်။

"ကျွန်တော်တို့ ရပ်တည်ချက်ကတော့ မပြောင်းလဲပါဘူး။ ဈေးကွက်ထဲမှာ ဖြစ်ပေါ်နေတာတွေကိုကျွန်တော်တို့ စိတ်ဝင်တစားစောင့်ကြည့်မယ်။ လိုအပ်ရင် ပြတ်ပြတ်သားသား တုံ့ပြန်ပါမယ်" ဟု ဂျပန်ဘဏ္ဍာရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

"နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ ကမ္ဘာ့စီးပွားရေး နာလန်ထလာဖို့အတွက် ငွေကြေးဈေးကွက်ကို တည်ငြိမ်အောင်လုပ်နိုင်ဖို့နဲ့ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းပြဿနာတွေကို အပြင်းအထန်စဉ်းစားပြီး မဖြစ်မနေကိုင်တွယ်ဆောင်ရွက်ရပါမယ်" ဟုဂျပန်ဘဏ္ဍာရေးဝန်ကြီး ရိုရှီယီကိုနိုဒါကပြောကြားသည်။

ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော ဂျီ-၂၀ အဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် အကြီးအကဲများသည် အောက်တိုဘာလ ၂၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံ၌ အစည်းအဝေးတစ်ရပ် ပြုလုပ်ရန်ရှိပြီးနိုဝင်ဘာလတွင် ပြုလုပ်မည့် နိုင်ငံ့ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးပွဲအတွက် ပြင်ဆင်ကြမည်ဖြစ်သည်။ —Ref: WSJ



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## နောက်ကျောဖုံး - အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ရွှေ့ဆိုင်း မှ

စစ်ရေးလေ့ကျင့်မှု ဖျက်သိမ်းလိုက်သည့်ဆုံးဖြတ်ချက်မှာ နိုဝင်ဘာ ၁၁၊ ၁၂ ရက်၊ ဆိုးလ်မြို့တွင်ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ တရုတ်၊ မြောက်ကိုရီးယားတို့နှင့် ပြဿနာဖြစ်ပေါ်ခြင်းမှ ရှောင်ရှားရန်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရနှင့် စစ်ဘက်ရင်းမြစ်များက ဒေသခံမီဒီယာများအား ပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲ မတိုင်မီ အိမ်နီးချင်းနိုင်ငံများအား မလိုအပ်ဘဲ အမုန်းမပွားစေရန် ယခုဆုံးဖြတ်ချက်ကို မဟာမိတ်များက (အမေရိကန်၊ တောင်ကိုရီးယား) ချမှတ်လိုက်ခြင်းဖြစ်ကြောင်း အစိုးရရင်းမြစ်တစ်ဦးအား ကိုးကား၍ယွန်ဟပ်သတင်းအေဂျင်စီက ပြောကြားသည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားနိုင်ငံအား သတိပေးရန် ရည်ရွယ်၍ပြုလုပ်ခြင်းဖြစ်ကြောင်း အမေရိကန်နှင့် တောင်ကိုရီးယားတို့က ပြောကြားသည်။ မတ်လအတွင်းတောင်ကိုရီးယားစစ်သင်္ဘောတစ်စီး တော်ပီဒိုထိမှန်နစ်မြုပ်ခဲ့ခြင်းအတွက် ၎င်းတို့က မြောက်ကိုရီးယားအား အပြစ်တင်ပြောကြားကြသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - လူပေါင်း ၂၅၀ ကျော် သေဆုံးခဲ့သော ဟေတီဝမ်းရောဂါကူးစက်မှု နေးကွေးလာ မှ

"အဆိုးဝါးဆုံးဒေသတွေမှာ လူသေဆုံးမှုနှုန်းနဲ့ ဆေးရုံတင်ရတဲ့လူ တဖြည်းဖြည်းလျော့ကျလာပါတယ်။ အခြေအနေတည်ငြိမ်လာတဲ့ပုံပါပဲ။ ရောဂါကူးစက်မှု အမြင့်ဆုံး အခြေအနေရောက်ခဲ့ပြီလားဆိုတာတော့ မပြောနိုင်ပါဘူး" ဟုဟေတီကျန်းမာရေးဌာန ညွှန်ကြားရေးမှူးချုပ် ဂါဘရီယယ်သီမိုတီက ပြောကြားသည်။

လွန်ခဲ့သော တစ်ပတ်ခန့်က စတင်ဖြစ်ပွားခဲ့သော ဝမ်းရောဂါကြောင့် စုစုပေါင်း ၂၅၃ ဦးသေဆုံးခဲ့ပြီ ဖြစ်ပြီး ၃၀၁၅ ဦးရောဂါကူးစက်ခံခဲ့ရသည်။ အာတီဘိုနီတေးမြစ်တစ်ဖက်တစ်ချက်ရှိ နိုင်ငံအလယ်ပိုင်း ကျေးလက်ဒေသတွင် အဓိကကူးစက်ပြန့်ပွားခဲ့ခြင်း ဖြစ်သည်။

ယခင်ရက်များက ဒါဇင်နှင့်ချီ၍လူသေဆုံးခဲ့သော စိန့်မာ့ခ်ဆေးရုံတွင် အောက်တိုဘာ ၂၄ ရက်က သေဆုံးမှုတစ်ခုသာရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံမှလေယာဉ် နှစ်နာရီ ခရီးသာကွာဝေးသော ဟေတီနိုင်ငံသည် ယခုနှစ်ဇန်နဝါရီလ ၁၂ ရက်တွင် အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရပြီး လူပေါင်း ၃၀၀,၀၀၀ သေဆုံးခဲ့သည်။ ငလျင်ဒဏ် အဓိကခံစားခဲ့ရသော မြို့တော် ပို့တ်အော်ပရင့်စ်တွင် လူအများအပြားမှာ ရွက်ဖျင်တဲများဖြင့်နေထိုင်နေကြဆဲဖြစ်သည်။

လူဦးရေလည်း ထူထပ်သော မြို့တော်တွင် ဝမ်းရောဂါဖြစ်ပွားသူငါးဦးတွေ့ရှိခဲ့၍မြို့တော်သို့ပါ ဝမ်းရောဂါ ကူးစက်လာပြီလားဟု စိုးရိမ်မှုများ ဖြစ်ပေါ်ခဲ့ရာ ကုလသမဂ္ဂနှင့် အခြားနိုင်ငံခြားအကူအညီပေးရေး အေဂျင်စီများက အဆိုးဆုံးအခြေအနေကိုတွက်ဆ၍ ပြင်ဆင်မှုများပြုလုပ်နေကြောင်း သိရသည်။

"အဆိုးဆုံး အခြေအနေအတွက် ပြင်ဆင်မှုတွေပြုလုပ်နေပါတယ်။ အဲဒီအခြေအနေအတွက် ကျွန်မတို့ အဆင့်သင့်ရှိနေရပါမယ်" ဟု ဟေတီနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားရေးအဖွဲ့ ပြောခွင့်ရအမျိုးသမီး အီမိုဂျင်ဝေါလ်က ရိုက်တာသို့ ပြောကြားသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ပါကစတန်တွင် ဘင်လာဒင် လုံခြုံစွာရှိနေဆဲဖြစ်ကြောင်း နေတိုးအရာရှိတစ်ဦးပြော မှ

တရုတ်၊ အာဖဂန်နစ္စတန်တို့နှင့် နယ်စပ်ဖြစ်သည့် တိုရာဘိုရာဒေသရှိ ချစ်ထရယ်လ်ဇရီယာတွင် မရှိနိုင်ကြောင်း ဆက်လက်ငြင်းဆန်ထားသည်။


အဆိုပါ တိုရာဘိုရာတောင်ကြားဒေသ၌ ပါဝင်သော မြောက်ဝါဇီရစ္စတန် ပြည်နယ်သည်အာဖဂန်၊ ပါကစ္စတန်နှင့် အာရပ် စစ်သွေးကြွများ ခိုအောင်းရာ နေရာတစ်ခုဖြစ်လာနေကြောင်း သတင်းကဆိုသည်။

## နောက်ကျောဖုံး - ဆိုမာလီယာ ပင်လယ်ဓားပြများ နှစ်ရက်အတွင်း သင်္ဘောနှစ်စီး ပြန်ပေးဆွဲ မှ

အစောပိုင်းတွင်လည်း ဆိုမာလီယာ ပင်လယ်ဓားပြများသည် စင်ကာပူ အလံလွှင့်တင်ထားသော သဘာဝဓာတ်ငွေ့အရည် (LPG) တင် သင်္ဘောတစ်စီးအား အရှေ့အာဖရိက ကမ်းခြေမှ မိုင် ၅၀ အကွာ၌ ပြန်ပေးဆွဲသွားကြောင်းသိရသည်။ ယင်း MV York သင်္ဘောတွင် သင်္ဘောသား ၁၇ ဦးပါဝင်ပြီး ဂျာမနီနိုင်ငံသား မာလိန်မှူးနှင့် ဖိလစ်ပိုင်နိုင်ငံသား သင်္ဘောသား ၁၄ ဦးပါဝင်ကြောင်း ဥရောပရေကြောင်း တပ်ဖွဲ့က ပြောကြားသည်။ —*Ref: Reuters*

## Leader's Profile

# နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အကြီးအကဲ ဒိုမီနစ်စထရောက်စ်ခန်



ရဲမင်း

မစ္စတာဒိုမီနစ်စထရောက်စ်ခန်သည် ပြင်သစ်စီးပွားရေးပညာရှင် ရှေ့နေနှင့် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ပြင်သစ်ဆိုရှယ်လစ် ပါတီဝင်တစ်ဦးလည်း ဖြစ်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဆယ်ယောက်မြောက် အကြီးအကဲအဖြစ် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၈ ရက်တွင် ရွေးကောက်တင်မြှောက်ခံရသည်။

ဒိုမီနစ်စထရောက်စ်ခန်အား ၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်တွင် ချမ်းသာသော ပြင်သစ်ဆင်ခြေဖုံးဒေသ၌ မွေးဖွားခဲ့သည်။ မိဘများမှာပြင်သစ်ဂျူးလူမျိုးများ ဖြစ်သည်။ ငယ်စဉ်က မော်ရိုကိုနိုင်ငံတွင်လည်း နေထိုင်ဖူးပြီး ၁၉၆၀ ပြည့်နှစ်တွင် မိုနာကိုတွင်နေထိုင်ခဲ့သည်။ အထက်တန်းကျောင်းတွင် အဆင့်ကောင်းများ ရရှိခဲ့သော ဒိုမီနစ်သည် နာမည်ကျော် HEC စီးပွားရေးကျောင်းသို့ ဝင်ခွင့်ရရှိခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် HEC ကျောင်းမှ ဒီပလိုမာရရှိပြီးနောက် ၁၉၇၂ ခုနှစ်တွင် အခြားကျောင်းတစ်ကျောင်းမှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ကျောင်းပြီးခဲ့သည်။

ဒိုမီနစ်သည် ၎င်းတက္ကသိုလ်ပညာရေးအတွက် ပါရီတက္ကသိုလ်၌တက်ရောက်ခဲ့ပြီး ပြည်သူ့လူထုဥပဒေဖြင့် ဘွဲ့ရရှိခဲ့သည်။ စီးပွားရေးပညာဒေါက်တာဘွဲ့ကိုလည်း ၎င်းတက္ကသိုလ်မှပင် ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဒေါက်တာဘွဲ့ရရှိခဲ့သော ဒိုမီနစ်စထရောက်စ်ခန်သည် ပညာရေးနယ်ပယ်တွင် ဆက်လက်လှုပ်ရှားပြီး တက္ကသိုလ်ကျောင်းဆရာမှ ပါမောက္ခဖြစ်သည်အထိ အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။ အစိုးရလုပ်ငန်းတွင်လည်း ၁၉၇၁ ခုနှစ်တွင် စက်မှုလုပ်ငန်းဝန်ကြီးဌာန၏ အရာရှိချုပ်ဖြစ်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဒိုမီနစ်စထရောက်စ်ခန်သည် ပြင်သစ်နိုင်ငံရေးတွင် ကျောင်းသားဘဝကပင် ပါဝင်ပတ်သက်ခဲ့ပြီး ဆိုရှယ်လစ်ပါတီဝင်တစ်ဦးဖြစ်သည်။ ၁၉၈၁ ခုနှစ် သမ္မတမီထရောင်းလက်ထက် အစိုးရတွင် မပါဝင်ခဲ့ဘဲ ၁၉၈၈ ခုနှစ်တွင်မှ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင်မူ မီတရောင်း၏ အဆိုတင်သွင်းမှုဖြင့်စက်မှုလုပ်ငန်းနှင့် နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီးဌာန၏ အငယ်တန်းဝန်ကြီးဖြစ်လာသည်။ ၁၉၉၇ ခုနှစ် ဝန်ကြီးချုပ် လီယွန်နယ်ဂျို့စ်ပင်းလက်ထက်သို့ရောက်သောအခါ စီးပွားရေး၊ ဘဏ္ဍာရေး၊ စက်မှုလုပ်ငန်း ဝန်ကြီးအဖြစ် ရွေးချယ်ခံရသည်။ ယင်းရာထူးမှာ အစိုးရအဖွဲ့အစည်းအတွင်း ဩဇာအာဏာ ကြီးမားသော ရာထူးဖြစ်သည်။

၎င်းဝန်ကြီးနေရာတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း မစ္စတာဒိုမီနစ်စထရောက်စ်ခန်သည် ပြင်သစ်နိုင်ငံ၏ စီးပွားရေးကို တိုးတက်အောင်လုပ်နိုင်ခဲ့ပြီး အလုပ်လက်မဲ့နှင့် နိုင်ငံကြွေးမြီများ လျော့ကျအောင် လုပ်ဆောင်နိုင်ခဲ့သဖြင့် ချီးကျူးခံရသည်။

နိုင်ငံရေးတွင် ပါဝင်ပတ်သက်ရင်း မစ္စတာစထရောက်စ်ခန်သည် တစ်ဖက်တွင်လည်း ပညာရေးကဏ္ဍ၌ တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ ပါရီနိုင်ငံရေးဆိုင်ရာ လေ့လာမှု အင်စတီကျုတွင် ပါမောက္ခအဖြစ် စာသင်ကြားခဲ့သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအကြီးအကဲရာထူးအတွက် မစ္စတာ စထရောက်စ်ခန်အား ဥရောပသမဂ္ဂက ၂၀၀၇ ဇူလိုင်လတွင်အဆိုတင်သွင်းခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် အာဖရိကနိုင်ငံ အများအပြားကလည်း ၎င်းအား ထောက်ခံခဲ့ရာ မစ္စတာဒိုမီနစ်စထရောက်စ်ခန်သည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူးသစ် ဖြစ်လာသည်။

မစ္စတာဒိုမီနစ်စထရောက်စ်ခန်သည် အိမ်ထောင်ဦးစီးတစ်ဦးဖြစ်ပြီး ပြင်သစ်ဂျာနယ်လစ် အန်းဆင်ကလဲနှင့် လက်ထပ်ထားသည်။

—*Ref: Wikipedia*

# ဗြိတိသျှလူမျိုးတစ်ဦး နားထဲတွင် သွားတစ်ချောင်း ပိတ်ဆို့နေမှန်း နှစ် ၃၀ ကြာမှသိ

**ရှက်ဖီးလ်၊**
**အောက်တိုဘာ - ၁၈**

ဗြိတိသျှလူမျိုး တစ်ဦးသည် နှစ်ပေါင်း ၃၀ ခန့်ကြာအောင် ခေါင်းကိုက်ခြင်းနှင့် တစ်စိတ်တစ်ပိုင်း နားအကြား ချို့ယွင်းမှုဝေဒနာကို ခံစားနေခဲ့ရာမှ မကြာသေးမီကဆေးခန်းပြသခဲ့စဉ် ဆရာဝန်များက ၎င်း၏ နားစည်ပြွန်အတွင်း ပိတ်ဆို့နေသော သွားတစ်ချောင်းကို ရှာတွေ့ခဲ့ကြောင်း သိရသည်။

အင်္ဂလန် ကြေးမုံသတင်း၏ ဖော်ပြချက်အရ အင်္ဂလန်နိုင်ငံ ရှက်ဖီးလ်မြို့မှ အသက် ၄၇ နှစ်အရွယ်ရှိ စတီဖင်ဟော့စ်ဆိုသူသည် အသက် ၁၄ နှစ်အရွယ်မှစ၍ မကြာခဏ ဆိုသလိုပင် နားအတွင်းနာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းတို့ကို စတင်ခံစားလာခဲ့ရပြီ ဆရာဝန်များကလည်း ၎င်း၏ရောဂါကို နှစ်ပေါင်း ၃၀ ကာလအတွင်း အဖြေရှာမရခဲ့ကြောင်းဆိုသည်။

မစ္စတာဟတ်စ်က ၎င်း၏ ဖြစ်ရပ်နှင့် ပတ်သက်၍ "ကျွန်တော်ဟာ ရောဂါနဲ့ပတ်သက်လို့ နောက်ဆုံးတစ်ကြိမ် စမ်းသပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူနာပြုဆရာမက အဏုကြည့်မှန်ပြောင်းသုံးပြီးနားထဲကို ကြည့်ခဲ့ပါတယ်။ အဲဒီနောက် ဇာဂနာကို သုံးပြီး နားထဲက သွားကို ဆွဲထုတ်ခဲ့ပါတယ်။ သူမကိုယ်တိုင်လည်း အဲဒါကို မတ်တပ်ရပ်ပြီး ငေးကြည့်နေခဲ့ပါတယ်။ အရင် ဆရာဝန်တွေတုန်းက ဒါကို ဘာ့ကြောင့် ရှာမတွေ့ခဲ့တာလဲဆိုတာလည်း ကျွန်တော်မသိပါဘူး" ဟု ရှင်းပြသည်။

၎င်းကယခုအခါ ညာဘက်နားထဲကသွားကို ထုတ်ခဲ့ပြီးနောက် ခေါင်းကိုက်ရောဂါ ပျောက်သွားကြောင်း၊ သို့သော် ညာဘက်နား၏အကြားအာရုံမှာမူ အပြည့်အဝမရသေးကြောင်း ပြောသည်။ မစ္စတာ ဟတ်စ်က ၎င်း၏နားထဲဝင်နေခဲ့သော သွားသည် ကလေးတစ်ယောက်၏ ရှေ့သွားတစ်ချောင်းဖြစ်နိုင်ကြောင်း၊ ငယ်စဉ်ကကျောင်းနေစဉ် မတော်တဆမှုများကြောင့် ထိုသို့ဖြစ်နိုင်ကြောင်း ပြောသည်။

—*Ref: UPI*

# ဖုန်းသုံးစွဲသူ၏ ရုပ်ရည်အဆင့်ကို တိုင်းတာပေးနိုင်မည့် iPhone Application ပေါ်ထွက်

**ဂီးလ်ဘတ် (အရီဇိုးနား)၊**
**အောက်တိုဘာ - ၁၈**

အမေရိကန်နိုင်ငံ၊ အရီးဇိုးနားပြည်နယ်မှ နည်းပညာကုမ္ပဏီတစ်ခုသည် iPhone အသုံးပြုသူများအား ၎င်းတို့၏ ပင်ကိုရုပ်ဆိုးမှုအဆင့်အား တိုင်းတာပေးနိုင်သည့် iPhone Application ဆော့ဖ်ဝဲတစ်ခုကို တီထွင်လိုက်ကြောင်း ကြေညာလိုက်သည်။ အဆိုပါ ဒပ်ပါဂျန်းတဲလ်မဲန်း ကုမ္ပဏီက တီထွင်သော iPone Application ကို "ရုပ်ဆိုးမှုတိုင်းတာရေးမီတာ" Ugly Meter ဟု အမည်ပေးထားပြီး ဖုန်းတွင်တပ်ဆင်ထားသည့် ယင်းဆော့ဖ်ဝဲသည်ဖုန်းအသုံးပြုသူ၏ မျက်နှာပုံစံကို ဓာတ်ပုံရိုက်ယူပြီးနောက်၊ ၎င်း၏ရုပ်ဆိုးမှုအဆင့်သတ်မှတ်ချက်ကိုတစ်မှတစ်ဆယ်အထိ အဆင့်လိုက်သတ်မှတ်ဖော်ပြပေးနိုင်ကြောင်း အေဘီစီသတင်းကဆိုသည်။

ထို့ပြင် ယင်းဆော့ဖ်ဝဲ ပရိုဂရမ်တွင် ရရှိသည့် အဆင့်သတ်မှတ်ချက်အပေါ် မှတ်ချက်များလည်း ပါဝင်မည်ဟု ဆိုသည်။ အမြင့်ဆုံးရမှတ် အဆင့်ဖြစ်သော ၁၀ ရသူသည် ဖုန်းကို ကြည့်လိုက်ပါက ဖုန်းတွင် "သင်ဟာ အရမ်းရုပ်ဆိုးပါတယ်။ သင်ရေချိုးခန်းနားကဖြတ်လျှောက်သွားရင်တောင် အိမ်သာခွက် လန့်ဖျပ်သွားမှာပါ" ဟုမှတ်ချက်စာကို တွေ့ရမည်ဖြစ်သည်။

ယင်းကုမ္ပဏီ၏ ပူးတွဲပိုင်ရှင်၊ ကွန်ပျူတာ ပရိုဂရမ်မာ ယူဂျင်းအိုဗာလိုင်းကလည်း ၎င်းတို့၏ App သည် iPhone တွင် ပါဝင်သော ကင်မရာကရိုက်ယူထားသည့်ပုံစံကို အခြေခံ၍ လှပမှုစံနှုန်းကို တွက်ချက်ခြင်းဖြစ်ကြောင်း၊ သို့သော် ပရိုဂရမ်က တိတိကျကျတွက်ချက်နိုင်မည်ဖြစ်၍ အသုံးပြုရသည်မှာ ပျော်စရာကောင်းမည်ဖြစ်ကြောင်း ဆိုထားသည်။

—*Ref: UPI*

7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010



# urmv;qi&myaE;rjy ó emu uReawmw zew;cwm r[wb;

## tE, obm0yw0e;usiqi&m 0eBu;*sKi&r&rrw&Ei awqjci;

ကျော်မျိုး

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့တာတွေ့ရပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုတွေဟာ မကြာမီနိုဝင်ဘာလထဲမှာ ကန်ကွန်(CanCun) မှာ ပြုလုပ်မယ့်ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဖရင့်အကြိုနောက်ဆုံး တွေ့ဆုံမှုတွေလည်း ဖြစ်သလို တရုတ်ပြည်မှာ လုပ်ဖူးသမျှ ရာသီဥတုဆိုင်ရာဆွေးနွေးပွဲတွေမှာတော့ အဆင့်အမြင့်ဆုံး ဆွေးနွေးပွဲကို ပထမအကြိမ်လုပ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဒီပွဲမှာ တရုတ်နဲ့အမေရိကန်တို့ဟာ ယခင်အတိုင်းပဲဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေး သတ်မှတ်ချက်ကိုလိုက်နာဖို့ မဖြည့်စွမ်းနိုင်ခဲ့ပါဘူး။ ဒါ့အပြင် အမေရိကန်ရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလက်ထောက် အထူးကိုယ်စားလှယ်ကလည်း၊ အမေရိကန်ဟာ အများသဘောတူလက်ခံထားတဲ့ "ရာသီဥတုပြောင်းလဲမှုဆိုင်ရာကုလသဘောတူညီမှု အခြေခံမူဘောင်" U.N Framework Concention on Climate Change (UNFCCC) ရဲ့နယ်ပယ်ထဲကထွက်ပြီး၊ အခြားအဓိကစီးပွားရေးအင်အားကြီးနိုင်ငံတွေနဲ့ ရာသီဥတုထိန်းသိမ်းရေး စာချုပ်သစ်တစ်ရပ်လုပ်ဖို့ ရှိကောင်းရှိမယ်လို့ သဲလွန်စပေးခဲ့ပါတယ်။ ဒါ့ကြောင့် တိုင်းမ်မဂ္ဂဇင်းဟာ ယခုလိုရာသီဥတုပြောင်းလဲမှုနဲ့ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးမှာ တရုတ်၊ အမေရိကန်တို့အပြင် အရေးပါတဲ့နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်တဲ့ အိန္ဒိယရဲ့သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဂျိုင်ရမ်ရမ်မတ်ရှ်နဲ့ တွေ့ဆုံကာအင်တာဗျူးပြုလုပ်ဖြစ်ခဲ့ပါတယ်။ ဒီအင်တာဗျူးမှာ ဝန်ကြီးဂျိုင်ရမ်ရမ်မတ်ရှ်ဟာ ယခုကာလလိုကမ္ဘာ့ရာသီဥတုထိန်းသိမ်းရေးကြိုးပမ်းချက်မှာ အိန္ဒိယနိုင်ငံရဲ့ရပ်တည်မှု၊ အိန္ဒိယအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းစင်တဲ့အစိမ်းရောင်လမ်းကြောင်းကို ဖော်ထုတ်ရေးမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေအကြောင်း စတာတွေကို ပြောပြထားတာ ဖတ်ရှုရမှာပါ။

**တကယ်လို့ အမေရိကန်တွေက UNFCCC ရဲ့ အပြင်ဘက်မှာ ရာသီဥတုထိန်းသိမ်းရေး စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဆိုရင် အိန္ဒိယရဲ့ ရပ်တည်မှုကရော ဘယ်လိုဖြစ်လာမလဲ။**

ဒီ UNFCCC စာချုပ်နဲ့ ပတ်သက်လို့ စိတ်မကျေနပ်ကြတာတွေအများကြီးရှိပါတယ်။ ဒါကို ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ ဒါဟာတစ်ခုတည်းသောကစားပွဲပါ။ တစ်ခုတည်းသောအဖွဲ့ပေါင်းစုံ သဘောတူညီချက်တစ်ရပ်လည်း ဖြစ်ပါတယ်။ ပြီးတော့ဒါဟာ တရားဝင်သဘောတူညီချက်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီ UNFCCC စာချုပ်ကို အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ဖြိုခွဲတာမျိုးကိုတော့ ကျွန်တော်တို့ ခုခံတွန်းလှန်ရမှာပါ။ ဒါပေမဲ့ ဒီသဘောတူညီချက်ဘောင်ရဲ့ အပြင်မှာ ကျွန်တော်တို့လုပ်နိုင်တဲ့ အခြားနယ်ပယ်တွေလည်း ရှိပါတယ်။ ဥပမာ - သစ်တောထိန်းသိမ်းရေးလို မျိုး။ ဒါကတော့ နိုင်ငံတကာသဘောတူညီချက်တစ်ခုရဖို့ အချိန်တန်နေပြီလေ။

**အိန္ဒိယဟာ မကြာသေးမီကပဲ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကို အဓိကထားအသုံးပြုမယ့် ရာသီဥတုထိန်းသိမ်းရေးအစီအမံတစ်ခု ကြေညာခဲ့တယ်နော်။ ဒါမျိုးက အိန္ဒိယလို ကျောက်မီးသွေးစွမ်းအင် (တွင်းထွက်လောင်စာ) အပေါ် မှီခိုနေရတဲ့အိန္ဒိယအတွက်၊ ကုန်ကျစရိတ်ပိုကြီးပြီး ကာဗွန်ထုတ်လွှတ်မှု နည်းပါးတဲ့ စီးပွားရေးနိုင်ငံကြီး တစ်ခုဖြစ်လာဖို့ ဘယ်လိုဖြစ်နိုင်ခြေရှိမလဲ သိပါရစေ။**

၂၀၀၅ မှာထုတ်လွှတ်ခဲ့တဲ့ နှုန်းနဲ့ ယှဉ်ရင် ၂၀၂၀ နှစ်မှာ ကာဗွန်ထုတ်လွှတ်မှုကို ၂၀-၂၅ ရာခိုင် နှုန်းလောက်အထိ လျှော့ချသွား ဖို့ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ ဒီရည်မှန်းချက်ကိုမီအောင် လုပ်နိုင်မယ်လို့လည်း ကျွန်တော်တို့ ၁၀၀ ရာခိုင်နှုန်းယုံကြည်ထားပါတယ်။ ဒါပေမဲ့ ဥရောပနိုင်ငံတွေလိုတော့ ကာဗွန်ထုတ်လွှတ်မှုသုညရာခိုင်နှုန်းရောက်အောင်တော့ ကျွန်တော်တို့ မလုပ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပထမအချက်က ကမ္ဘာလုံးဆိုင်ရာပူနွေးမှုပြဿနာကို ကျွန်တော်တို့ဖန်တီးခဲ့တာမဟုတ်ဘူး။ ဒုတိယအချက်ကတော့ ကျွန်တော်တို့မှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်စရာတွေပုံနေလို့ပါ။ ဥပမာပြရရင် ကျွန်တော်တို့မှာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်အောင် ဖြည့်စွမ်းပေးရမယ့် ပြည်သူသန်း ၃၀၀-၄၀၀ လောက်ရှိနေပါတယ်။

**အိန္ဒိယဟာ လက်ရှိအချိန်မှာ ကမ္ဘာ့တတိယ အကြီးမားဆုံး ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်တဲ့ နိုင်ငံဖြစ်နေပါတယ်။ ဒါ့ကြောင့် အိန္ဒိယဟာ အမေရိကန်နဲ့တရုတ်ကို ကျော်လွန်ပြီး ကမ္ဘာ့အကြီးဆုံး ကာဗွန်ထုတ်လွှတ်တဲ့ နိုင်ငံဖြစ်လာမှာကို ဝန်ကြီးမစိုးရိမ်ဘူးလား။**

ကာဗွန်ထုတ်လွှတ်မှုမှာ အိန္ဒိယက တရုတ်ကိုကျော်သွားမယ့်အန္တရာယ်မျိုး မရှိပါဘူး။ တရုတ်ပြည်က ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှုရဲ့ ၂၃ ရာခိုင်နှုန်းကို ထုတ်လွှတ်နေပြီး နံပါတ်တစ်ပါ။ အမေရိကန်ကတော့ ၂၀-၂၁ ရာခိုင်နှုန်းလောက်ထုတ်လွှင့်နေတဲ့ နံပါတ်နှစ်ပါ။ အိန္ဒိယကတော့ ၅ ရာခိုင်နှုန်းပဲရှိတဲ့ နိုင်ငံပါ။ ကျွန်တော်တို့ကအဲဒီလို အများဆုံးဆိုတဲ့ အဖွဲ့ထဲမှာ မပါပါဘူး။

**အိန္ဒိယဟာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို တိုက်ဖျက်ရေးမှာ ပိုကောင်းတဲ့ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဖို့ ဦးတည်နေပါသလား။**

ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေနဲ့ ဒေသတွင်းဆက်ဆံရေးကောင်းတည်ဆောက်ဖို့ မဟာဗျူဟာလက်နက်တစ်ခုအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍမှာ ပူးပေါင်းဖို့ ကျွန်တော်စဉ်းစားထားပါတယ်။ ကျွန်တော်တို့ဟာ တရုတ်၊ နီပေါ၊ ဘူတန်၊ ပါကစ္စတန်တို့နဲ့ ရေခဲပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ဒေသဆိုင်ရာပူးပေါင်းအစီအစဉ်တွေ လုပ်ဖို့ပြင်ဆင်နေပါတယ်။ အိန္ဒိယဟာ မော်လ်ဒိုက်မှာရှိတဲ့ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး တောင်အာရှအသင်း SAARC ရဲ့ကမ်းရိုးတန်းဇုန်များ စီမံခန့်ခွဲရေး ဗဟိုဌာနအတွက်လည်း ဒေါ်လာတစ်သန်းလှူဒါန်းထားသလို၊ သင်မ်ပူမှာရှိတဲ့ SAARC ရဲ့သစ်တောထိန်းသိမ်းရေး စင်တာတွေအတွက်လည်း ဒေါ်လာ တစ်သန်းထည့်ဝင်ထားပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ ဒီနှစ်ဧပြီလကပဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ SAARC သဘောတူညီချက်ကွန်ဗင်းရှင်းကိုလည်း လက်မှတ်ထိုးထားပါတယ်။ ပြီးတော့ ကျွန်တော်တို့မှာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ဂေဟဗေဒထိန်းသိမ်းရေး Sundarbans Eco-system Forum ကိုလည်း ပူးတွဲဆောင်ရွက်နေပါတယ်။

**စီးပွားရေးတိုးတက်ရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ်ခုကို ဘယ်လိုဟန်ချက်ညီအောင် ဝန်ကြီးတို့ လုပ်နိုင်ပါသလဲ။**

စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကတော့ ကျွန်တော်တို့ရဲ့ အဓိကဦးစားပေးကိစ္စပဲပေါ့။ တစ်နှစ်ကိုတိုးတက်မှုနှုန်း ၈ သို့မဟုတ် ၉ ရာခိုင်နှုန်းရအောင် ကျွန်တော်တို့ လုပ်ရမှာ သံသယရှိစရာ မလိုပါဘူး။ ဒါပေမဲ့ ယခင်အိန္ဒိယဝန်ကြီးချုပ်ဟောင်း အင်ဒီရာဂန္ဒီက လွန်ခဲ့တဲ့နှစ်များစွာက လက်ခံခဲ့သလိုပါပဲ။ ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ သဘာဝတရားကို မပျက်ယွင်းစေဘဲ ကျွန်တော်တို့ရဲ့ သစ်တောတွေကို မပြုန်းတီးစေဘဲ တောင်တွေ၊ မြစ်တွေ၊ နယ်မြေတွေကို မထိခိုက်စေဘဲ စီးပွားရေးတိုးတက်အောင်လုပ်ရမှာပါ။ အရင်ကတော့ ကျွန်တော်တို့ စီးပွားရေးတိုးတက်ဖို့ ဘဏ္ဍာရေးပိုင်းကိုပဲအာရုံစိုက်ခဲ့တယ်။ အခုတော့ တိုးတက်မှုတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်တွေကိုလည်း ကျွန်တော်တို့ထည့်သွင်းစဉ်းစားရပါမယ်။

**အိန္ဒိယမှာ မြစ်တွေတစ်ခုနဲ့တစ်ခုချိတ်ဆက်ရေး ပရောဂျက်နဲ့ ပတ်သက်လို့ ကာလကြာရှည်ငြင်းခုံဆွေးနွေးမှုတွေ ရှိခဲ့တယ်နော်။ (အဆိုပါ ပရောဂျက်မှာ အိန္ဒိယမြောက်ပိုင်းရှိ ဟိမဝန္တာမြစ် ၁၄ စင်း နှင့် အိန္ဒိယတောင်ပိုင်းရှိ မြစ် ၁၆ စင်းကိုသွယ်တန်း ချိတ်ဆက်ကာမိုးခေါင်ရေရှား ဒေသများနှင့် ရေကြီးလေ့ရှိသော ဒေသများကြား ရေအရင်းအမြစ်များမျှတစွာခွဲဝေသုံးစွဲရန် ရည်ရွယ်စီစဉ်ထားခြင်းဖြစ်သည်)။ ဝန်ကြီး ၂၀၀၉ မှာ ရာထူးရလာတော့ ဒီပရောဂျက်ကိုရှုတ်ချခဲ့ပြီး အဲဒါဟာဂေဟဗေဒဆိုင်ရာ ကပ်ဘေးဆိုးပဲလို့ ခေါ်ဆိုခဲ့တယ်နော်။**

ဒီလိုသဘောတရားကို ရှုပ်ထွေးအောင်လုပ်တဲ့ မြစ်တွေသွယ်တန်းရေးပရောဂျက်ကြီးတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့တကယ်စိုးရိမ်ခဲ့တာပါ။ ဒီစီမံကိန်းတွေက လူတွေကိုထိခိုက်စေပြီး မမျှော်မှန်းနိုင်တဲ့ ဂေဟဗေဒအကျိုးဆက်ဆိုးကျိုးတွေ ရှိပါတယ်။ ကျွန်တော်ကတော့ အသက်ကြီးလာတာနဲ့အမျှနည်းပညာနဲ့ ပြုပြင်စီမံမှုတွေကို ပိုပြီး သံသယရှိလာတယ်ဗျ။ ဒါတွေက အခြေခံအားဖြင့် လူသားတွေနဲ့ လူမှုရေးဆိုင်ရာ ကိစ္စတွေနဲ့ ပတ်သက်တယ်။ မြစ်တွေအားလုံးချိတ်ဆက်သွယ်တန်းရေးဆိုတာ အင်ဂျင်နီယာပညာအရ စိတ်ကူးယဉ်တာဖြစ်ပြီး အဲဒီအထဲမှာ လူတွေနဲ့ လူမှုရေးရာ အကြောင်းအချက်တွေကို ထည့်မတွက်ထားဘူးလေ။

**အိန္ဒိယအတွက် အစိမ်းရောင်လမ်းကြောင်းကို ဖော်ဆောင်ရတာဟာ ဝန်ကြီးအတွက် စိတ်ပျက်စရာလား။ ဒါမှမဟုတ် စိန်ခေါ်မှုလား။**

ကျွန်တော်ကတော့ ဒါကို စိတ်ပျက်စရာလို့ မခေါ်ဘူး။ စိန်ခေါ်မှုပါ။ ဟုတ်ပါတယ်။ ကျေးဇူးတင်စရာ မလိုပေမယ့် စိတ်ပျက်စရာလည်း မဟုတ်တဲ့ စိန်ခေါ်မှုပေါ့။ ကျွန်တော်က ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ရင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီတွေက သိပ်ပျော်သွားကြပြီး စီးပွားရေးတိုးတက်မှုကိုချည်းအသားပေးတဲ့ သူတွေကတော့ စိတ်ဆင်းရဲကြမယ်။ ဒီလိုနဲ့ ကျွန်တော်က နောက်ထပ်ဆုံးဖြတ်ချက်တစ်မျိုးချလိုက်ရင် တိုးတက်ရေးသမားတွေ သိပ်ပျော်သွားမယ်။ ပတ်ဝန်းကျင်ဝါဒီတွေကတော့ သိပ်စိတ်ဆင်းရဲသွားမယ်။ ဒါမျိုးတွေက ရှိနေပါတယ်။ လူတိုင်းပျော်အောင်တော့ ကျွန်တော်လည်း မဖန်တီးနိုင်ဘူးလေ။

*—Ref: India's Cimate Chief on Making India Greener, Time*

7DAY NEWS JOURNAL

# Entertainment

Vol.9, No.32 • OCTOBER 28, 2010



CELEBRITY PROFILE

## တေးသီမလေး Taylor Swift

တကယ်လို့သာ သူမဟာ အောင်မြင်ကျော်ကြားတဲ့ ဂီတကြယ်တစ်ပွင့်မဖြစ်ခဲ့ဘူးဆိုရင် စာသားနုနုလေးတွေရေးသီတတ်တဲ့ ကဗျာဆရာမလေးတစ်ယောက် ဖြစ်နေလောက်ပါပြီ။ သူမ လေးတန်းတက်နေစဉ်ကာလမှာပဲ သူမခံစားချက်တွေရေးဖွဲ့ထားတဲ့ စာမျက်နှာ ၃မျက်နှာပါ'Monster In My Closet' ကဗျာရှည်နဲ့အမျိုးသားအဆင့်ကဗျာပြိုင်ပွဲမှာ ဆုရရှိခဲ့တာက သူမရဲ့ကဗျာစွမ်းရည်ဘယ်လောက်မြင့်မားတယ်ဆိုတာရဲ့သက်သေပါ။ အဲဒီကဗျာရေးစွမ်းရည်တွေကပဲ သူမရဲ့အချစ်သီချင်းချိုချိုလေးတွေ ဖန်တီးရာမှာအထောက်အကူဖြစ်စေခဲ့တာပါ။

၁၀နှစ်သမီးအရွယ်ကတည်းကဂစ်တာကြိုးတွေနဲ့ထိတွေ့ဆော့ကစားရင်းသူမရဲ့ခံစားချက်တွေကို သီချင်းစာသားအဖြစ်ပြောင်းလဲလေ့ရှိခဲ့သူကတော့ဒီနေ့ကျေးလက်ဂီတလောကမှာအောင်မြင်တဲ့ကြယ်ပွင့်ဖြစ်လာတဲ့ Taylor Swiftပါ။ငယ်စဉ်ကလေးဘဝကကျောင်းမှာအတန်းဖော်တွေရဲ့အနိုင်ကျင့်မှုကို အမြဲခံခဲ့ရတဲ့သူမမှာ ခံစားချက်တွေကတစ်ပုံတစ်ပင်ပါ။ အဲဒီခံစားချက်တွေကို တေးသီချင်းများအဖြစ်ပြောင်းခဲ့တာက သူမကလေးဘဝကတည်းကရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံ၊ပင်စဗေးနီးယားပြည်နယ်ထဲကမြို့ငယ်လေးတစ်မြို့မှာ သာမန်မိသားစုကမွေးဖွားလာခဲ့တဲ့ သူမရဲ့ငယ်ဘဝအိပ်မက်ကအောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်လာဖို့ပါ။

စာ(၄၅)သို့

စာ(၄၅)သို့

## အကောင်းဆုံးကြော်ငြာမော်ဒယ်စုံတွဲအဖြစ် ရွေးချယ်ခံရတဲ့ လီဆန်းဂျီနဲ့ရှင်မင်းအာ





**ဆိုးလ် - အောက်တိုဘာ၂၂**

စီးပွားရေးလုပ်ငန်းရှင်အယောက် ၂၀၀ကျော်ကရွေးချယ်ပေးသော ၂၀၁၀ ပြည့်နှစ်အတွက် အကောင်းဆုံးစီးပွားရေးကြော်ငြာမော်ဒယ်များအဖြစ်လီဆန်းဂျီနှင့်ရှင်မင်းအာတို့ကိုမဲပေးရွေးချယ်ခဲ့ကြသည်။

သူတို့နှစ်ဦးသည် My Girlfriend is a nine tailed အမည်ရ ဒရာမာဇာတ်လမ်းတွဲတွင် လိုက်ဖက်ညီစွာသရုပ်ဆောင်နိုင်ခဲ့သည့် အကျိုးဆက် အနေနှင့်စီးပွားရေးလုပ်ငန်းရှင်များနှစ်ခြိုက်သဘောကျသောမော်ဒယ်စုံတွဲအဖြစ်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

၂၀၁၀ပြည့်နှစ်အတွက်အကောင်းဆုံးကြော်ငြာစုံတွဲဆုကိုအောက်တိုဘာ၂၁ ရက်နေ့က ဆိုးလ်ဝက်စတင်ချိုဆန်ဟိုတယ်၌ ချီးမြှင့်ခဲ့ပြီး ၎င်းတို့နှစ်ဦးတက်ရောက်ကာဆုလက်ခံခဲ့ကြသည်။

—Ref; Hancinema

## ပထမဆုံး ရုပ်ရှင်ကားကြီး ရိုက်ကူးတော့မည့် သီရိရှင်းသန့်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၁**

အယ်လ်ပိုင်းသောက်ရေသန့်တွင် တာဝန်ထမ်းဆောင်နေရင်း အနုပညာအလုပ်များ လုပ်ကိုင်နေသူ အယ်လ်ပိုင်းအိန်ဂျယ်တစ်ဦးဖြစ်သည့် မော်ဒယ်သီရိရှင်းသန့်သည် ကြော်ငြာများနှင့် အကျိုးပြုသီချင်းများ ရိုက်ကူးရာမှ ယခုလလယ်ပိုင်းတွင် ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးမည့် 'ပန်းကြာဝတ်မှုန်' ရုပ်ရှင်ဇာတ်ကားကြီးတွင် ပထမဆုံးအကြိမ်ပါဝင်ရိုက်ကူးဖြစ်တော့မည်ဖြစ်ကြောင်း ပြောသည်။



ဓာတ်ပုံ - အေးသူ

"ဒီဝတ္ထုက နာမည်ကြီးဝတ္ထုပါ။ အခု ရိုက်ရတော့မယ်ဆိုတော့ ကားရိုက်နဲ့ ကြော်ငြာအားတဲ့အချိန် ဖတ်နေပါတယ်။ သူငယ်ချင်းငါးယောက်ထဲက ခင်ခင် ဆိုတဲ့တစ်ယောက်နေရာက ပါဝင်ရမှာပါ။ ၁၉၈၀ ဝန်းကျင်က တက္ကသိုလ်ကျောင်းသူ အပြင်အဆင်တွေ၊ သနပ်ခါးကအစ ဘယ်လိုလိမ်းကြလဲ၊ နောက်ပြီး ကလောဘက်ကိုလည်း သွားမယ်ဆိုတော့ ဝတ်ရမယ့် ဆွယ်တာတွေက ခုခေတ် ပုံစံလည်း ဝတ်လို့မရဘူး။ သေချာလေး ပြင်ဆင်ပြီး စာရင်းပြုစုနေပါတယ်။ ဒါရိုက်တာကလည်း အထူးကြိုးစားဖို့ ပြောပါတယ်။ သမီးမှာသွားမှာ ကြောက်ပါတယ်"ဟု ပန်းကြာဝတ်မှုန်ဇာတ်ကားတွင် သရုပ်ဆောင်ရတော့မည့် သီရိရှင်းသန့်က ပြောသည်။

ပထမဆုံးရုပ်ရှင်ကားကြီးရိုက်ကူးရတော့မည့်အပေါ် သူမ၏ ရင်ခုန်သံကိုလည်း မေးမြန်းရာ "အရမ်းလည်းပျော်တယ်။ အရမ်းလည်းစိတ်လှုပ်ရှားတယ်။ ကြောက်လည်းကြောက်ပါတယ်။ ဒီကားက ကိုယ့်အတွက်ဘဝ မှတ်တိုင်တစ်ခုပါပဲ။ စိုးရိမ်စိတ်တွေကိုတော့ ဖျောက်ရမှာပါ။ စိုးရိမ်စိတ်ရှိနေရင်တော့ ကားရိုက်တာကို ပျက်မှာ စိုးလို့ပါ"ဟု ဆက်လက်ပြောပြသည်။

ပန်းကြာဝတ်မှုန်ဇာတ်ကားကို ဒါရိုက်တာစင်ရော်မောင်မောင်က နိုင်းနိုင်း၊ ဖြိုးငွေစိုး၊ စည်သူမောင်၊ ကျော်ကျော်ပိုင်မှူး၊ သက်မွန်မြင့်၊ သင်းသင်းယုလှိုင်၊ မေကဗျာ၊ ဟေမာန်အောင်အောင်၊ သီရိရှင်းသန့်တို့ဖြင့် အောက်တိုဘာလ ၁၈ရက် ဝန်းကျင်တွင် မန္တလေး၊ မြင်းခြံနှင့် ကလောမြို့ဒေသတစ်ဝိုက်၌ စတင်ရိုက်ကူးတော့မည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

## ဂျက်ဆီကာဘီယယ်နဲ့ ချစ်ခွင့်ရတာ ကံကောင်းတယ်ထင်နေတဲ့ ဂျက်စတင်တင်းဘာလိတ်ခ်



လော့စ်အိန်ဂျလိစ်၊
အောက်တိုဘာ - ၁၈

အမေရိကန်ပေါ့ပ်အဆိုတော် ဂျက်စတင်တင်းဘာလိတ်ခ်က ၎င်းသည် ဘဝတွင် မင်းသမီး ဂျက်ဆီကာဘီယယ်နှင့် ချစ်ခွင့်ရနေသဖြင့် အလွန်ကံကောင်းသည်ဟု ခံစားမိကြောင်း ဖွင့်ဟလိုက်သည်။ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းကပင် အဆိုပါမင်းသမီးနှင့် တွဲလိုက်၊ ပြန်ပေါင်းထုပ်လိုက်လုပ်နေသည့် အဆိုတော်၊သရုပ်ဆောင် ဂျက်စတင်တင်းဘာလိတ်ခ်က ဘီယယ်သည် ၎င်းအတွက် အံ့ဩစရာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်းဆိုသည်။

၎င်းက "ဘဝမှာ သူ့လိုအံ့ဩစရာ မိန်းမတစ်ဦးရှိနေတာ ကျွန်တော် သိပ်ကံကောင်းပါတယ်" ဟုဆိုသည်။ ထို့ပြင် ၎င်းကအဆိုတော်၊ မင်းသားတစ်ဦး၏ ဘဝနှင့် ပတ်သက်၍လည်း "ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ဖျော်ဖြေရေးသမားတစ်ဦးလို့ ထင်ထားပါတယ်။ ကျွန်တော်ငယ်ငယ်တုန်းကတော့ ရှက်တတ်ပြီး လူတော မတိုးရဲခဲ့ပါဘူး။ ဒါပေမဲ့ ကျောင်းသားဘဝမှာတော့ စင်ပေါ်မှာ သီချင်းဆိုရင်းနဲ့ ဝါသနာကြီးလာခဲ့ပါတယ်" ဟုပြောသည်။ တင်းဘာလိတ်ခ်က ၎င်းတွဲခဲ့သော ချစ်သူများသည် မိခင်နှင့် နှိုင်းယှဉ်လျှင်မူ ကောင်းနိုင်မည်မဟုတ်နိုင်ကြောင်း ဝန်ခံခဲ့သည်။ —Ref: Showbizspy




## ဂျက်ဆန်ထွန်း၏ "ကြယ်တွေလို" ဗီစီဒီ နိုဝင်ဘာတွင် ဖြန့်ချိမည်

မေပယ်လ်

ရန်ကုန်၊ အောက်တိုဘာ - ၂၀

ကချင်တေးသံရှင်ဂျက်ဆန်ထွန်း၏ 'ကြယ်တွေလို' တေးစီးရီးဗီစီဒီကို လာမည့်နိုဝင်ဘာ ၁ရက်တွင် The Sun တေးထုတ်လုပ်ရေးမှဖြန့်ချိမည်ဖြစ်ကြောင်း ဂျက်ဆန်ထွန်းကပြောကြားသည်။

'မနှစ်ကနိုဝင်ဘာတုန်းက ပထမဆုံးထုတ်ထားတဲ့ အော်ဒီယိုစီးရီးကို တစ်နှစ်လောက်အချိန်ယူပြီးဗီစီဒီထုတ်တာပါ။ သီချင်းက အားလုံး၁၁ ပုဒ်ပါမယ်။ ကိုယ်တိုင်လည်း သရုပ်ဆောင်ထားပါတယ်' ဟုဂျက် ဆန်ထွန်းကပြောသည်။ 'ကြယ်တွေလို' တေးစီးရီးဗီစီဒီတွင် R&B နှင့် ပရိသတ်နှစ်သက်မည့်သီချင်းအမျိုးအစားများကို တေးရေးသော်ဒီဝေ၊ Rခိုင်၊ အောင်းလာ၊ Dယံ၊ အဖဲ၊ ခင်ဒူဇော်ဂျာ၊ ဆင်ဝါးအောင်၊ ဒွဲ & Z နှင့်ဂျက်ဆန်ထွန်းကိုယ်တိုင်ရေးဖွဲ့ထားမှုများ ပါဝင်မည်ဖြစ်သည်။

'အဆိုတော်သစ်တစ်ယောက် အောင်မြင်သွားဖို့ဆိုတာ အတော်ကို ကြိုးပမ်းရပါတယ်။ နောက်ပိုင်းမှာတစ်ကိုယ်တော်ရော၊ အဖွဲ့လိုက်ပါ တေးစီးရီးတွေ ဆက်ထုတ်ဖြစ်မယ်' ဟုဂျက်ဆန်ထွန်းကပြောကြားသည်။








7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010



# ရှိုးပွဲအချို့ လက်မှတ်ဈေးနှုန်းမြင့်မားမှုကြောင့် ပရိသတ်များအခက်တွေ့

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ယခုနှစ်အတွင်း ရှိုးပွဲအချို့၏ လက်မှတ်ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ကြည့်ရှုလိုသည့်ပရိသတ်အချို့မှာ အခက်တွေ့နေကြောင်း သိရသည်။



ယခုနှစ်စက်တင်ဘာလက ကျင်းပခဲ့သော နာမည်ကြီးတီးဝိုင်းကြီးတစ်ခု၏ စတိတ်ရှိုးဖျော်ဖြေပွဲတွင် လက်မှတ်ဈေးနှုန်းမှာ ကျပ်သုံးသောင်းအမြင့်ဆုံးသတ်မှတ်ခဲ့ခြင်းကြောင့် တီးဝိုင်း၏ ပရိသတ်အချို့ ကြည့်ရှုရန်အခက်အခဲ ကြုံတွေ့ခဲ့ရသည်။ "လက်မှတ်ဈေးတွေက လူလတ်တန်းစား လုံးဝမတတ်နိုင်တဲ့ဈေးတွေ ဖြစ်နေတော့ ကျွန်တော်တို့လူငယ်တွေ လုံးဝမကြည့်နိုင်တော့ဘူး။ ကျွန်တော်တို့က အဲဒီတီးဝိုင်းက အဆိုတော်တွေအားလုံးကိုကြိုက်တယ်။ အဲဒီတီးဝိုင်းကိုလည်းအရမ်းကြိုက်တယ်။ ဒါပေမဲ့ လက်မှတ်တစ်စောင်ကို နှစ်သောင်း၊ သုံးသောင်းဆိုတော့ သူငယ်ချင်းငါးယောက်ကြည့်မယ်ဆိုရင် နှစ်သောင်းတန်ဆိုတစ်သိန်းဖြစ်သွားပြီ။ အသွားအပြန် ခရီးစရိတ်နဲ့ မုန့်ဖိုးနဲ့ဆိုရင် ရှိုးပွဲတစ်ခါကြည့်ဖို့ ပိုက်ဆံတစ်သိန်းကျော်လောက်သုံးရမလိုဖြစ်နေတယ်" ဟု ရော့ခ်တီးဝိုင်းကြီး၏ အမာခံပရိသတ်လူငယ်တစ်ဦးက ပြောသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အဆိုပါပွဲစီစဉ်သူထံ ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့က ဟိုတယ်ကြီးတွေမှာ လုပ်တဲ့ပွဲမျိုးကို ဒီဈေးတွေနဲ့သတ်မှတ်ပြီး ယူတာက ကျွန်တော်တို့ပွဲလုပ်တဲ့နေရာရဲ့အနေအထားနဲ့ အတိုင်းအတာပေါ်မူတည်ပြီး သတ်မှတ်တာပါ။ ဟိုတယ်ကဆံ့တဲ့ လူအတိုင်းအတာနဲ့ ကုန်ကျစရိတ်လည်း ပြန်ကာမိအောင်လို့ပါ။ နောက်ပြီး မျှော်စင်ကျွန်းလို၊ သုဝဏ္ဏအားကစားရုံလို နေရာမျိုးလို ဖရီးပုံစံမျိုး မဟုတ်ဘဲ ညပိုင်းမိသားစုနဲ့ အေးအေးဆေးဆေး ကြည့်ချင်တဲ့သူတွေကို ရည်ရွယ်ပါတယ်။ ဟိုနေရာတွေကျတော့ လူငယ်တွေက အရမ်းပျော်ပြီး အရမ်းလည်း လွတ်လပ်စွာ အားပေးကြတယ်လေ။ ဟိုတယ်ကျတော့ လူလည်းသိပ်မဆံ့ဘူး။ ဆံ့တဲ့အတိုင်းအတာမှာ အေးဆေးစွာခံစားလိုတဲ့ ပရိသတ်အတွက် ရည်ရွယ်ပါတယ်" ဟု ပြောကြားသည်။

လက်မှတ်ဈေးနှုန်းမြင့်မားသည့် အခြားဖျော်ဖြေပွဲအချို့လည်း ယခုရက်ပိုင်းအတွင်း ပြုလုပ်ခဲ့ပြီး အမျိုးသမီးအဆိုတော်တစ်ဦးဖြစ်သူ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာလည်း ကျပ်သုံးသောင်းအထိ ဈေးနှုန်းသတ်မှတ်ထားကြောင်း သိရသည်။



**အေးသူစံ**

■Bossini အမှတ်တံဆိပ် ချည်ထည်များ၏ ရာသီစာဖက်ရှင်ရှိုးပွဲကို အောက်တိုဘာလ ၂၂ရက်နေ့က ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ပြီး မိတ်ကပ်နှင့်ဆံပင်ကို ခင်စန်းဝင်းက တာဝန်ယူပြင်ဆင်ကာ ဂျွန်လွင်က ပွဲဖြစ်မြောက်ရေးအတွက် စီမံတင်ဆက်ခဲ့ကြောင်းသိရသည်။

■ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ရန်အောင်၊ နေတိုး၊ ထွန်းအိန္ဒြာဗိုနှင့်သက်မွန်မြင့်တို့ ပါဝင်ထားသော 'ဘာမီတွန်' ဟာသရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် စတင်ရုံတင်ပြသတော့မည်ဖြစ်ကြောင်း အထူးပွဲပြသသည့်နေ့က ကမ်းထရီးစတားထုတ်လုပ်ရေးထံမှသိရသည်။

■ဒရာမာဇာတ်ကားများသာ အဓိကရိုက်ကူးလေ့ရှိသူ ဒါရိုက်တာဝင်းထွန်းထွန်းရိုက်ကူးသော မြန်မာသံအဆိုရှင် မောင်မောင်အေး(အလင်္ကာဝတ်ရည်)၏ 'အချော့ကြိုက်တဲ့မောင့်ရွှေစင်ဦး' နှင့် ခင်ညွန့်ရီ၊ ယဉ်ဝေယံထွန်းနှင့် ရွှေယမင်းဦးတို့၏ 'ပန်းသုံးပွင့်အလွမ်းအိမ်' တေးစီးရီးဗီစီဒီများ မိတ်ဆက်ပွဲတွင် အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့က တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

# ကိုရီးယားရုပ်ရှင်ပွဲတော်ကို ရွေးကောက်ပွဲပြီးချိန်မှသာ ကျင်းပဖွယ်ရှိ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အောက်တိုဘာလအတွင်း ကျင်းပနေမြဲဖြစ်သည့် ကိုရီးယားရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၇ ရက်နေ့နောက်ပိုင်းတွင်သာ ကျင်းပမည်ဖြစ်ကြောင်း ကိုရီး ယားသံရုံးနှင့်နီးစပ်သူတစ်ဦးထံမှ သိရသည်။

မြန်မာနိုင်ငံတွင် ကိုရီးယားရုပ်ရှင်ပွဲတော်ကိုကျင်းပခဲ့သည်မှာ ခြောက်ကြိမ်မြောက်ရှိပြီဖြစ်ပြီး ယခုနှစ်ရုပ်ရှင်ပွဲတော်မှာ မူလက အောက်တိုဘာလအတွင်း ကျင်းပရန်စီစဉ်ထားသော်လည်း ယခုအခါ နိုဝင်ဘာလကုန်ပိုင်းမှသာ ကျင်းပဖွယ်ရှိကြောင်း သိရသည်။ "ကိုရီးယားရုပ်ရှင်ပွဲတော်က ဘယ်နေ့လုပ်မယ်ဆိုတာ အတည်မပြုရသေးပါဘူး။ တကယ်လို့ လုပ်ဖြစ်မယ်ဆိုရင်တော့ အရင်စီစဉ်ထားတဲ့ ဇာတ်ကားလေးကားကိုပဲ ပြဖြစ်မှာပါ။ ကျွန်တော်တို့က ညှိနှိုင်းနေဆဲမှာ ဘယ်ရက်ဘယ်နေ့ ကျင်းပမယ်ဆိုတာ ပြောဖို့ ခက်ပါတယ်" ဟု ကိုရီးယားသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ယင်းကိုရီးယားရုပ်ရှင်ပွဲတော် ကျင်းပဖြစ်ပါက ပြသရန်စီစဉ်ထားသောဇာတ်ကားလေးကားမှာ Le Grand Chef 2 ဇာတ်ကား၊ Closer To Heaven ၊ Scandal Makers နှင့် My Girlfriend is an Agent ဇာတ်ကားတို့ဖြစ်ပြီး Le Grand Chef 2 ဇာတ်ကားမှာ ယခုနှစ်ရုပ်ရှင်ပွဲတော်သို့လာရောက်မည်ဟု သတင်းထွက်နေသော မင်းသမီး လီဟားနား ပါဝင်သည့် ဇာတ်ကားဖြစ်သည်။ ရန်ကုန်မြို့တွင် ကိုရီးယားရုပ်ရှင်ပွဲတော်ကို ၂၀၀၂ ခုနှစ် က စတင်ကျင်းပခဲ့ပြီး ယမန်နှစ်က ငါး ကြိမ်မြောက်အဖြစ် သမ္မတရုပ်ရှင်ရုံတွင် အောက်တို ဘာလ ၁၆ ရက်မှ ၁၉ ရက်နေ့ အထိ ကျင်းပခဲ့သည်။

## စာ - ၄၃၊ တေးသီငှက်လေးTaylor Swiftမှ

အဆိုတော်တစ်ယောက်ဖြစ်ဖို့စိတ်အားထက်သန်လွန်းလှတဲ့ သူမဟာ နက်ရှ်ဗီလီမြို့မှာသီချင်းအသံသွင်းဖို့ မိဘတွေကိုပူဆာခဲ့တာက သူမရဲ့ ဂီတခြေလှမ်းအစဖြစ်ခဲ့ပါတယ်။သီချင်းခွေကြမ်းတွေကိုတေးထုတ်လုပ်ရေးလုပ်ကိုင်တဲ့သူတွေဆီရောက်အောင်ပို့ခဲ့ပေမယ့် ငြင်းပယ်ခြင်းခံခဲ့တာအကြိမ်ကြိမ်ပါ။ စိတ်ထက်သန်လွန်းလှတဲ့ဆွဲဇ်ဟာ အလျှော့မပေးဘဲ သူမရဲ့ ဇာတိမြို့လေးမှာ သီချင်းတွေရေးရင်း၊ဆိုရင်းအချိန်တွေ ကုန်လွန်ခဲ့ပါတယ်။ သူမအသက်၁၂နှစ်အရွယ်မှာပဲသူမကိုယ်ပိုင်သီချင်းတော်တော်များများကိုရေးစပ်ခဲ့ပြီး ၁၂ကြိုးတပ်ဂစ်တာကိုလည်းပိုင်နိုင်အောင်တီးခတ်နိုင်နေပါပြီ။ ဇွဲကြီးလွန်းလှတဲ့သူမဟာအလျှော့မပေးဘဲဂီတလောကကိုဝင်ဖို့လမ်းစလို့သူမယုံကြည်ထားတနက်ရှ်ဗီလီကိုအမြဲသွားပြီးသီချင်းရေးတဲ့သူတွေဆီမှာပညာဆည်းပူးခဲ့ပါတယ်။ သူမအသက်၁၄နှစ်အရွယ်မှာတော့ သူမ မျှော်လင့်ထားတဲ့လမ်းစကိုရှာဖွေတွေ့ခဲ့ပါတယ်။ အဲဒါကတော့ ဆိုနီတေးထုတ်လုပ်ရေးက သူမကို ပင်တိုင်တေးရေးဆရာအဖြစ်စာချုပ်ချုပ်ခဲ့ခြင်းပါပဲ။ ဆိုနီရဲ့အသက်အငယ်ဆုံးသီချင်းရေးဆရာအဖြစ်လည်း သူမကို သတ်မှတ်ခဲ့ကြပါတယ်။ ဂီတလောကကိုသူမရဲ့ ပထမဆုံးအယ်ဘမ်ဖြစ်တဲ့ Tim McGraw နဲ့ခြေလှမ်းစတင်ခဲ့ပြီးအဲဒီတေးစီးရီးက သူမမျှော်မှန်းသလောက် အောင်မြင်မှုမရခဲ့ပါဘူး။

သူမရဲ့ဒုတိယအယ်ဘမ် Fearless ထုတ်ဝေတဲ့အခါမှ တစ်ဟုန်ထိုးအောင်မြင်ခဲ့တာပါ။ သူမရဲ့ခံစားချက်တွေကိုသီချင်းအဖြစ်ပြောင်းခဲ့တဲ့ Love Story, Tear drops on my Guitar , Our Song, Fifteen စတဲ့ သံစဉ်ချိုချိုသီချင်းတွေက ပရိသတ်နှလုံးသားကိုဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ အဲဒီသီချင်းတွေပါဝင်တဲ့သူမရဲ့အယ်ဘမ်က ၂၀၀၉ခုနှစ်ဂီတဂရမ်မီဆုပေးပွဲမှာဆု၄ဆုတစ်ပြိုင်တည်းရရှိသည်အထိစွမ်းဆောင်နိုင်ခဲ့ပါတယ်။ အသက်ငယ်ရွယ်ပေမယ့် ကိုယ်တိုင်သီချင်းရေးပြီး အသံချိုချိုနဲ့ကျေးလက်သီချင်းတွေသီဆိုတတ်တဲ့ ဆွဲဇ်ကို ဂီတလောကတစ်ခုလုံးက အသိအမှတ်ပြုဂုဏ်ပြုခဲ့ကြပါတယ်။ ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းရဲ့ကမ္ဘာမှာလွှမ်းမိုးမှု အရှိဆုံးလူသားတစ်ရာထဲမှာလေဒီဂါဂါ၊ဘီကလင်တန်တို့နဲ့တန်းတူ သူမကိုလည်းထည့်သွင်းဖော်ပြခဲ့တာက သူမရဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခုပါပဲ။ သူမဟာဂီတမှာအောင်မြင်မှုသရဖူတွေဆောင်နိုင်ခဲ့ပေမယ့်အချစ်ရေးမှာတော့ ကံခေသူတစ်ဦးပါ။ အချစ်ရေးကံမကောင်းခဲ့တာကပဲ သူမကိုသီချင်းတွေ ရေးစေဖို့တွန်းအားဖြစ်စေခဲ့တာပါလို့ သူမက မကြာခဏပြောတတ်ပါတယ်။

'ကျွန်မရဲ့သီချင်းအယ်ဘမ်တွေနားထောင်ရင် ကျွန်မရဲ့ကိုယ်တိုင်ရေး ဒိုင်ယာရီကိုဖတ်ရတာနဲ့အတူတူပါပဲ'လို့သူမကပြောကြားခဲ့ဖူးပါတယ်။ Jonas Brother အဖွဲ့က ဂျိုးဂျိုးနက်နဲ့ချစ်ကြိုးသွယ်ခဲ့ပြီးတစ်နှစ်တောင် မကြာဘဲလမ်းခွဲခဲ့ကြပါတယ်။ သူမနဲ့ဂျိုးတို့ရဲ့ဆက်ဆံရေးကို Forever & Alwaysဆိုတဲ့နာမည်နဲ့သီချင်းတစ်ပုဒ်ရေးဖွဲ့ခဲ့ပါတယ်။ အဲဒီနောက်မှာ Twilight ဇာတ်ကားထဲကဒုတိယမင်းသားတေလာလူနာနဲ့ချစ်ကြိုက်ခဲ့ပေမယ့်လည်း မကြာခင်မှာဘဲချစ်သူရဲ့စွန့်ပစ်ခြင်းခံရလို့ နာကြည်းမှုတွေကို သီချင်းစာသားတွေအဖြစ်ပြောင်းလဲခဲ့ပါသေးတယ်။ ချစ်ရမှာကိုကြောက်တယ်လို့ပြောတဲ့ တေလာဆွစ်ဟာအခုအခါမှာတော့ ချစ်သူမရှိသေးဘဲသူမရဲ့ခင်မင်ဆုံးသူငယ်ချင်းမင်းသမီးအဆိုတော်စလီနာဂိုမဇ်နဲ့ပဲ အချိန်တော်တော်များများကို ကုန်လွန်နေတယ်လို့ဆိုပါတယ်။ သူမဟာအခြားဆယ်ကျော်သက်အနုပညာရှင်တွေလိုမောက်မာခြင်းမရှိဘဲ လူတိုင်းကိုဖော်ရွေစွာဆက်ဆံတတ်တဲ့သူလို့မီဒီယာတွေက မကြာခဏမှတ်ချက်ပြုခံရသူပါ။ ဖြူစင်တဲ့ နှလုံးသားရှိပြီး သူတစ်ပါးကိုအမြဲကူညီတတ်တဲ့သူမဟာမကြာခင်ကလည်း သူမလက်မှတ်ထိုးထားတဲ့ဒေါက်မြင့်ဖိနပ်တွေအပါအဝင်ဖိနပ်ပေါင်းများစွာကိုရောင်းချခဲ့ပြီး အမျိုးသမီးကင်ဆာဝေဒနာရှင်များကို ကူညီခဲ့ပါသေးတယ်။ အခုဆိုရင် အသက်၂၁နှစ်ရှိပြီဖြစ်တဲ့ သူမဟာအောက်တိုဘာလဆန်းပိုင်းကပဲ သူမရဲ့အယ်ဘမ်အသစ်Speak Nowကိုဖြန့်ချိလိုက်ပါတယ်။သူမဟာလည်းလူငယ်အနုပညာရှင်တစ်ဦး ဖြစ်တာကြောင့်လူမှုကွန်ရက်တွေကို အမြဲသုံးစွဲတတ်တာမဆန်းပါဘူး။ သူမကိုTwitter နဲ့Facebook မှာပါရှာဖွေလို့ရနိုင်ပါတယ်လို့ သတင်းပေးရင်း. . . . . ။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| 1 | Jackass 3D | Paramount Pictures | 50,000,000 | 1 |
| 2 | Red | N/A | 22,500,000 | 1 |
| 3 | The Social Network | Columbia Tri Star | 63,119,000 | 3 |
| 4 | Secretariat | Walt Disney | 27,517,000 | 2 |
| 5 | Life as We Know It | Warner Bros.Pictures | 28,865,000 | 2 |
| 6 | Legend of the Guardians: The Owls of Ga'Hoole | Warner Bros. Pic | 46,002,000 | 4 |
| 7 | The Town | Warner Bros. Pic | 80,574,000 | 5 |
| 8 | My Soul to Take | Unicersal Picutres | 11,907,000 | 2 |
| 9 | Easy A | Sony Picutres Releasing | 52,334,000 | 5 |
| 10 | Wall Street: Money Never Sleeps | 20th Century Fox | 47,882,000 | 4 |

## Movie Review

### Monsters




မိမိတို့နေထိုင်ရာ နေစကြဝဠာကြီးအတွင်းမှာပင် ဂြိုဟ်သားများ နေထိုင်သက်ရှိထင်ရှား ရှိနေနိုင်ကြောင်းကို နာဆာအဖွဲ့က တွေ့ရှိခဲ့ရာ စုံစမ်းစစ်ဆေးယာဉ်တစ်စီး အာကာသထဲ လွှတ်တင်လိုက်သည်။ သို့သော် ၎င်းအာကာသယာဉ်မှာ မြေကမ္ဘာသို့ပြန်အဆင်းတွင် မက္ကဆီကိုနိုင်ငံ၌ ပျက်ကျသွားခဲ့သည်။ မကြာမီမှာပင် ယင်းဒေသတွင် ဂြိုဟ်သားများပေါ်လာခဲ့ရာ ၎င်းတို့ကို ထိန်းချုပ်ရန် ကြိုးစားရတော့သည်။ အမေရိကန်နှင့် မက္ကဆီကိုတပ်ဖွဲ့များက ဂြိုဟ်သားများကို တိုက်ခိုက်နေချိန်မှာပင် ဂျာနယ်လစ်တစ်ဦးက ကမ္ဘာလှည့်ခရီးသည်တစ်ဦးကို ဘေးကင်းရာသို့ ပြောင်းပေးရန် ကြိုးစားပါသည်။ ဒရာမာ၊ သိပ္ပံစိတ်ကူးယာဉ်နှင့် ထိတ်လန့်စရာများ ပေါင်းစပ်ထားသော ဇာတ်ကားများ ဒါရိုက်တာ Gareth Edwards က ရိုက်ကူးထားပြီး Whitney Hble, Swot Mc-nairy တို့ပါဝင်သရုပ်ဆောင်ထားသည်။ Magnet Releas-ing က အောက်တိုဘာ ၂၉တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.32 • OCTOBER 28, 2010


## လန်ဒန်အိုလံပစ်ဘောလုံး ခြေစစ်ပွဲ အိန္ဒိယနှင့်မြန်မာ ယှဉ်ပြိုင်ရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၂**

၂၀၁၂ လန်ဒန်အိုလံပစ် ဘောလုံးပြိုင်ပွဲအတွက် အာရှတိုက်ဇုန်ခြေစစ်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ရာ မြန်မာအသင်းသည် ပထမအဆင့် ခြေစစ်ပွဲ၌ အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

စုစုပေါင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အဆိုပါခြေစစ်ပွဲပြိုင်ပွဲတွင် အဆင့်သတ်မှတ်မှုအရ အနိမ့်ဆုံး ၂၂ သင်းသည် ဦးစွာရှုံးထွက်အဆင့် အိမ်ကွင်း၊ အဝေးကွင်း ကစားရမည်ဖြစ်သည်။ အဆိုပါရှုံးထွက်ပွဲစဉ်များတွင် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ပထမအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် အနိုင်ရရှိသည့် ၁၁ သင်းသည် အဆင့်မြင့်အသင်းများအဖြစ် သတ်မှတ်ခြင်းခံရသည့် ၁၃ သင်းနှင့် ဒုတိယအဆင့် ခြေစစ်ပွဲများကို ရှုံးထွက်အဆင့် ဆက်လက်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များမှ အနိုင်ရရှိသည့် ၁၂ သင်းသည် အုပ်စုသုံးခုခွဲကာ အိမ်ကွင်း အဝေးကွင်း ဆက်လက်ကစားရမည်ဖြစ်သည်။ ၎င်းအုပ်စု တစ်ခုချင်းစီမှ ပထမရသည့် အသင်းသုံးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး၊ အုပ်စုဒုတိယရသည့် သုံးသင်းသည် အုပ်စုပွဲစဉ်ဖြစ် ထပ်မံကစားရမည်ဖြစ်သည်။

လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အာရှဇုန်မှ ခွဲတမ်း ၃ နေရာခွဲ ရရှိထားကြောင်း သိရပြီး၊ အထက်ပါ သုံးသင်း အုပ်စုပွဲစဉ်မှ ပထမရသည့် အသင်းသည် အာဖရိကတိုက်ဇုန်မှ အသင်းတစ်သင်းနှင့် ရှုံးထွက်အဆင့် ထပ်မံကစားရမည့်ဖြစ်ကာ နောက်ဆုံးကျန်ရှိသည့် တစ်နေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့သည် ၂၀၁၁ ဖေဖော်ဝါရီ ၂၃ ရက်နှင့်မတ် ၉ ရက်များတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ၂၀၀၈ ဘေဂျင်းအိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲ၌ တွေ့ဆုံခဲ့ဖူးပြီး ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

## မြန်မာ့ရိုးရာ သိုင်းပညာကို ရုရှားအဖွဲ့တစ်ဖွဲ့လာရောက်သင်ယူမည်



**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

မြန်မာ့ရိုးရာ သိုင်းပညာကို စိတ်ဝင်စားပြီး လာရောက်သင်ယူမည့် ရုရှားနိုင်ငံမှ အဖွဲ့တစ်ဖွဲ့သည် လာမည့် နိုဝင်ဘာလတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အဖွဲ့သည် ရုရှားနိုင်ငံ စီးပွားရေးလုပ်ငန်းမဟုတ်သော အများပြည်သူဆိုင်ရာ အားကစားဌာန(မြန်မာ့သိုင်း) အဖွဲ့ (Non-Commercial Public Organization Sport Centre Myanmar Thaing) ဖြစ်ပြီး၊ ၎င်းနိုင်ငံတွင် ကိုယ်ပိုင်ကလပ်များ ဖွင့်ကာ မြန်မာ့သိုင်းပညာကို ကျယ်ပြန့်အောင် ဆောင်ရွက်နေသည့် အဖွဲ့ဖြစ်ကြောင်း သိရသည်။

"သူတို့အဖွဲ့ ၁၀ ဦးပါ။ နိုဝင်ဘာ ၁၃ ရက်မှာ ရန်ကုန်ကို ရောက်ပြီး ၁၅ ရက်ကနေ ၂၈ ရက်အထိ ငွေဆောင်ကမ်းခြေမှာ မြန်မာ့နန်းစဉ် ဓားရေး ၃၇ ချင်း (တတိယပိုင်း) အဆင့်မြင့် ပညာရပ်ကို ထပ်မံသင်ယူမှာပါ" ဟု ၎င်းအဖွဲ့အား သင်ကြားပြသပေးမည့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်ဆရာကြီး ဦးမင်းယက္ခက ပြောသည်။

၎င်းအစီအစဉ်ကို အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် အထက်ပါအဖွဲ့တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး၊ ယခုနှစ်လာရောက်မှုမှာ ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ ၎င်းအဖွဲ့သည် ငွေဆောင်၌ပင် ၂၀၀၆ ခုနှစ်တွင် မြန်မာ့ဓားနှစ်လက်သိုင်းပညာနှင့် ဗန်တိုပညာကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် မြန်မာ့တုတ်ရှည်သိုင်းပညာနှင့် လှံရှည်သိုင်းပညာကိုလည်းကောင်း၊ ၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်တွင် မြန်မာ့နန်းစဉ် ဓားရေး ၃၇ ချင်း ပထမပိုင်းနှင့် ဒုတိယပိုင်းကို လာရောက်သင်ယူဖူးကြောင်း ဦးမင်းယက္ခက ပြောသည်။

"သူတို့က ရုရှားနိုင်ငံမှာ သင်တန်းအခမဲ့ပြန်လည်သင်ကြားပေးကြတာပါ။ ဒီမှာ လာသင်တာက နည်းပြအဖွဲ့တွေပေါ့။ နောက်အခြား နိုင်ငံတွေကလည်း မြန်မာ့ ရိုးရာသိုင်းပညာကို စိတ်ဝင်စားပြီး လာရောက်သင်ယူလိုရင် လိုအပ်တဲ့ အစီအစဉ်တွေကို သက်ဆိုင်ရာကို တင်ပြပြီး၊ စီစဉ်ဆောင်ရွက်ပေးသွားမှာပါ"ဟု အဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။

မြန်မာ့ရိုးရာသိုင်းပညာကို ယခင်က အင်္ဂလန်၊ ပြင်သစ်နှင့် ဒိန်းမတ်နိုင်ငံများမှ လာရောက်သင်ယူဖူးကြောင်း သိရပြီး၊ ယခုအဖွဲ့အား ဦးမင်းယက္ခ၊ ဦးစိန်မြင့်နှင့် ဒေါ်ခင်သန္တာတို့က သင်ကြားပြသပေးမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာတစ်နိုင်ငံလုံး၌ ရိုးရာသိုင်းကိုယ်ပိုင်ကလပ်ပေါင်း သုံးထောင်ကျော်ရှိကြောင်း သိရသည်။

## အေအက်ဖ်စီဖိတ်ခေါ်ဖလား ခြေစစ်ပွဲများတွင် ပါလက်စတိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် မြန်မာတစ်အုပ်စုတည်းကျ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၂၂**

အာရှဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖလားပြိုင်ပွဲ AFC Challenge Cup 2012 ခြေစစ်ပွဲ ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ရာ မြန်မာ့လက်ရွေးစင်အသင်းသည် ပါလက်စတိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲဝင် အသင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည့် ၎င်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြောက်ကိုရီးယားအသင်း အပါအဝင် ပြိုင်ပွဲဝင်အသင်းများအားလုံး ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

မဲခွဲမှုများအရ မြန်မာအသင်းသည် ပါလက်စတိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် အုပ်စု(က)တွင် ကျရောက်လျက်ရှိပြီး၊ ၎င်းအုပ်စု၏ စတုတ္ထမြောက် အသင်းမှာ ဖိလစ်ပိုင်နှင့် မွန်ဂိုလီးယားတို့ ရှုံးထွက်ပွဲမှ အနိုင်ရသည့် အသင်းဖြစ်လာမည်ဖြစ်သည်။ ပြိုင်ပွဲအဆင့်သတ်မှတ်ချက်အရ အောက်ဆုံး ၈ သင်းသည် ရှုံးထွက်အဆင့် ခြေစစ်ပွဲမှ စတင်ကစားရခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် ပြိုင်ပွဲ၌ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့သော်လည်း စတုတ္ထနေရာသာ ရရှိခဲ့သည်။ ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို ၂၀၁၁ ခုနှစ်၊ မတ်လ ၂၀ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး၊ အိမ်ရှင်နိုင်ငံများကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ အုပ်စုတစ်စုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။




7DAY NEWS JOURNAL
Vol.9, No.32 • OCTOBER 28, 2010

## ဘာလီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာကစားသမားများ သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ဘာလီအိုးပင်း ၂၀၁၀ (Bali Open 2010)ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ အားကစားသမားနှစ်ဦး သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲအား အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် လာမည့် နိုဝင်ဘာ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အောင်ဝင်းနှင့် ဘိုဘိုလေးတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

"ဒီပြိုင်ပွဲက နိုင်ငံတစ်နိုင်ငံကို အားကစားသမား နှစ်ဦးဝင်ပြိုင်လို့ ရပါတယ်။ နောက် ကစားသမားတွေက ကိုယ့်စရိတ်နဲ့ကိုယ် ဝင်ပြိုင်ရတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ဗိုလ်စွဲတဲ့ ကစားသမားဟာ နောက်ထပ်အဆင့်မြင့်တဲ့ ဆုကြေးစားဂေါက်သီးရိုက်ပြိုင်ပွဲကို လက်ရည်စစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ ဝင်ပြိုင်ခွင့်ရရှိမှာ ဖြစ်တဲ့အတွက် ကမ္ဘာ့အရပ်ရပ်က ဂေါက်သီးရိုက်ကစားသမား အများအပြား ဝင်ရောက်ယှဉ်ပြိုင်လေ့ရှိကြပါတယ်"ဟု မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းပြိုင်ပွဲတွင် စုစုပေါင်း ဆုကြေးငွေကန်ဒေါ်လာ ခြောက်သောင်းချီးမြှင့်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကစားသမား အောင်ဝင်းသည် ၎င်း၏ လက်ရည်ရလဒ်အရ ဖိတ်ကြားခံရခြင်းဖြစ်ပြီး၊ ဘိုဘိုလေးသည် လက်ရှိပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသည့် အားကစားသမားများထဲမှ ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

## နေပြည်တော်အသင်း နိုင်ငံခြားနည်းပြ ခေါ်ယူမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၂၀**

လက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် နေပြည်တော်အသင်းသည် လာမည့် ၂၀၁၁ အမ်အင်န်အယ်လ်ဘောလုံးရာသီ၌ ပြည်ပမှ နည်းပြဆရာအား ခေါ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကိုရီးယားနိုင်ငံက နည်းပြဆရာကို ခေါ်ယူဖို့တော့ စီစဉ်နေပါတယ်။ မသေချာသေးပေမယ့် လာမယ့်ရာသီမှာတော့ နိုင်ငံခြားကနည်းပြဆရာတစ်ဦးခေါ်ယူဖို့ ရှိပါတယ်။ ပြည်တွင်းက လက်ရွေးစင်အဆင့်ရှိ ကစားသမား ၆ ဦးလောက်ကိုလည်း အသင်းမှာ အားဖြည့်ချင်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

နေပြည်တော်အသင်းသည် ယခုနှစ် အမ်အင်န်အယ်လ်ပြိုင်ပွဲတွင်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်သည့် အသင်းဖြစ်ပြီး ပြည်ပအားကစားသမားများကို ခေါ်ယူထားသော်လည်း နည်းပြဆရာကိုမူ ပြည်တွင်းနည်းပြဆရာသာ တာဝန်ပေးထားသည့် အသင်းဖြစ်သည်။

"ပထမအကျော့ကထက် အသင်းက နားလည်မှုပိုကောင်းလာပေမယ့် အဆုံးသတ်အားနည်းတဲ့ အပိုင်းလေးတွေ ရှိပါတယ်။ နောက်နှစ်ပြိုင်ပွဲမှာ ဒီနှစ်ထက် ပိုကောင်းအောင် ပြင်ဆင်သွားမှာပါ"ဟု အသင်းနည်းပြချုပ် ဦးဇော်ဝင်းက ပြောသည်။

အဆိုပါ အသင်းသည် နေပြည်တော်ရှိ ပေါင်းလောင်းအားကစားကွင်းအား ၂၀၁၁ ဘောလုံးရာသီတွင် လေ့ကျင့်ရေးကွင်းအသုံးပြုသွားမည်ဖြစ်ပြီး ၂၀၁၀ အမ်အင်န်အယ်လ်ပြိုင်ပွဲအပြီးတွင် ပြည်ပနိုင်ငံများသို့ ခြေစမ်းပွဲများ သွားရောက်ကစားရန် စီစဉ်ထားကြောင်းသိရသည်။

# t\qie,?rep;w;?cs,vq;?re,wua&;cs,&0;r,

# ပရီးမီးယားလိဂ်ပွဲစဉ်(၁၀)



ဒီတစ်ပတ်ရဲ့ စနေ၊ တနင်္ဂနွေ၊ အင်္ဂါနေ့တို့မှာ ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၁၀) မှာ ပြီးခဲ့တဲ့ ပွဲစဉ် (၈) အဝေးကွင်းပွဲတွေမှာ နိုင်ပွဲမရခဲ့တဲ့ ချယ်လ်ဆီး၊ လီဗာပူး၊ ဝီဂန်၊ ဘာမင်ဂမ်တို့ဟာ အဝေးကွင်းပွဲတွေပြန်ကစားရတော့မှာမို့ ရှန်းအားကောင်းဖို့ လိုအပ်နေပါတယ်။ အိမ်ကွင်းမှာ ကစားဖို့ရှိနေတဲ့ မန်ယူ၊ အာဆင်နယ်၊ အဲဗာတန်တို့အနေနဲ့လည်း ခြေစွမ်းပြမည့်တဲ့ ပြိုင်ဘက်ထဲမှာ အကြိတ်အနယ်ကန်ရမယ့် မထင်မှတ်တဲ့ ပွဲကောင်းတွေပါလာနိုင်ဖွယ်ရှိနေပါတယ်။

### ၃၀၊ အောက်တိုဘာ- စနေ

**အာဆင်နယ်-ဝက်စ်ဟမ်း**
**ည ၈း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၂-၀**

အာဆင်နယ်တို့ အိမ်ကွင်းမှာ အခြေအနေ ကောင်းနိုင်ပါတယ်။ ဝက်စ်ဟမ်းတို့ ကစားပုံ မဆိုးပေမယ့် ဒီနောက်ပိုင်းအဝေးကွင်း သုံးပွဲစလုံး နိုင်ပွဲမရသေးပါဘူး။ ဒါ့အပြင် ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ နှစ်ကြိမ်သာ သရေရခဲ့ပြီး ကျန်သုံးကြိမ်စလုံး ဝက်စ်ဟမ်းတို့ ရှုံးခဲ့တယ်။ အာဆင်နယ်မှာ ချာမက်၊ အာရှာဗင်တို့အပြင် ဘန်တနာပါဝင်လာခဲ့ရင် တိုက်စစ်ပိုကောင်းလာနိုင်တယ်။ အာဆင်နယ်တို့ နှစ်ဂိုးလောက် ရနိုင်ခြေရှိတယ်။

**ဘလက်ဘန်း-ချယ်လ်ဆီး**
**ည ၈း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၁-၁**

အိမ်ရှင်ဘလက်ဘန်းတို့ ဝိတ်ဆို့ကစားပြီး တန်ပြန်တိုက်စစ်ကို အားပြုရမှာပါ။ ဒါ့အပြင် မှတ်တမ်းအရလည်း ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ယမန်နှစ်က အိမ်ကွင်းတစ်ပွဲပဲ ဘလက်ဘန်းတို့သရေရပြီး ကျန်လေးပွဲမှာ ချယ်လ်ဆီးကို ရှုံးထားပါတယ်။ ဒါပေမဲ့ ချန်ပီယံလိဂ်ရော၊ ပြည်တွင်းလိဂ်ပါ၊ အာရုံစိုက်နေရတဲ့ ချယ်လ်ဆီးတို့ဒီပွဲမှာ သွင်းဂိုးများဖွယ်မမြင်ပါဘူး။ ချယ်လ်ဆီးတို့ အများဆုံးရရင် နှစ်ဂိုးလောက်ပါပဲ။

**အဲဗာတန်-စတုတ်စီးတီး**
**ည ၈း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၁-၁**

အဲဗာတန်တို့ အိမ်ကွင်းမှာ ကစားရမှာမို့ လီဗာပူးနဲ့ပွဲတုန်းကလိုပဲ ခြေစွမ်းပြဦးမှာပါ။ ဒါပေမဲ့ ခြေစွမ်းအသင့်အတင့်ရှိတဲ့ စတုတ်ကို အဲဗာတန်ဖွင့်ကစားရင် သရေပွဲဖြစ်သွားနိုင်တယ်။ အကြိုက်က အဲဗာတန်ဖြစ်ပြီး နိုင်ရင်လည်း ဂိုးကွာဟချက်များဖို့ မရှိပါဘူး။

**ဖူလ်ဟမ်-ဝီဂန်**
**ည ၈း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၂-၁**

ဖူလ်ဟမ်တို့ ခြေအသာနဲ့ ကစားဖို့ မလွယ်ပါဘူး။ ဝီဂန်ဟာ ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲ ဆက်တိုက် ရှုံးပွဲမရှိသေးပါဘူး။ ဖူလ်ဟမ်ရဲ့ ကာမာရာ၊ ဒမ်ဘီလီတို့ကို ဝီဂန်နောက်တန်းထိန်းနိုင်ရင် သရေသို့မဟုတ် ကပ်နိုင်ခြေရှိပြီး ယမန်နှစ်အရှုံးကို ချေဖျက်နိုင်ပါလိမ့်မယ်။

**ဝုလ်-မန်စီးတီး**
**ည ၈း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၀-၃**

မန်စီးတီးတို့ မဖြစ်မနေ အနိုင်ရအောင်ကန်ရပါမယ်။ အိမ်ရှင်ဝုလ်တို့ ဇယားအောက်ခြေမှာ ရှိနေဆဲဖြစ်ပြီး၊ ဂျာဗစ်၊ ဖလက်ချာတို့ရဲ့တိုက်စစ်က မန်စီးတီးနောက်တန်းကို ထိုးဖောက်ဖို့ ခက်ပါတယ်။ တီဗက်ဇ်၊ အဒီဘာယော၊ ဆေးလ်ဗားတို့ရဲ့ မန်စီးတီးကပဲ ပွဲကိုဦးဆောင်သွားပြီး နှစ်ဂိုးအသာလောက် ရနိုင်ပါတယ်။

**မန်ယူ-စပါး**
**ည ၁၁း၀၀ နာရီ**
**ယမန်နှစ်ရလဒ် - ၃-၁**

မန်ယူတို့ အိမ်ကွင်းမှာ အစဉ်အလာကို ဆက်ထိန်းသွားနိုင်ပါတယ်။ မန်ယူဟာ စပါးနဲ့ ဒီနှစ်ပိုင်းတွေအတွင်း တွေ့ဆုံမှုငါးကြိမ်မှာ တစ်ကြိမ်မှ မရှုံးဖူးသေးဘူး။ စပါးရဲ့ ပက်ဗလျူချန်ကို၊ ဗန်ဒါဗတ်၊ ခရောချ်တို့ မန်ယူနောက်တန်းကို အကြိမ်များများ ထိုးဖောက်နိုင်မှာ မဟုတ်ပါဘူး။ မန်ယူအနိုင်ဖြစ်ပြီး ရဂိုးနည်းမယ် ထင်ပါတယ်။

### ၃၁၊ အောက်တိုဘာ၊ တနင်္ဂနွေ

**ဗီလာ-ဘာမင်ဂမ်**
**ယမန်နှစ်ရလဒ်- ၁-၀**

ဗီလာတို့ အိမ်ကွင်းသရေပွဲတွေ များနေပါတယ်။ ဒါပေမဲ့ ဒီပွဲမှာတော့ အနိုင်ရမလား စောင့်ကြည့်ရမယ်။ ဘာမင်ဂမ် တိုက်စစ်ပိုင်းမှာ ဇီဂစ်ကို အားထားနေပြီး လုဗ်၊ ဘောင်ယာတို့ကို ဝန်းရံထားပါတယ်။ အိမ်ရှင်ဗီလာတို့ မှတ်တမ်းတွေအရ ဘာမင်ဂမ်နဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်စလုံး နိုင်ထားတယ်။ ဗီလာကို ရွေးတာ မမှားပါဘူး။ ဂိုးနည်းပါမယ်။

**နယူးကာဆယ်-ဆန်းဒါးလန်း**
**ည ၈း၀၀ နာရီ**
**ယမန်နှစ်ရလဒ် - မရှိ**

နယူးကာဆယ်တို့ အိမ်ကွင်းနိုင်ပွဲ ပျောက်နေတာ ကြာပါပြီ။ နောက်ဆုံးအိမ်ကွင်းပွဲ ဝီဂန်နဲ့ကစားရာမှာလည်း သရေသာရခဲ့တယ်။ ဆန်းဒါးလန်းတို့ အဖွင့်ဂိုးသာရရင် အခြေအနေကောင်းနိုင်ပါတယ်။ နယူးကာဆယ်ကို ကြိုက်ပေမယ့် သရေပွဲလည်း ဖြစ်နိုင်တယ်။

**ဘော်လ်တန်-လီဗာပူး**
**ည ၁၀း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - ၂-၃**

ဘော်လ်တန်တို့ အိမ်ကွင်း ခြေစွမ်းတက်နေချိန်နဲ့ လီဗာပူးတို့ အခြေအနေ ဆိုးနေချိန်တိုက်ဆိုင်နေပါတယ်။ ဘော်လ်တန်တို့ ခံစစ်ပိတ်ကစားနိုင်ရင် ဂိုးအနည်းနဲ့ ကပ်နိုင်ခြေတောင်ရှိပါတယ်။ လီဗာပူးတို့ အများဆုံး သရေသာမျှော်မှန်းနိုင်မှာပါ။

### ၁၊ နိုဝင်ဘာ၊ အင်္ဂါ

**ဘလက်ပူးလ်-ဝက်စ်ဘရွန်း**
**နံနက် ၂း၃၀ နာရီ**
**ယမန်နှစ်ရလဒ် - မရှိ**

တန်းတက်အသင်းတွေဖြစ်တဲ့ ဒီနှစ်သင်းဟာ ယမန်နှစ် ချန်ပီယံရှစ်မှာ တွေ့ဆုံခဲ့စဉ်က အကြိတ်အနယ်ဖြစ်ခဲ့ပြီး ထိုစဉ်က ဝက်စ် ဘရွန်းက ၃-၂ ဂိုးနဲ့ နှစ်ကျော့စလုံး နိုင်တယ်။ ဘလက်ပူးလ်တို့ အသင်းလိုက်တိုက်စစ်ကစားပုံကို ပိုကြိုက်မိပါတယ်။ ဒီတစ်ကြိမ်တော့ ဘလက်ပူးလ်ကို ဂိုးအနည်းနဲ့ ရွေးချယ်ပါတယ်။

## ဘောလုံးအဖွဲ့ချုပ်ဖလား အကြိုဗိုလ်လုပွဲတွင် ဥဿာနှင့်ကမ္ဘောဇ ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလားရှုံးထွက်ပြိုင်ပွဲ MFF Max Cement Cup 2010 ကွာတားဖိုင်နယ်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သော ဥဿာယူနိုက်တက်အသင်းသည် အကြိုဗိုလ်လုပွဲစဉ်၌ ကမ္ဘောဇအသင်းနှင့် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

ယခုလ ၂၀ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော MFF Cup ရှုံးထွက်ပြိုင်ပွဲ၏ နောက်ဆုံးကွာတားဖိုင်နယ်ပွဲစဉ်၌ဥဿာယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်အသင်းအား ၄-၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအား အောက်တိုဘာလ ၂၇ ရက် ညနေသုံးနာရီခွဲတွင်တစ်ပြိုင်နက် ကျင်းပမည်ဖြစ်ရာ ဖေယျာရွှေမြေအသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့သည် သုဝဏ္ဏကွင်းတွင်လည်းကောင်း၊ ဥဿာယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်းတို့သည် အောင်ဆန်းကွင်းတွင်လည်းကောင်းယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

MFF Cup ရှုံးထွက်ပြိုင်ပွဲတွင်ဗိုလ်စွဲသည့် အသင်းအား ဆုကြေးငွေ ကျပ်သိန်းသုံးရာနှင့် ဒုတိယရရှိသည့် အသင်းအား ကျပ် သိန်းတစ်ရာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

# အာဖဂန်နစ္စတန်ငြိမ်းချမ်းရေးအတွက် တာလီဘန်ထိပ်တန်းခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများ ပြုလုပ်နေ

**ကဘူးလ်၊**
**အောက်တိုဘာ - ၂၀**

အာဖဂန်နစ္စတန်စစ်ပွဲ အဆုံးသတ်ရေး ဆွေးနွေးပွဲများတွင် တာလီဘန်အဖွဲ့ ထိပ်တန်းခေါင်းဆောင်တပ်မှူးများ ပါဝင်ဆွေးနွေးနေကြောင်းနှင့် ၎င်းတို့သည် နေတိုးတပ်ဖွဲ့များ၏ အကူအညီဖြင့် ပါကစ္စတန်ရှိ ၎င်းတို့၏ လွတ်မြောက်နယ်မြေများမှ ထွက်လာ၍ ကဘူးလ်မြို့ ဆွေးနွေးပွဲများသို့ လာရောက်ကြကြောင်း ကဘူးလ်မှအရာရှိများက ပြောကြားသည်။

ဆွေးနွေးပွဲတွင် သမ္မတဟာမစ်ကာဇိုင်း၏ အတွင်းလူများနှင့် အာဖဂန်နစ္စတန်စစ်ပွဲကို ခေါင်းဆောင်မှုပေးနေသော ကက်တာရှူရာအုပ်စုမှ အဖွဲ့ဝင်များ ပါဝင်သည်။ အာဖဂန်နစ္စတန်ခေါင်းဆောင်များသည် အခြားသဘောထားအပြင်းထန်ဆုံးဟု ယူဆခံရသည့်ဟက်ကာနီ ကွန်ရက်ခေါင်းဆောင်ပိုင်းနှင့်လည်း ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။



တာလီဘန်ခေါင်းဆောင်များသည် ၎င်းတို့အား နေတိုးတပ်ဖွဲ့များက တိုက်ခိုက်မည် သို့မဟုတ် ဖမ်းဆီးမည်မဟုတ်ဟု ရှင်းရှင်းလင်းလင်း အာမခံချက်ရရှိ၍သာ ဆွေးနွေးပွဲများပြုလုပ်ရန်အာဖဂန်နစ္စတန်သို့ လာရောက်ကြခြင်းဖြစ်သည်။

တာလီဘန် ခေါင်းဆောင်များသည်နယ်စပ် ကိုကျော်ဖြတ်၍ နေတိုးလေယာဉ်များဖြင့် ကဘူးလ်သို့ အနည်းဆုံးတစ်ကြိမ် လာရောက်ခဲ့ကြောင်း ဆွေးနွေးမှုများအကြောင်းသိရှိသူ အာဖဂန်လူမျိုးတစ်ဦးက ပြောကြားသည်။ အချို့အခြေအနေများတွင် တာလီဘန်အရာရှိများ အာဖဂန်နစ္စတန်သို့ လာရောက်နိုင်ရန် နေတိုးတပ်ဖွဲ့များက လမ်းများ၌လုံခြုံရေးယူထားပေးကြသည်။

ဆွေးနွေးမှုအများစုကို ကဘူးလ်မြို့အပြင်ဘက်တွင် ပြုလုပ်ခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်းကပင် အာဖဂန်တာလီဘန်ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများပြုလုပ်နေကြောင်း အမေရိကန်အရာရှိများက ပြောကြားခဲ့ကြသည်။ အနည်းဆုံးတာလီဘန်ခေါင်းဆောင် ၄ ဦးမှာဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သည်ဟု အာဖဂန် အရာရှိတစ်ဦးနှင့် ၎င်းဒေသမှသံတမန်ဟောင်းတစ်ဦး ကပြောကြားသည်။

*—Ref: NYTimes*



# နာမည်ကြီး ရုရှားသူလျှိုမယ် မဂ္ဂဇင်းတစ်စောင်၏ မျက်နှာဖုံးရှင်ဖြစ်လာ

**မော်စကို၊**
**အောက်တိုဘာ - ၁၉**

မကြာသေးမီက ကမ္ဘာ့စာနယ်ဇင်းများတွင် နာမည်ကျော်လာခဲ့သည့် ရု ရှားစပိုင် အန်နာချပ်ပ်မင်းသည် ယခုအခါ ရုရှားနိုင်ငံထုတ် အမျိုးသားမဂ္ဂဇင်း Maxim ၏မျက်နှာဖုံးတွင် ခြောက်လုံးပြူးသေနတ်ကိုင်ဆောင်ထားသည့် ပုံဖြင့် မျက်နှာဖုံးရှင် ဖြစ်လာခဲ့ကြောင်း သိရသည်။ ရုရှားသူလျှိုမယ် မစ္စချပ်ပ်မင်းသည် မကြာသေးမီကပင် မြို့တော်ကရင်မလင်၌ သူလျှိုများအတွက်ချီးမြှင့်သော နိုင်ငံတော်အဆင့်ဆုတံဆိပ်ကိုလည်း ရထားခဲ့သည်။ သူမ၏ပုံကို မျက်နှာဖုံးတင်ခဲ့သည့်မဂ္ဂဇင်းကလည်း ချပ်ပ်မင်းသည်ရုရှားတွင် အမျိုးသားရေးစိတ်ဓာတ်တက်ကြွအောင် ဖန်တီးနိုင်ခဲ့ပြီး ရုရှားဘောလုံးအသင်းနှင့် ဘူလာဗာဒိုးပျံတို့ထက်ပို၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြောင်း ရေးသားထားသည်။

သူမသည် မော်စကိုတွင် သမ္မတမက်ဗီဒက်က ချီးမြှင့်ခဲ့သော နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ထောက်လှမ်းရေးသမားဆုကို လက်ခံရယူခဲ့သည်။ အန်နာချပ်ပ်မင်းသည် အမေရိကန်နိုင်ငံတွင် ရုရှားအတွက်သူလျှိုလုပ်နေခဲ့သော ရုရှားသူလျှို ၁၀ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ကာ ပြီးခဲ့သည့် ဇူလိုင်လက အမေရိကန်မှ နှင်ထုတ်ခံခဲ့ရသည်။

*—Ref: Xinhua*

# လူဝင်မှုကြီးကြပ်ရေး အငြင်းပွားမှုကြောင့် မာကယ်လ် အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲ

**ဘာလင်၊ အောက်တိုဘာ - ၂၀**

ယဉ်ကျေးမှုပေါင်းစုံပေါင်းစည်းရေးဝါဒကျဆုံးသွားပြီဟု ဂျာမနီအဓိပတိ အန်ဂျလာမာကယ်လ်၏ ဝေဖန်မှုထွက်ပေါ်လာပြီးနောက် ဂျာမနီနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းများက လိုအပ်နေသည့် ကျွမ်းကျင်ရွှေ့ပြောင်းနေထိုင်သူများ လက်ခံသင့်၊ မခံသင့်ကိစ္စအပေါ် အစိုးရအဖွဲ့အတွင်း ပေါ်ပေါ်ထင်ထင်အငြင်းပွားမှု ထွက်ပေါ်လာကြောင်း သိရသည်။

ကျွမ်းကျင်လုပ်သားများလျော့နည်းနေ၍ ဂျာမနီအနေဖြင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအတွက် စည်းမျဉ်းများလျှော့ပေါ့ပေးသင့်သည်ဆိုသော ဝန်ကြီးအဖွဲ့ဝင် ၃ ဦး၏ပြောကြားမှုများကိုပြည်ထဲရေးဝန်ကြီး သောမတ်စ်ဒီမိုင်ဇေးက ပယ်ချခဲ့သည်။

"အခြေအနေတွေကို နားမလည်ဘဲနဲ့ လူတိုင်းက အဆိုပြုချက်ကို တင်ပြနေကြတယ်။ လက်ရှိဥပဒေတွေက ပျော့ပျောင်းမှုအလုံအလောက်ရှိပါတယ်"ဟု မာကယ်လ်၏ ခရစ်ယာန်ဒီမိုကရက်ပါတီမှ ကွန်ဆာဗေးတစ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒီမိုင်ဇေးကပြောသည်။

"အလုပ်သမားလိုအပ်တဲ့ အလုပ်ရှင်တွေ ကိုယ့်ဟာကိုယ်ကမ္ဘာပတ်ပြီး အလုပ်သမားရှာဖွေစုဆောင်းကြပါ။ အဲဒါကို ပြောင်းပြန်လှန်ထားတဲ့နည်းလမ်းကတော့အလုပ်မဖြစ်ဘူး" ဟု ဂျာမနီပြည်ထဲရေးဝန်ကြီးက ပြောသည်။

ယင်းအငြင်းပွားမှုမှာ ဂျာမနီသမ္မတ ခရစ်ရှန်ဝူဖ်သည် တူရကီနိုင်ငံသို့ ငါးရက်တာအလည်အပတ်ခရီးသွားရောက်စဉ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံတွင် မွတ်ဆလင်အရေအတွက်လေးသန်းရှိပြီး အများစုမှာ တူရကီနိုင်ငံမှဖြစ်သည်။ ဂျာမနီနိုင်ငံ၏ လူဦးရေမှာ ၈၂ သန်းရှိကြောင်းသိရသည်။

*—Ref: Reuters*

salons and barbers' shops, electric;Tap-water filters for industrial purposes; Toilet bowls and seats; Bathroom unit sets comprising sinks, faucets, bathroom floors, bathroom walls, bathroom ceilings, bathroom doors, shower heads, bathtubs, washing bowls, bathtub surrounds, gripping bars for bathtub and bathroom vents, cold or low temperature water pipes; Shower units, comprising shower floors, shower walls, shower ceilings, shower doors, shower washing areas, shower heads, shower corner shelves, shower surrounds, shower enclosures, shower gripping bars, shower vents, shower faucets, faucets, cold or low temperature water pipes, shower drainage pipes, shower lighting; Bath heating apparatus, namely, hot water heaters for use with bathtubs; Bathroom heaters; Bathroom dryers; Bathroom fans; Ventilation fans for industrial purposes; Industrial humidifiers;Cooking equipment for industrial and household purposes, namely, frying machines, rice cookers, slow cookers, roasters, eating utensil sterilizers, electric ovens, microwave ovens, electric cookers, electric pots, electric pot cookers, electric hot plates, electric toasters, range hood fans, infrared cookers and heaters; Electric heating dryers of bathroom for household purposes, namely, electric bathroom heaters, electric bathroom fan dryers, electric water heaters; Ventilation fans for household purposes; Bath room ventilation fans for household purposes; Humidifiers for household purposes; Dehumidifiers for household purposes; Bidets;Toilet stools with washing water squirter; Gas fan heaters; Oil fan heaters; Gas stoves [space heaters for household use]; Oil stoves [space heaters for household use]; Coal stoves [space heaters for household use]; Gas hot water heating dryers of bathroom for household purposes, namely, gas bathroom heaters, gas bathroom fan dryers, gas water heaters; Apparatus for lighting, heating, steam generating, cooking, refrigerating, drying, ventilating, water supply and sanitary purposes, namely, ceramic fan heaters, steam emitting devices used for and equipped in steam heaters, steam boilers and steam generators, solar water heaters, water dispensers, water heaters, air preheaters, boilers for automobiles, hot water boilers, boilers, namely, cooking boilers, furnace boilers and heating boilers, dish disinfectant apparatus, superheated steam generators, superheated steam reducers, warm air furnaces, **warm air heaters**, industrial dehumidifiers, dehumidifiers for commercial use, steam heaters, air conditioners, street surface heaters, fan devices, namely, heating fans and electric fans, electrolytic water generators, warm water heating devices used for and equipped in hot water heaters for use with bathtubs, hand dryers, electric coffee water heaters, under table electric leg heaters, electric room heaters, electric hand warmers, floor heaters, breadmakers, Japanese hand warming apparatus for household purposes, electric futons (bedding), electric kettles, bedding dryers, hot plates, room coolers, range hoods, induction heating cookers, disinfectant dispensers for sinks, distillers [for chemical processing], milk sterilizers, forage drying apparatus, tanks for purification of contaminated water, human waste treatment tanks, gas lamps, oil lamps, waste water treatment tanks for household purposes, human waste household purification tanks, heating or cooling insulating objects filled with chemical substances ready to react when **required**; Extractor hoods for kitchens; Heat exchangers [for chemical processing]; Heat pumps;Water distribution installations; Mixer taps for water pipes; Hot air bath fittings; Bath tubs; Wash-hand basins [parts of sanitary installations]; Hand drying apparatus for washrooms; Solar collectors [heating]; Footwarmers, electric or non-electric; Blankets, electric, not for medical purposes; Electrically heated carpets; Electroluminescent (EL) panels for lighting; Non-electric cooking heaters [for household purposes]; Kitchen worktops; Toilets [water-closets]; Deodorization equipment; Electric aroma diffusing and deodorizing apparatus for household purposes; Electric deodorizing apparatus for household purposes; Gas water heaters; Electric water heaters; Oil water heaters; Refrigerating or freezing showcases; Refrigerating containers; Heating showcases; Electric pore aspirators for industrial or household purposes; Air conditioning apparatus; Tap water faucets; Solar water heaters; Seatings for use with Japanese style toilet bowls; Washers for water taps; Infrared-ray heaters; Ice boxes;Ice-cooling refrigerators [for household purposes]."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990
28.Oct.2010


7DAY NEWS JOURNAL
Vol.9, No.32 · OCTOBER 28, 2010

# အင်တာနက်လုံခြုံရေးကုမဏီများနှင့် တင်းကျပ်သောဆက်ဆံရေးထူထောင်ရန် ပင်တဂွန်ကြိုးစား

**ဝါရှင်တန်၊**
**အောက်တိုဘာ - ၂၁**

အရေးကြီးသော ကွန်ပျူတာကွန်ရက်များကို တစ်နေ့တခြား တိုးပွားလာသော ဆိုက်ဘာခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ရန် အမေရိကန်ကာကွယ်ရေးဌာနသည် အင်တာနက်လုံခြုံရေး ကုမ္ပဏီများနှင့် ဆက်ဆံရေး ပိုမိုတင်းကျပ်ရန် ရည်မှန်းထားကြောင်း သိရသည်။

စနစ်တစ်ခုနှင့် တစ်ခု ပေါင်းစည်းရေး ထိပ်တန်းပညာရှင်များနှင့် လုပ်ငန်းရှင်များအား ၎င်းတို့ဌာနက ခေါ်ယူအသုံးပြုခြင်း ဆက်လက်ကြီးထွားလာမည်ဖြစ်ကြောင်း၊ ထို့အပြင် ကွန်ပျူတာကွန်ရက် အဝန်းအဝိုင်းကို ကာကွယ်ရန်အတွက် အပြင်မှ ဝင်လာသော ကုတ်နံပါတ်များကို စစ်ဆေးနိုင်သာ လှုပ်ရှားသက်ဝင်နေသည့် ကာကွယ်ရေးစနစ် အသုံးပြုခြင်းလည်း ဆက်လက်မြင့်မားနေမည်ဖြစ်ကြောင်း ပင်တဂွန် ဆိုက်ဘာပေါ်လစီ ထိပ်တန်းအရာရှိ ရောဘတ်ဘက်တလာက ပြောကြားသည်။





ထို့အတွက် အင်တာနက်လုံခြုံရေး လုပ်ငန်းနှင့် အနီးကပ်ဆက်ဆံမှုများ ထူထောင်သွားမည်ဖြစ်ကြောင်း ဆိုက်ဘာပေါ်လစီဆိုင်ရာ ဒု-လက်ထောက်ကာကွယ်ရေးအတွင်းဝန် ဘတ်တလာက သတင်းထောက်များအား ပြောကြားသည်။

အဓိကရည်မှန်းချက်တစ်ခုမှာကြိုတင် ကာကွယ်ရေးနည်းပညာသစ်ပေါ်ထွက်ခြင်းနှင့် ၎င်းတို့ကို အသုံးချခြင်းကြား အချိန်နှောင့်နှေးမှုကို လျှော့ချသွားရန်ဖြစ်ကြောင်း ကာကွယ်ရေးဌာနအရာရှိက ဆက်လက်ပြောကြားသည်။ ပင်တဂွန်အား သတင်းအချက်အလက် နည်းပညာဆိုင်ရာပစ္စည်းများ ပံ့ပိုးသည့်အဓိက ကန်ထရိုက်ကုမ္ပဏီများမှာ လော့ဟီးလ်မာတင် ကော်ပိုရေးရှင်း၊ ဘိုးရင်းကုမ္ပဏီ၊ နော့သ်ရော့ဂရန်းမန်းကော်ပိုရေးရှင်း၊ ဘီအေအီးစစ်စတန်စ်နှင့်ရေသီယွန်ကုမ္ပဏီတို့ဖြစ်ကြောင်း သိရသည်။

—*Ref: Reuters*

# အမျိုးသားများသည် အမျိုးသမီးတို့၏ တောင်းဆိုမှုများကို ညနေခြောက်နာရီတွင် ပိုမိုလိုက်လျောလေ့ရှိ

**လန်ဒန်၊**
**အောက်တိုဘာ - ၁၉**

အမျိုးသားများသည် အမျိုးသမီးများ၏ ပူဆာတောင်းဆိုမှုများကို ညနေ ခြောက်နာရီအချိန်တွင် သာတောင်းဆိုခြင်းခံရပါက ပို၍လိုက်လျော ပေးလေ့ရှိကြောင်း စစ်တမ်းတစ်ခုက ဖော်ပြလိုက်သည်။ ထိုသို့ အမျိုးသမီးများက တောင်းဆိုရာတွင် အားလပ်ရက်အတွက် လည်ပတ်ရန် ချိန်းဆိုခြင်း၊ အိမ်တွင်းမှုကိစ္စများ ကူညီပေးရန် တောင်းပန်ခြင်း စသဖြင့် အမျိုးမျိုးရှိကြောင်း ဆိုသည်။ သို့သော် အမျိုးသားများအတွက် တစ်နေ့တာအတွင်း အဆိုးဝါးဆုံးအချိန်မှာ ညနေ ၃ နာရီခန့်ဖြစ်ပြီး၊ ယင်းအချိန်တွင်သာ ချစ်သူနှင့်စကားများ၊ ငြင်းခုံမှုဖြစ်ပါက အမျိုးသမီးများ အနိုင်ရရန်အကောင်းဆုံးကာလ ဖြစ်သည်ဟုဆိုသည်။

ယခုသုတေသနကို ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီး Bayer Schering Pharma ကလူပေါင်း တစ်ထောင်ကျော်ခန့်ကို စစ်တမ်းကောက်ယူ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စစ်တမ်းအရ တစ်ဦးနှင့်တစ်ဦးအားပေးမှုပြုရန် အကောင်းဆုံးအချိန်မှာ နေ့တစ်နေ့၏ အစနံနက်ခင်းအချိန်ထက် နေ့လယ်တစ်နာရီဖြစ်ကြောင်း မေးမြန်းခံရသူများက ဖော်ပြခဲ့သည်။ စစ်တမ်းတွင်ပါဝင်သည့် လူပေါင်း ၁,၁၀၉ ဦးမှ ၈၆ ရာခိုင်နှုန်းက ၎င်းတို့တွင်မိမိ၏ စိတ်ပိုင်းအခြေအနေဖြစ်ပေါ်တတ်သော စိတ်ကြွခြင်း၊ စိတ်ကျခြင်းတို့ကိုလည်း သတိပြုတတ်ကြောင်း ဆိုခဲ့သည်။



စိတ်ပညာရှင် တစ်ဦးဖြစ်ပြီး သဘာဝဆိုင်ရာ ဇီဝဗေဒရစ်သမ်များနှင့် ပတ်သက်၍ ကျွမ်းကျင်သူပညာရှင် အီဗိုင်းဘန်တလေကလည်း "ခန္ဓာကိုယ်မှာရှိတဲ့ ဇီဝဗေဒရစ်သမ်စက်ဝန်းဟာ ဦးနှောက်ကြောင့် ပုံမှန်လည်ပတ်နေပါတယ်။ ဦးနှောက်က ဟော်မုန်းတွေကို ထိန်းချုပ်ထားပြီး၊ ခန္ဓာကိုယ်ကောင်းမွန်စွာ လှုပ်ရှားနိုင်ဖို့ ဟော်မုန်းတစ်ခုစီမှာ ဘယ်လောက်ထုတ်လုပ်ရမလဲဆိုတာ ထိန်းချုပ်ပါတယ်။ လူတစ်ဦးဟာ ရုပ်ပိုင်းအရ၊ အသိပညာပိုင်းအရ၊ စိတ်ခံစားမှုပိုင်းအရ ခံစားရတာတွေဟာ သူတို့ရဲ့ ဇီဝဗေဒရစ်သမ်တွေကြောင့်ဖြစ်ပါတယ်"ဟု ဆိုသည်။

—*Ref: Telegraph*







၄၀ – အရွယ်မှာလိုအပ်တာ . . .
ROYALVITA
Soft Cap. (Royal Jelly)
Royal Jelly + MULTI-VITAMIN+MINERAL
(၁) အိုမင်းရင့်ရော်မှုကို နှောင့်နှေးစေခြင်း
(၂) သွေးဆုံးချိန်ဖြစ်ပေါ်တတ်သော ရောဂါဝေဒနာများ သက်သာစေခြင်း
(၃) ရင်သားကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးခြင်း
(၄) သွေးတွင်းရှိ ကိုလက်(စ်)ထရော ပမာဏကို ထိန်းညှိပေးခြင်း
(၅) သွေးတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းညှိပေးခြင်း
(၆) အရိုးပွ၊ အရိုးကျိုးလွယ်ခြင်းကို ကာကွယ်ပေးခြင်း
(၇) အိမ်ထောင်ရေးသုခကို အပြည့်အဝ ခံစားနိုင်စေခြင်း
သင် အသက် ၄၀ ပြည့်ပြီလား?
ရိုင်ရယ်ဗိုက်တာ
အားဆေး


SHWE THA ZIN COMPANY LIMITED
bwin နဲ့ဆို
သန့်ရှင်းကျန်းမာပြီး
လန်းဆန်းသင်းပျံ့နေတာပဲ...
bwin
SOOTHE & PROTECT
ဘီဝင်း
ရေချိုးဆပ်ပြာခရင်မ်
e-mail : importdept@shwethazin.net.mm, exportdept@shwethazin.net.mm

7 DAY NEWS JOURNAL

# International

Vol.9, No.32 • OCTOBER 28, 2010

## ဝီကီလိခ်စ်ကဖော်ထုတ်ခဲ့သည့် အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂတိုက်တွန်း

**ကုလသမဂ္ဂ၊ အောက်တိုဘာ - ၂၅**

အီရတ်နိုင်ငံတွင် အရပ်သား ၆၆,၀၀၀ သေဆုံးခဲ့ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို အသေးစိတ်ဖော်ပြထားသည့် "အကြီးမားဆုံးစစ်ဘက်လျှို့ဝှက်ကန့်သတ် စာရွက်စာတမ်းများ ပေါက်ကြားမှု" ဖြစ်ပေါ်ခဲ့ပြီးနောက် အီရတ်လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် အမေရိကန် တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်မှု စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂက အမေရိကန်နိုင်ငံအား တောင်းဆိုလိုက်သည်။

ခရာတွတ် အသိပေးသော ဝက်ဘ်ဆိုက် Wikileaks က အီရတ်စစ်ပွဲနှင့် ပတ်သက်၍ လျှို့ဝှက်အမေရိကန်စာရွက်၊ စာတမ်းပေါင်း ၄၀၀,၀၀၀ နီးပါးအား ထုတ်ဖော်ခဲ့ပြီးနောက် ယခုကုလသမဂ္ဂ၏ တောင်းဆိုမှုထွက်ပေါ်လာခြင်းဖြစ်သည်။ ၎င်းစာရွက်စာတမ်းများတွင် အရပ်သားများအားနှိပ်စက်ညှဉ်းပန်းမှုနှင့် သတ်ဖြတ်မှုများကို အသေးစိတ်မြင်သာရန် ဖော်ပြထားပြီး အီရတ်စစ်ပွဲတွင် အီရန်နိုင်ငံပါဝင်ပတ်သက်မှုကိုလည်း ဖော်ပြထားကြောင်း သိရသည်။

ယခုတောင်းဆိုမှုကို ညှဉ်းပန်းနှိပ်စက်မှုများအပေါ် ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးမှူးအကြီးအကဲ မန်းဖရက်နိုဝက်က ပြောကြားခြင်းဖြစ်သည်။ ယင်းမတိုင်မီကလည်း ဗြိတိန်လူ့အခွင့်အရေးအထူးပြု ရှေ့နေတစ်ဦးဖြစ်သူ ဖီးလ်ရှိုင်းနာက အီရတ်စစ်ပွဲမှတ်တမ်း၌ ဖော်ပြထားသည့် သတ်ဖြတ်မှုများတွင် ဗြိတိန်တပ်ဖွဲ့ဝင်များ ပါဝင်လာပါက ၎င်းတို့အား ဗြိတိန် တရားရုံးများတွင် တရားစွဲဆိုနိုင်ကြောင်း သတိပေးပြောကြားသည်။

Wikileaks ကဖော်ထုတ်လိုက်သော စာရွက်စာတမ်းများကိုကြည့်ရှုလေ့လာခဲ့ရာ၌ ယခင်ကသတင်းထုတ်ပြန်ခြင်းမရှိသည့် အရပ်သားသေဆုံးမှု ၁၅,၀၀၀ ခန့်ကိုတွေ့ရှိခဲ့ရကြောင်း Wikileaks စာတမ်းများကို ကြိုတင်ကြည့်ရှုခွင့်ရခဲ့သည့် ဗြိတိန်မှ ဂါးဒီးယန်းသတင်းစာက ဖော်ပြသည်။

*—Ref: PTI*



## အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှု ရွှေ့ဆိုင်း

**ဆိုးလ်၊ အောက်တိုဘာ - ၂၅**

တရုတ်နိုင်ငံမှ ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားမှုရှိခဲ့ပြီးနောက် လာမည့်လတွင် ဆိုးလ်မြို့၌ ပြုလုပ်မည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ ပင်လယ်ဝါ၌ လေယာဉ်တင်သင်္ဘောဖြင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်ရေးအစီအစဉ်ကို အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

တရုတ်နှင့် ကိုရီးယားကျွန်းဆွယ်ကြား ပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုသို့ နျူကလီးယားစွမ်းအင်သုံး ယူအက်စ်အက်စ် ဂျော့ခ်ျဝါရှင်တန် လေယာဉ်တင်သင်္ဘောအားစေလွှတ်ရန် ပင်တဂွန်က စီစဉ်ခြင်းသည် တရုတ်-အမေရိကန် ရေရှည်ဆက်ဆံရေးကို ထိခိုက်နိုင်ကြောင်း ဘေဂျင်းကပြောကြားသည်။ **စာ(၄၁)သို့**



## လူပေါင်း ၂၅၀ ကျော် သေဆုံးခဲ့သော ဟေတီဝမ်းရောဂါကူးစက်မှု နှေးကွေးလာ

**ပို့အော်ပရင့်စ်၊ အောက်တိုဘာ - ၂၅**

ဟေတီနိုင်ငံတွင် ဝမ်းရောဂါကူးစက်မှုကြောင့် လူပေါင်း ၂၅၀ ကျော် သေဆုံးခဲ့ကြောင်း ဟေတီအစိုးရက ပြောကြားသည်။ သို့သော်လူပေါင်း ၃၀၀၀ ခန့်သို့ကူးစက်ခဲ့သော ရောဂါပျံ့နှံ့မှုသည် နှေးကွေးလာပုံရကြောင်း၊ လွန်ခဲ့သော ၂၄ နာရီအတွင်း သေဆုံးမှုနှင့် ကူးစက်မှုအနည်းငယ်သာရှိခဲ့ကြောင်း ဟေတီအစိုးရကထုတ်ပြန်ကြေညာသည်။ **စာ(၄၁)သို့**



## ဆိုမာလီယာ ပင်လယ်ဓားပြများ နှစ်ရက်အတွင်း သင်္ဘောနှစ်စီး ပြန်ပေးဆွဲ

**မိုဂါဒစ်ရှူး၊ အောက်တိုဘာ - ၂၅**

ဆိုမာလီယာ ပင်လယ်ဓားပြများသည် အောက်တိုဘာ ၂၅ ရက်က ဂျာမနီနိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စီးအား ပြန်ပေးဆွဲခဲ့ကြောင်းနှင့် ယင်းမှာ နှစ်ရက်အတွင်း သင်္ဘောနှစ်စီး ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း ၎င်းဒေသတွင်း ရေကြောင်းအရာရှိတစ်ဦးက ပြောကြားသည်။

"Beluga Fortune သင်္ဘောကို ဒီနေ့ ဆိုမာလီယာနိုင်ငံဘက် ယူဆောင်သွားကြပါတယ်။ ဘယ်နေရာမှာ ပြန်ပေးဆွဲခံရတယ်၊ ဘယ်ကိုခေါ်သွားမယ်ဆိုတာ ကျွန်တော်တို့ မသိပါဘူး"ဟု အရှေ့အာဖရိက သင်္ဘောသားများ အကူအညီပေးရေးအစီအစဉ်မှ အင်ဒရူး မွမ်ဂူရာက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

Beluga Fortune သင်္ဘောအား ဂျာမနီနိုင်ငံ ဘရီးမင်းမြို့အခြေစိုက် Beluga သင်္ဘောကုမ္ပဏီမှ ပိုင်ဆိုင်ပြီး ၎င်းကုန်တင်သင်္ဘောသည် ပြန်ပေးဆွဲခံရချိန်တွင် မည်သည့်ပစ္စည်းများ တင်ဆောင်လာသည်၊ သင်္ဘောသားမည်မျှပါဝင်သည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။ **စာ(၄၁)သို့**

## ပါကစ္စတန်တွင် ဘင်လာဒင် လုံခြုံစွာရှိနေဆဲဖြစ်ကြောင်း နေတိုးအရာရှိတစ်ဦးပြော

**အစ္စလာမ်မာဘတ်၊ အောက်တိုဘာ - ၁၈**

အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်သည် အသက်ရှင်လျက်ရှိနေဆဲဖြစ်ပြီး ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ အိမ်တစ်အိမ်တွင် ပါကစ္စတန်ထောက်လှမ်းရေးများ၊ ဒေသခံလူများ၏ စောင့်ရှောက်ကာကွယ်မှုဖြင့် လုံခြုံစွာနေထိုင်လျက်ရှိကြောင်း နေတိုးတပ်ဖွဲ့ အထက်တန်းတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။ ထိုသို့ နေတိုးအရာရှိတစ်ဦး၏ ထုတ်ဖော်ချက်သည် ယခင်ကမှတ်ယူထားသော အချက်ဖြစ်သည့် ဘင်လာဒင်သည် စီအိုင်အေ၏ မောင်းသူမဲ့လေယာဉ်များကို ရှောင်ရှားကာ မြေအောက်ဘန်ကာကျင်းများတွင် နေထိုင်နေဖွယ်ရှိကြောင်းအဆိုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

အဆိုပါ အမည်မဖော်လိုသော နေတိုးအရာရှိက စီအင်န်အင်န်သတင်းသို့ "အယ်လ်ကိုင်ဒါတပ်ဖွဲ့ထဲက ဘယ်သူမှ ဂူအောင်းမနေပါဘူး"ဟု ပြောကြောင်းသိရသည်။ ထို့ပြင် ၎င်းက ဘင်လာဒင်၏ ဒုတိယတပ်မှူးချုပ်ဖြစ်သော အေမန်အယ်လ်ဇဝါဟာရီသည်လည်း ပါကစ္စတန်နှင့် အာဖဂန်နယ်စပ် တောင်ထူထပ်သောဒေသများရှိ တစ်နေရာတွင် နေထိုင်ဖွယ်ရာရှိကြောင်း ဆိုထားသည်။ သို့သော် ပါကစ္စတန်အာဏာပိုင်များဘက်ကမူ ဘင်လာဒင်သည် **စာ(၄၁)သို့**



ဂု ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

# r q E&i v r;ñe

## Voter Guide

အတွဲ(၉) ၊ အမှတ်(၃၂) ( အောက်တိုဘာ ၂၈၊ ၂၀၁၀)







### ပြည်သူ့လွှတ်တော်

ပြည်သူ့လွှတ်တော်မှာတော့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ မှ ကိုယ်စားလှယ်တစ်ဦးစီ၊ စုစုပေါင်းကိုယ်စားလှယ် ၃၃၀ ဦး ပါဝင်မှာဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူတို့က မိမိမြို့နယ်အတွက် ကိုယ်စားပြုကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်သူ့လွှတ်တော်မှာ မဲဆန္ဒရှင်ပြည်သူများ မဲပေးစရာမလိုဘဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး ပါဝင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်မှာ စုစုပေါင်းကိုယ်စားလှယ် ၄၄၀ ဦးပါဝင်မှာဖြစ်ပါတယ်။ ပြည်သူကရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦးက ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်မှာ ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် လွှတ်တော် ၂ ရပ်တွင် စုစုပေါင်းပါဝင် မည့်လွှတ်တော်ကိုယ်စားလှယ်များ၏ ၂၅ ရာခိုင်နှုန်းဖြစ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးကလည်း ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။

- ■ တစ်နိုင်ငံလုံး စုစုပေါင်းမဲဆန္ဒနယ် ၁၁၅၉ နယ်
- ■ တစ်နိုင်ငံလုံးရှိ မဲရုံအရေအတွက် လေးသောင်းနီးပါး
- ■ တစ်နိုင်ငံလုံး မဲပေးခွင့်ရှိသူအရေအတွက် ၂၉ သန်းကျော်
- ■ တစ်နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ် ၃၀၇၁ ဦး
- ■ တစ်နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၈၂ ဦး
- ■ တစ်နိုင်ငံလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ၃၇ ခု

### အမျိုးသားလွှတ်တော်


အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွေကိုတော့ ပြည်နယ်၊ တိုင်းတစ်ခုစီမှာ ကိုယ်စားလှယ် ၁၂ ဦးစီပဲရတာဖြစ်တဲ့အတွက် မြို့နယ်တွေပေါင်းပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုစီမှာ မဲဆန္ဒနယ် ၁၂ နယ်ရှိမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခု စီက ရွေးချယ်ခံကိုယ်စားလှယ် ၁၂ ဦးစီပါပါမယ်။ ဒ့ါကြောင့် တစ်နိုင်ငံလုံးကနေပြီး မိမိအပါအဝင် မဲဆန္ဒရှင်တွေ ရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်က အမျိုးသားလွှတ်တော်မှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ၁၄ ခုအတွက် ၁၆၈ ဦးဖြစ်ပါတယ်။ မိမိရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်တစ်ဦးဟာ ကိုယ့်မြို့နယ်ကိုယ်စားပြုပြီး အမျိုးသားလွှတ်တော်ကို တက်ရောက်မှာဖြစ်ပါတယ်။ အဲဒီရွေးချယ်ခံ ၁၆၈ ဦးအပြင် ပြည်သူလူထု မဲဆန္ဒပေးစရာမလိုတဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှဥပဒေနဲ့အညီ အမည်စာရင်းတင်သွင်းတဲ့ တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးပါ ပါမယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် စုစုပေါင်းက ၂၂၄ ဦးဖြစ်မှာ ဖြစ်ပါတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ် ၁၆၈ ဦးကနေ ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်လွှတ်တော် ၂ ရပ်တွင် စုစုပေါင်းပါဝင်မည့် ပြည်သူကရွေးချယ်တင်မြှောက်သည့်ကိုယ်စားလှယ်များ၏ ၂၅ ရာနှုန်းဖြစ်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးကလည်း ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်မှာဖြစ်ပါတယ်။

### တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် မြို့နယ်တစ်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးစီပါဝင်မှာဖြစ်တဲ့အတွက် တစ်မြို့နယ်မှာ မဲဆန္ဒနယ် နှစ်နယ်ပါဝင်မှာဖြစ်ပါတယ်။ အဲဒီမှာ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်က မြို့နယ် ၈ မြို့နယ်ကိုဖယ်ရင် မြို့နယ် ၃၂၂ ကျန်ပါတယ်။ ဒ့ါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်မှာ တစ်နိုင်ငံလုံးမှ မဲဆန္ဒရှင်များက ရွေးချယ်တင်မြှောက်လာသည့် ကိုယ်စားလှယ် ၆၆၄ ဦးဖြစ်ပါတယ်။ အဲဒီ ၆၆၄ ဦးအပြင် တိုင်းရင်းသား လူမျိုးတစ်စုဟာ တစ်နိုင်ငံလုံးရှိတဲ့လူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိမယ်ဆိုရင် အဲဒီတိုင်းရင်းသားလူမျိုးကိုကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို အဲဒီလူမျိုးတွေကသာရွေးချယ်ရမှာမို့ ပြည်နယ်တိုင်းဒေသကြီးစုစုပေါင်းက တိုင်းရင်းသားကိုယ်စားလှယ် ၂၉ ဦးထပ်ပေါင်းရမှာဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ နောက်ဆုံး ရွေးချယ်ခံရမယ့် နိုင်ငံတော်သမ္မတကနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တွေကို ရွေးချယ်ခန့်အပ်မှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးတွေက ရွေးချယ်လိုက်လို့ အနိုင်ရတဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်ကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ သက်ဆိုင်ရာတိုင်းရင်းသားရေးရာဝန်ကြီးဖြစ်လာမှာဖြစ်ပါတယ်။

**မဲ ုံဖွင့်မယ့်အချိန် - ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ နံနက် ၆ နာရီ။**
**မဲ ုံပိတ်မယ့်အချိန် - ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ ညနေ ၄ နာရီ။**



■ အမှန်အမှတ်အသား ယခုကဲ့သို့ နှစ်ချက်ရေးဆွဲလျှင်လည်း ပယ်မဲမဟုတ်ပါ။ မြင်းကျားပါတီအား ထောက်ခံမဲဖြစ်သည်။



■ ယခုကဲ့သို့ဖော်ပြထားခြင်းမှာ မြင်းကျားပါတီအား ထောက်ခံမဲဖြစ်သည်။ ပယ်မဲမဟုတ်ပါ။



■ ယခုကဲ့သို့မျဉ်းစောင်းဖော်ပြထားခြင်းသည်လည်း မြင်းကျား ပါတီကိုထောက်ခံခြင်းဖြစ်သည်။ ပယ်မဲမဟုတ်ပါ။



■ ၎င်းသည် ပယ်မဲမဟုတ်၊ ယင်းပါတီ (ဥပမာ - မြင်းကျား)ကို ထောက်ခံသောမဲဖြစ်သည်။

# ပြိုင်ဆိုင်မှု ပြင်းထန်နိုင်သော မဲဆန္ဒနယ်များ

အားမာန်

နိုဝင်ဘာ ၇ တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၇ ပါတီမှ ပါတီကိုယ်စားလှယ်လောင်း ၃၀၇၁ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ရွေးချယ်ခံကြမည်ဖြစ်သည်။ မဲဆန္ဒနယ် ၅၄ ခုမှာ ကိုယ်စားလှယ်တစ်ဦးတည်းသာရှိသဖြင့် ရွေးကောက်ပွဲကျင်းပရန်မလိုဘဲ ယင်းပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခံရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်အများစုတွင် ကိုယ်စားလှယ်လောင်းဦးရေ အများဆုံး ဝင်ရောက်ယှဉ်ပြိုင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ နှစ်ခုတည်းသာ ရှိသော မဲဆန္ဒနယ်များစွာလည်း ရှိလေသည်။ အောက်ပါ မဲဆန္ဒနယ်များမှာ နိုင်ငံရေး ပါတီများ အဓိကအားထားယှဉ်ပြိုင်ရာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ဆိုင်မှုပြင်းထန်သော၊ နိုင်ငံရေးလေ့လာသူများ စိတ်ဝင်စားဖွယ်ကောင်းသော မဲဆန္ဒနယ်အချို့အကြောင်း၊ အကျဉ်းချုံးဖော်ပြခြင်း ဖြစ်ပါသည်။

နိုင်ငံရေးပါတီအများစု အဓိကအားပြု ယှဉ်ပြိုင်သော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များတွင် ရန်ကုန်တိုင်းဒေသကြီး၌ လှိုင်သာယာမြို့နယ်မှာ ကိုယ်စားလှယ်အများဆုံး ဝင်ရောက်ယှဉ်ပြိုင်သော မြို့နယ်ဖြစ်သည်။ နိုင်ငံရေးပါတီ ငါးပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၃ ဦး၊ စုစုပေါင်း ကိုယ်စားလှယ်လောင်း ရှစ်ဦးရှိပြီဖြစ်သည်။

လမ်းမတော်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်တို့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၇ ဦး ရှိပြီး၊ ကိုယ်စားလှယ်လောင်း ဒုတိယအများဆုံး မဲဆန္ဒနယ်ဖြစ်သည်။ ကိုယ်စားလှယ်လောင်း ၆ ဦးရှိသော မြို့နယ်များမှာ တာမွေမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ကမာရွတ်မြို့နယ်၊ လှိုင်မြို့နယ်၊ ဒလမြို့နယ်တို့ဖြစ်သည်။

ရွေးကောက်ပွဲကို စိတ်ဝင်တစားစောင့်ကြည့်သူများက ကျောက်တံတားမြို့နယ်၊ ကမာရွတ်၊ တောင်ဥက္ကလာပ၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်စသောမြို့နယ်များမှာ ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း သုံးသပ်ကြသည်။

ဦးအောင်သိန်းလင်း ပါဝင်နေသော တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်မှာ ကိုယ်စားလှယ်လောင်းငါးဦးသာရှိသော်လည်း ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ဆိုသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးအောင်သိန်းလင်း အနေဖြင့် အမျိုးသားဒီမိုကရေစီအင်အားစု ပါတီမှ ဒေါ်ကမ်းခန့်ဒိမ်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးကောင်းမြတ်ထွန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှာ ဦးစိန်ထွန်းတို့နှင့် ပြိုင်၍လူထု၏ အဆုံးဖြတ်ခံရမည်ဖြစ်သည်။

ဦးအောင်ကြည်နှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေတို့ တွေ့ဆုံနေသော မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်မှာလည်း ရွေးကောက်ပွဲစောင့်ကြည့်သူများ စိတ်ဝင်စားနေသည်။ အထက်ပါပုဂ္ဂိုလ်နှစ်ဦးအပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်လွင်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးလှမျိုးမြင့်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီမှ ဦးဇော်ဝင်းတို့လည်း အဆိုပါမဲဆန္ဒနယ်၌ ယှဉ်ပြိုင်ရွေးချယ်ခံကြမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီမှ အမတ်လောင်း ဒေါက်တာပိုင်စိုး၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဒေါ်နေရီဗဆွေ၊ အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှ ဦးစိုးဝင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီမှ ဦးညွန့်ဆွေ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) မှဦးသိန်းလွင်တို့ ယှဉ်ပြိုင်ရွေးချယ်ခံမည့် စမ်းချောင်းမဲဆန္ဒနယ်မှာလည်း ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်သူများက အကဲခတ်ကြသည်။

ပြည်ခိုင်ဖြိုးပါတီမှ ဒေါက်တာစိုးရင်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးကျော်မြင့်လှိုင်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဒေါက်တာဖုန်းဝင်း၊ ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဦးအောင်မျိုးထွန်း၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဦးအောင်သန်းမြင့်တို့ယှဉ်ပြိုင်မည့် ကမာရွတ်မဲဆန္ဒနယ်မှာလည်း ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်သူများ၏ ခန့်မှန်းသည့်ထဲတွင်ပါသည်။

ပြည်ခိုင်ဖြိုးပါတီမှ ဒေါက်တာတင်ထွန်းဦး၊ NDF မှဦးအောင်ဇင်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးနေဝင်း ခေါ် ဦးရန်ကျော်၊ တစည မှ ဦးလှစိန်တို့ ယှဉ်ပြိုင်ကြမည့် ပုဇွန်တောင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာလည်း ပြိုင်ဆိုင်မှုပြင်းထန်နိုင်ကြောင်း အကဲခတ်သူများက သုံးသပ်ကြသည်။

ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်း ဦးလွန်းသီနှင့် NDF ပါတီမှ ဦးတင်လင်းတို့ တွေ့ဆုံနေသော ကွမ်းခြံကုန်းမဲဆန္ဒနယ်ဖြစ်သည်။ ထိုမဲဆန္ဒနယ်၌ အထက်ပါပုဂ္ဂိုလ်နှစ်ဦးအပြင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီမှ ဦးမင်းနိုင်လည်း ဝင်ရောက်ယှဉ်ပြိုင်ထားသည်။

ကျောက်တံတားမဲဆန္ဒနယ်တွင် တစည နှင့် ပြည်ခိုင်ဖြိုးကိုယ်စားလှယ်လောင်းနှစ်ဦး အပြင် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဝံသာနု(အင်န်အယ်ဒီ)၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ဖလုံစဝေါ်ဒီမိုကရက်တစ်ပါတီတို့မှ ကိုယ်စားလှယ်လောင်းများလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်သူများပြီး ကိုယ်စားလှယ်လောင်းများသော မဲဆန္ဒနယ်များမှာ မဲဆန္ဒနယ်အမှတ်(၁)၊ မဲဆန္ဒနယ်အမှတ်(၅)၊ အမှတ်(၆)နှင့် အမှတ်(၁၀)တို့ဖြစ်သည်။ အဆိုပါမဲဆန္ဒနယ်များတွင် ကိုယ်စားလှယ်လောင်းငါးဦးစီ ဝင်ရောက်ယှဉ်ပြိုင်ထားသည်ကို တွေ့ရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ ကိုယ်စားလှယ်လောင်းအများဆုံး မဲဆန္ဒနယ်မှာ ကိုယ်စားလှယ်လောင်းခြောက်ဦးရှိသော ပုသိမ်ကြီးမြို့နယ်ဖြစ်ပြီး၊ ဒုတိယအများဆုံး မြို့နယ်များမှာ ကိုယ်စားလှယ်လောင်း ၅ ဦးစီရှိသော ပြည်ကြီးတံခွန်မြို့နယ်နှင့် ချမ်းအေးသာဇံမြို့နယ်၊ မဟာအောင်မြေတို့ဖြစ်သည်။

ပြည်ခိုင်ဖြိုးပါတီမှ ဦးဝင်းမောင်၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဒေါ်သန်းသန်းနု၊ တစည မှ ဒေါ်ခင်မေစီ၊ NDF မှဒေါက်တာလှစိုးညွန့်၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဦးအောင်ခိုင်စိုးတို့ယှဉ်ပြိုင်မည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ် (၂) မှာ ပြိုင်ဆိုင်မှု ပြင်းထန်နိုင်ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်သူများက သုံးသပ်သည်။

ပြည်ခိုင်ဖြိုးမှ ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးဖုန်းဇော်ဟန်၊ တစ်သီးပုဂ္ဂလ ဦးဖြိုးဝေသက်၊ တစည မှ ဦးဝင်းမြင့်တို့ယှဉ်ပြိုင်မည့် အောင်မြေသာဇံမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ကိုလည်း ရွေးကောက်ပွဲစိတ်ဝင်စားသူများက စောင့်ကြည့်လျက်ရှိသည်။

ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်အဖြစ် ဒေါက်တာကျော်မြင့်ပါဝင်ပြီး NDF ပါတီမှ ဦးခင်မောင်သက်၊ တစညမှ ဦးစံရင်၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးစိန်လှတို့ပါဝင်သော ချမ်းအေးသာဇံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာလည်း ရွေးကောက်ပွဲ စောင့်ကြည့်သူများ စိတ်ဝင်စားလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ

အမျိုးသားဒီမိုကရေစီ အင်အားစု

တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ

ဒီမိုကရက်တစ်ပါတီ (မြန်မာ)



## ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ

မဲဆန္ဒပေးရန်ထားရှိသည့် မဲစာရင်းများကို စုတ်ဖြဲခြင်း၊ ဆန္ဒမဲလက်မှတ်၊ မဲရုံတို့ကို ဖျက်လိုဖျက်ဆီးပြုခြင်း၊ သူတစ်ပါးအယောင်ဆောင်မဲပေးခြင်း၊ တစ်ကြိမ်ထက်ပိုပြီး မဲပေးခြင်း၊ မဲလက်မှတ်အတုကို မဲပုံးထဲထည့်သွင်းခြင်း၊ ရွေးချယ်ခံသူတို့အား တားဆီးနှောင့်ယှက်ခြင်း၊ မဲရုံမှ ကိုက် ၅၀၀ အတွင်း အသံချဲ့စက်၊ ဆူညံသံများ ၊ အော်ဟစ်ခြင်းများပြုခြင်း၊ မဲဆွယ်ခြင်း၊ မဲပေးရန်တိုက်တွန်းခြင်း စတဲ့ ပြုလုပ်မှုများဟာ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများဖြစ်လို့ အရေးယူခံရတယ်ဆိုရင် ပြစ်မှုထင်ရှားသူဟာ ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ဒဏ်ငွေ ကျပ်တစ်သိန်းအထိဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရနိုင်ပါတယ်။ အဲ့ဒီပြစ်မှုတွေ ကျူးလွန်နေကြောင်း လိမ်လည်တိုင်တန်းသူတွေကတော့ ပြစ်မှုထင်ရှားစီရင်တဲ့အခါ ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်တဲ့ ပြစ်မှုတွေဖြစ်တယ်။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အခန်း (၁၃)၊ ၂၄-၁၀-၂၀၁၀ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၉)**

## ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူများ

(က) တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၊
(ခ) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊
(ဂ) မဲဆန္ဒနယ်ပြင်ပရောက် သင်တန်းသားများ၊
(ဃ) မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များ၊
(င) အချုပ်ခံနေရသူများ၊
(စ) ဆေးရုံသို့တက်ရောက်နေရသော အတွင်းလူနာများ၊
(ဆ) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများ၊ ဖော်ပြပါပုဂ္ဂိုလ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

**အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများ အခန်း (၁၁)၊ ပုဒ်မ (၅၄)**

## ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ


(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့်ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။
(ဂ) ထို့အပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် လည်းဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။
(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

## ဆန္ဒမဲ ပေးပိုင်ခွင့်မရှိသူများ

(က) သာသနာ့ဝန်ထမ်း၊
(ခ) ထောင်ဒဏ်ကျခံနေရသူ၊
(ဂ) စိတ်ပေါ့သွပ်နေသူဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
(စ) နိုင်ငံခြား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ၊

**ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၉)ရွေးကောက်တင်မြှောက်ခြင်း ပုဒ်မ (၃၉၂)**

## မဲဆန္ဒရှင်များ မဲပေးရမည့် မဲရုံပုံစံ လမ်းညွှန်



# ၂၀၁၀ ရွေးကောက်ပွဲတွင် မဲပေးမည့် မဲဆန္ဒရှင်များ ရွေးချယ်ရမည့် နိုင်ငံရေးပါတီများ

လာမည့် နိုဝင်ဘာ ၇ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ၃၇ ပါတီရှိပြီး ယင်းပါတီများမှ ကိုယ်စားလှယ် ၃၀၇၁ ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၈၂ ဦးတို့က တစ်နိုင်ငံလုံးရှိ မဲဆန္ဒနယ် ၁၁၅၉ နယ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး၌ မဲပေးခွင့်ရှိသူဦးရေ ၂၉ သန်းကျော်ရှိသည့်အနက် မဲရုံများတွင် သွားရောက်မဲပေးကြမည့် မဲဆန္ဒရှင်များ ရွေးချယ်ဆုံးဖြတ်ရာ၌ တစ်စုံတစ်ရာအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ 7Day News ကထုတ်ဝေသည့် မဲဆန္ဒရှင်လမ်းညွှန်တွင် ဝင်ပြိုင်မည့်ပါတီ ၃၇ ခုအနက်မှ ပါတီ ၁၈ ခုကို မေးမြန်းမှုများ ပြုလုပ်ဖော်ပြလိုက်ပါသည်။ မေးမြန်းမှုများပြုလုပ်ဖော်ပြနိုင်ခြင်းမရှိသည့်ကျန် ၁၉ပါတီကိုအောက်ပါအတိုင်းပါတီအမှတ်တံဆိပ်များဖြင့်သာဖော်ပြနိုင်ပါသည်။ထိုကဲ့သို့ပါတီ၁၈ခုအားထုတ်နုတ်ရွေးချယ်ရာတွင်ထုတ်ဝေခွင့်ရသည့်စာမျက်နှာကန့်သတ်ချက်ကြောင့်မဲဆန္ဒနယ်အများဆုံးတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်နိုင်ငံရေးပါတီ၊ စာဖတ်ပရိသတ်ရောက်ရှိမည့်ဒေသအခြေစိုက်ပါတီတို့ကိုသာ ရွေးချယ်ရခြင်းဖြစ်ကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ (အယ်ဒီတာ)

- ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
- ကမန် အမျိုးသား တိုးတက်ရေးပါတီ
- ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ
- ကယန်းအမျိုးသားပါတီ
- ခမီအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ
- စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)
- တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပါတီ
- တအာင်း(ပလောင်) အမျိုးသားပါတီ
- ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)
- ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ
- မြို(ခါ)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့ (မ. ခ. မ. ည. ဖ)
- မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
- လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
- 'ဝ'အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ
- 'ဝ'ဒီမိုကရက်တစ်ပါတီ
- အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
- အမျိုးသားဒီမိုကရက်တစ် ဖွံ့ဖြိုးတိုးတက်ရေးပါတီ
- အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

နိုင်ငံရေးပါတီ၃၇ခုကို အစဉ်လိုက်ဖော်ပြရာတွင် မြန်မာအက္ခရာစဉ်အလိုက် ဖော်ပြထားခြင်းဖြစ်ပါသည်။ (အယ်ဒီတာ)

# ကရင်ပြည်သူ့ပါတီ

| | |
|---|---|
| ပါတီခေါင်းဆောင်များ | |
| စောထွန်းအောင်မြင့် | ဥက္ကဋ္ဌ |
| ပါမောက္ခဒေါက်တာစောစိုင်မွန်သာ | ဒု-ဥက္ကဋ္ဌ(၁) |
| စောအေးကို | ဒု-ဥက္ကဋ္ဌ(၂) |
| စောကဲနက် | ဒု-ဥက္ကဋ္ဌ(၃) |
| မန်းစိန်လှဝင်း | ဒု-ဥက္ကဋ္ဌ(၄) |
| စောစေးဝါး | အထွေထွေ အတွင်းရေးမှူး |

### ပါတီ၏နောက်ခံသမိုင်း

ပါတီသည် အခုမှစတည်ထောင်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအများစု ပါဝင်သည်။ နိုင်ငံရေးတွင် လက်တွေ့ပါဝင်ခဲ့ဖူးခြင်းမရှိသေးဘဲ ပါတီဝင်အရေအတွက် တရားဝင်တင်ထားမှု ၁၂,၀၀၀ ကျော်ရှိသည်။

### ပါတီ၏မူဝါဒ

ကရင်တစ်မျိုးသားလုံးအတွက် ရရှိသည့်အခွင့်အလမ်း(Space) နှင့် နေရာ(Platform)ကိုယူပြီး ကိုယ်စားပြုပြောဆိုနိုင်ရန်နှင့် ကရင်အမျိုးသားများအပါအဝင်ဖြစ်သည့် ပြည်သူတစ်ရပ်လုံးအတွက်အကျိုးပြုနိုင်ရန်။

**ပါတီရုံးခန်းမှာ လူတစ်ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**
ပါတီဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌ(၁)ရဲ့ ပုံချိတ်ထားပါတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည်သူတွေဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**
ဝင်ငွေ၊ ထွက်ငွေမမျှတမှု၊ အလုပ်လက်မဲ့ပြဿနာ၊ ငွေကြေးဖောင်းပွမှု အဲဒီကိစ္စတွေအတွက် စုပေါင်းဝိုင်းဝန်းဖြေရှင်းရမှာပါ။ ပါတီတစ်ခုတည်း စိတ်ကူးယဉ်ပြီး လုပ်လို့ရမယ့်အရာမဟုတ်ပါဘူး။ လုပ်အားကို အပြည့်အဝသုံးတာနဲ့ အပြည့်အဝခံစားခွင့်ရှိရမယ်။ တန်းတူညီမျှမှုရှိရပါမယ်။ အဲဒါဆို စီးပွားရေးဖွံ့ဖြိုးလာမှာပါ။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**
အကျဉ်းကျဖူးသူမရှိပါဘူး။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**
အဓိကဦးတည်မှာက တိုင်းရင်းသားအရေးပါပဲ။ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုနဲ့ သာတူညီမျှအခွင့်အရေးတွေကို ရရှိအောင် လုပ်ဆောင်သွားပါမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**
ရည်ရွယ်ထားတာတော့မရှိပါဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**
ငြိမ်းချမ်းသာယာပြီး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော် မဖြစ်မနေ တည်ဆောက်သွားပါမယ်။

# ချင်းတိုးတက်ရေးပါတီ



| | |
|---|---|
| ပါတီခေါင်းဆောင်များ | |
| ဦးနိုးထန်ကပ် | ဥက္ကဋ္ဌ |
| ဦးလုံကျယ် | ဒု-ဥက္ကဋ္ဌ(၁) |
| ဦးPS ခမ်ဒူးနမ် | ဒု-ဥက္ကဋ္ဌ(၂) |

### ပါတီ၏နောက်ခံသမိုင်း

၂၀၁၀ ပြည့်နှစ် မတ်လ ၁၄ ရက်မှာ ရန်ကုန်နှင့် အခြားမြို့နယ်အသီးသီး၊ မျိုးနွယ်စုအသီးသီးက လူတွေစုပြီး ပါတီဖွဲ့စည်းခဲ့သည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေထွက်ရှိသည့်အချိန်ကစပြီး ပါတီဖွဲ့ဖို့စီစဉ်ထားခဲ့သည်။

### ပါတီ၏မူဝါဒ

ပြည်သူလူထုကို အခြေခံသော ဘက်စုံတိုးတက်ရေးနှင့် စီးပွားရေးစနစ်များ လုပ်နိုင်ရန်၊ လူမျိုးဘာသာမရွေးအားလုံးတန်းတူ ညီမျှရေး၊ ပြည်သူလူထုဆီမှ စီးဆင်းသော လုပ်ပိုင်ခွင့်အာဏာများရရှိရေး၊ အကြမ်းမဖက်ရေးနှင့် ငြိမ်းချမ်းစွာနေထိုင်ဆက်ဆံရေး။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**
ပါတီရုံးခန်းတွင် မည်သည့်ဓာတ်ပုံမှ ချိတ်ဆွဲထားခြင်းမရှိပါ။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**
ဒီအစီအစဉ်က အသေးစိတ်ပြောလို့မရသေးပါဘူး။ အစီအစဉ်တော့ရှိပါတယ်။ ဒါကအဓိကကျတဲ့အတွက်ကြောင့် အားလုံးစည်းရုံးရေးအတွက် နယ်တွေဆင်းနေရတဲ့အတွက် ဒီကိစ္စကို အသေးစိတ် မဆွေးနွေးရသေးတာပါ။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**
ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင် ၃၉ ယောက်ထဲမှာတော့မရှိပါဘူး။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**
ပြင်ချင်တဲ့ဟာကတော့ တော်တော်များများရှိတယ်။ လွှတ်တော်သုံးရပ်မှာ အာဏာနဲ့ လုပ်ပိုင်ခွင့်ခွဲဝေတာတွေကိုပြင်ချင်ပါတယ်။ လက်ရှိဥပဒေတွေထဲကတော့ပြင်ဖို့က လွှတ်တော်မှာရှိတဲ့ ၇၅ ရာခိုင်နှုန်းက အဆိုတင်သွင်းမှုရမှာ။ ဒီငါးနှစ်အတွင်းမှာ ဥပဒေတွေကို ပြင်ဖို့သိပ်မလွယ်တော့ ငါးနှစ်အတွင်းမှာ ပြင်လို့ရနိုင်တာကိုပဲ အာရုံစိုက်ချင်တယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**
ချင်းအမျိုးသားထဲက တစ်ယောက်တော့ သွင်းဖို့စဉ်းစားထားတယ်။ ခုတော့ နာမည်ပြောဖို့ အဆင်မပြေသေးပါဘူး။ ဘာပဲပြောပြော ကချင်၊ ရှမ်း၊ ချင်း တိုင်းရင်းသားတွေထဲက တစ်ယောက်ယောက်ကိုတော့ရစေချင်ပါတယ်။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**
စီးပွားရေးစနစ်ကို ပြည်သူတွေအားလုံး လက်လှမ်းမီအောင် အကြီးစားစက်မှုလုပ်ငန်းတွေထူထောင်ဖို့ ရွာတိုင်းမှာစက်ရုံတွေရှိရင် ရွာမှာပဲအလုပ်ရဖို့လွယ်ကူမယ်။ ပညာရေးမှာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းတွေ ထပ်ဖွင့်ပေးချင်တယ်။ ဆရာနဲ့ကျောင်းသားဦးရေ မျှတအောင်လုပ်ဖို့တွေ၊ လမ်းပန်းဆက်သွယ်ရေးကောင်းအောင်လုပ်ပေးဖို့၊ လမ်းကောင်းမှ ဈေးကွက်ကို ထွက်ကုန်တွေ အချိန်မီရောက်မှာပါ။ အထူးသဖြင့် ချင်းပြည်နယ်တစ်ခုလုံးနဲ့ ကလေး၊ မုံရွာ၊ မန္တလေးလမ်းတွေ ကောင်းအောင်လုပ်ပေးနိုင်ဖို့ ပြောထားတာတွေရှိပါတယ်။

**မဲပေးဖို့ ပထမဦးဆုံးဆောင်ရွက်ရမှာဘာလဲ။**
မဲမပေးခင် ဦးစွာပထမ မိမိတို့နေထိုင်ရာရပ်ကွက်/ကျေးရွာရှိ မဲစာရင်းကပ်ထားသောနေရာသို့သွားပါ။ ထို့နောက် မိမိ၏အမည်ကို မဲစာရင်းတွင်ပါဝင်ခြင်းရှိ၊ မရှိဦးစွာစစ်ဆေးရမယ်။

**မိမိအမည်မဲစာရင်းမှာ မပါဝင်လျှင် ဘာလုပ်ရမလဲ။**
သက်ဆိုင်ရာရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ မိမိအမည်ကို ထည့်သွင်းပေးရန် တောင်းဆိုလွှာတင်သွင်းပါ။ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်က ထည့်သွင်းပေးခြင်းမပြုလျှင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့အယူခံတင်ရမယ်။

# ခေတ်သစ်ပြည်သူ့ပါတီ

**ပါတီ၏နောက်ခံသမိုင်း**

၁၉၈၀ခုနှစ်က ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုအဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့ကာ သုတေသနလုပ်ငန်းများကို အဓိကလုပ်ကိုင်ခဲ့ကာ နောက်ပိုင်းတွင် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးတို့အတွက် အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဆောင်ရွက်ခဲ့ပြီး ယခုနိုင်ငံရေးပါတီဖြစ်လာခဲ့သည်။

**ပါတီ၏မူဝါဒ**

နိုင်ငံပိုင်သော ပါတီစုံအရင်းရှင်စနစ်ဖြစ်ရမည်။ ထိုကဲ့သို့သွေးစစ်သော အရင်းရှင်စနစ်ဖွံ့ဖြိုးအောင် အစွမ်းကုန်ကြိုးပမ်းတဲ့နေရာတွင်လည်း ဖြစ်နိုင်လျှင် ငြိမ်းချမ်းစွာဆောင်ရွက်မည်။မဖြစ်နိုင်မှသာ အကြမ်းဖက်ရမယ်ဆိုသည့် မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်လမ်းစဉ်မျိုး မဟုတ်ဘဲ လုံးဝအကြွင်းမဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ကြိုးပမ်းထမ်းဆောင်သွားမည်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

မရှိပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

လက်ရှိအခြေအနေအရ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်နေတယ်။ နောက်တစ်ခါ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ။ လူသားချင်းစာနာထောက်ထားမှု ပိတ်ဆို့ထားတဲ့အရေးတွေ အဲလိုမျိုးတွေရှိနေတဲ့အခါကျတော့ နိုင်ငံက နည်းနည်းလေးအကြပ်ဆိုက်နေတယ်။

အခြေခံ လူတန်းစားတွေထဲက ၄၅ ရာခိုင်နှုန်းက အလယ်အလတ်လူတန်းစားကိုရောက်သွားရင် တိုင်းပြည်က အထိုက်အလျောက်တိုးတက်လာပြီ။ စီးပွားရေးအခြေအနေတွေရော နိုင်ငံရေးအခြေအနေတွေရော။ စီးပွားရေးနဲ့ နိုင်ငံရေးကဒွန်တွဲနေတယ်။ စီးပွားရေးကောင်းမှ နိုင်ငံရေးတိုးတက်မှာလေ။ အဲဒီတော့ စီးပွားရေးကို အရင်ဆုံးတိုးတက်အောင်လုပ်ရမယ်။ နိုင်ငံတကာရဲ့ ရင်းနှီးမြှုပ်နှံမှုတွေခေါ်ရမယ်။ မြန်မာပြည်မှာလည်း ပြည်ပကိုသွားပြီး အလုပ်လုပ်စရာ မလိုအောင်လို့ ပြည်ပရဲ့လစာအတိုင်း၊ နိုင်ငံတကာကို သွားအလုပ်လုပ်တဲ့ လစာအတိုင်း ပြည်တွင်းမှာရရှိအောင်လို့ ထူထောင်ပေးရမယ်။ စက်မှုအရင်းရှင်စနစ်နဲ့ပေါ့။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီမှာတော့ တစ်ဦးမှမရှိဘူး။ ကိုယ့်ပါတီဝင်တွေကိုချခင်းပြီး ခေါင်းဆောင်မှုယူတာမလုပ်ဘူး။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပါသလား။**

အခုလောလောဆယ် အဲဒီအထိကို တွေးလို့မရသေးဘူး။ ခန့်မှန်းလို့ မတတ်သေးဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

တချို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သွားမယ်လို့ ပြောကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ရုံနဲ့ တိုင်းပြည်ထူထောင်နိုင်မလား။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ရုံနဲ့ ဘယ်လိုမှ နိုင်ငံမတည်ဆောက်နိုင်ဘူး။ အရင်ဆုံး အရင်းရှင်စီးပွားရေးစနစ်ကို အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်။ အခြေခံလူတန်းစား ၇၀ ရာခိုင်နှုန်းတောင် သူလယ်သမားတွေရဲ့ဘဝကိုမြှင့် တင်ပေးမယ်။ အဲဒါပါတီရဲ့ ပထမဆုံး အန္တိမရည်မှန်းချက်ပဲ။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကိုဖျက်ချင်၊ ပြင်ချင်ပါသလဲ။**

ဥပဒေတွေကို ခေတ်နဲ့လျော်ညီအောင်လုပ်ရမယ်။ မဆီလျော်တဲ့နည်းဥပဒေတွေကို ပြင်ရမယ်။ အရင်ခေတ်က ရေးဆွဲခဲ့တဲ့ ဥပဒေတွေကို လွှတ်တော်ထဲရောက်သွားတဲ့အခါမှာ အစိုးရအဖွဲ့ကို တင်ပြပြီး ဆွေးနွေးသွားရမယ်။

ပါတီ၏ခေါင်းဆောင်များ

| | |
|---|---|
| ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ |
| ဦးသိန်းရွှေ | အတွင်းရေးမှူး |
| ဦးလှသိန်း | တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) |
| ဒေါ်ရီရီစံ | တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) |
| ဗဟိုအလုပ်အမှုဆောင် | အဖွဲ့ဝင်ရှစ်ဦး |

# ချင်းအမျိုးသားပါတီ

**ပါတီ၏နောက်ခံသမိုင်း**

အမှန်စင်စစ် ချင်းအမျိုးသားပါတီ (စီအင်န်ပီ)၏ အမည်မှာအသစ်ဖြစ်သော်လည်း ပါတီပေါ်လစီ၏ အဓိကကျောရိုးသည် အဟောင်းဖြစ်သည်။ ပါလီမန်ခေတ်ကတည်းက Chin National Organization(CNO) အမည်ဖြင့် "ချင်းအမျိုးသားရေး"ဟု ဆယ်စုနှစ်ခန့်သယ်ဆောင်လာသည်။ ၁၉၉၀ နှင့် Chin National League For Democracy (CNLD) က လက်ဆင့်ကမ်း၍ ယခုစီအင်န်ပီက ပခုံးပြောင်းတာဝန်ယူခြင်းဖြစ်သည်။

**ပါတီ၏မူဝါဒ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းထဲတွင် အရည်အချင်းရှိသည့် ချင်းလူငယ်များနေရာရဖို့ဖြစ်သည်။

**ပါတီရုံးခန်းမှာ လူတစ်ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

မရှိပါ။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

မြန်မာပြည်က ကုန်ဈေးနှုန်းတွေ အဓိကတက်ရတာကို ပြုပြင်ရမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ရှိပါတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

ရှိပါတယ်။ အစကတည်းက ဒုတိယသမ္မတတော့ တိုင်းရင်းသား ပါတီတွေထဲက လူထုထောက်ခံမှုနဲ့ ဖြစ်သင့်တယ်။ တိုင်းရင်းသားကိုယ်စားလှယ်ကို ဘယ်တိုင်းရင်းသားတွေထဲကပဲဖြစ်ဖြစ်ပေါ့။ အဲဒါအခုပြောလို့မရသေးဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

အရေးကြီးဆုံးက ချင်းတိုင်းရင်းသားလူမျိုးပေါင်းစုံ ထိခိုက်နစ်နာမယ့် လူထုမကြိုက်၊ မနှစ်သက်တဲ့အရာ ဘာတစ်ခုမှ မလုပ်ဘူးဆိုတာပဲ။

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးဇမ်ကျင်ပေါ်(ခ)ဦးဇိုဇမ်း | ဥက္ကဋ္ဌ |
| ဦးချန်ဟဲ | ဒုဥက္ကဋ္ဌ |
| ဦးကျဲအိုဘစ်ထောင် | အထွေထွေ အတွင်းရေးမှူး |
| ဦးထီယံအုပ်ထန်း(ငယ်ပီး) | အတွင်းရေးမှူး (၁) |
| ဦးထောင်းခင်ပေါင် | အတွင်းရေးမှူး (၂) |

**ဘယ်လိုသူတွေမဲပေးနိုင်မှာလဲ။**

ရွေးကောက်ပွဲကျင်းပတဲ့ ၂၀၁၀၊ နိုဝင်ဘာ ၇ရက်နေ့မှာ အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရှိတယ်။

**မဲရုံဖွင့်မည့်အချိန်။**

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ နံနက် ၆ နာရီ။

**မဲရုံပိတ်မည့်အချိန်။**

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ ညနေ ၄ နာရီ။

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးထွန်းရီ | - ဥက္ကဋ္ဌ |
| ဦးသန်းတင် | - အထွေထွေအတွင်းရေးမှူး |
| ဦးခင်မောင်ကြီး | - တွဲဖက်အထွေထွေအတွင်းရေးမှူး |
| ဦးခင်မောင်ဦး | - အခြားခေါင်းဆောင်များ |
| ဦးချစ်ခိုင် | - အခြားခေါင်းဆောင်များ |
| သူရဦးစောဖြူ | - အခြားခေါင်းဆောင်များ |
| ဦးလှထွန်း | - အခြားခေါင်းဆောင်များ |

## ပါတီ၏နောက်ခံသမိုင်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမွေဆက်ခံသောပါတီဖြစ်ကာ ၁၉၉၀ ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

## ပါတီ၏မူဝါဒ

မဖွံ့မပဋိပဒါကျင့်စဉ်၊ လူအများကောင်းစားရေးဝါဒ၊ တရားမျှတ မွန်မြတ်သည့် လောကပါလတရားတွေအရ အများစုအကျိုးစီးပွားကို လူတစ်စု၊ လူတစ်ဦးလက်ထဲမှာ ချုပ်ကိုင်ထားသည့် အရာကိုလက်မခံပါ။ အခြေအနေအရ လိုအပ်သည့်အခါမှာ အမျိုးသားဟန်၊ အမျိုးသားအကျိုးစီးပွားအတွက် လမ်းစဉ်ချမှတ်ဆောင်ရွက်မည်။

အစွန်းတရားတွေရှောင်ရှား၍ ဒီမိုကရေစီကို လိုက်နာကျင့်သုံးမည်။ အလွန်အကျွံစည်းမဲ့ကမ်းမဲ့ လွတ်လပ်စွာကျင့်သုံးသော အစွန်းတရားနှင့် ဗဟိုချုပ်ကိုင်မှုနှင့် ဒီမိုကရေစီကို ကျပ်တည်းစွာချုပ်ကိုင်ထားသောအစွန်းတရားများကို ရှောင်ရှားမည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရာတွေမှာ လူမျိုးရေးကို ရှေ့တန်းတင်ထားမှုနဲ့ တချို့တိုင်းရင်းသားတွေ၏အခွင့်အရေးတွေ၊ ဖြစ်တည်မှုတွေကို ချိုးနှိမ်ရင်လည်း အစွန်းတရားဖြစ်ပါသည်။

**ပါတီရုံးခန်းမှာ လူတစ်ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပါတီအစည်းအဝေးနှစ်ပတ်လည်ခန်းမမှာ ဓာတ်ပုံမရှိပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး နိုင်ငံခြားငွေအရ အသုံးတည်တည်ငြိမ်ငြိမ်ရှိအောင် ဆေးမြီးတိုနဲ့လုပ်လို့မရပါ။ အဲဒါတွေကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရင်း ကျွဲကူးရေပါဆိုသလို ကုန်ဈေးနှုန်းတွေပါ တည်ငြိမ်လာမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွေဟာ ၁၉၉၀မှာ ရေးဆွဲထားတာဆိုတော့ Out Date(ခေတ်မမီဘူး)ဖြစ်နေတယ်။ စီးပွားရေး ကုန်သွယ်မှုအဟန့်အတားဖြစ်နေတဲ့ နိုင်ငံခြားငွေလဲလှယ်နှုန်းဈေးကွက်မှာ ကွာဟနေတာလည်းပြုပြင်ရမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

လောလောဆယ် အမှုရင်ဆိုင်နေရတာတော့ တစ်ခုရှိတယ်။ တရားရုံးက ဆုံးဖြတ်ချက်မကျသေးတော့ မရှိဘူးပဲပြောရမယ်။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

ဖွဲ့စည်းပုံအခြေခံက တခြား၊ ဥပဒေကတခြား ဖြစ်နေတော့ တာဝန်ရှိသူတိုင်းက ဖွဲ့စည်းပုံအ ခြေခံဥပဒေရဲ့အောက်မှာပဲရှိရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ လွှမ်းမိုးမှုကိုခံယူပြီး မကိုက်ညီရင်တော့ လွှတ်တော်ထဲမှာပြန်စိစစ်ရမှာပဲ။ အခြေအနေအချိန်အခါအရ ရေးဆွဲထားတဲ့ ခုနစ်၊ အချိန်ကာလအရ မကိုက်ညီတော့တာရှိရင်တော့ ကိုက်ညီအောင်ပြင်ရမှာပေါ့။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

မရှိပါဘူး။ အခြေအနေက ဘယ်လိုဖြစ်မယ်မှန်းမသိသေးတော့ ညှိနှိုင်းပြီး လုပ်ရမှာလား။ ရလဒ်က ဘာလဲမသိသေးတော့ မစဉ်းစားရသေးဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံး ပေးတဲ့ကတိက ဘာဖြစ်မလဲ။**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရယ်၊ ဒီမိုကရေစီကူးပြောင်းရေးရဲ့ အခြေခံအုတ်မြစ်တွေကို ခိုင်ခိုင်မာမာပြုလုပ်ပေးမယ်။ စားဝတ်နေရေး စီးပွားရေး ဆိုရှယ်မားကက်အီကော်နော်မီခေါ်တဲ့ လူမှုသဟဇာတမျှတမှု လောကပါလတရားသုံးပါးပြည့်စေရမယ်။

# ညီညွတ်သောဒီမိုကရက်တစ်ပါတီ

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးဘိုမောင်း | ဥက္ကဋ္ဌ |
| ဦးလှမြင့် | ဒုဥက္ကဋ္ဌ |
| ဦးဘာနေ | အတွင်းရေးမှူး |

## ပါတီ၏နောက်ခံသမိုင်း

အမျိုးသားနိုင်ငံရေးအင်အားစုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သူများစုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အားတက်သရောဆောင်ရွက်လိုသူများအခြေတည်ဖွဲ့စည်းဆောင်ရွက်နေသည့် ပါတီဖြစ်သည်။

## ပါတီ၏မူဝါဒ

ပါတီ၏မူဝါဒမှာ ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တရားမျှတရေးဖြစ်သည်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပါတီရုံးခန်းမှာ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ပုံချိတ်ဆွဲထားတာမရှိပါဘူး။ ပါတီအလံနဲ့ ပါတီအမှတ်တံဆိပ်နှင်းဆီနီအမှတ်တံဆိပ် ချိတ်ဆွဲထားပါတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

အဓိကလယ်ယာထွက်ကုန်ပစ္စည်းတွေဈေးနှုန်းမတည်ငြိမ်တာကို ဖြေရှင်းရမယ်။ တောင်သူတွေအများစုက အရင်းမဲ့လုပ်ကိုင်နေရတဲ့အတွက်ငွေရှင်ကြေးရှင်တွေဆီက ချေးငွေယူစိုက်ပျိုးရတဲ့အတွက် အမြတ်နည်းတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေကို တောင်သူတွေလက်ဝယ်အရောက် ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးမယ်။ ကုန်သည်ပွဲစားတွေ၊ ဈေးကစားမှုတွေကြောင့် ဆန်စပါးဈေးတက်တာတွေရှိတဲ့အတွက် ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေးကို ကြိုးစားဆောင်ရွက်သွားမယ်။ တောင်သူတွေနည်းပညာတိုးတက်ရေးကြိုးစားသွားမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီဝင်တွေထဲမှာ ပါတီဥက္ကဋ္ဌ ဦးဘိုမောင်းက (၁၉၉၀) ရွေးကောက်ပွဲမှာ ဒီပဲယင်းမြို့နယ်ကအမတ်ဖြစ်ပြီးတဲ့ နောက်ပိုင်း ၁၉၉၁ ခုနှစ်မှာ ထောင်ဒဏ် ၄ လကျခံဖူးတယ်။ သရက်မြို့နယ်ကဦးလှမြင့်က အရေးအခင်းတစ်ခုမှာ ပါဝင်မှုနဲ့ ထောင်ဒဏ် ၄ နှစ်ကျခံခဲ့ဖူးတယ်။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

တရားစီရင်ရေးနဲ့ လယ်ယာလုပ်ငန်းဥပဒေတွေ ပြင်ဆင်ချင်ပါတယ်။ လယ်ယာလုပ်ငန်းဥပဒေမှာ ၁၉၆၃ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကကျင့်သုံးခဲ့တဲ့ လယ်ယာမြေနိုင်ငံပိုင်ဥပဒေကို ဒီနေ့အထိကျင့်သုံးနေရတယ်။ အဲဒီဥပဒေက လယ်သမားတွေအတွက် အံဝင်ခွင်ကျမဖြစ်တော့ဘူး။ တရားစီရင်ရေးအပိုင်းမှာလည်း တရားသူကြီးက အမှန်တရားဆုံးဖြတ်ရုံတင်မကဘူး။ အမှန်တရားဆုံးဖြတ်ချက်များကို အများပြည်သူတွေ သိသာမြင်သာစေရမယ်ဆိုတဲ့ဆောင်ပုဒ်အတိုင်း လိုက်နာဆောင်ရွက်ဖို့ ပြင်ဆင်ချင်ပါတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

ပါတီအနေနဲ့ အရွေးမခံရသေးတဲ့အတွက် စီစဉ်ထားတာမရှိသေးပါဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံး ပေးတဲ့ကတိက ဘာဖြစ်မလဲ။**

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၈၀ ရာခိုင်နှုန်းက ကျေးလက်ဒေသဖြစ်တဲ့အတွက် ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်သွားရင် နိုင်ငံအနေနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်သွားမှာဖြစ်ပါတယ်။

**မဲစာရွက်ဆိုတာဘာလဲ။**

ဆန္ဒမဲစာရွက် သို့မဟုတ် မဲဆန္ဒပြားဆိုတာ ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ အမည်၊ တံဆိပ်နဲ့ ဆန္ဒပြုရန်နေရာတွေဖော်ပြပါရှိတဲ့ စာရွက်ဖြစ်ပါတယ်။ ဆန္ဒမဲပြားပေါ်မှာ မဲရုံမှူးရဲ့လက်မှတ်ပါရှိမှာဖြစ်ပြီး ရောင်စုံပုံနှိပ်စာရွက်ဖြစ်ပါတယ်။

**လူတစ်ဦးလျှင် မဲဘယ်နှမဲပေးရမှာလဲ။**

သာမန်အားဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဟူပြီး လွှတ်တော်သုံးရပ်အတွက် မဲ (၃) မဲပေးရပါမယ်။

# ဒီမိုကရက်တစ်ပါတီ(မြန်မာ)

ပါတီခေါင်းဆောင်များ

ဦးသုဝေ - ဥက္ကဋ္ဌ

ဒေါ်သန်းသန်းနု - အတွင်းရေးမှူးချုပ်

ဒေါ်ချိုချိုကျော်ငြိမ်း - အထွေထွေအတွင်းရေးမှူး

ဒေါ်နေရီဗဆွေ - အထွေထွေအတွင်းရေးမှူး

## ပါတီ၏နောက်ခံသမိုင်း

၁၉၉၀ရွေးကောက်ပွဲတွင် ဒီမိုကရေစီပါတီဥက္ကဋ္ဌအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဦးသုဝေနှင့် ဝန်ကြီးချုပ်ဟောင်းများဖြစ်သော ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့၏သမီးများ စသည့်မျိုးဆက်များနှင့် နိုင်ငံရေးတွင် အစဉ်တစိုက်ပါဝင်ခဲ့သော ဗဟိုအလုပ်အမှုဆောင်များ၊ မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံရေးမျိုးဆက်သုံးဆက် ပါဝင်ဖွဲ့စည်းထားသည့်ပါတီဖြစ်သည်။

## ပါတီ၏မူဝါဒ

ပါတီ၏မူဝါဒမှာ ပြည်သူများအား နိုင်ငံရေးလွတ်လပ်ခွင့်၊ စီးပွားရေးလွတ်လပ်ခွင့်၊ လူမှုရေးလွတ်လပ်ခွင့်များ ရရှိစေရန် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားညီညွတ်ရေးကို ဒီမိုကရက်တစ်ပါတီ(မြန်မာ)က အောင်မြင်စေရန်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာ မျိုးရှိပါသလား။**

ရွှေတိဂုံစေတီတော်ပုံပဲ ချိတ်ထားပါတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိုစွပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင်ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေ ဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

ဒါပြောဖို့က အလွှာအမျိုးမျိုးရှိတယ်။ အလုပ်သမားဆို အလုပ်သမား၊ လယ်သမားဆို လယ်သမား၊ ကျောင်းသူကျောင်းသား၊ ဆရာဝန်ဆိုလည်း စသည်ဖြင့် အဆင့်အတန်းမီအောင်လုပ်မယ်ဆိုရင်တော့ အဆင့်အတန်း အားလုံးက ချွတ်ခြုံကျနေတယ်။ ဥပမာ-အလုပ်သမားဆိုရင် အလုပ် လက်မဲ့တွေအများကြီးပဲ။ တချို့လည်း ပညာတတ်ပြီး ဆိုက်ကားနင်းနေရတာတွေရှိတော့ ပါတီအနေနဲ့ ရွေးချယ်ခံရင် အခြေခံကောင်းတွေဖန်တီးပေးရမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီမှာတော့ တော်တော်များများကျဖူးပါတယ်။ လူတော့ ရေတွက်မထားမိဘူး။ ခေါင်းဆောင်ပိုင်းမှာတော့ ကျဖူးတဲ့သူများတယ်။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကို ဖျက်ချင်ပြင် ချင်ပါသလဲ။**

ပါတီအနေနဲ့ကတော့ ပြည်နယ်၁၄ခုမှာ ရှိတဲ့သူတွေအားလုံးကို စဉ်းစားပြီးတော့ အသိပညာရှင်၊ အတတ်ပညာရှင်တွေဆီက အကြံဉာဏ်ယူရမယ်။ ဥပဒေကျွမ်းကျင်တဲ့အဖွဲ့ဖွဲ့ပြီးတော့ ကာလဒေသပရောဂနဲ့ မကိုက်ညီတာတွေကို လေ့လာပြီးတော့ အစိုးရအဖွဲ့ဟာ ဒီဥပဒေနဲ့လုပ်ခြင်းဖြင့် တိုးတက်မှုရှိလား၊ ဆုံးရှုံးမှုရှိလား လေ့လာရမယ်။ ခေတ်နဲ့ မလျော်ညီတော့တဲ့ဟာတွေဆို ပယ်ဖျက်ရမယ်။ ခေတ်နဲ့လျော်ညီတာကို ဖြည့်စွက်ရမယ်။ တစ်ပိုင်းတစ်စတော့ အသုံးဝင်မယ့်ဟာ ထပ်မံဖြည့်စွက်ရမယ်ပေ့ါ။

**ပါတီကိုယ်စားလှယ်တွေလွှတ်တော်ထဲရောက်ရင်ဒုသမ္မတအဖြစ်တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

ရွေးကောက်ပွဲ မဲနိုင်အောင်လုပ်ပါဦး။ ပါတီက ဒုသမ္မတအတွက်မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် သမ္မတဖြစ်ဖို့က စစ်ရေးလည်း နားလည်ရမယ်ဆိုတော့ ပါတီမှာ အခြေအနေမရှိဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိက အရေးကြီးဆုံးပေးတဲ့ ကတိက ဘာဖြစ်မလဲ။**

ဘာလုပ်ပေးမယ်ဆိုတာတော့ ပါတီအနေနဲ့က ဥပဒေပိုင်းကိုပဲ အကြံပေးရမှာဖြစ်တယ်။ ဘာလုပ်ပေးမယ်ဆိုတာက အစိုးရအုပ်ချုပ်သူနဲ့ပဲဆိုင်တယ်။ အစိုးရအဖွဲ့ဖွဲ့လာပြီဆိုရင် သူတို့ကိုမေးရမှာဖြစ်တယ်။

# ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ

ပါတီခေါင်းဆောင်များ

ဥက္ကဋ္ဌ-ဦးအောင်သန်း (ဗဟိုတရားရုံးချုပ်ရှေ့နေ)၊

ဒုဥက္ကဋ္ဌ-ဦးစိုးမောင်(ဗဟိုတရား ုံးရှေ့နေ)၊

ဒုဥက္ကဋ္ဌ(၂)-ဦးတင်ထွေး (ဗဟိုတရား ုံးချုပ်ရှေ့နေ)၊

အထွေထွေအတွင်းရေးမှူး-

ဦးသန်းထွန်း(ရဲဝန်ထမ်းဟောင်း)၊

တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)-

ဦးအောင်မော်ဝင်း(အထက်တန်းရှေ့နေ)၊

တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)-

ဦးစိန်မောက် (ဗဟိုတရား ုံးချုပ်ရှေ့နေ)

## ပါတီ၏နောက်ခံသမိုင်း

ဦးနု၏ ဗြဟ္မစိုရ်တရားနှင့် ဒီမိုကရေစီလမ်းစဉ်ကိုခိုင်ခိုင်မာမာယုံကြည်ခဲ့ကြသည်။ ဦးနုတပည့်ဟောင်းများက ပူးပေါင်းပြီး အဆိုပါလမ်းစဉ်ကိုယုံကြည်ကာ အရည်အချင်းရှိသောပုဂ္ဂိုလ်များနှင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

## ပါတီ၏မူဝါဒ

ဗြဟ္မစိုရ် လမ်းစဉ်ကိုအခြေခံသော ဒီမိုကရေစီဖြစ်။ ကမ္ဘာသူကမ္ဘာသား အားလုံးဖြစ်နေသော၊ ဖြစ်ဆဲလတ္တံ ပြဿနာအားလုံးကို ဒီဗြဟ္မစိုရ် တရားဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာနဲ့ ဖြေရှင်းနိုင်သည်။ အချို့ပါတီတော်တော်များများသည်လည်း ထိုလောကပါလတရားကိုသုံးကြသည်ကိုတွေ့ရသည်။

**ပါတီရုံးခန်းမှာ လူတစ် ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ကျွန်တော်တို့ကရှင်းအောင်လို့ ဘယ်သူ့နောက်မှလည်း လိုက်တာမဟုတ်လို့ ဘယ်သူ့ ပုံမှမချိတ်ပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိုစွပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေး ကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည် သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါ သလဲ။**

ပြည်သူလူထု၏ လတ်တလော လိုအပ်ချက်များ ရေမီး၊ကုန်ဈေးနှုန်း အကုန်ပါပါတယ်။ သူတို့လိုအပ်တာတွေကို အတိုင်းအတာနဲ့ ချက်ချင်းမဖြည့်ဆည်းမပေးနိုင်ပါဘူး။ တဖြည်းဖြည်းချင်း ဆင်းရဲချို့တဲ့အားနည်းသူများကို ဦးစားပေးဖြည့်ဆည်းပေးဖို့ ကြိုးစားသွားမယ်။ လူတန်းစားညီသွားအောင်တော့ ဘယ်နိုင်ငံမှလုပ်လို့မရဘူး။ ဝင်ငွေထွက်ငွေမျှတအောင် ကုန်ဈေးနှုန်းတွေ၊ ပေးနေရတဲ့ အိမ်လခတွေ၊ အခွန်တွေ စတဲ့ လိုအပ်ချက်တွေကို မဟာဗျူဟာခင်းပြီး ပထမအဆင့် အာဆီယံအတိုင်းအတာ၊ ဒုတိယအဆင့် နိုင်ငံတကာအတိုင်းအတာအထိ လုပ်သွားရမှာပါ။

**ပါတီဝင်တွေထဲမှာ ယုံ ကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရဖူးတာ ဦးမျိုးညွန့်တစ်ယောက်ရှိပါတယ်။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာအခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင် ချင်ပါသလဲ။**

ဘယ်ဥပဒေကိုပြင်မယ်ဆိုတာ ကိုယ့်သဘောတစ်ခုတည်းနဲ့မရပါဘူး။ ဘယ်ဥပဒေမှ ခိုင်မြဲနေတဲ့ဥပဒေရယ်လို့မရှိပါဘူး။ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးမိန့်ခွန်းထဲမှာ ဒီဥပဒေနဲ့ပတ်သက်ပြီး လယ်ယာ၊ ဝန်ထမ်း၊ သက်ကြီးပင်စင်စတဲ့ကဏ္ဍအလိုက် သူပြောထားတာတွေလည်း ရှိပါတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံ တစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

ဒုသမ္မတကိုရည်ရွယ်ထားတာက ပြည်သူလူထုထဲကဖြစ်ရင်တော့ အကောင်းဆုံးပေ့ါ။ နောက်ဒုသမ္မတကလည်း ပြည်သူလူထုထဲကပဲဖြစ်စေချင်တယ်။ ဒါကြောင့် ဒီနှစ်ဦးကို ပြည်သူလူထုထဲကဖြစ်ဖို့ အစွမ်းကုန်ကြိုးစားသွားမယ်။

**မဲဆန္ဒရှင်တွေကိုပါတီအနေနဲ့ပေးတဲ့ကတိတွေထဲကအဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။**

မဲဆန္ဒရှင်တွေကိုပေးချင်တဲ့ကတိက အဓိကကတိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်မှ ပြည်ထောင်စုကြီးခိုင်မြဲမှာပါ။ ဖြစ်လာမယ့်ပါတီတွေရော၊ အစိုးရရော စနစ်တကျသဘောတူညီမှုယူပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်မှာပါ။ စားဝတ်နေရေး၊ ရေအခက်အခဲ၊ မီး၊ အခွန်အခစတာတွေလည်း အရေးကြီးပါတယ်။ ဒါပေမဲ့ အဲဒီပြဿနာကြောင့် ဒါတွေကို မလုပ်နိုင်ပါဘူး။ အများအတွက် လက်ရှိလိုအပ်နေတဲ့၊ ပြင်ဆင်ရန်လိုအပ်နေတဲ့အချက်များကို ပြင်ဆင်မယ်။ ဥပဒေလမ်းကြောင်းကြီးမှန်ပြီး အများအတွက် မှန်ကန်တဲ့ ဥပဒေဖြစ်ဖို့လုပ်ပါမယ်။

**မဲဆန္ဒဘယ်လိုပြုရမလဲ။**

(၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် ပထမဆုံးမဲစတင်ပေးရပါမယ်။

(၂) မဲရုံမှူး သို့မဟုတ် ယင်းက တာဝန်ပေးထားသူထံရှိ မဲစာရင်းတွင် မိမိအမည်ပါ၊ မပါ စစ်ဆေးပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ပြကာ မဲစာရင်းမှာ လက်မှတ်ထိုး သို့မဟုတ် လက်ဗွေနှိပ်ပြီး မဲလက်မှတ်ထုတ်ရပါမယ်။

(၃) မဲရုံအတွင်းရှိ ဆန္ဒပြုခန်း သို့မဟုတ် စားပွဲ/ခုံသို့သွားရောက်/ဝင်ရောက်ပြီး မဲပေးရပါ မယ်။

(၄) မိမိလက်မှတ်ကိုခေါက်ထားပြီး သတ်မှတ်မဲပုံးအတွင်းထည့်ရမယ်။

(၅) အမျိုးသားလွှတ်တော်၊ ပြည် နယ်/တိုင်းဒေသကြီးလွှတ်တော် နှင့်တိုင်းရင်းသားကိုယ်စားလှယ်လောင်းများအတွက် မဲပေးရာတွင်လည်း အလားတူဆောင်ရွက်ရမယ်။

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်



ပါတီခေါင်းဆောင်များ

ဦးအေးလွင် - ဥက္ကဋ္ဌ
ဦးခင်မောင်ဦး - ဒု-ဥက္ကဋ္ဌ
ဦးဌေးအောင် - အတွင်းရေးမှူး
ဦးဌေးလွင် - တွဲဖက်အတွင်းရေးမှူး

### ပါတီ၏နောက်ခံသမိုင်း

၂၀၀၅ ခုနှစ် ၈၈မျိုးဆက် ကျောင်းသားဟောင်းများပေါ်လာပြီးနောက် ပေါ်လာလိုက်၊ ငုပ်လိုက်နှင့်လုပ်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲဥပဒေပေါ်ပေါက်ပြီးနောက်ပိုင်းမှာ တရားဝင်ပါတီမှတ်ပုံတင်ခွင့်ရလာခဲ့သည်။ ၈၈မျိုးဆက်ကျောင်းသားလူငယ်များပါတီ(မြန်မာပြည်)နှင့်မဟာမိတ်ပါတီဖြစ်သည်။

### ပါတီ၏မူဝါဒ

လိုအပ်နေသည့် နိုင်ငံရေးလွတ်လပ်ခွင့်များ၊ စီးပွားရေးလွတ်လပ်ခွင့်များ၊ လူမှုရေးလွတ်လပ်ခွင့်များကိုအခြေခံသည်။

**ပါတီရုံးခန်းမှာ လူတစ် ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

အခုလောလောဆယ်တော့ ချိတ်ထားတာမရှိသေးပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းပုံနဲ့ ပါတီခေါင်းဆောင်ပုံ ချိတ်ဖို့ရှိသည်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိုစွပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေး ကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည် သူတွေ ဝင်ငွေထွက်ငွေလိုက် လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

နိုင်ငံစီးပွားရေးပိတ်ဆို့မှုတွေရှိသမျှ ကာလပတ်လုံး နိုင်ငံရဲ့စီးပွားရေးက ချိန်နေမယ်လေ။ နိုင်ငံတကာဆက်ဆံရေးမှာ မဟာဗျူဟာကျတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာအောင် နိုင်ငံရေးအခင်းအကျင်းတွေလုပ်ရမယ်။ အီးယူနဲ့ အမေရိကန်နိုင်ငံတွေရဲ့ ပိတ်ဆို့မှုကို အကူအညီပေးမှုအဖြစ် ပြောင်းလဲဆက်ဆံရအောင်လုပ်မယ်။ နိုင်ငံတကာဆက်ဆံရေးကိုမြှင့်တင်ပေးမယ်။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံနိုင်အောင် အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပေးမယ်။ ပုဂ္ဂလိကပိုင်းမှာလည်း အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ပေးမယ်။ အစိုးရနဲ့ နိုင်ငံသားပိုင်ကုမ္ပဏီတွေ ဖက်စပ်လုပ်ကိုင်နိုင်အောင်လုပ်ပေးမယ်။ အများပိုင်ကုမ္ပဏီတွေမှာ အခြေခံလူတန်းစားပါ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်အောင်လုပ်ပေးမယ်။

**ပါတီဝင်တွေထဲမှာ ယုံ ကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့ သူရှိလား။**

ခေါင်းဆောင်ပိုင်းတွေကတော့ ကျဖူးတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကတော့ နည်းနည်းပဲပါတယ်။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင်ချင်ပါသလဲ။**

နံပါတ်တစ်လုပ်ရမယ့်ကိစ္စက ပါတီစုံဒီမိုကရေစီမှာ လိုအပ်မယ့်နိုင်ငံရေးလုပ်သူတွေရဲ့လုပ်ပိုင်ခွင့်တွေ၊ ပြည်သူတိုင်းရဲ့ လူ့အခွင့်အရေး၊ အကျိုးစီးပွားဆိုင်ရာအခွင့်အရေးတွေက ဒီမိုကရေစီနှုန်းနဲ့ကိုက်ညီရမယ်။ မဆီလျော်တာတွေ အားလုံးကို တချို့ဖျက်သိမ်းရမယ်။ တချို့ပြန်ပြင်ရမယ်။ တချို့အစားထိုးရမှာပေ့ါ။ တချို့ကို အသစ်ပြဋ္ဌာန်းရမှာပေ့ါ။ အဲဒါတွေကို အင်တိုက်အားတိုက်လုပ်ပေးရမယ်။ နောက်တစ်ချက်က လယ်ယာမြေကိစ္စမှာ တောင်သူလယ်သမားတွေ ပြည့်ပြည့်ဝဝ မြေယာခံစားခွင့်ရှိအောင် မြေယာပြုပြင်ပြောင်းလဲရေးတွေကို ချက်ချင်းလုပ်ပေးရမယ်။ နိုင်ငံရေးနဲ့ပတ်သက်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းမယ်။ နိုင်ငံတကာဆက်ဆံရေးကို တိုးမြှင့်ရမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

အခုချိန်ထိတော့ စဉ်းစားထားတာမျိုးမရှိသေးဘူး။ ပွဲပြီးမှပဲ ကိုယ်စားလှယ်လောင်း ဘယ်လောက်တက်လာဦးမလဲဆိုတာ ကြည့်ရဦးမယ်။ ကိုယ်နဲ့သဟဇာတဖြစ်မယ့် နိုင်ငံရေးခေါင်းဆောင်ပါတီတွေ ဘယ်သူဘယ်ဝါရှိလာမလဲဆိုတာလက်တွေ့သွားရမှာလေ။ ကြိုပြီးပြင်ဆင်တာမျိုးမရှိပါဘူး။ ပါတီအနေနဲ့ကတော့ ဒုသမ္မတအရွေးခံရလောက်အောင် လွှတ်တော်ကိုယ်စားလှယ် အပြည့်အစုံမတင်ခဲ့ဘူး။

**မဲဆန္ဒရှင်တွေကိုပါတီအနေနဲ့ပေးတဲ့ကတိတွေထဲကအဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။။**

ပါတီကိုယ်စားလှယ်လောင်းတွေကို စိတ်ချလက်ချမဲပေးလိုက်ပါ။ ပြည်သူတွေကို ကိုယ်စားပြုတဲ့ ကိစ္စတွေလုပ်တဲ့နေရာမှာ ဘယ်တော့မှ ဖောက်လွှဲဖောက်ပြန်မဖြစ်စေရပါဘူး။ နောက်ပြီး တိုင်းပြည်နဲ့ပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို ရှေးရှုပြီး လုပ်တဲ့နေရာမှာ ဘယ်တော့မှ ဖောက်ပြန်မှာမဟုတ်ပါဘူး။

# ပြည်ထောင်စုဒီမိုကရေစီပါတီ



ပါတီခေါင်းဆောင်များ

ဦးသိန်းဌေး ဥက္ကဋ္ဌ
ဦးဌေး ဒု-ဥက္ကဋ္ဌ
ဦးသိန်းတင်အောင် အထွေထွေအတွင်းရေးမှူး
ဦးသောင်းဝင်း တွဲဖက်အတွင်းရေးမှူး(၁)
ဒေါ်စန်းစန်းအေး တွဲဖက်အတွင်းရေးမှူး(၂)
ဦးကိုကိုကြီး စာရင်းစစ်
(ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ)
ဦးမင်းသူလွင်၊ ဦဝင်းစိန်
ဦးစိုင်းထွန်းမြင့်၊ ဦးဝဏ္ဏစိုး

### ပါတီ၏နောက်ခံသမိုင်း

၂၀၁၀ ပြည့်နှစ် ဧပြီလ၁ရက်တွင် "ပြည်ထောင်စုဒီမိုကရေစီမဟာမိတ်"နှင့် "လူထုဒီမိုကရေစီပါတီ"တို့ကို တစ်ခုတည်းအဖြစ် ပေါင်းစည်းပြီး "ပြည်ထောင်စု ဒီမိုကရေစီပါတီ"အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

### ပါတီ၏မူဝါဒ

ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်၍ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်ရေးသည် ပထမလွတ်လပ်ရေးဖြစ်သည်။ ပြည်သူတို့၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော ဒီမိုကရေစီသည် ဒုတိယ လွတ်လပ်ရေးဖြစ်သည်။ ခေတ်မီတိုးတက်သော နိုင်ငံထူထောင်ခြင်းဖြင့် မဟာအင်အားကြီးနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုမှ လွတ်မြောက်၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာရေးရာတို့တွင် တန်းတူညီမျှ လွတ်လပ်သောရပ်တည်ဆောင်ရွက်နိုင်ရေးသည် တတိယလွတ်လပ်ရေးဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ မဟာအင်အားကြီးနိုင်ငံများနှင့် မဟာဗျူဟာအချက်အချာနိုင်ငံများ၊ အုပ်စုများအကြားတွင် ရောက်ရှိနေသဖြင့် ပထဝီအနေအထားအရ အဆိုပါ လွတ်လပ်ရေးတန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားစည်းရုံးညီညွတ်ရေးသည် အဓိကကျသော အကျိုးစီးပွားဖြစ်သည်။

**ပါတီရုံးခန်းမှာ လူတစ် ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပါတီရုံးခန်းအတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဖြူအမည်းဓာတ်ပုံချိတ်ထားပါတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိုစွပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေး ကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည် သူတွေ ဝင်ငွေထွက်ငွေလိုက် လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူ့ဝန်ထမ်းတွေရဲ့ လစာကို ခေတ်ကာလလူနေမှုဘဝနဲ့လောက်ငအောင် ဖြည့်ဆည်းပေးမယ်။ အခုဆိုရင် အထူးသဖြင့် အစိုးရဝန်ထမ်းတွေက ဝင်ငွေနဲ့ထွက်ငွေ မမျှတဲ့အတွက် အကျင့်ပျက်ခြစားမှုတွေရှိလာတယ်။ အဲဒါကို တိုက်ဖျက်မယ်ဆိုရင် တစ်ဖက်က ဝင်ငွေကိုခေတ်နဲ့ကုန်ဈေးနှုန်းနဲ့ညီတဲ့ဝင်ငွေဖြစ်စေပြီး တစ်ဖက်ကလည်း စည်းကမ်းတွေချမှတ်ပြီး အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ရမယ်။ လုပ်လို့မရဘဲနဲ့ လစာတိုးတဲ့ကိစ္စ၊ ပြည်သူ့ရေးရာဝန်ဆောင်မှုကိစ္စ၊ ဒါပေမဲ့လစာတိုးတဲ့ကိစ္စတစ်ခုတည်းလုပ်လို့မရဘဲနဲ့ လစာတိုးတဲ့ကိစ္စ၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုကိစ္စ၊ အခွန်ကိစ္စတွေက ချိတ်ဆက်နေတဲ့အတွက် အားလုံးကို ဟန်ချည်ညီညီ ဆောင်ရွက်မှရပါမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ဒီပါတီအနေနဲ့ကတော့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ၁၀ ဦးမှာ ၇၀ ရာခိုင်နှုန်းလောက်က အကျဉ်းကျခံဖူးတဲ့လူတွေပါ။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင် ချင်ပါသလဲ။**

လက်ရှိအသုံးပြုနေတဲ့ နည်းဥပဒေတွေကို ပြင်စရာရှိတာ ပြင်၊ ပြုစရာရှိတာပြု၊ ဖျက်စရာရှိတာ ဖျက်ရမယ်။ ဥပမာ-စီးပွားရေးကဏ္ဍမှာဆို ပို့ကုန်အခွန်ကို ၁၀ ရာခိုင်နှုန်းသတ်မှတ်ထားတော့ အိတ်စပို့ပို့တဲ့သူတွေထိခိုက်မှုရှိတယ်။ ဒါဆိုရင် ကျွန်တော်တို့က အဲဒါကို ပြုမလား၊ ပြင်မလား။ ဖျက်မလားဆိုတာ စဉ်းစားရမယ်။ ပြီးတော့ ဥပဒေရှိပေမယ့် အသက်မဝင်နေတဲ့ ဥပဒေတွေကို ပြန်အသက်သွင်းရမယ်။ သေနေတဲ့ ဥပဒေတွေကို အသက်ဝင်အောင်လုပ်မယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

တင်ရမယ်ဆိုရင်တော့ ကိုယ့်နာမည်ကိုယ်ပဲပေးမှာပါ။

**မဲဆန္ဒရှင်တွေကိုပါတီအနေနဲ့ပေးတဲ့ကတိတွေထဲကအဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။**

ပေးထားတဲ့ ကတိထဲက ဝန်ထမ်းတွေရဲ့ လစာကို အဓိကလုပ်ပေးပါမယ်။ တကယ်လို့ အနိုင်ရခဲ့ရင်လည်း သက်တမ်းတစ်ဝက်(၂နှစ်ခွဲအတွင်း)ပေးထားတဲ့ကတိမလုပ်ပေးနိုင်ရင် နုတ်ထွက်မယ်။

**မဲဆန္ဒပြုမယ်သူက တိုင်းရင်းသားလူမျိုးတစ်ဦးဖြစ်နေလျှင် ဘယ်လိုမဲပေးရမလဲ။**

ဆန္ဒမဲပေးမယ့်သူက တိုင်းရင်းသားလူမျိုးစုနွယ်တစ်ဦးဖြစ်လျှင် ထိုတိုင်းရင်းသားလူမျိုးကိုယ်စားလှယ်တစ်ဦးအတွက် မဲပေးရမယ်။ ဥပမာ- ရန်ကုန်တိုင်းဒေသကြီးမှာ ကရင်နှင့် ရခိုင်တိုင်းရင်းသားများအတွက် ကိုယ်စားလှယ်တစ်နေရာစီရရှိသဖြင့် မဲပေးသူသည် ရခိုင် သို့မဟုတ် ကရင်တိုင်းရင်းသားဖြစ်နေပါက နောက်ထပ်ကရင် သို့မဟုတ် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်ရွေးချယ်တင်မြောက်ရန်အတွက် မဲတစ်ကြိမ်ထပ်မံပေးရမည်ဖြစ်မယ်။ ထို့ကြောင့် စုစုပေါင်းမဲ (၅) မဲပေးရမယ်။

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ပါတီခေါင်းဆောင်ပိုင်း
လက်ရှိနိုင်ငံတော်ဝန်ကြီးချုပ်
ဦးသိန်းစိန်ဦးဆောင်ကာ
လက်ရှိဝန်ကြီး၊ ဒုဝန်ကြီး၊
မြို့တော်ဝန်နှင့်
ဒုမြို့တော်ဝန်များ ပါဝင်သည့်
ဗဟိုကော်မတီဝင် ၂၇ဦး

### ပါတီ၏နောက်ခံသမိုင်း

လူမှုရေးအသင်းအဖွဲ့တစ်ခုအဖြစ် ၁၉၉၃ခုနှစ်ကပင် ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအား အခြေခံ အမွေပြုဖွဲ့စည်းလိုက်သည့် နိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး လက်ရှိနိုင်ငံတော်တာဝန်များ ထမ်းဆောင်နေဆဲဖြစ်သော ဝန်ကြီး၊ ဒုဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒုမြို့တော်ဝန်တို့ဦးဆောင်ပါဝင်သည့် ပါတီတစ်ခုဖြစ်သည်။

### ပါတီ၏မူဝါဒ

ပါတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာတည်တံ့ခိုင်မြဲရေးတည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူသည်။ ထို့အတူ ပါတီ၏ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ ကျင့်သုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ခံယူသည်။

**ပါတီရုံးခန်းမှာလူတစ်ဦး တစ်ယောက်ရဲ့ ပုံချိတ်ဆွဲထားတာရှိပါသလား။**

---

**ပြည်သူအများစုကကုန်ဈေးနှုန်းကိစ္စတွေပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲအနိုင်ရခဲ့ရင် ပြည်သူတွေဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

ပါတီရဲ့ မူဝါဒမှာ ဈေးကွက်စီးပွားရေးစနစ်လို့ ခြုံပြီးပြောပေမယ့် ဝင်ငွေထွက်ငွေ မျှတအောင်လုပ်မယ့်ကိစ္စလည်း ပါပါတယ်။ အခြေခံလူတန်းစားတွေ အလုပ်သမားတွေရဲ့ ဝင်ငွေနဲ့ ခုလောလောဆယ် ဟန်ချက်မညီတဲ့အတွက်အဲဒါကို ဟန်ချက်ညီအောင်လုပ်ပေးရပါမယ်။ ပါတီရဲ့ စီးပွားရေးလုပ်ငန်းစဉ်ထဲမှာ ပြည်သူလူထုစားဝတ်နေရေးဖူလုံမှုနဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လိုအပ်သော အလုပ်အကိုင်အခွင့်အလမ်း တစ်ဦးချင်း ဝင်ငွေတိုးတက်ရေး ငွေကြေးနဲ့ ကုန်ဈေးနှုန်း တည်ငြိမ်ရေး စတာတွေကို လုပ်သွားပါမယ်ဆိုတာဖော်ပြထားပါတယ်။ ပြီးတော့ ဆင်းရဲချမ်းသာ ကွာဟမှု မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်နှုန်းကွာခြားမှုတွေ လျှော့ချနိုင်ဖို့တွေကို ဦးစားပေးလုပ်ဆောင်သွားမယ်ဆိုတာတွေပါတယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရတဲ့သူ မရှိပါဘူး။ လူမှုရေးအသင်းကနေ ပါတီအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့တာ ဖြစ်တဲ့အတွက်ကြောင့်ပါ။

**ပါတီအနေနဲ့ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေထဲက အဓိက ဘယ်ဥပဒေကို ပြင်ဆင်ချင်ပါသလဲ။**

သတ်သတ်မှတ်မှတ် အသေးစိတ်တော့ မပြောနိုင်သေးဘူး။ ဒါပေမဲ့ ပကတိအနေအထားပေါ်ကြည့်ပြီးတော့ ပြောင်းလဲသင့်တာတွေ ပြောင်းလဲသွားဖို့ရှိပါတယ်။ မူဝါဒမှာလည်း အဲဒါတွေဖော်ပြထားတာရှိပါတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုတိယသမ္မတအဖြစ်စာရင်းတင်သွင်းဖို့ တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီးလား။**

ကြိုတင်စဉ်းစားဆွေးနွေးထားတာမရှိသေးပါဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးထားတဲ့ကတိတွေအထဲက အဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။**

ပါတီက ပြည်သူတွေကို ကတိ ပြုချက် ၅ချက်ရှိပါတယ်။ ၅ချက် စလုံးကတော့ အရေးကြီးပါတယ်။ ခြုံပြောရရင်တော့ နိုင်ငံတော်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ပါပဲ။

# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ

ခေါင်းဆောင်ပိုင်း
ပါတီမှာခေါင်းဆောင်ဆိုတာမရှိပါဘူး။
ကျွန်တော်တို့ ပါတီအနေနဲ့
ဥပမာ-တစ်ဦးတစ်ယောက်ကို
ခေါင်းဆောင်လို့ ကျွန်တော်တို့အနေနဲ့
မသတ်မှတ်ပါဘူး။
အစိုးရအနေနဲ့ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊
အဲလိုမျိုး အစိုးရသတ်မှတ်ထားလို့သာရှိတာပါ။
ကျွန်တော်လည်း ခေါင်းဆောင်မဟုတ်ပါဘူး။
ပါတီခေါင်းဆောင် မဟုတ်ပါဘူး။
ကိုယ့်ဟာကိုယ် Selfခေါင်းဆောင်ပါတယ်။

### ပါတီ၏နောက်ခံသမိုင်း

ယခင်က ပါတီတည်ထောင်ရန် ရည်ရွယ်ချက်မရှိခဲ့ဘဲ အခြားသော နိုင်ငံရေးပါတီများ၏ လွှတ်တော်ထဲသို့ရောက်ရှိလျှင် ကဏ္ဍအလိုက် လုပ်ဆောင်ရန်များကို မေးမြန်းရာ၌ မပြောကြားခြင်းကြောင့် ရွေးကောက်ပွဲဥပဒေများပေါ်ထွက်မှသာ စုစည်း၍ မတ်လ ၂၂ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခဲ့သည်။

### ပါတီ၏မူဝါဒ

ပါတီ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အလုပ်အကိုင်အခွင့်အလမ်းစသည်တို့နှင့်ပတ်သက်သည့် Issue Base လည်း ပါတီ၏မူဝါဒထဲတွင်ပါဝင်သည်။ ထို့အပြင် ပါတီ၏နိုင်ငံရေးမူဝါဒမှာ လူသားဆန်သောဒီမိုကရက်တစ်နိုင်ငံရေးဝါဒဖြစ်သည်။

**ပါတီရုံးခန်းမှာ လူတစ် ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပါတီရုံးခန်းမှာ တစ်ယောက်ရဲ့ ပုံချိတ်တာမျိုး မရှိပါဘူး။ ဘယ်သူ့ကိုမှ မချိတ်ပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေး ကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည် သူတွေ ဝင်ငွေထွက်ငွေလိုက် လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

ဝင်ငွေ၊ ထွက်ငွေလိုက် လျောညီထွေဖြစ်အောင် အစီအစဉ်တော့ရှိပါတယ်။ ဒါပေမဲ့ ကုန်ဈေးနှုန်းကျဆင်းရေးနဲ့တော့ မဆိုင်ပါဘူး။ ဆိုလိုတာက ကျွန်တော်တို့ပါတီအနေနဲ့က ဈေးကွက်စီးပွားရေးကို ယုံကြည်ပါတယ်။ ဈေးကွက်စီးပွားရေးမှာ ဈေးနှုန်းကို အမိန့်အာဏာနဲ့ သတ်မှတ်တယ်ဆိုတဲ့ဟာ မပါပါဘူး။ အဲဒီတော့ ဈေးနှုန်းတွေကို အမိန့်အာဏာနဲ့သတ်မှတ်ခြင်းကို ရှောင်ရှားပါမယ်။ ဈေးကွက်ရဲ့ မျှခြေအတိုင်းပဲ ဈေးကွက်ပေါက်ဈေးတွေ ဖြစ်စေရပါတယ်။ ကုန်ဈေးနှုန်းကို ကျွန်တော်တို့ပါတီက မစဉ်းစားဘဲ ဘာကိုစဉ်းစားလဲဆိုတော့ ဒီအလုပ်အကိုင် အခွင့်အလမ်းနဲ့ လုပ်ခလစာတွေအတွက်ကို စဉ်းစားပါတယ်။ ကုန်ဈေးနှုန်းကို မလိုက်နိုင်လို့ စားဝတ်နေရေး မပြေလည်တဲ့လူတွေရှိတယ်ဆိုရင် သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ လုပ်ခလစာအတွက်ကိုလည်း အစီအစဉ်ရှိပါတယ်။

**ပါတီဝင်တွေထဲမှာ ယုံ ကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့ဖူးတဲ့သူ မရှိဘူးလို့ ပြောရပါလိမ့်မယ်။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာအခွင့်အရေးရမယ်ဆိုရင်လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင် ချင်ပါသလဲ။**

အဓိက ပြင်ချင်တာတွေကတော့ အများကြီးပဲပေါ့ဗျာ။ ကျွန်တော်တို့အနေနဲ့ နှစ်ပိုင်းတော့ပြောပါရစေဗျ။ လွှတ်တော်ထဲမှာ ဆက်ရှိနေမယ့်အပိုင်းနဲ့ဆက်မရှိနေမယ့်အပိုင်းပေ့ါ။ လွှတ်တော်သည် အမြဲတမ်းလွှတ်တော်ဖြစ်ရမယ်။ အဓိက ပြုပြင်ချင်တာက ဈေးကွက်ဘောင်သွင်းတဲ့ အလုပ်တွေကို အဓိကလုပ်ချင်ပါတယ်။ ဥပမာ-လယ်ယာကဏ္ဍ၊ ပညာရေးကဏ္ဍကို ဈေးကွက်ဘောင်သွင်းတာ၊ ကုန်သွယ်ကူးသန်းနဲ့ပတ်သက်လို့ ဈေးကွက်ဘောင်သွင်းတာ၊ အဲဒီလို ဈေးကွက်ဘောင်သွင်းတဲ့ လုပ်ငန်းတွေကို အဓိကလုပ်ချင်ပါတယ်။ ကျွန်တော်တို့က ဈေးကွက်စီးပွားရေးကို တကယ်ယုံကြည်ပါတယ်။ ဒီနေ့ဖြစ်နေတဲ့ဟာက ဈေးကွက်စီးပွားရေးမဟုတ်ပါဘူး။

**ပါတီကိုယ်စားလှယ်တွေလွှတ်တော်ထဲရောက်ရင်ဒုသမ္မတအဖြစ်တစ်စုံတစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

လွှတ်တော်ထဲရောက်ရင် ဒု-သမ္မတကို စာရင်းတင်သွင်းဖို့ တစ်ယောက်ယောက်ကို စဉ်းစားထားပြီးသားပါ။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးထားတဲ့ကတိတွေအထဲက အဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာလဲ။**

××××××

**■ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုတာ ဘာလဲ။**

ရွေးကောက်ပွဲနေ့မတိုင်မီ ကြိုတင်ဆန္ဒလက်မှတ်နဲ့ ဆန္ဒပြုတာကို ကြိုတင်မဲပေးတာလို့ ခေါ်ပါတယ်။

**■ ဆန္ဒပြုခန်းအတွင်းတွင် လုံခြုံရေးစောင့်ကြည့်ကင်မရာများထားရှိထားပါသလား။**

လျှို့ဝှက်မဲပေးစနစ်ဖြစ်ပါတယ်။

**■ မဲရုံထဲကို ဘာတွေယူသွားလို့ရလဲ။**

မဲရုံအတွင်းကို နိုင်ငံသားစိစစ်ရေးကတ်ပြားကလွဲလို့ ဘာပစ္စည်းမှယူသွားလို့မရပါဘူး။ မဲပေးမယ့်သူနဲ့အတူပါလာတဲ့ မည်သည့်ပစ္စည်းကိုမဆို မဲရုံအဝမှာထားခဲ့ရမှာပါ။ ဆန္ဒပြုခန်း သို့မဟုတ် ဆန္ဒပြုခန်းအတွင်းမှာ ဆန္ဒမဲပေးရန်အတွက် ဘောလ်ပင်ထားပေးမှာဖြစ်ပါတယ်။



ပါတီခေါင်းဆောင်များ

ဦးစိုင်းအိုက်ပေါင်း - ဥက္ကဋ္ဌ

ဦးစိုင်းဆောင်ဆီ - ဒု-ဥက္ကဋ္ဌ

ဦးစိုင်းလှကျော် - အတွင်းရေးမှူး

# ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ

## ပါတီ၏ နောက်ခံသမိုင်း

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီတွင် အခြေခံဥပဒေကို အတည်ပြုရေးဆွဲခဲ့သည့် အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သော ညီလာခံကိုယ်စားလှယ်သုံးဦးပါဝင်ကာ ရှမ်းတိုင်းရင်းသားများကို ကိုယ်စားပြုသည့် ပါတီတစ်ခုတည်ရှိစေရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းနှင့်လူမှုရေးအသင်းအဖွဲ့များကို အခြေတည်၍ ပါတီကိုစုစည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

## ပါတီ၏မူဝါဒ

လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုကင်းခြင်း၊ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူမှုအခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့် ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်နိုင်မှသာ စည်းလုံးညီညွတ်၍ တည်ငြိမ်အေးချမ်းကာ တည်တံ့ ခိုင်မြဲသော ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ဆောက်နိုင်မည်ဟုအလေးအနက်ယုံကြည်သည်။

**ပါတီရုံးခန်းမှာ လူတစ်ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ပုံချိတ်ထားတာမျိုးမရှိပါဘူး။ ပါတီရဲ့သဘောထားက ပုဂ္ဂိုလ်ရေးကိုးကွယ်မှုတွေကို အားမပေးဘူးဆိုတဲ့သဘောပါ။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက် လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

နိုင်ငံတစ်နိုင်ငံ ဆင်းရဲတာ၊ ချမ်းသာတာ၊ လူနေမှုအဆင့်အတန်းမြင့်မားတာတွေက နိုင်ငံရဲ့သယံဇာတတွေ၊ တိုင်းပြည်ရဲ့အကျဉ်းအကျယ်၊ လူဦးရေအနည်းအများတွေနဲ့မဆိုင်ဘဲနဲ့ တိုင်းပြည်ရဲ့ စီးပွားရေးမူဝါဒတွေကသာ ပြည်သူလူထုရဲ့ စီးပွားရေးကို ပြဋ္ဌာန်းပေးတယ်လို့ ယုံကြည်ပါတယ်။ လယ်ယာကဏ္ဍဆိုင်ရာပြဿနာ၊ ကုန်သွယ်မှုဆိုင်ရာပြဿနာ၊ ငွေကြေးဆိုင်ရာပြဿနာ၊ ငွေကြေးဖောင်းပွမှုဆိုင်ရာပြဿနာ၊ အလုပ်လက်မဲ့ဆိုင်ရာပြဿနာ၊ ဒါတွေအများကြီးက ဖြေရှင်းရမယ့်ပြဿနာတွေပါ။ စာကြောင်းအနည်းငယ်နဲ့ ဖြေရှင်းလို့ မရပါဘူး။ စားဝတ်နေရေးပြေလည်အောင် အသေးစားလုပ်ငန်းတွေကို ရှင်သန်အောင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ်ရင် ငွေကြေးနဲ့ နည်းပညာအရ ထောက်ပံ့ပေးခြင်း စတာတွေနဲ့ အကာအကွယ်ပေးရမယ့် အကြီးစားလုပ်ငန်းတွေရဲ့လက်ဝါးကြီးအုပ်နေမှုကို ကာကွယ်ပေးရမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

လွှတ်တော်ကိုယ်စားလှယ်လောင်းထဲမှာ တစ်ဦးက ထောင်ဆယ်နှစ်ကျခဲ့ဖူးပါတယ်။ နောက်ထပ် နှစ်တိုကျခဲ့ဖူးတဲ့လူသုံးဦးရှိပါတယ်။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင် ချင်ပါသလဲ။**

အဓိကကတော့ အခြေခံလူလတ်တန်းစားတွေနဲ့ပတ်သက်တဲ့ဥပဒေတွေပါ။ သူတို့ကို ထိခိုက်နေတဲ့အကြောင်းအရာတွေကို အရင်ဆုံးပြင်ရမှာပါ။ အများကြီးရှိပေမယ့် ဦးစားပေးရမှာက စားဝတ်နေရေးပြဿနာတွေ၊ ပညာရေး နိမ့်ကျနေတာတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ ဒီအခြေခံ စားဝတ်နေရေးဆိုတဲ့ဘောင်ပေါ် မှာ ဦးစားပေးပြီး ပြင်ရမှာပါ။ ဥပဒေတွေအားလုံးကို ပြင်ဖို့အခွင့် အရေးသာရှိခဲ့မယ်ဆိုရင် ပြည်သူ လူထုအကျိုးအတွက် ဘယ်ဥပဒေကိုမဆို ပြည်သူ့မျက်နှာကိုကြည့်ပြီးတော့ ပြုပြင်သွားမှာဖြစ်ပါတယ်။ လောလောဆယ်အနေအထားမှာ ခွဲခြားလို့မရနိုင်သေးဘူးလို့ထင်ပါတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

ယှဉ်ပြိုင်တဲ့လွှတ်တော်နဲ့ ကိုယ်စားလှယ်အနေအထားအရ အများစု Majority မဖြစ်နိုင်တဲ့အတွက် ဒုသမ္မတနေရာကို စဉ်းစားထားဖို့မရှိဘူးလို့ထင်ပါတယ်။ အဓိကကတော့ ပြည်သူရဲ့ အကျိုးကိုကြည့်တဲ့သူ၊ အရည်အချင်းရှိတဲ့သူ မည်သူ့ကိုမဆို ထောက်ခံမှာပါ။

**မဲဆန္ဒရှင်တွေကိုပါတီအနေနဲ့ပေးတဲ့ကတိတွေထဲကအဓိကအရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ဘဝလုံခြုံမှုရရှိစေရေးအတွက် ဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝခံစားနိုင်စေရမယ်လို့ကတိပေးထားပါတယ်။



ပါတီခေါင်းဆောင်များ

ဒေါက်တာအေးမောင် - ဥက္ကဋ္ဌ

ဦးအုန်းတင်၊ ဦးတင်ဝင်း၊ ဦးစောဖြူ၊

ဦးအောင်ပန်းသာ - ဒုဥက္ကဋ္ဌများ

ဦးဦးလှဘော - အထွေထွေအတွင်းရေးမှူး

# ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ

## ပါတီ၏ နောက်ခံသမိုင်း

၁၉၅၃ခုနှစ်မှ စတင်ပေါ်ပေါက်ခဲ့သော ရခိုင်တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအဖွဲ့၊ ၁၉၉၀ရွေးကောက်ပွဲတွင် ပါဝင်ခဲ့သော ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီစသော နိုင်ငံရေးမျိုးဆက်အသီးသီးပါဝင်ပြီး ရခိုင်အမျိုး သားအားလုံးပါဝင်၍ သွေးစည်းညီညွတ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

## ပါတီ၏မူဝါဒ

ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးပြည်နယ်ဖြစ်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် ပင်လုံပဋိညာဉ်အရ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူညီမျှမှုရှိစေရန်၊ လစ်ဘရယ်ဒီမိုကရေစီကို တောင်းဆိုဖော်ဆောင်ရန်၊

**ပါတီရုံးခန်းမှာ လူတစ်ဦးတစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

မရှိပါ။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာအနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက် လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေ စဉ်းစားထားပါသလဲ။**

နိုင်ငံတော်အစိုးရဲ့ ပရောဂျက်ကြီးတွေမှာ ဘဏ္ဍာငွေလျာထားတာထက် ပိုကျော်လွန်သုံးစွဲနေရင် အဲဒီဒဏ်ကို လူထုခံရတယ်။ လူထုကို ထိခိုက်စေတဲ့ စီမံကိန်းကြီးတွေလုပ်တာကို ပြန်ဆင်ခြင်ရမယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်းတွေမှာ ခရိုနီတွေက စိုးမိုးနေသလားဆိုတာတွေ ရှင်းထုတ်ရမယ်။ ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေ၊ ထွက်ငွေတွေကို ပြောတဲ့အခါ လူတန်းစားတစ်ရပ်လုံးရဲ့ အချိုးအစားဘယ်လောက်ဟာ ဝင်ငွေထွက်ငွေမမျှကြဘူးလဲ၊ သူတို့ဘာအလုပ်တွေ လုပ်သလဲဆိုတာ ပြန်ခွဲထုတ်ရမယ်။ လယ်သမားတွေဟာ အဆင်မပြေတဲ့ လယ်လုပ်ငန်းတွေကို စွန့်ပြီး ကျပန်းဖြစ်နေသလားဆိုတာ ကြည့်ရမယ်။ ပြီးတော့ နိုင်ငံတကာ ရင်နှီးမြှုပ်နှံမှုတွေ ပေါ်ပေါက်လာအောင်လုပ်ရမယ်။ အစိုးရပါဝင်စွက်ဖက်တဲ့လုပ်ငန်းတွေ လျှော့ရမယ်။ ပုဂ္ဂလိကလုပ်ငန်းတွေ မြှင့်ရမယ်။ ပညာအလွှာအလိုက်၊ အလုပ်တွေပေါ်လာအောင် ဖန်တီးရမယ်။ လုပ်ငန်းခွင်အသစ်တွေကို ဖန်တီးပေါ်ရမယ်။ လယ်သမားတွေ၊ အလုပ်သမားတွေအတွက် ရပ်တည်တောင်းဆိုပေးမယ့် လယ်သမားသမဂ္ဂတွေ၊ အလုပ်သမားသမဂ္ဂတွေ ပေါ်ပေါက်အောင်လုပ်ရမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့်အကျဉ်းကျဖူးတဲ့သူရှိလား။**

ကျွန်တော်တို့ နည်းနည်း ပါးပါးကလွဲရင် ပါတီဝင်တော်တော်များများဟာ နိုင်ငံရေးခံယူချက်ကြောင့် အကျဉ်းကျခံရဖူးပါတယ်။

**ပါတီအနေနဲ့လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိက ဘယ်ဥပဒေတွေကိုဖျက်ချင်ပြင် ချင်ပါသလဲ။**

၅(ည)လို ဥပဒေမျိုးကို ပြင်သင့်တယ်။ ပြီးတော့ လူတစ်ယောက်ကို အမြင့်ဆုံးပြစ်ဒဏ်ချတာတွေကိုပြင်မယ်။ အဲဒီလို ခေတ်နဲ့မဆီလျော်တဲ့ ဥပဒေတွေကို ဒီမိုကရေစီအင်အားစုတွေ၊ ဥပဒေပညာရှင်တွေ၊ ပါတီပေါင်းစုံနဲ့ တိုင်ပင်ပြီး လွှတ်တော်ထဲမှာရှင်းရမယ်။ ဘာကြောင့်ပြင်ရမယ်ဆိုတာတွေကို အများနဲ့ ညှိပြီး တင်ရမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကိုစဉ်းစားထားတာမျိုးရှိပြီလား။**

သမ္မတလောင်းတစ်ယောက်ကို စစ်ရေးအမြင်ရှိရမယ်လို့ သတ်မှတ်ထားတယ်။ ဒုသမ္မတလောင်းအတွက် ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်ပင်ပြီး သင့်တော်တဲ့ ဒီမိုကရေစီအင်အားစုထဲက လူကို အဓိကဦးစားပေးရွေးချယ်သွားမယ်။

**မဲဆန္ဒရှင်တွေကို ပါတီ အနေနဲ့ပေးတဲ့ကတိတွေထဲက အဓိက အရေးကြီးဆုံးပေးတဲ့ ကတိကဘာဖြစ်မလဲ။**

အရေးကြီးတဲ့ ကတိတွေက မြို့ပေါ်နဲ့ ကျေးလက်မတူဘူး။ မြို့ပေါ်မှာ တစ်မျိုး၊ ကျေးလက်မှာ တစ်မျိုးဖြစ်မယ်။ ကျွန်တော်တို့ ပေးထားတဲ့ ကတိတွေက နံပါတ် (၁)အချက်က စစ်မှန်တဲ့ ပြည်ထောင်စုတစ်ခုရဖို့။ စာရွက်ပေါ်မှာပဲရှိတဲ့ ပြည်ထောင်စုကို ပြောတာမဟုတ်ဘူး။ ရှမ်းတစ်ကျပ်၊ ဗမာတစ်ကျပ် ဆိုတဲ့ ညီမျှမှုမျိုးနဲ့ သွားမယ်။

**ပယ်မဲများကို ဘယ်လိုသတ်မှတ်ပါသလဲ။**

မဲပုံးထဲထည့်ပြီး မဲပေးတာဖြစ်ဖြစ်၊ ကြိုတင်ဆန္ဒမဲလက်မှတ်နဲ့မဲပေးတာဖြစ်ဖြစ် ဆန္ဒပြုထားတဲ့ မဲလက်မှတ်ဟာ ကော်မရှင်အတည်ပြုထားတဲ့ လက်မှတ်မဟုတ်ရင်၊ မဲရုံမှူးလက်မှတ်မပါရင်၊ ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပိုပြီး ဆန္ဒပြုထားရင်၊ ဆန္ဒပြုတဲ့အမှန်ခြစ် (✔) အမှတ်အသားမပါရင်၊ မထင်ရှားမသေချာရင်၊ မဲလက်မှတ်အတုဖြစ်နေရင်၊ ဆန္ဒမဲပေးသူကိုသိအောင် အမှတ်အသားလုပ်ထားရင်၊ စုတ်ပြဲနေရင်၊ စုတ်ဖြဲထားရင် ပယ်မဲအဖြစ်သတ်မှတ်မှာဖြစ်ပါတယ်။

# ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးစောထွန်းရင် | ဥက္ကဋ္ဌ |
| ဦးရဲမင်း | ဒု-ဥက္ကဋ္ဌ(၁) |
| ဦးအောင်မြင့် | ဒု-ဥက္ကဋ္ဌ(၂) |
| ဒေါ်နန်းရွှေကြာ | အထွေထွေအတွင်းရေးမှူး |
| ဦးငွေမှိုင်း | တွဲဖက်အတွင်းရေးမှူး(၁) |
| ဦးကျော်ကျော် | တွဲဖက်အတွင်းရေးမှူး(၂) |

**ပါတီ၏နောက်ခံသမိုင်း**

အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) နှင့်အတူမရှိတော့သူများစုစည်းကာ ဝံသာနု NLD ပုံစံမျိုးနှင့် လူမှုအထောက်အကူလုပ်ငန်းများလုပ်ခဲ့ခြင်းဖြစ်သည်။

**ပါတီ၏မူဝါဒ**

ဝံသာနု NLD မှ ချမှတ်ကျင့်သုံးမည့် အမျိုးသားရည်မှန်းချက်မှာ နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံရေးဖြစ်တည်ရေး၊ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးဘဝနှင့် လူမှုနိုင်ငံရေးဘဝတို့၏ အပြန်အလှန်အကျိုးအကြောင်းပြု ဆက်စပ်ပုံဖော်ဆောင်ရွက်ရေးသဘောတရားအပေါ် သမိုင်း၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်အညီ ကျင့်သုံးရေးဖြစ်သည်။ လွတ်လပ်တရားမျှတသည့် သာယာဝပြောသော မြန်မာ့လူ့ဘောင်တည်ထောင်ရေးအတွက် ပြည်သူ့အကျိုးစီးပွားကို ထာဝရသယ်ဆောင်ကာ အနာဂတ်မျိုးဆက်သစ်အတွက် အမွေကောင်း၊ ပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ပေးနိုင်ရေးတို့ဖြစ်သည်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ပထမဆုံးအကြိမ် ၁၉၄၇ မှာ တိုင်းပြည်ပြုလွှတ်တော်တက်တုန်းက ဗိုလ်ချုပ်အောင်ဆန်းရဲ့တိုက်ပုံနဲ့ ခေါင်းပေါင်းနဲ့ပုံချိတ်ဆွဲထားတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

ရွေးကောက်ပွဲမှာ အနိုင်ရရင် လွတ်လပ်မျှတသော စီးပွားရေးဈေးကွက်တစ်ခုလုပ်ဆောင်မယ်။ ဈေးကွက်စီးပွားရေးစနစ်ကိုင်တွယ်ရင် မှန်ကန်တဲ့ဈေးနှုန်းတွေဖြစ်လာမယ်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်လာရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ နိုင်ငံထဲကို စီးဆင်းလာမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက အမေရိကန်တို့၊ ဥရောပနိုင်ငံတို့က ပိတ်ဆို့ထားတဲ့အတွက် အာရှတိုက်က ထိုင်း၊ တရုတ်၊ အိန္ဒိယတို့ကိုပဲ အားကိုးနေရတယ်။ ဒါကြောင့် နိုင်ငံတော်စီးပွားရေးက ကျပ်တည်းနေတာပါ။ အဲဒီပိတ်ဆို့မှုတွေကိုလည်း တောင်းဆိုမှာပါ။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

NLD မှာတုန်းက အခုခေါင်းဆောင်ပိုင်းအနေနဲ့ အနည်းဆုံး ဆယ်ဦး၊ အားလုံးအယောက် ၅၀ လောက် အကျဉ်းကျခဲ့ဖူးပါတယ်။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

ဥပဒေကိုဖျက်ချင်ပြင်ချင်တာကတော့ လွှတ်တော်မှာလည်း ဆွေးနွေးဖို့ရှိပါတယ်။ အဓိကထားပြီးဆွေးနွေးမယ့်ဟာက သမ္မတရွေးချယ်တဲ့ဟာကို အဓိကထားပြီးပြင်သွားမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

ဒါတွေက စိတ်ထဲရှိတဲ့အတိုင်း ပြောလို့တော့မရဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးစွန့်ပြီးတော့ အနစ်နာခံပြီးတာဝန်ထမ်းဆောင်နိုင်မယ့် သမ္မတကိုလိုလားပါတယ်။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

အရေးကြီးဆုံးကတိက နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ပြည်သူ့လွှတ်တော်မှာအဆိုတင်မှာဖြစ်ပါတယ်။

# အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးတင်ထွန်းမောင် | ဥက္ကဋ္ဌ |
| ဦးကြည်ဝင်း | ဒုဥက္ကဋ္ဌ(၁) |
| ဦးအုန်းလွင် | ဒုဥက္ကဋ္ဌ (၂) |
| ဦးတင်ဝင်း | အတွင်းရေးမှူး |
| ဦးဝင်းဇော် | တွဲဖက်အတွင်းရေးမှူး (၁) |
| ဦးလှအောင် | တွဲဖက်အတွင်းရေးမှူး (၂) |

ဗဟိုအလုပ်အမှုဆောင် ၁၅ ဦး။

**ပါတီ၏နောက်ခံသမိုင်း**

၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် စီးပွားရေးပိတ်ဆို့မှုဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုအတွက် အဖွဲ့များပေါင်းလုပ်ခဲ့သည်။ ၂၀၀၉ ခုတွင် ညီလာခံခေါ်ပြီး သီးခြားစီဒေသလိုက်ခွဲကာ ကျန် ၅ ဖွဲ့ပေါင်းပြီး မဟာမိတ်အဖွဲ့ချုပ်ဖွဲ့၍ ရွေးကောက်ပွဲဝင်ရန် ပါတီထောင်ခဲ့သည်။

**ပါတီ၏မူဝါဒ**

| | |
|---|---|
| ငြိမ်းချမ်းရေးသည် | - ပထမ |
| ဒီမိုကရေစီရေးသည် | - အဓိက |
| ပြည်သူ့ဘဝပြောင်းလဲတိုးတက်ရေးသည် | - ပဓာန |

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးသိမ်းကြည်ဓာတ်ပုံ၊ ပါတီရုံးချုပ်ရှိရာ အလုံမြို့နယ်ရုံးခန်းမှာ ချိတ်ထားပါတယ်။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေ လိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

အဓိကက အနိမ့်ဆုံးလခ ဘယ်လောက်လဲဆိုတာ လွှတ်တော်က သတ်မှတ်ပေးရမယ်။ ကုန်ဈေးနှုန်းနဲ့ပတ်သက်လို့လည်း မတော်လောဘကြောင့်အစိုးရကို လာဘ်ပေး၊ လာဘ်ယူလုပ်တဲ့ကိစ္စတွေကို လွှတ်တော်ထဲရောက်ရင် ဥပဒေနဲ့ တင်းတင်းကျပ်ကျပ်လုပ်မယ်။ စားသုံးသူအတွက် ဝန်ပိလာတယ်။ ပြည်သူတွေက အဲဒီပေါ်မှာ ဒဏ်ခံရတယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

၈ ယောက်ပါ။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

Pure Liberal Democracy လစ်ဘရယ်ဒီမိုကရေစီစစ်စစ်ဖြစ်အောင်လုပ်မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးမှာ တပ်မပါတဲ့အခြေအနေ ထိရောက်အောင်ပြင်မယ်။ ပကတိ အရှိတရားအရတော့ 'တပ်'မပါလို့ မရသေးဘူးဖြစ်နေတယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

စဉ်းစားလို့ မှန်းထားလို့မရသေးဘူး။ ပါတီချင်းထိတွေ့တဲ့ကိစ္စ၊ ပါတီနဲ့ 'တပ်' နဲ့ ထိတွေ့တဲ့ကိစ္စ၊ ပါတီနဲ့ပြည်သူထိတွေ့တဲ့ကိစ္စတွေမှာ အင်မတန်အားနည်းနေသေးတယ်။ အကြမ်းထည်ပဲရှိသေးလို့ ဒီကိစ္စကိုမစဉ်းစားရသေးဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

အဓိကကျတဲ့ လယ်သမားလူတန်းစားတွေဘဝတိုးတက်မှ တိုင်းပြည်တိုးတက်မယ်။ သူတို့ရဲ့ စိုက်ပျိုးရေးမွေးမြူရေးတွေ ရင်းနှီးမြှုပ်နှံမှုတွေ ထောက်ပံ့ပေးနိုင်အောင်၊ လုပ်ငန်းတစ်ခုအကောင်အထည်ဖော်နိုင်အောင်ကြိုးစားမယ်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေဖြစ်အောင်လုပ်ပေးမယ်။

**မဲပေးဖို့သွားမယ်ဆိုရင် မဖြစ်မနေယူဆောင်သွားရမယ့်အရာတွေကဘာလဲ။**

နိုင်ငံသားမှတ်ပုံတင် သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကို မဖြစ်မနေယူဆောင်သွားဖို့လိုအပ်ပါတယ်။

**မဲပေးဖို့အတွက် မှတ်ပုံတင်မရှိသေးရင် ဘယ်လိုလုပ်လို့ရလဲ။**

မှတ်ပုံတင်ပျောက်သွားလျှင်ဖြစ်စေ၊ မရှိသေးလျှင်ဖြစ်စေ၊ ပျက်စီးနေလျှင်ဖြစ်စေ ရပ်ကွက်ကော်မရှင်ရုံး သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်ထံသို့ အမြန်ဆုံးသွားရောက်ပြီး အကြောင်းကြားရပါမယ်။ ရပ်ကွက်ကော်မရှင်က လူဝင်မှုကြီးကြပ်ရေးဌာနနဲ့ ညှိနှိုင်းပြီး ယာယီသက်သေခံလက်မှတ်ကို ထုတ်ပေးပါလိမ့်မယ်။



# အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

ပါတီခေါင်းဆောင်များ

ယခင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဟောင်းတွေဖြစ်ကြတဲ့ ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်း၊ ဦးသိန်း ငြိမ်း၊ ဒေါက်တာဝင်းနိုင်၊ ဦးစိန်လှဦး၊ ဦးစိုးဝင်း၊ ဒေါက်တာသန်းဝင်း၊ ဦးတင်အောင်အောင်၊ ဦးသာဆိုင်၊ ဦးတိုးပို၊ ဒေါက်တာလှစိုး ငြိမ်း၊ ဦးစောနီ၊ ဦးမြင့်ဖေအစရှိတဲ့ဗဟိုအလုပ်အမှုဆောင်တွေနဲ့ဗဟိုဦးစီးအဖွဲ့ဝင်များ၊ တိုင်းစည်းရုံးရေး အဖွဲ့ဝင်များအပါအဝင် ယခင် NLD လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ အခြားဒီမိုကရေစီရေးအတွက် တက်တက်ကြွကြွနဲ့ပါဝင်ဆောင်ရွက်သူတွေကဦးဆောင်ထားပါတယ်။

**ပါတီ၏နောက်ခံသမိုင်း**

ပါတီရဲ့ခေါင်းဆောင်အများစုသည် ယခင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ခေါင်းဆောင်ပိုင်းတွင်ပါဝင်ဆောင်ရွက်ခဲ့သူများကအမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF) ကိုတည်ထောင်ရခြင်းဖြစ်သည်။။

**ပါတီ၏မူဝါဒ**

ပါတီ၏ မူဝါဒအခြေခံသည် ပုဂ္ဂလိကတစ်ဦးချင်းလွတ်လပ်ခွင့်နှင့် တစ်ဦးချင်းအကြား အခွင့်အရေးညီမျှမှုတို့ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် လွတ်လပ်သည်ဆိုစေဦး ဆင်းရဲမွဲတေမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ ပညာမတတ်မှု၊ ကျန်းမာရေးချို့တဲ့မှုများရှိနေလျှင် လွတ်လပ်မှု၏အကျိုးကို ပြည့်ပြည့်ဝဝခံစားနိုင်မည်မဟုတ်ချေ။ အနှစ်အရသာရှိသော လွတ်လပ်မှုအတွက် ကောင်းမွန်သင့်မြတ်သည့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ရှိရမည်ဖြစ်သည်။ ထိုသို့သော လိုအပ်ချက်များကို နိုင်ငံအစိုးရအနေနှင့် တစ်ဖက်တစ်လမ်းမှ ဝင်ရောက်ဆောင်ရွက်ပေးသင့်သည်ဟု ယုံကြည်ပါသည်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာမျိုးရှိပါသလား။**

အဲလိုမျိုးချိတ်ဆွဲထားတာတော့မရှိပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

ယင်းအချက်များနဲ့ပြည့်စုံရင် စီးပွားရေးဒုက္ခကနေကင်းလွတ်ပြီလို့တောင် ပြောနိုင်ပါပြီ။ ဒါပေမဲ့ အလွယ်တကူတော့မဖြစ်နိုင်ပါဘူး။ အမိန့်ပေးလို့လည်းမရ၊ တစ်ပွဲတိုးနဲ့လည်းမရနိုင်ပါဘူး။ အခြေခံမှစပြီး ပြောင်းလဲမှုတွေလုပ်ဖို့လိုအပ်ပါတယ်။

အမျိုးသားဒီမိုကရေစီအင်အားစုရဲ့စီးပွားရေးဆိုင်ရာမူဝါဒတွေမှာ နိုင်ငံရဲ့ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနဲ့ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများပြန်လည်သုံးသပ်ပြင်ဆင်ရေး၊ စီးပွားရေးနယ်ပယ်မှာ နိုင်ငံသားတိုင်းညီမျှတဲ့အခွင့်အရေးရရှိရေး၊ သဘာဝသယံဇာတနဲ့ အခွန်စည်းကြပ်မှုမှရရှိတဲ့ငွေတွေကို စီးပွားရေးနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက်အကျိုးရှိရှိအသုံးချရေး၊ ကျေးလက်နေတောင်သူလယ်သမားတွေအတွက်လယ်ယာမြေပိုင်ဆိုင်ခွင့်၊ သီးနှံတွေလွတ်လပ်စွာစိုက်ပျိုးရောင်းချခွင့်နဲ့ စိုက်ပျိုးရေးစရိတ်အလုံအလောက်ရရှိရေးတို့ကို ဆောင်ရွက်ရပါမယ်။

အလုပ်သမားတွေအတွက် အနိမ့်ဆုံးလစာသတ်မှတ်ရေး၊ ပင်စင်လစာလောက်ငရေးအစရှိတာတွေအပြင် လောလောဆယ်စီးပွားရေးအခက်အခဲကြုံတွေ့နေရတဲ့ အများပြည်သူတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးစတဲ့ ကဏ္ဍတွေမှာနိုင်ငံကနေသင့်တင့်တဲ့ဝန်ဆောင်မှုတွေ ပေးနိုင်ရေးတို့ကိုဆောင်ရွက်ပေးရန်လိုပါတယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

ပါတီဝင်တွေထဲက ယုံကြည်ချက်ကြောင့် အကျဉ်းကျခံဖူးတဲ့သူတွေများပါတယ်။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

ကဏ္ဍအလိုက်အများအပြားရှိနိုင်ပါတယ်။ ပြင်ရန်၊ ဖျက်ရန် အလိုအပ်ဆုံးနဲ့ အလွယ်ကူဆုံးတွေကို ဦးစားပေးရွေးချယ်ဆောင်ရွက်သွားပါမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတအဖြစ် တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

စဉ်းစားထားခြင်းမရှိသေးပါဘူး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

ပြည်သူတွေကို လက်ရှိထက်ပိုမိုကောင်းမွန်တဲ့ အခြေအနေကိုပြောင်းလဲမှုဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးသွားပါမယ်။



# ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)

ပါတီခေါင်းဆောင်များ

| | |
|---|---|
| ဦးရဲထွန်း | ဥက္ကဋ္ဌ |
| ဦးသန်းဦး | ဒုဥက္ကဋ္ဌ |
| ဦးလင်းစိုး | အတွင်းရေးမှူး |
| ဦးအေးသွင်(ခ)ဦးအောင်ခိုင်စိုး | တွဲဖက်အတွင်းရေးမှူး |

**ပါတီ၏နောက်ခံသမိုင်း**

၈၈ မှာပါခဲ့ပြီးနောက် အကျဉ်းကျခံခဲ့ရသည်။ အကျဉ်းထောင်မှ လွတ်မြောက်လာပြီး ၂၀၀၅ ခုနှစ်တွင် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (မြန်မာပြည်)ကို ထူထောင်ခဲ့သည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှစီးပွားရေးပိတ်ဆို့နေခြင်းကို ဆန့်ကျင်ခြင်းအား ၂၀၀၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။

**ပါတီ၏မူဝါဒ**

ဒီမိုကရေစီ နိုင်ငံဖြစ်ရေးကို မဖြစ်မနေလုပ်သွားမည်။ တစ်ပါတီစနစ်ကိုလက်မခံပါ။ တစ်ပါတီစနစ်ကိုဆန့်ကျင်မည်။ ပါတီစုံနိုင်ငံထူထောင်ရေးကို ရာနှုန်းပြည့်ဖြစ်သည်အထိ ပြည်သူနှင့်လက်တွဲဆောင်ရွက်သွားမည်။

**ပါတီရုံးခန်းမှာ လူတစ်ဦး တစ်ယောက်ရဲ့ပုံ ချိတ်ထားတာ မျိုးရှိပါသလား။**

ပါတီရုံးခန်းမှာ ဘယ်သူ့ပုံမှမချိတ်ထားပါဘူး။

**ပြည်သူအများစုက ကုန်ဈေးနှုန်းကိစ္စပြောနေကြတယ်။ အဲဒီတော့ ပါတီအနေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့ရင် ပြည်သူတွေ ဝင်ငွေထွက်ငွေလိုက်လျောညီထွေဖြစ်အောင် ကိုင်တွယ်ဖြေရှင်းပေးမယ့် ဘယ်လိုအစီအစဉ်တွေစဉ်းစားထားပါသလဲ။**

ကုန်ဈေးနှုန်းဆိုတဲ့ကိစ္စက နိုင်ငံရေးဖြစ်ပေါ်တဲ့အခြေအနေပေါ်မူတည်တယ်လေ။ နိုင်ငံရေးတည်ငြိမ်မှုမရှိရင် ကုန်ဈေးနှုန်းက ကမောက်ကမဖြစ်တာပေါ့။ ကုန်ဈေးနှုန်းဆိုတာ ငွေကြေးဖောင်းပွမှုကြောင့်ဖြစ်တာ။ ဒါကအဓိကပဲလေ။ နိုင်ငံရေးတည်ငြိမ်မှုရှိအောင်လုပ်သွားရမယ်။ ပြည်ပထိန်းချုပ်မှုတွေရှိနေတော့ အပြင်နဲ့အတွင်း ကွာဟချက်တွေကအကြီးကြီးကို။ အဲဒီကြားထဲမှာဖြစ်နေတာ။ ပါတီသာ အနိုင်ရလို့ရှိရင် စီးပွားရေးပိတ်ဆို့ထားမှုတွေရုပ်သိမ်းသွားအောင် တဖြည်းဖြည်းကြိုးပမ်းသွားဖို့ရှိတယ်။ အဲဒါမဖြစ်သရွေ့တော့ ကုန်ဈေးနှုန်းကိစ္စက ဘယ်သူမှရှင်းပေးလို့မရဘူး။ လုပ်ငန်းရှင်တွေလွတ်လပ်ပြီး တရားမျှတတဲ့ပြိုင်ဆိုင်မှုတွေရလာမယ်ဆိုရင် ကုန်ဈေးနှုန်းကိစ္စက အေးဆေးဖြစ်သွားမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ်။ အခွန်ကိစ္စတွေ ရှင်းလင်းအောင်လုပ်ပေးမယ်။ ဘာလိုလဲဆိုတော့ အခွန်နဲ့ပတ်သက်ရင် စည်ပင်ကကိုင်တယ်။ အခွန်ဌာနကကိုင်တယ်။ တစ်ခါ အခွန်ကောက်ပြီး နောက်တစ်ခါအခွန်ကောက်မှုထပ်မဖြစ်အောင်လုပ်ပေးမယ်။

**ပါတီဝင်တွေထဲမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျဖူးတဲ့သူရှိလား။**

ခေါင်းဆောင်ပိုင်းအားလုံးနီးပါး အကျဉ်းကျဖူးတယ်။ ပါတီဝင်တွေကအများကြီးဆိုတော့ အကျဉ်းကျဖူးတာကို အသေးစိတ်မှတ်တမ်းမတင်ထားဘူး။

**ပါတီအနေနဲ့ လွှတ်တော်ထဲမှာ အခွင့်အရေးရမယ်ဆိုရင် လက်ရှိဥပဒေတွေထဲက အဓိကဘယ်ဥပဒေတွေကို ဖျက်ချင်ပြင်ချင်ပါသလဲ။**

ပြင်ဖို့အစီအစဉ်မရှိဘူးဆိုတာက အသက်ဝင်အောင် လှုပ်ရှားအောင်လုပ်တဲ့အခါလိုအပ်တာတွေ ရှိလာမယ်လေ။ ရှိလာတဲ့ အခြေအနေပေါ်မူတည်ပြီး ပြင်ရမယ့်ဟာက ပြင်ရမယ်။ ဖျက်ရမယ်ဟာက ဖျက်ကိုဖျက်ရမယ်။ ထပ်တိုးရမယ့်ဟာက ထပ်တိုးရမယ်။ အခုကတည်းက ပြောရမယ်ဆိုရင်ခေါင်းမှာဆောင်းမယ့် မကိုင်ရှုကြီးနဲ့ တိုင်းမကြည့်ရဘဲနဲ့ အဲဒါကြီးကို ဖျက်ပစ်မယ်လို့ကြိုပြောလို့မရသေးဘူး။ ပြည်သူတွေနဲ့ သဟဇာတဖြစ်မယ့် ဥပဒေကိုအကောင်အထည်ဖော်ကြည့်ရမယ်။ ပြည်သူလူထုက နိုင်ငံရေးကိုစိတ်ဝင်စားလာအောင် နိုင်ငံရေးလုပ်တဲ့အခါ သက်ဆိုင်ရာက အန္တရာယ်မပေးနိုင်တဲ့အာမခံချက်ကို လုပ်ပေးရမယ်။ ဥပဒေတွေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပေးရမယ်။

**ပါတီကိုယ်စားလှယ်တွေ လွှတ်တော်ထဲရောက်ရင် ဒုသမ္မတကို တစ်စုံတစ်ယောက်ကို စဉ်းစားထားတာမျိုးရှိပြီလား။**

အဲဒါကတော့ လွှတ်တော်ထဲရောက်မှစဉ်းစားတာက ပိုသင့်တော်မယ်။ လွှတ်တော်ထဲကို ဘယ်သူရောက်မလဲဆိုတာ မသိသေးဘူးလေ။ ကိုယ့်ထဲကပဲဖြစ်ဖြစ်၊ ဘယ်ထဲကပဲဖြစ်ဖြစ် ဖြစ်လာတဲ့ကိုယ်စားလှယ်လောင်းတွေထဲက အသင့်တော်ဆုံးဆိုတာကို ရွေးရမှာကိုး။

**မဲဆန္ဒရှင်တွေကို ပါတီအနေနဲ့ ပေးတဲ့ကတိတွေထဲက အဓိကအရေးကြီးဆုံးပေးတဲ့ကတိက ဘာဖြစ်မလဲ။**

တစ်ပါတီစနစ်ကိုဖျက်သိမ်းပြီး ပါတီစုံ ဒီမိုကရေစီလုပ်ပေးမယ့်ကတိပဲ။ အဲဒီကတိပေးပြီးသားပဲ။

**မဲဆန္ဒပြုပြီးသည့်အခါတွင် မဲရုံအတွင်းမှ တစ်စုံတစ်ဦးက မည်သည့်မဲကိုထည့်ခဲ့ပါသလဲ ဟုပြီး မေးလာခဲ့လျှင် ငြင်းဆိုခွင့်ရှိပါသလား။**

မဲရုံအတွင်း မိမိကြိုက်နှစ်သက်ရာ ပါတီကိုယ်စားလှယ်လောင်းကို မဲပေးပြီး မဲရုံအတွင်းမှပြန်ထွက်လာသည့်အချိန်တွင် မိမိမည်သည့်ပါတီအား မည်သို့မဲဆန္ဒပြုခဲ့သည်ကို အခြားမည်သူတစ်စုံတစ်ဦးမှ သိခွင့်မရှိပါ။

**မဲထည့်ဖို့ခွင့်ပြုထားတဲ့ သတ်မှတ်ချိန်အတွင်း မဲပေးဖို့လာတဲ့လူဦးရေများနေရင် ခွင့်ပြုချိန်အတွင်း အချိန်မမီတဲ့အခါ ထိုလူတွေအတွက် မဲတွေအတွက်မဲပေးနိုင်ဖို့ ဘယ်လိုစီစဉ်ပေးထားပါသလဲ။**

မဲပေးရမည့် နိုဝင်ဘာ ၇ ရက်ဟာ ရုံးပိတ်ရက်တနင်္ဂနွေနေ့ဖြစ်ပါတယ်။ မဲရုံကို မနက်ခြောက်နာရီမှ ညနေလေးနာရီအထိ ဖွင့်ထားမှာဖြစ်ပါတယ်။ ညနေလေးနာရီမတိုင်မီ မဲရုံပရိဝုဏ်အတွင်းသို့ ရောက်နေသူများအတွက် ညနေလေးနာရီကျော်သည်အထိ မဲပေးခွင့်ရှိသဖြင့် ညနေလေးနာရီမတိုင်မီ မဲရုံပရိဝုဏ်အတွင်း ရောက်နေရန်လိုအပ်ပါတယ်။

ဂု ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

အတွဲ(၉)၊ အမှတ်(၃၂)၊ ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၂၈ ၊ ၂၀၁၀)


# ပြည်ပမှဆိုက်ဘာတိုက်ခိုက်ခြင်းများခံရသဖြင့် အင်တာနက်လိုင်းများပြတ်တောက်နေ

**ယုဇနကိုကို၊ အေးမြကျော်**

**ရန်ကုန်-အောက်တိုဘာ-၂၆**


မြန်မာနိုင်ငံ၏အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများကိုပြည်ပနိုင်ငံများမှ ဆိုက်ဘာတိုက်ခိုက်မှုများပြုလုပ်ခံရသဖြင့် ယခုရက်ပိုင်းအတွင်းအင်တာနက်မြန်နှုန်းနှေးကွေးခြင်းများ၊ ပြတ်တောက်ခြင်းများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီတစ်ခါပြည်ပကနေပြီးဆိုက်ဘာတိုက်ခိုက်ခံရတာက ရတနာပုံတယ်လီပို့ရယ်၊ မြန်မာ့ဆက်သွယ်ရေးရယ်၊ FttH (Fiber to the Home)ရယ် ဆိုပြီး တစ်ခုခုကိုဦးတည်တိုက်ခိုက်တာမဟုတ်ဘူး။ ပြည်တွင်းရဲ့အင်တာနက်ဆက်သွယ်မှုအားလုံးကိုပြတ်တောက်သွားအောင်ရည်ရွယ်ချက်နဲ့လုပ်တာ။ ဒီရတနာပုံတယ်လီပို့နဲ့အတူ ပြည်တွင်းပြည်ပက ကွန်ပျူတာပညာရှင်တွေ ဒီကိစ္စနဲ့ပတ်သက်ပြီး ၂၄ နာရီလုံး စောင့်ကြည့်နေတယ်။ တစ်ရက်နှစ်ရက်အတွင်းမှာ အင်တာနက်ဆက်သွယ်မှုတွေ ပြန်ကောင်းအောင်လုပ်ပေးပါမယ်"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကဆက်လက်ပြီး"ဒီတစ်ခါတိုက်ခိုက်ခံရတာ ဒုတိယအကြိမ်မြောက်ပါ။ အခုအင်တာနက်ကိုအမီပြုနေရတဲ့လေကြောင်းလိုင်းတွေ၊ ဟိုတယ်တွေ အကုန်ကွန်ပလိန်းတက်နေကြပြီ"ဟု ဖြည့်စွက်ပြောကြားသည်။

ဆိုက်ဘာတိုက်ခိုက်နည်းစနစ်များထဲမှ တစ်ခုဖြစ်သော DDOS (Distributed Denial-of-service) ဟုခေါ်သည့်စနစ်ဖြင့် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ထိုဆိုက်ဘာတိုက်ခိုက်မှုမှာ အောက်တိုဘာလ ၁ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ဆိုက်ဘာတိုက်ခိုက်မှု ပြင်းထန်သည့်အချိန်များတွင် နိုင်ငံတကာအင်တာနက်ဆက်ကြောင်းများအားလုံးအပြည့်နီးပါးဖြစ်သဖြင့် Bandwidth များအပြည့်ဖြစ်ကာသက်ဆိုင်ရာ အိုင်အက်ပီများရှိ ဆာဗာများ Down သွားသည်အထိဖြစ်သဖြင့် အင်တာနက်များသုံးစွဲမရသည်အထိဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းထုတ်ပြန်သည်။




ယင်းသို့ဆိုက်ဘာတိုက်ခိုက်ခြင်းခံရသဖြင့်ယခုရက်ပိုင်းအတွင်းအင်တာနက်သုံးစွဲမှုများနှေးကွေးနေပြီး သုံးစွဲမရဖြစ်နေသည့်အတွက် အင်တာနက် ဆိုင်များပိတ်ထားရသည်အထိဖြစ်နေပြီး၊ အင်တာနက်အသုံးပြုလုပ်ဆောင်နေရသော အိုင်တီလုပ်ငန်းများလည်း လုပ်ငန်းနှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သုံးစွဲသူများထံမှသိရသည်။

ယခုနှစ် ဖေဖဝါရီလ ၁ ရက်ကလည်း ရတနာပုံတယ်လီပို့ကုမ္ပဏီ၏ အင်တာနက်ဝန်ဆောင်မှုများကိုလည်း အလားတူ DDOS စနစ်ဖြင့်ပင် တိုက်ခိုက်ခြင်းခံရခဲ့ဖူးပြီး အင်တာနက်လိုင်းများနှေးကွေးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှပင်သိရသည်။ ထိုသို့တိုက်ခိုက်ခံခဲ့ရစဉ်က ဆိုက်ဘာတိုက်ခိုက်မှုများကိုကာကွယ်ရန် ပြည်တွင်းရှိအိုင်တီပညာရှင်များပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

## ဂီရိမုန်းတိုင်းသင့်သူများအတွက်လှူဒါန်းနိုင်ရန် အလှူခံဌာနဖွင့်

**ရန်ကုန်-အောက်တိုဘာ၂၅**

အောက်တိုဘာ၂၂ နှင့်၂၃ ရက်များကတိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းဂီရိ၏ဒဏ်ကို ပြင်းထန်စွာခံခဲ့ရသော ရခိုင်ကမ်းရိုးတန်းတွင်နေထိုင်သည့် ဒေသခံများကို ကူညီထောက်ပံ့မှုများပေးနိုင်ရန်အလှူခံဌာနတစ်ခုကိုရန်ကုန်မြို့ရှိကျောက်ဖြူမြို့နယ်အသင်းရုံးတွင် ဖွင့်လှစ်ထားသည်။

အဆိုပါအလှူခံဌာနသို့ ငွေကြေး၊ အဝတ်အထည်၊ ဆေးဝါးနှင့် တာရှည်ခံအစားအသောက်များကို အသင်းရုံးသို့ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ လာရောက်လှူဒါန်းနိုင်ကြောင်းသိရပြီး ကျောက်ဖြူမြို့နယ်အသင်း၏ တည်နေရာမှာ အမှတ်(၃၆၃၊၃)လွှာ၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်ဖြစ်သည်။

မုန်တိုင်းသင့် ဒေသခံများ၏ ပြောကြားချက်များအရ လတ်တလောတွင် သောက်သုံးရေအဓိကလိုအပ်နေပြီး နေစရာအိမ်များ ပျက်စီးသွားသည့်အတွက် အမိုးအကာများ ပြုလုပ်ရန် တာပေါ်လင်စများ၊ စားစရာနှင့် ဆန်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးများနှင့် မျက်စိနာရောဂါသက်သာပျောက်ကင်းသည့် ဆေးဝါးများလိုအပ်လျက်ရှိကြောင်း သိရသည်။

အလှူခံပစ္စည်းများကိုအသင်းရုံးဖုန်း- ၀၁ ၇၃၀၀၁၉၈၈၊ အသင်းဥက္ကဋ္ဌဖုန်း ၀၁-၅၆၃၃၀၅၊ ဒုတိယဥက္ကဋ္ဌ ၀၉-၅၂ ၀၁၇၈၈၊ အသင်းနာယက ၀၉၈၀၃ ၃၅၈၆ တို့သို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

## နေပြည်တော်ခရိုင်အတွက် စီဒီအမ်အေ 800 MHz ဖုန်းများအား အွန်လိုင်းမှ လျှောက်ထားနိုင်တော့မည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ-၂၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော်တွင် ထပ်မံတိုးချဲ့ချထားပေးမည့် CDMA 800 MHz ဖုန်းများအား ယင်းနေပြည်တော်ခရိုင်အတွက် အွန်လိုင်းမှ လျှောက်ထားနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ သတင်းရရှိသည်။

စတင်ချထားပေးစဉ်အချိန် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုတည်းတွင်သာ အထိုင်ဖုန်းအဖြစ်အသုံးပြုနိုင်သည့် အဆိုပါဖုန်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မကြာသေးမီအချိန်ကပင် အထက်ပါ တိုင်းဒေသကြီးနှစ်ခုတွင် ရွှေ့လျားသယ်ဆောင်နိုင်သော မိုဘိုင်းဖုန်းအဖြစ်သို့ ပြောင်းလဲပေးခဲ့ပြီး တစ်လတာအချိန်တွင်းမှာပင် နောက်ထပ်နေပြည်တော်ခရိုင်အတွင်း ထပ်မံတိုးချဲ့ချထားပေးရန် ဆောင်ရွက်နေခြင်းဖြစ်သည်ဟုသိရသည်။

ထို့အတွက် နေပြည်တော်ခရိုင်အတွက် ထပ်မံချထားပေးမည့် အဆိုပါ CDMA 800 MHz ဖုန်းများအား လျှောက်ထားလိုသူများအနေဖြင့် အွန်လိုင်းမှပင် လျှောက်ထားနိုင်တော့မည်ဖြစ်ပြီး ယင်းသို့လျှောက်ထားရာတွင် တစ်ရက်တည်းဖြင့်လျှောက်ထားရရှိနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါ လုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဖုန်းခေါ်ဆိုခမှာ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုကဲ့သို့ပင် တစ်မိနစ်ခေါ်ဆိုခ ငါးဆယ်ကျပ်ဖြစ်ပြီး လျှောက်ထားသည့်ဧရိယာပြင်ပ(ဒေသပြင်ပ)တွင် အသုံးပြုမည်ဆိုပါက တစ်မိနစ်လျှင် တစ်ဆယ်နှုန်းဖြင့် ထပ်မံအပိုထပ်ဆောင်းပေးဆောင်ရမည်ဖြစ်သည်။

ယခုအခါတွင် အဆိုပါကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများအား ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးနှစ်ခုအပြင် နေပြည်တော်ခရိုင်တွင်ပါ မိုဘိုင်းအနေဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

## သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ ၂၀၁၀ ကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ-၂၆**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) ကကြီးမှူးပြီး၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)တို့မှပူးပေါင်း၍ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ ကို ယခုလ ၂၉ ရက်မှ ၃၁ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (Myanmar ICT Exhibition 2010) ကို ပြည်တွင်းရှိ နည်းပညာကုမ္ပဏီပေါင်း ငါးဆယ်ကျော်မှ ဝင်ရောက်ပြသမည်ဖြစ်သည်။

## အင်တာနက်အရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာဟောပြောပွဲ ကျင်းပမည်

ယုဇနကိုကို

**ရန်ကုန်၊ အောက်တိုဘာ-၂၃**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း (MCPA) မှဦးစီးပြီး အင်တာနက်အရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာဟောပြောပွဲ (Internet Resource Managment Essentials)ကို ယခုလ ၂၇ ရက်နေ့တွင် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်အဆောက်အဦဝင်းအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲကို နံနက် ၉ နာရီမှ နေ့လည် ၁၂ နာရီအထိကျင်းပမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ Asia Pacific Network Information Centre (APNIC) မှ Mr.Vithanage Champika Wijayatunga နှင့် Mr.Jeffery Leander တို့က ဆွေးနွေးပွဲနှင့်သက်ဆိုင်သည်များကို ဟောပြောသွားမည်ဟုသိရသည်။




SUPER

# စူပါအနီရောင်ကော်ဖီမစ်

Ph : 578039, 381011, 542823

လက်ဆောင်ပစ္စည်း

အထုပ်ကြီး (၃)ထုပ်လျှင် ⟶ ဇွန်း (၁)ချောင်း

အထုပ်ကြီး (၇)ထုပ်လျှင် ⟶ ချိုင့် (၁)လုံး

အထုပ်ကြီး (၁၄)ထုပ်လျှင် ⟶ ပုဆိုး (၁)ထည်

နီလာ

အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ၊ မအေးအေးခေမာ်ဦးစီးသော နီလာဇုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဆိုင်ကယ်ကလုန်း ဝီရိ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လှူဒါန်းနိုင်ပါသည်

DO DO KO KO
Computer & Electronics Sales Centre



Home Delivery
1 Year Subscription
30 % Discount Coupon

7DAY SHOPPING GUIDE JOURNAL

www.7dayshoppingguide.com

## စျေးဝယ်ထွက်ခင် ကြိုတင်ဖို့ 7DAY SHOPPING GUIDE ကို ဖတ်ကြစို့...

ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင်း တစ်နှစ်စာ

အိမ်အရောက်ပို့ယူသူများအတွက် အထူးလျှော့ဈေး

| ၃လစာ | ၆လစာ | ၁နှစ်စာ |
|---|---|---|
| ၅,၀၀၀ ကျပ် (၁၆ စောင်) | ၁၀,၀၀၀ ကျပ် (၃၂ စောင်) | ၂၀,၀၀၀ ကျပ် ၃၀ % လျှော့ဈေး ၁၄,၀၀၀ ကျပ် (၆၅ စောင်) |

အောက်တိုဘာလ ၂၅ ရက်နေ့ မှ နိုဝင်ဘာလ ၂၅ ရက်နေ့အတွင်း အထက်ပါကူပွန်ဖြတ်ပိုင်းဖြင့် တစ်နှစ်စာမှာယူသူများအတွက်သာ

အထူးအစီအစဉ်အဖြစ် အပတ်စဉ် ကတ်တလောက် အချပ်ပိုကို အားဖြည့်ထည့်သွင်းထားပါသည်။



ဆက်သွယ်ရန်လိပ်စာ -

- လှည်းတန်းပလာဇာ (၁၀) ထပ်၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၃၅၂၃၅၃၅၀
- Room No.(4), Ground Floor, Hotel Mandalay ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း - ၀၂ - ၂၀၃၇၀၅၀